
www.burmeseclassic.com



www.burmeseclassic.com


ဗိုလ်ချုပ်အောင်ဆန်း၏
စစ်သားဘဝနှင့်ပတ်သက်သော
အကြောင်းအရာများကို
ပြည့်စုံစွာဖော်ပြထားသော

ဝစ်သားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့








ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်

ဗိုလ်ချုပ်အောင်ဆန်း နှင့်
ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

ဗိုလ်တေဇ
ဘဝကဗျာ
ရသတန်အတ္ထုပ္ပတ္တိ

Quality စာတည်းအဖွဲ့




ဆုပြည့်စုံထွန်းစာပေ



Quality Publishing House

အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

No.111 April 2014

**ဗဟိုဇော**

အမှန်တရား၏ နောက်ကွယ်မှာ ၆

**တောင်မှူးကြီး သိန်းဝင်း**

မိုးမခမြို့က ဇာတ်လမ်းတစ်ပုဒ် ၃၇

**ဟိန်းထက်ဇော်**

တစ်ယောက် နှစ်မျက်နှာ ၅၁

**ဝေသုန်ဟိန်းထက်**

သင်္ချိုင်းကုန်းက မဲမိုင်း ၇၃

**တွင်းကြီးသား တင်ဝင်းဦး**

ဦးပြား များဖွပ်နေသည် ၈၆

**ထားဦးသုံ**

ကိုယ်ဝန်ဆောင်နှင့် လင်တော်မောင် ၁၁၁

**တေးအောင်**

ငါ့အသက် ကိုယ်ကယ်၊ ကိုယ့်အသက် သူကယ် ၁၃၇

**သန့်ကျော်လှိုင်း (ပြည်ချစ်ဦး)**

ဇာတ်ကြီးမာယာနှင့် တောတွင်းအန္တရာယ် အလွမ်းသွယ် ၁၅၈

**မိုးရည်မြဲသွေး**

ရည်ရွယ်သည့်မှာ ၁၈၈

**မိုး (မူဆယ်)**

ဆားပုလင်းနေမင်းခေါင်နှင့် ကိုးခရိုင်နယ် မဟာနွယ် ၂၁၀

**ဇာတိဂုဏ်မျိုးပြင့်အောင်**

တထောင်သမားနှင့် အဆိပ်ဘုရင် ၂၂၈



www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဆွေဇင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)
အုပ်ချုပ်မှုအယ်ဒီတာ
မခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်
ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇော်နိုင်ထွန်း၊ မင်းထွဋ်၊ ရှိုင်းကို၊ နေ့ဇင်လတ်၊ ထောလင်း၊ တင်မောင်မောင်ထွေး၊ ကျော်ကျော်၊ ဆုမြတ်မိုး၊ ဟေမာန်လှိုင်၊ မြမြသင်း၊ ဝင်းဝင်းမော်၊ ဝင်းဝင်းမာ၊ အိဖြူ၊ ပိုပို၊ မီမီ။
ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-၀၄၂၂၀) Quality Publishing House
အမှတ် - ၅၀၈/၅၁၂ (၂၁)လွှာ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စိုးမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊ လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ကိုကိုကြီး၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ။
ကွန်ပျူတာနှင့် ဖလင်
Quality
ပုံနှိပ်သူ
ဖြိုးဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန်၊ ဆန်စက်အပိုပစ္စည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း၊
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် - ၅၀၈/၅၁၂ (၂၁)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

# Next Month Preview



သေချင်ရင် စိန်မစားနဲ့
ပုဂံသူရ




သူနိုး
ဆင်ဖြူကျွန်းအောင်သိန်း



လမ်းပြမြေပုံ
ကြူးနစ်

www.burmeseclassic.com



“ဒေါ — ဒေါ်ဝင်းမြင့်”

ဘုန်းနိုင်ငံ၏ တယ်ကီရုန်းကိုင်ထားသော ... ဆွဲဆောင် ... တန်ဖိုးသော

... ရှိပါ၏ ... မြို့ ...

လျှော့လတ်ဘဲ ကြွားကိုကံရသည်ကို ... သွားချင်း ... “

... ချစ်ရှာ ... ။

# ... ဇော်ဂျီ



ရှင်းသုံးငယ်ကလေး၊ ... ကိုကဲ့ ... ခင်ကြ

... ကြမ်း

... ...

...

www.burmeseclassic.com

"ဟော - ဒါဆို - အခု - သမီးက ဘယ်မှာလဲ"

ထွန်းနိုင်က အလောတကြီး မေးသည်။

"ငါ - ဆေးရုံရောက်နေတယ် ထွန်းနိုင်"

"ဟင် - ဒါနဲ့ - အခုပြောတာ ဘယ်သူလဲ"

"ငါ - သိန်းအုံ့ပါ - ထွန်းနိုင်"

"ဘာ - သိန်းအုံ့ - သူငယ်ချင်း ဒေါက်တာသိန်းအုံ့လား"

"ဟုတ်တယ် - သူငယ်ချင်း။ ကျူရှင်က ကျောင်းသူလေးပြောပြလို့ မင်းသမီးမှန်း သိလို့ ဆက်လိုက်တာပါ"

"ဟုတ်လား - မင်း - အခု ဘယ်ဆေးရုံမှာလဲ"

"မြေနီကုန်းက ဇွေလမင်းအထူးကုဆေးရုံမှာလေ ..."

"ဩော် - ဒါနဲ့ ငါ့သမီးအခြေအနေ ဘယ်လိုလဲ"

"မင်းရောက်လာမှပဲ ပြောကြတာပေါ့ကွာ"

"အေး - ကောင်းပြီ၊ ငါ - အခုလာခဲ့မယ်"

ထွန်းနိုင်က တယ်လီဖုန်းကို ပစ်ချကာ နံဘေးမှ ရင်တမမနှင့် စောင့်နေသော ဇနီးသည်အား မေ့လဲမသွားစေရန် လျှော့လျှော့ပေါ့ပေါ့ပြောကာ တက္ကစီတစ်စီးဖြင့် ဇွေလမင်းဆေးရုံသို့ အမြန်လိုက်လာခဲ့ကြ၏။ အချိန်က ည(၉)နာရီကျော်နေပြီ။

"ဟင် - သော်သော်ပါလား။ သမီးက ဒီကို ဘယ်လိုလုပ်ပြီးရောက်နေတာလဲကွယ့်"

ဆေးရုံတွင် သမီးသူငယ်ချင်း သော်သော်ကိုတွေ့၍ အမောတကော မေးမိသည်။

"ရှုးရှုးက သမီးနဲ့အတူ ကျူရှင်ကအပြန်မှာ ကားတိုက်ခံရတာလေ ဦးရဲ့၊ သမီးပဲ အော်ဟစ်အကူအညီတောင်းလို့ လူကြီးနှစ်ယောက်ကူညီလို့ ဒီဆေးရုံ ရောက်လာတာရှင့်"



"ဟုတ်လား - ဒါနဲ့ - သမီးရှုးရှုးကောဟင်"

"ရှုးရှုး - အခုခွဲစိတ်ခန်းထဲမှာ - ဦးရဲ့"

"ဟော"

ထွန်းနိုင် ရင်မှုသွားကာ ကောင်တာမှ (NURSE)တစ်ဦးထံ အပြေး တစ်ပိုင်း ရောက်သွားကာ -

"ဆ - ဆရာမ - ကျွန်တော် ဒေါက် - ဒေါက်တာသိန်းအုံ့နဲ့ တွေ့ချင်လို့ပါ"

ထွန်းနိုင် စိုးရိမ်စိတ်ဖြင့် ထစ်ထစ်ငေါ့ငေါ့ မေးလိုက်သည်။

"ဆရာ - အခုခွဲစိတ်ခန်း ဝင်နေပါတယ်"

"ဟုတ်လား - ဆရာမ၊ ကျွန်တော်က ရှုးရှုးအဖေပါ"

နပ်စ်မလေးက ထွန်းနိုင်ဘေးမှ သော်သော်ကို လှမ်းကြည့်ပြီး သဘော ပေါက်သွားဟန်ဖြင့် -

"အခု - အဲဒီလူနာကို ဆရာကိုယ်တိုင် ခွဲစိတ်နေတာပါ"

"အခြေအနေက စိုးရိမ်ရလို့လား ဟင်"

ဇနီးသည်က ငိုသံတစ်ဝက်ဖြင့် မေးသည်။

"အဲဒါတော့ - ကျွန်မတို့လည်း မပြောတတ်ဘူးရှင့်"

"အို"

ဇနီးသည် ယိုင်လဲမလိုဖြစ်သွား၍ အနီးရှိ ခုံတန်းပေါ်ထိုင်ထားခိုင်းလိုက်ရ၏။

"ဒါနဲ့ - သော်သော် - သမီးတို့ ဘယ်လိုဖြစ်ကြတာလဲ"

ထွန်းနိုင်က သော်သော်ကို လှည့်မေးသည်၊ သော်သော်က အနီးတွင် ဝင်ထိုင်ကာ -

"ည(၈)နာရီ ကျူရှင်လွှတ်တော့ သမီးနဲ့ရှုးရှုး ပြည်လမ်းမကြီးကို ဖြတ် အကူးမှာ ရှေ့ရောက်နေတဲ့ရှုးရှုးကို ကားအဖြူရောင်တစ်စီး ဖြတ်တိုက်မိသွား တယ်၊ ကားခေါင်းထဲလူနှစ်ယောက်တွေ့လိုက်တယ်၊ ယောက်ျား[illegible]ယောက်

www.burmeseclassic.com

နဲ့ မိန်းမတစ်ယောက်၊ ပြတင်းပေါက်ဘေးက ယောက်ျားကိုတော့ သမီး မှတ်မိလိုက်တယ်၊ သူက စတီရီယိုအဆိုတော် ဖြိုးသီဟပဲ၊ ဘေးက အမျိုးသမီးကိုတော့ ကောင်းကောင်းမမြင်လိုက်ရဘူး - ဦး"

"အင်း - ပြောပါဦး"

"အဲဒီကားဖြူလေးက တိုက်ပြီးတာနဲ့ မရပ်ဘဲ မြို့ထဲဘက် တန်းပြီး မောင်းပြေးသွားတယ်၊ ဖူးဖူးက ကားလမ်းပေါ်မှာ ပက်လက်ကြီး လဲကျကျန်ရစ်တယ်၊ သမီးက လမ်းသွားလမ်းလာတွေကို အော်ဟစ်အကူအညီတောင်းတော့ လူကြီးနှစ်ယောက် ရောက်လာပြီး ဖူးဖူးကို တက္ကစီပေါ် မွေ့တင်ပြီး ဒီဆေးရုံဆီ ပို့ပေးခဲ့တယ်၊ ခဏနေတော့ - ရဲတွေ ရောက်လာပြီး သမီးနဲ့ အဲဒီ လူကြီးနှစ်ယောက်ကို ရဲစခန်းကို ခေါ်သွားခဲ့တယ်"

"ဩော် - သမီးကို ဘာတွေမေးလဲ"

"သမီးက ခုန ဦးကိုပြောတဲ့အတိုင်း ရှင်းပြလိုက်တယ်၊ ဟိုလူကြီးတွေထဲက တစ်ယောက်က ကားခေါင်းထဲက အမျိုးသမီးဟာ ရုပ်ရှင်မင်းသမီး ဒေစီမော်လင်း ဖြစ်နိုင်တယ်လို့ ပြောသံကြားမိတယ်ရှင့်"

"ဟုတ်လား - ခုလိုကူညီတာ ကျေးဇူးပဲ - သမီး"

"ဟုတ်ကဲ့ - ဒါဆို - သမီးပြန်တော့မယ်၊ အိမ်က စိတ်ပူနေမှာမို့လို့"

"အေးကွယ် - အေး"

သော်သော်မှာ သမီးဖူးဖူးနှင့်အတူ စမ်းချောင်း အ.ထ.က တွင် ဆယ်တန်းတက်နေသူဖြစ်ပြီး တစ်ရပ်ကွက်ထဲနေ ငယ်သူငယ်ချင်းလည်း ဖြစ်၏၊

— ♨ —

"ကိုထွန်း - သမီးအခြေအနေ မေးကြည့်စမ်းပါဦးရှင်"

တစ်ချိန်လုံး ဘုရားစာရွတ်နေသော ဇနီးသည်မြင့်က စိုးရိမ်လေသံဖြင့် မေးသည်၊ ထွန်းနိုင်က ဇနီးသည်ကို ချော့မော့ရင်း ဘယ်သူ့ကို မေးမြန်းရမည်ကို တွေးနေသည်၊



ထိုအခိုက် ခွဲစိတ်ခန်းတံခါး တဖြည်းဖြည်း ပွင့်လာကာ အစိမ်းရောင် ဝတ်စုံဝတ်ထားသော ဒေါက်တာသိန်းအံ့ ထွက်လာသည်၊

"သူငယ်ချင်း - အခြေအနေ ဘယ်လိုလဲဟင်"

ဒေါက်တာ သိန်းအံ့က ထွန်းနိုင်ပခုံးနှစ်ဖက်ကို ရင်းရင်းနှီးနှီး ဆုပ်ကိုင်လျက် -

"ဘာမှမပူနဲ့တော့ - သူငယ်ချင်း၊ မင်းသမီးလေး မသေနိုင်တော့ဘူး"

"ကျေးဇူးတင်လိုက်တာ - သူငယ်ချင်းရာ၊ ငါ့သမီးကို မင်းကယ်လိုက်တာပါလားကွ"

ဇနီးသည်က -

"တိုက်တိုက်ဆိုင်ဆိုင် ကိုသိန်းအံ့နဲ့ လာတွေ့လို့ သမီးလေး ကံကောင်းသွားတာပေါ့ ရှင်ရယ်၊ ဘုရားမ.သလိုပါပဲ"

"ကဲ - ထွန်းနိုင် - ခဏနေရင် သမီးကို သီးသန့်ခန်းထဲပို့ပေးကြလိမ့်မယ်၊ ငါ ခွဲစိတ်ခန်း ပြန်ဝင်လိုက်ဦးမယ်"

"ကျေးဇူးပဲ - သူငယ်ချင်း"

မရှေးမနှောင်းမှာ သမီးဖူးဖူး သီးသန့်ခန်းထဲရောက်လာတော့ ထွန်းနိုင်တို့ဇနီးမောင်နှံ သမီးကိုကြည့်ရင်း ရင်ထဲဆို့နစ်ကြေကွဲလာကာ မျက်ရည်များ ဖြိုင်ဖြိုင်ကျမိကြသည်၊

ကြည့်လေ ...၊

သမီး လက်ဖျံနနမှာ ဒရစ် (ဖ) ပိုက် တိုးလို့တန်းလန်းနှင့်၊ မျက်နှာပေါ်မှာလည်း ပလတ်စတစ်အောက်စီဂျင်ခွက်ကြီး အုပ်မိုးလို့၊ ပြီးတော့ - သမီးခေါင်းနှင့် ခြေလက်များတွင် ပတ်တီးဖြူဖြူများ ပတ်စည်းလျက်၊ ရင်နာရသည်ကသမီး သတိပြန်မလည်လာသေးခြင်းပင်၊

မြင်ကွင်းက ဘယ်လိုမှ ကြည့်၍မကောင်း၊ ဇနီးသည်မှာ သမီးကိုကြည့်၍ ငြိမ်မဆည်နိုင်ဖြစ်ကာ ရှိုက်သံမထွက်အောင် ကြိတ်မှိတ်ခံစားရင်း အသံ

www.burmeseclassic.com

တိတ်ငိုနေရှာသည်။ ထွန်းနိုင်က ယောက်ျားမို့ မျက်ရည်မကျပေမယ့် သူ့ရင်ထဲမှာတော့ သောကမုန်တိုင်းက မွှေနေလေပြီ။

ထိုအခိုက် ထွန်းနိုင်နားထဲဝယ် စောစောက သော်သော်ပြောခဲ့သည်များကို ပြန်ကြားယောင်နေသည်၊ ထို့ကြောင့် ဇနီးသည်ကို ခဏ ဆေးရုံတွင် ထားခဲ့ကာ သူ ရဲစခန်းသို့ ထွက်လာခဲ့သည်။

— ❦ —

"ကျွန်တော် ရှုးရှုးအဖေ – ထွန်းနိုင်ပါ၊ စခန်းမှူး – ပညာရေးဌာနက ကျောင်းဆရာတစ်ယောက်လည်း ဖြစ်ပါတယ်၊ အဲဒါ – အမှုအခြေအနေလေး သိချင်လို့ပါ"

မြို့နယ်ရဲ့ဘယ်ပွဲစခန်းရောက်တော့ စခန်းမှူးနှင့်တွေ့ကာ အကျိုးအကြောင်း မေးကြည့်သည်၊

"ဒီအမှုကို ဆရာဝန်ဆီက ဆေးစာရရင် ယာဉ်မှုစစ်နဲ့ညှိနှိုင်းပြီး ရှေ့အပတ်ထဲ တရားရုံး တင်ပေးမှာပါ"

စခန်းမှူးက ရှင်းပြသည်၊ ထွန်းနိုင်က –

"တရားခံကိုရော ဖမ်းမိထားပြီလား – ဆရာ"

"သော်သော်ရဲ့ထွက်ချက်အရ တရားခံစတီရီယိုအဆိုတော်ဖြိုးသီဟကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ – ၃၃၈ နဲ့ အမှုဖွင့်ထားပါပြီ၊ လောလောဆယ်တော့ အာမခံပေးထားပါတယ်"

"ဒါနဲ့ – စခန်းမှူး – ကားခေါင်းခန်းထဲမှာ ရုပ်ရှင်မင်းသမီးဆို လား၊ အမျိုးသမီးတစ်ယောက်လည်း ပါသေးတယ် မဟုတ်လား"

ထွန်းနိုင်က မေးသည်၊ စခန်းမှူးက သက်ပြင်းတစ်ချက် ရှိုက်လိုက်ကာ –


"အဲဒါက မသေချာပါဘူး၊ တရားခံကိုယ်တိုင်ကလည်း သူတစ်ယောက်ထဲ မောင်းလာတာပါလို့ ထွက်ထားတယ်လေ၊ ညဘက်ဆိုတော့ သက်သေတွေ အမြင်မှားတာလည်း ဖြစ်နိုင်တယ်ဗျ၊ ကျွန်တော်တို့က မသေချာဘဲ အသံသယနဲ့ အရေးယူဖို့ ခက်တယ်လေ"

"ဟုတ်ကဲ့ – ဒါနဲ့ – သမီးကို လူကြီးနှစ်ယောက် ဆေးရုံလိုက်ပို့တယ်လို့ သိရတယ်၊ သူတို့နဲ့တွေ့ပြီး ကျေးဇူးတင်စကား ပြောချင်လို့ပါ"

"သူတို့နှစ်ယောက်က ဒီရပ်ကွက်လူကြီးတွေပါ၊ ခင်ဗျားတွေ့ချင်ရင် လိပ်စာရေးပေးလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ"

စခန်းမှူး ရေးပေးသောလိပ်စာအရ ထိုလူကြီးနှစ်ယောက်ဆိုသည်မှာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှမောင်နှင့် ဦးတင်မြင့် ဆိုသူတို့ပင်၊ ဦးလှမောင်ကို သူ့အိမ်တွင် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့သည်၊ ဦးလှမောင်က ဦးတင်မြင့်ကို ခေါ်နိုင်း၍ ရောက်လာသည်၊ ထွန်းနိုင်က သူ့ကိုယ်သူ မိတ်ဆက်သည်၊



သမီးလေးရှုးရှုးမှာ ထိုနေ့ညနေအထိ သတိပြန်မလည်လာသေး၊ ဒဏ်ရာ အတော်ပြင်းပုံပင်၊ ဒေါက်တာသိန်းအုံ့က စိတ်မပူရန်နှင့် တချို့ဆို နှစ်ရက် သုံးရက်ကြာမှ သတိရကြကြောင်းပြော၍ နှစ်သိမ့်သည်၊ ထွန်းနိုင်တို့လင်မယားနှစ်ယောက်လုံး တစ်ညလုံး သမီးခုတင်ဘေးမှ ငုတ်တုတ်၊

www.burmeseclassic.com

"သမီးလေးအခြေအနေကော ကောင်းရဲ့မဟုတ်လား"

ဦးတင်မြင့် ရင်းရင်းနှီးနှီးမေးသည်။

"ဟုတ်ကဲ့ - ခွဲစိတ်ပြီးလို့ အသက်အန္တရာယ်ကတော့ လွတ်လာပြီ။ အောက်စီဂျင် ပေးထားရတုန်းပဲ...။ သတိတော့ မရသေးဘူးဗျာ ..."

ထွန်းနိုင်က ရှင်းပြသည်။ ဦးတင်မြင့်က -

"ဒါနဲ့ - ဘယ်ဆရာဝန်ခွဲတာတဲ့လဲဗျ"

"ဒေါက်တာသိန်းအုံ့ပါ"

"ဟာ - ဒီဆရာဝန်ဆိုရင်တော့ စိတ်ချစမ်းပါ။ ကျွန်တော့်တူလေးတုန်းကလည်း သူပဲ ခွဲတာလေ။ သိပ်တော်တဲ့ ဆရာဝန်ပဲ"

ထွန်းနိုင်က -

"ဒါနဲ့ - ကားခေါင်းထဲမှာ အမျိုးသမီးတစ်ယောက် ပါသေးတယ်ဆို ဦးတင်မြင့်"

"အဲဒါတော့ - ကျွန်တော် သတိမထားလိုက်မိဘူး။ ဦးလှမောင်ကတော့ ရိပ်ခနဲ မြင်လိုက်တယ်တဲ့"

"ဟုတ်လား ..."

"အင်း - ကျွန်တော်တော့ မျက်စိထဲတော့ ခပ်ချောချောအမျိုးသမီးတစ်ယောက်မြင်လိုက်မိသလိုပဲ။ ရုပ်ရှင်မင်းသမီး ဒေစီမော်လင်းနဲ့တူသလို ထင်မိသေးသဗျ။ သေတော့ မသေချာဘူးပေါ့လေ"

"ဒါဆို - ဦးလှမောင်တို့နှစ်ယောက်လည်း တရားရုံးမှာ သက်သေခံရဦးမှာပေါ့နော်"

"ဒါပေါ့ဗျာ - ကျွန်တော်တို့နှစ်ယောက်ရယ် - ခင်ဗျားတို့ကျွန်းတောလမ်းထဲက သော်သော်ဆိုတဲ့ မိန်းကလေးရယ်ကို တရားရုံးက ဆင့်ခေါ်မယ်လို့ ရဲက ပြောတယ်။ ကျွန်တော်တို့ကတော့ ကိုယ်တကယ်မြင်ခဲ့တဲ့အတိုင်း ထွက်ဆိုအစစ်ခံကြမှာပါ"



"အေးဗျာ - ကျွန်တော်တို့သမီးလေးကို အရှိန်မိရောက်အောင်ပို့ပေးခဲ့တဲ့ကျေးဇူးကို မမေ့ပါဘူးဗျာ"

"ရပါတယ်ဗျာ"

— ✿ —

သမီးလေးရှုရှုမှာ ထိုနေ့ညနေအထိ သတိပြန်မလည်လာသေး။ ဒဏ်ရာအတော်ပြင်းပုံပင်။ ဒေါက်တာသိန်းအုံ့က စိတ်မပူရန်နှင့် တချို့ဆို နှစ်ရက်သုံးရက်ကြာမှ သတိရကြကြောင်း ပြော၍ နှစ်သိမ့်သည်။

ထွန်းနိုင်တို့လင်မယားနှစ်ယောက်လုံး တစ်ညလုံး သမီးခုတင်ဘေးမှ ငုတ်တုတ်။ ဘယ်သူမှကောင်းကောင်းအိပ်မပျော်။ သမီးရှုရှုက နှစ်ညမြောက်သည်အထိ သတိပြန်မလည်နိုင်သေး။ ဇနီးဖြစ်သူစမျာတော့ တငိုငိုတရယ်ရယ်နှင့်။

ကံဆိုးချင်တော့ သုံးရက်မြောက်ညတွင် အသည်းအသန်ဖြစ်လာသည်။ သမီးတစ်ကိုယ်လုံး ရုတ်တရက် တဆတ်ဆတ်တုန်ယင်လာကာ တလိမ့်လိမ့်လူးလွန့်လျက် နာကျင်စွာ ညည်းညူအော်မြည်သံပင် ကြားရသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုညက ဒေါက်တာသိန်းအုံ့ နားရက်ဖြစ်နေသည်။

တာဝန်ကျဆရာဝန်နှင့် ဆရာမများ ဝိုင်း၍ ကြိုးစားကုသသော်လည်း အခြေအနေက တိုးတက်မလာ၊ ပို၍သာ ဆိုးလာနေသည်။ သမီး ရှုရှု၏ ကံဇာတာကလည်း ဤမျှသာဖြစ်မည်ထင်၏။ နောက်တစ်နေ့ အရုဏ်တက်တွင် ဘဝတစ်ပါးသို့ ကူးသွားရှာ၏။

"အမလေး - သမီးရဲ့ မေမေ့ကိုထားခဲ့ပြီလားကွယ်၊ ထ.ကြည့်ပါဦးလား ရှုလေးရယ် - အီး - ဟီး - ဟီး"

ဇနီးသည် အော်ကြီးဟစ်ကျယ်ငိုကြွေးရင်း မေ့လဲသွားရှာသည်။ ဆရာမများ ပြုစုပေး၍ အတော်လေးကြာမှ သတိပြန်ရလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"တောက်"

ထွန်းနိုင် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် ကြေကွဲနာကြည်းစွာ တောက်တစ်ချက် ခေါက်လိုက်မိသည်။ ဖူးဖူးမှာ တစ်ဦးတည်းသော သမီးလေးဖြစ်ကာ အိမ်ထောင်မပြုဘဲ ဆရာဝန်မကြီးဘ၀ဖြင့် မိဘကျေးဖူး ဆပ်မည်ဟု တဖွဖွပြောနေတဲ့သူလေးပဲ။ ငယ်စဉ်ကစ၍စာတော်ကာ အတန်းတိုင်းတွင် ပထမဆုရလာသူဖြစ်ခဲ့၍လည်း အနာဂတ်မျှော်လင့်ချက် အလွန်အားကောင်းခဲ့သူလည်း ဖြစ်၏။

ခုတော့ – ကံကြမ္မာက သူတို့မိသားစုဘက်က မရပ်တည်ပေးခဲ့။ သူတို့၏ဘ၀အိပ်မက်ကို လျှပ်တစ်ပြက်အတွင်း လွင့်စဉ်ပျောက်ကွယ်သွားအောင် ရက်ရက်စက်စက် ဖြိုခွင်းပစ်ခဲ့ပါလေပြီ။

"တောက်"

ခုတစ်ကြိမ် တောက်ခေါက်သံက ပိုကျယ်သွားသည် ထင်ရ၏။ သူ့နှလုံးသားက သူ့မိသားစု၏မဟာရန်သူတော်ကြီးနှစ်ဦးကို မပျောက်မပျက်အောင် တေးမှတ်နေသည်။ ပထမရန်သူတော်ကြီးက တခြားမဟုတ်၊ အပြစ်မဲ့သော သမီးလေးကို သေလုမျောပါးဒဏ်ရာရအောင် ကားဖြင့် တိုက်သတ်ပစ်ခဲ့သော စတီးရီယိုအဆိုတော် ဖြိုးသီဟဆိုသူပင်။

ထိုသို့ သေမင်းတံခါးဝသို့ ရောက်နေသော သမီးလေးအား မသေသေအောင် သတ်ပစ်ခဲ့သည့်လူတိရစ္ဆာန်တစ်ကောင် ရှိသေးသည်။ ယင်းသတ္တဝါမှာ မည်သူမည်ဝါဟု တိတိကျကျ မပြောနိုင်သေးသည့်တိုင် ထိုသူ၏ယုတ်မာသောစနက်ကြောင့် သမီးလေး တမလွန်ရောက်ခဲ့ရသည်ကတော့ အသေအချာပေ။ သူသည် သမီးလေး၏ဇီဝိန်ကို ချေမှုန်းပစ်ခဲ့သောလူသတ်သမားစစ်စစ် ရန်သူတော်နံပါတ်နှစ် ဖြစ်၏။

သော်သော်နှင့် ရုပ်ကွက်လူကြီးနှစ်ဦး၏ စကားအရ ကားခေါင်းခန်းတွင် အမျိုးသမီး ပါသေးသည်တဲ့။ ဦးလှမောင်က ရုပ်ရှင်မင်းသမီး ဒေစီမော်လင်း



ဆုဝင် ထင်မိသည် ဆို၏။ သို့တစေ၊ ရဲက မသေချာဟုဆိုကာ ဖြိုးသီဟတစ်ဦးတည်းကိုသာ အရေးယူထားခဲ့သည်။

အဘယ့်ကြောင့်ထိုသို့ဖြစ်ရပါလေသနည်း။ အမှုဖြစ်ရပ်၏နောက်ကွယ်တွင် တစ်စုံတစ်ရာရှိနေ၍ပေလော။ အကယ်၍သာ ကားခေါင်းခန်းထဲ၌ ထိုအမျိုးသမီး အမှန်တကယ်ပါလာပြီး သူမကိုယ်တိုင် သမီးဖူးဖူးကို ကားဖြင့် တိုက်ပစ်ခဲ့သူသာ ဖြစ်နေပါက သူမသည် ထွန်းနိုင်တို့မိသားစုပေါ် တတိယမဟာရန်သူတော် ဖြစ်လာပေလိမ့်မည်။

ထွန်းနိုင်အလွန်ရှည်လျားသော သက်ပြင်းမောတစ်လုံးကိုပင်ပန်းကြီးစွာ နှိုက်ထုတ်ပစ်လိုက်သည်။ သူ့ခေါင်းထဲ၌ အတွေးပေါင်းစုံဖြင့် ရှုပ်ထွေးနေသည်။ ဦးနောက်တစ်ခုလုံးမှာလည်း ရှုပ်ထွေးနောက်ကျိလျက် ရှိသည်။

ထွန်းနိုင်၏ပင်ကိုစရိုက်က ရိုးရိုးနှင့် အေးအေးကြီး ဖြစ်၏။ အဘိုးအဘွားတို့၏ သွန်သင်ဆုံးမမှုအောက်တွင် ကြီးပြင်းလာရသဖြင့်လည်း သူ့အတွေးအခေါ်တို့က တစ်ခါတစ်ရံ ရှေးရိုးဆန်ချင်သည်။ ကျောင်းဆရာပီပီ တစ်ဖက်သားအပေါ် ကြင်နာတတ်ကာ ကိုယ်ချင်းစာစိတ်ကြီးသူလည်း ဖြစ်၏။

သူ့သမီးလေး ဖူးဖူး၏အဖြစ်ဆိုးကို မမေ့ဖျောက်၍မရ၊ ဗုဒ္ဓ၏အဆုံးအမအတိုင်း ကံ၊ ကံ၏အကျိုးကို ယုံကြည်သည်။ ဖြစ်ဖြစ်သမျှကိုလည်း လူဆိုတာ သေမျိုးပဲလေဟု နှလုံးသွင်းကာ တရားနှင့် ဖြေတတ်သည့်သူ ဖြစ်၏။

သို့တစေ၊ သူတစ်ပါး၏ ပေါ့ဆမှုကြောင့် သူ့သမီးဖူးဖူး သေလုမြောပါးဒဏ်ရာရခဲ့သည်ကိုတော့ သူ ခွင့်မလွှတ်နိုင်။ အသက်အန္တရာယ်ကို ကျော်လွှားပြီးပါက မသမာသူ၏မတရားလုပ်ကြံခံခဲ့ရမှုကိုလည်း သူ သည်းမခံနိုင်။ တန်ပြန်လက်စားချေရန် မဟုတ်သော်လည်း မည်သူမဆိုပြစ်မှုကျူးလွန်လျှင် ဥပဒေကပေးသောပြစ်ဒဏ်ကို ခံယူရမည်။ ပြစ်မှုနှင့် ပြစ်ဒဏ် မျှတဖို့တော့ လိုမည်။ ဤသည်မှာ သူ၏မွေးရာပါခံယူချက် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အချုပ်ဆိုရသော် သူလိုချင်သည်က "အမှန်တရား"ဖြစ်၏။ တရားဥပဒေအရ ရုံးတော်က ဆုံးဖြတ်ပေးမည့် အမှန်တရား၊ လောကပါလနတ်မင်းကြီးတို့ကိုယ်တိုင် အပြည့်အဝ ထောက်ခံမည့်အမှန်တရားမျိုး။

— ✿ —

"ဥပဒေဆိုတာကတော့ အမှန်တရားကို ဖော်ထုတ်ပေးနိုင်ဖို့ပြဋ္ဌာန်းပေးထားခဲ့တာပဲဗျ။ ဒါပေမဲ့ - ခက်တာက လူတွေပဲ။ သူတို့က ဥပဒေကို သားရေကြိုးလို ဆန့်နိုင်၊ ကျုံ့နိုင်အောင်လည်း လုပ်ချင်ကြတယ်။ မူလအဓိပ္ပာယ်ကို တစ်လွဲတစ်ချော်ဖြစ်အောင် ဉာဏ်နီဉာဏ်နက်နဲ့ ကိုယ်လိုရာဆွဲပြီး အသုံးချချင်ကြတယ်။ law Makers are law breakers ဆိုသလိုပေါ့ဗျာ။ အဲဒါကြောင့် - ဆရာ့အနေနဲ့ သမီးလေးအမှုမှန် ပေါ်ပေါက်ဖို့ဆိုရင် ရှေ့နေကောင်းကောင်းတစ်ယောက်တော့ လိုလိမ့်မယ်နော်"

သမီးလေးဖူးဖူး၏ ရာပနနေ့တွင် ထွန်းနိုင်၏ကျောင်းအုပ်ဆရာကြီးကရင်းရင်းနှီးနှီးသတိပေးသည်။ ပရိဒေဝသောကမီးလောင်မြိုက်ဒဏ်ကြောင့် သမီးအလောင်းဘေးမှ မခွာနိုင်သော ဖနီးသည်ကို နှစ်သိမ့်ဆွဲခေါ်နေရင်းက ထွန်းနိုင်ရင်ထဲ ဆရာကြီးစကားသံက ပဲ့တင်ထပ်နေသည်။

"အမလေး - သမီးလေးရဲ့"

မီးသင်္ဂြိုဟ်စက်ထဲ သမီးအလောင်းတင်လှည်း တကျွီကျွီတိုးဝင်သွားချိန်ဝယ် ဖနီးသည်ခမျာ မိခင်ပီပီ ရင်ကွဲနာကျကာ ပြိုလဲမေ့မြောသွားပါလေတော့၏။ ယပ်တောင်ခတ်သူခပ်၊ နာနပ်သူနပ်ဖြင့် ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်။

"ဒီအမှုက ရှင်းပါတယ်။ ကားနဲ့ တိုက်ပြေးတဲ့တရားခံကိုလည်း ဖမ်းမိလို့ ရုံးတင်ထားပြီး မျက်မြင်သက်သေတွေလည်းပြည့်စုံနေတယ်ဆိုတော့ ဒီအမှုကိုမနိုင်စရာအကြောင်းမှမရှိတော့တာ။ တရားခံကို လူသေမှုနဲ့ ထောင်ခုနစ်နှစ်ထိ ချနိုင်နေပြီလေ"



ထွန်းနိုင်၏မိတ်ဆွေ တရားရုံးချုပ်ရှေ့နေကြီးက အမှုအခြေအနေကို ပြောပြသည်။

"ဒါပေမဲ့ - တရားခံက တစ်ယောက်ထဲမဟုတ်ဘူး - ရှေ့နေကြီး။ ကားခေါင်းခန်းထဲမှာ အမျိုးသမီးတစ်ယောက်ပါ ပါသေးတယ်လို့ မျက်မြင်သက်သေတွေက ပြောထားသေးတယ်ဗျ"

ထွန်းနိုင်က စောဒကတက်သည်။ ရှေ့နေကြီးကအမှုတွဲဖိုင်ကိုလှန်လှောကြည့်ကာ -

"အင်း - ရဲဘက်ကတော့ စတီရီယိုအဆိုတော်ဖြိုးသီဟတစ်ယောက်ကိုပဲ တရားခံအနေနဲ့ စွဲတင်ထားတာ တွေ့ရတယ်။ ကျွန်တော် ဥပဒေအရာရှိဆီတော့ တင်ပြပေးပါ့မယ်။ ကျွန်တော် လုပ်နိုင်တာက တရားခံဖြိုးသီဟကို ပြန်လှန်မေးခွန်းထုတ်တဲ့အခါ အဲဒီအမျိုးသမီးအကြောင်း မသိမသာ ထည့်မေးကြည့်ဖို့ပဲ။ တစ်ခုတော့ ရှိတယ်။ ဆရာပြောတဲ့ တရားလိုပြ သက်သေတွေက ရုံးတော်မှာ အဲဒီအမျိုးသမီးပါတဲ့အကြောင်း ထွက်ဆိုကြရင်တော့ ကျွန်တော်တို့ဘက်က နိုင်ပြီပေါ့ဗျာ"

သို့သော် ရုံးချိန်းနေ့တွင်ကား ထွန်းနိုင်တို့ လုံးဝမမျှော်လင့်မထားသော ဖြစ်ရပ်များနှင့် ကြုံတွေ့ရ၏။ တရားလိုပြသက်သေအဖြစ် တင်ပြထားသည့် သော်သော်၊ ဦးလှမောင်နှင့် ဦးတင်မြင့်တို့သုံးဦးစလုံး ကားခေါင်းထဲမှ အမျိုးသမီးကိစ္စ မထွက်ဆိုကြရုံသာမက အချင်းဖြစ် ကားမောင်းသူ တရားခံ ဖြိုးသီဟဖြစ်သည်ဟု မည်သူမျှ တစ်စွန်းတစ်စမှ အစစ်ခံ ထွက်ဆိုထားခြင်း မရှိကြခြင်းပင်။

အံ့သြဖွယ်ကောင်းလှပေစွ။

သမီးဖူးဖူး၏သူငယ်ချင်း သော်သော်ကိုယ်တိုင် ကားမောင်းသူမှာ စတီရီယိုအဆိုတော် ဖြိုးသီဟဟု ထွန်းနိုင်အား အတိအလင်း ပြောပြခဲ့သည် မဟုတ်လား။ ပြီးတော့ - ဦးလှမောင်ကလည်း ကားခေါင်းထဲတွင် ဖြိုးသီဟ



www.burmeseclassic.com

www.burmeseclassic.com

အပြင် ရုပ်ရှင်မင်းသမီး ဒေစီမော်လင်း ထင်ရသူကိုပင် မြင်လိုက်သည်ကို အသေအချာ ပြောခဲ့သည်လေ။

ဟော – ခုရုံးရှေ့ရောက်မှ ဘယ်လိုတွေဖြစ်ကုန်ကြတာပါလိမ့်။ ထွန်းနိုင် နားမလည်နိုင်။ ထွန်းနိုင် သူတို့ကို ထူးဆန်းသည့် သတ္တဝါနယ် မျက်လုံးပြူးပြီး များဖြင့်တအံ့တဩလှမ်းကြည့်နေမိသည်။ ထူးခြားသည်မှာ သူတို့သုံးယောက်လုံး မည်သူမျှ ထွန်းနိုင်နှင့် မျက်လုံးချင်း ရဲရဲမဆိုင်ကြ။ သူ့ကိုပင် မမြင်သလို အဝေးသို့ မျှော်ကြည့်နေကြ၏။

ထို့ထက် ပိုဆိုးသည်က ဖြိုးသီဟ အစစ်ခံရသည့်အလှည့်တွင် ထိုနေ့က ကားမောင်းသူမှာ သူမဟုတ်ပါ။ သူနှင့် ရုပ်ချင်းဆင်သူသာ ဖြစ်လိမ့်မည်။ ထိုနေ့ ထိုအချိန်က သူ စတူဒီယိုတွင် စီးရီးတစ်ခွေ အသံသွင်းနေသည်ဟု အလီဘိုင်ပြသည်။ စတူဒီယိုမှ လူများဖြင့်လည်း သက်သေပြသည်။

"အင်း – တရားခံဘက်က လက်ဦးမှု ရသွားပြီ ထင်ပါရဲ့"

ရှေ့နေကြီးက ညည်းသလိုလို ပြောသည်။ ထွန်းနိုင် နားမလည်။ ဘယ်လို လက်ဦးမှု ရသွားတာလဲ။

"အဲဒါ – ဘာကို ဆိုလိုတာလဲ – ရှေ့နေကြီး"

ထွန်းနိုင်က မရဲတရဲ မေးသည်။ ရှေ့နေကြီးက ခေါင်းကုတ်လျက် ထွန်းနိုင် အား အ.ရန်ကောဟု ကြည့်ရင်း –

"သက်သေတွေကို တစ်ဖက်က ငွေထိုးထားတာကို ပြောတာဗျ – သိ လား"

"ဗျာ"

ထွန်းနိုင် ကြက်သီးတဖြန်းဖြန်း ထ.သွားသည်။ အလို – ငွေထိုးထား ဆိုပါလား။ နေပါဦး – ဒီလိုလူသေလောက်အောင် ကားတိုက်မှုမှာတောင် ထိုးလို့ရသလား။



ဒါဖြင့် – တရားဥပဒေက အမှန်တရားကို မဖော်ထုတ်နိုင်တော့ဘူးပေါ့။ ဒါဆို – ဘာအတွက် ပြဋ္ဌာန်းထားသေးလဲ။ သော်သော်ကိုယ်တိုင် ဖူးဖူးဆေးရုံ ရောက်အောင် ကူညီခဲ့သည် မဟုတ်လား။ ဦးလှမောင်၊ ဦးတင်မြင့်တို့ကြောင့် ပင် အချိန်မီ ဆေးရုံရောက်ခဲ့သည်လေ။

ကဲ – ကြည့် – သူတို့သုံးယောက်လုံး သမီးကို လူမှုရေးစိတ်ဓာတ်ဖြင့် ကူညီခဲ့ကြတာပဲဟာ။ အကြင်နာတရားနှင့် ကိုယ်ချင်းစာစိတ် အပြည့်အဝ ရှိကြသူများ မဟုတ်လား။ ဒီလိုလူသားဆန်၍ ပရဟိတစိတ်ဓာတ် ပြည့်ဝသူ တွေကို ငွေလေးထိုးလိုက်ရုံနဲ့ အမှန်ကို အမှားဖြစ်အောင် ပြောင်းလဲထွက်ဆို ကြပါ့မလား။

ထွန်းနိုင် မယုံ ...။ မယုံ ...။ လုံးဝကို မယုံ ...။

— ◆ —

"ဟော – ဖူးဖူးရေ – ဖေဖေ ပြန်လာပြီဟေ့။ လာ – လာ – ထမင်းစားရ အောင်"

အိမ်ထဲ လှမ်းဝင်လိုက်စဉ် ဇနီးသည်၏ ထူးဆန်းသောစကားသံကြောင့် ထွန်းနိုင် မျက်စိလည်သွားသည်။ ထမင်းဝိုင်း ပြင်ဆင်နေသောဇနီးက –

"လာလေ – မောင်ရဲ့၊ ထိုင်လေ – ရော့ – ခက်ရင်းနဲ့ ဇွန်း"

သူ့လက်ထဲ ဇွန်း၊ ခက်ရင်းတစ်စုံ လှမ်းထည့်ပေးသည်။ သူက ခပ်ကြောင် ကြောင် ဝင်ထိုင်မိသည်။

"ဟောဒါက – သမီးလေးဖူးဖူးရဲ့ဇွန်းနဲ့ ခက်ရင်းနော် – ဟီး – ဟီး"

ဇနီးသည်က ဖူးဖူးစားနေကျ ပန်းကန်ပြားဘေးတွင် ဇွန်း၊ ခက်ရင်းကိုင် ... သိခိ ရယ်နေသည်။ ထိုအခါမှ ထွန်းနိုင် သဘောပေါက်တော့သည်။ ... လိုလို "သမီးလေး – ပြန်လာပြီ" ဟု ထ.ယောင်ယမ်းနေတတ်သော ... သည်မှာ ခုတော့ သမီးသက်ရှိထင်ရှားရှိနေစဉ်ကလို ပြုမူနေပါ ... အမူပြီးရင်တော့ ... သူမကို စိတ်ရောဂါဆရာဝန်နှင့် ပြသဦး ...။



www.burmeseclassic.com

www.burmeseclassic.com

နောက်ရုံးချိန်းနေ့တွင် နစ်ဖက်ရှေ့နေများ အပြီးသတ်လျှောက်လဲချက် ပေးကြသည်။ တရားခံရှေ့နေကြီးက သူ၏အမှုသည်ကသေသူမိန်းကလေးကို ကားနှင့် တိုက်မိခဲ့ကြောင်း မည်သည့်သက်သေမှ ထွက်ဆိုခြင်း မရှိသဖြင့် အမှုမှ တရားသေ လွှတ်ပေးပါရန် အာဘောင်အာရင်းသန်သန်ဖြင့် လျှောက်လဲတင်ပြသွား၏။

ထွန်းနိုင်၏ တရားလိုရှေ့နေကြီးကလည်း မျက်မြင်သက်သေများသည် ညအချိန်ဖြစ်၍ တရားခံ မည်သူမည်ဝါဟု အမည်နာမ ထုတ်ဖော်မပြောနိုင်ကြသော်လည်း မပြေးသော် ကန်ရာရှိဆိုသလို တရားခံ ဖြိုးသီဟကို ကောင်းစွာ သိနေကြောင်းပေါ်လွင်ထင်ရှားနေပါသဖြင့် ပြစ်မှုကျူးလွန်သူတရားခံအား ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။ သို့သော် သူ၏လေသံက အားမပါလှ။

"လာမယ့်ရုံးချိန်းနေ့မှာ အမိန့်ချမယ်"

ရုံးတော်က ကြေညာသည်။ ထိုနေ့တွင် ထွန်းနိုင် ရုံးတော်ရှေ့ရောက်နေခဲ့သည်။ တရားသူကြီးက ရှည်လျားသော စီရင်ချက်ကို ထုံးစံအတိုင်း ဖတ်ပြသည်။ နောက်ဆုံးမှာကား တရားခံဖြိုးသီဟအား ပြစ်မှုမထင်ရှားသဖြင့် အမှုမှ တရားသေ လွှတ်လိုက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

အောင်နိုင်သူတရားခံ ဖြိုးသီဟနှင့် သူ၏ရှေ့နေကြီးတို့ တပြုံးပြုံးနှင့် လက်ဆွဲနှုတ်ဆက်ကြသည်။ ရုံးတော်ကိုလည်း အကြိမ်ကြိမ်ဦးညွှတ်၍ကျေးဇူးတင်နေကြသည်။ ထိုမြင်ကွင်းကြောင့် ထွန်းနိုင်ရင်ထဲ အလိပ်လိပ်တက်လာသောဒေါသတို့ ငယ်ထိပ်သို့ ရောက်သွားသည်။

"ဟေ့ကောင် - ဖြိုးသီဟ"

ထွန်းနိုင်က နေရာမှ ဝုန်းခနဲထကာ ကျယ်လောင်စွာ အော်ခေါ်လိုက်သည်။ သူ့အသံက တရားရုံးခန်းတစ်ခုလုံး ဟိန်းထွက်သွားသည်။ ထွန်းနိုင် ခြေလှမ်းများက ဖြိုးသီဟထံ လေအဟုန်လို ရောက်သွားကာ လက်သီး ပေါက်ပေါက်ထိုးလိုက်၏။



"ဟေ့ - တရားခံ ဖြိုးသီဟ - သက်သေတွေက ဘယ်လိုပဲ လိမ်ညာပြီး ထွက်ထွက် - ငါ့သမီးလေးက မင်းကားနဲ့ တိုက်သတ်လို့ သေရတာကွ။ ပြီးတော့ - မင်းခဘားမှာ ရုပ်ရှင်မင်းသမီး ဒေစီမော်လင်းလည်း ပါသေးတယ် မဟုတ်လား။ မင်း - ဒါကို ဘာလို့ဖုံးကွယ်ထားရတာလဲ။ ငါ - ဒီနေ့ မင်းကို သတ်ရမှ ကျေနပ်မယ်ကွ - ဟေ့ကောင်ရဲ့"

ထွန်းနိုင်က ပြောပြောဆိုဆို ဖြိုးသီဟ၏လည်ပင်းကို သူ၏လက်နှစ်ဖက်ဖြင့် ညှစ်ပါလေတော့၏။

"အမလေး - ကယ်ကြပါဦး - အစ် - အစ်"

ဖြိုးသီဟက အတင်းရုန်းရင်း ဇလုံးဇဇွေး အောင်ဟစ်အကူအညီ တောင်းနေသည်။ ရုန်းကန်ရင်း ဖြိုးသီဟမျက်လုံးများ ပြူးထွက်လာသည်။

"ဟေ့ - မလုပ်နဲ့ - ရပ်စမ်း"

ထိုအခိုက် တရားရုံးရဲအချို့ အပြေးရောက်လာကာ ထွန်းနိုင်၏လက်များကို ဆွဲဖယ်သည်။ ထွန်းနိုင်က အတင်းညှစ်ထား၍ တော်တော်နှင့် ဖြုတ်မရ။ အတော်လေးကြာမှ ရဲတစ်ယောက် အတင်းဝင်လုံး၍ ဆွဲဖယ်မှ လက်ပြုတ်သွားသည်။

"ချောက်"

ရဲကြပ်တစ်ယောက်က ထွန်းနိုင်လက်များကို လက်ထိတ်ခတ်လိုက်သည်။ ပြီးတော့ - တရားရုံးခန်းမှ ဆွဲခေါ်သွားကြသည်။ ထွန်းနိုင်က မျက်လုံးပြူးကြီးဖြင့် တထိတ်တလန့် ကျန်ခဲ့သော ဖြိုးသီဟကို စားတော့ဝါးတော့မလို စူးစူးရဲရဲစိုက်ကြည့်ရင်း ရဲနောက်သို့ ပါသွားသည်။

ထွန်းနိုင်အား တရားရုံးတွင်း ရုန်းရင်းဆန်ခတ်ဖြစ်အောင် ကျူးလွန်မှု လှုကို သေစေရန် အားထုတ်မှုတို့ဖြင့် ထောင်ကြီးချုပ်သို့ ပို့လိုက်သည်။

"စိတ်မကောင်းပါဘူး - ဆရာ"


ရီမန်ကြီးတစ်ပတ်ပြည့်၍ ရုံးထွက်နေ့တွင် တရားရုံးအချုပ်သို့ ကျောင်း အုပ်ဆရာကြီးကိုယ်တိုင် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့နောက်မှ အော်ဟစ်သံများ ပွက်လောရိုက်ကျန်ရစ်သည်။
ထွန်းနိုင်က တရားရုံးပရိသတ်များကြား တိုးဝင်၍ ထွက်ပြေးသည်။
ရဲသုံးယောက်နောက်မှ လိုက်ပါလာသော်လည်း လူအုပ်ထဲဖြစ်နေ၍
သေနတ်ဖြင့် ပစ်ဖမ်းရန် ခက်နေသည်။



"ဘာဖြစ်လို့လဲ - ဆရာ"

ထွန်းနိုင်က ဇဝေဇဝါ ပြန်မေးသည်။

"စိတ်နိုင်နိုင်ထားပါ - ဆရာထွန်းနိုင်၊ ကျွန်တော်လည်း မပြောမဖြစ်လို့ ပြောရတာပါ"

"ပြောမှာသာ ပြောစမ်းပါဗျာ"

"ဒီလိုဗျ - ဆရာ့ဇနီး - တစ်နေ့ညက သူ့သမီးလေးကို မြင်လိုက်တယ်လို့ ပြောပြီး တိုက်ပေါ်က ပြေးဆင်းရင်း လှေခါးပေါ်က ချော်ကျလို့ ဆုံးသွားရှာတယ်ဗျာ"

"ဘာ - ဘာပြောတယ်ဗျ"



ထွန်းနိုင်တစ်ကိုယ်လုံး သွေးလည်ပတ်မှု တန့်ခနဲ ရပ်သွားသလို သတိလက်လွတ်ဖြစ်သွားမိသည်၊ ရှေ့သို့ ယိုင်လဲမသွားစေရန် အချုပ်ခန်းသံတိုင်များကို ကျားကန်ထားလိုက်ရသော သူ့လက်များ တဆတ်ဆတ်တုန်ယင်နေသည်၊ သူ့မျက်စိထဲ သွားလေသူ သမီးရှုံးဖူးအတွက် ထမင်းပြင်ပေးနေသော ဇနီးသည်၏ ပိုးတဝါးပုံရိပ်များက ပေါ်တစ်လှည့် ပျောက်တစ်ခါ၊ နီးလာလိုက်၊ ဝေးသွားလိုက်နှင့်၊

"ကြည့်စမ်း - ဒီအကုသိုလ်က သမီးတင်မက ဇနီးသည်ပါ ဆုံးသွားရပါပေါ့လား - ဟင်း"

ထွန်းနိုင်က သံတိုင်များကို တင်းကြပ်စွာ ဆုပ်ကိုင်ကာ အံကို တင်းတင်းကြိတ်လျက် သူ့ဘဝရေစက်ဆိုးကို နာကြည်းကြေကွဲစွာ ရေရွတ်မိသည်၊ နှလုံးသားဝယ် မခံမရပ်နိုင်အောင် နာကျင်နေသည်၊

"ဒါတွေအားလုံးရဲ့တရားခံဟာ ဖြိုးသီဟဆိုတဲ့ တိရစ္ဆာန်နဲ့ ဆေးရုံက အယုတ်တမာလူသတ်ကောင်ကြောင့်ဖြစ်ရတာတွေပဲ၊ ဒီလူယုတ်မာတွေကို ငါ့လက်နဲ့ အသေသတ်ရမှ ကျေနပ်နိုင်မယ်၊ ဒီတော့ - ငါ ဘယ်လိုလုပ်ရမလဲ"

ထွန်းနိုင်မျက်လုံးများ စုံမှိတ်၍ အတွေးပေါင်းစုံ ချာချာလည်ရင်း အကြံထုတ်နေမိသည်၊ ထိုစဉ် အချုပ်ခန်းစောင့်ရဲကြပ်က ရုံးရှေ့ပို့ရမည့်တရားခံနှစ်ဦး၏အမည်ကို ခေါ်သည်၊ အဆိုပါတရားခံများ အပေါက်ဝနား ရောက်လာချိန်တွင် ရဲက သော့ဖွင့်၍ လူတစ်ယောက်ထွက်သာရုံ တံခါးဖွင့်ပေးသည်၊

ပထမတရားခံ တံခါးမှထွက်ချိန်ဝယ် ထွန်းနိုင်က ဒုတိယတရားခံ နောက်နား မသိမသာ ကပ်ရပ်လိုက်သည်၊ ဒုတိယတရားခံထွက်ချိန်၌ ထွန်းနိုင်က အချုပ်ခန်းတံခါးကို ရုတ်တရက် တွန်းထိုးကာ အပြင်သို့ လျင်မြန်စွာ လှမ်းထွက်လိုက်သည်၊ အပြင်ရောက်သည်နှင့် ခြေဦးတည့်ရာဘက်သို့ အတင်းပြေးပါလေတော့၏၊

"ဟာ - တစ်ယောက်ပြေးပြီ၊ ဖမ်း - ဖမ်းဟေ့၊ ပစ် - ပစ် - ဖမ်း - ဖမ်း"

www.burmeseclassic.com

သူ့နောက်မှအော်ဟစ်သံများပွက်လောရိုက်ကျန်ရစ်သည်၊ ထွန်းနိုင်က တရားရုံးပရိသတ်များကြားတိုးဝင်၍ထွက်ပြေးသည်၊ ရဲသုံးယောက်နောက်မှ လိုက်ပါလာသော်လည်း လူအုပ်ထဲ ဖြစ်နေ၍ သေနတ်ဖြင့် ပစ်ဖမ်းရန် ခက်နေသည်၊

တရားရုံးရှေ့တွင် ရထားသံလမ်းဂိတ်တစ်ခုရှိ၏၊ ထွန်းနိုင်အပြေးအလွှား ရောက်လာချိန်ဝယ် သံလမ်းတံခါးကို ပိတ်ထားသည်၊ မြို့ပတ်ရထားတစ်စီး လာနေ၍ ဖြစ်၏၊ ရထားက ဥသြဆွဲကာ လာနေပြီ၊ ရှေ့သံလမ်းကိုဖြတ်ရန် ပေနှစ်ဆယ်မျှသာ လိုတော့သည်၊ ထွန်းနိုင်က သံလမ်းတံခါးကို လွှားခနဲ ခုန်ကျော်ကာ သံလမ်းပေါ် ဝမ်းလျားထိုးမှောက်လျက် တစ်ဖက်သို့ လှိမ့်ထွက်လိုက်သည်၊

"ဝေါ - ဝေါ - ဂျုံး - ဂျုံး"

ရထားက တဂျုံးဂျုံးဖြတ်သွားသည်၊ ထွန်းနိုင်က နေရာမှထ၍ ဦးတည်ရာမဲ့ ပြေးသည်၊ ရထားတွဲများ ဆုံးတော့ မြင်ကွင်းဝယ် ထွန်းနိုင်ကို မတွေ့ရတော့၊ ရဲများ မျက်ခြည်ပြတ်လေပြီ၊

— ❖ —

ထွန်းနိုင် တစ်လမ်းပြီးတစ်လမ်း ဖြတ်ကျော်လာသည်၊ သူက သည်ရပ်ကွက်သားဖြစ်၍ သည်လမ်းများကိုကျွမ်းသည်၊ သူက သူငယ်ချင်းဒေါက်တာ သိန်းအုံ့နှင့်တွေ့ရန် အရေးကြီးနေသည်၊ သူ့ကို ရင်ဖွင့်၍ လူသတ်ကောင်ကို ရှာဖွေဖို့ အကူအညီတောင်းရမည်၊

"ဟင် - ထွန်း - ထွန်းနိုင်ပါလား"

သူ ဆေးရုံအနောက်ဘက်ရှိ ဒေါက်တာသိန်းအုံ့ အိမ်ထဲ အမြန်လှမ်းဝင်လိုက်သည်၊ ဒေါက်တာသိန်းအုံ့အိမ်ထဲအမြန်လှမ်းဝင်လိုက်သည်၊ ဒေါက်တာ သိန်းအုံ့မျက်နှာပေါ် အလွန်အံ့ဩသော အရေးအကြောင်းများ ဖြတ်သန်း



သွားသည်၊ သူ့ကို သရဲတစ္ဆေတစ်ကောင်ကို မြင်တွေ့လိုက်ရသည့် ထိတ်ထိတ်တလန့် အမူအရာမျိုးဖြစ်၏၊

"သူငယ်ချင်း - ငါ့ကို ကယ်ပါကွာ၊ နောက်ကရဲတွေ လိုက်လာလို့"

ထွန်းနိုင်ကပြောရင်း အိမ်အတွင်းခန်းထဲ ပြေးဝင်သည်၊

"ဟေ"

ဒေါက်တာသိန်းအုံ့က မှင်တက်မိသလိုဖြစ်နေစဉ် ဝီစီမှုတ်သံများ ကျယ်လောင်စွာ ကြားလိုက်ရ၏၊ သူ အိမ်ရှေ့ထွက်ရပ်လိုက်ရာ ရဲဝန်ထမ်းလေးငါး ယောက် သူ့ဘက် ပြုံးကြည့်ကာ ရှေ့ဆက်ထွက်သွားကြ၏၊ ထွန်းနိုင် တရားရုံးတွင် ရှန်းရင်းဆန်ခတ်ကိစ္စဖြင့် အချုပ်ကျနေမှန်း သူသိသည်၊ အခု သူ အချုပ်က ထွက်ပြေးလာတာများလား၊

"ဘယ်လိုဖြစ်လာတာလဲ - ထွန်းနိုင်ရာ"

သူက အိမ်ထဲ ဝင်လာ၍ ထွန်းနိုင်အား မေးသည်၊

"ငါ ထွက်ပြေးလာတာ - သိန်းအုံ့"

"ဘာလို့ - ဒီလိုလုပ်ရတာလဲကွာ"

"ငါ - မင်းကို နှစ်ယောက်ထဲ တိုးတိုးပြောစရာရှိလို့ကွ"

"ဟေ - ဘာများလဲ"

သိန်းအုံ့က ဘေးဘီကို လှည့်ပတ်ကြည့်ကာ မေးသည်၊

"ငါ့သမီးလေး မသေခင် သတိတစ်ချက်လည်လာသေးတယ်ကွ"

"ဟုတ်လား"

"အဲဒါ - သူက ပြောတယ်၊ သူ့ကို ဆရာဝန်တစ်ယောက်က ညဘက် အိပ်ဆေးထိုးလိုဟာမျိုး လာသွင်းတယ်တဲ့၊ အဲဒီကတည်းက သူ့ခေါင်းတွေ လေးလာ တယ်ပြောရင်း သတိမေ့သွားတယ်လေ"

"ဟေ"

"ငါသိသလောက် သမီးလေးက မင်းခွဲစိတ်ပေးလိုက်လို့ အသက်အန္တရာယ်က ကျော်ဖြတ်လာပြီမဟုတ်လား၊ အဲဒါ - မသမာတဲ့ ဆရာဝန်တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်က ကြားကနေ အိပ်ဆေးလိုဟာမျိုးထိုးပြီး လာသတ်သွားတာကွ၊ ငါ အဲဒီလူသတ်ကောင်ကို ငါကိုယ်တိုင်သတ်ရမှဖြစ်မယ် - သိန်းအုံ၊ အဲဒီကောင် ဘယ်သူဆိုတာ မင်းရအောင် ရှာပေးဖို့ လာပြောတာ၊ ငါ - အဲဒါကြောင့် ပြေး လာတာကွ"

သိန်းအုံ မျက်နှာသွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်သွားသည်၊ ထွန်းနိုင်ကို နမူမြင်ဖူးသော သတ္တဝါတစ်ကောင်လို မျက်လုံးပြူးကြီးဖြင့် ကြက်သေသေကြည့်နေသည်၊

"သိန်းအုံ"

"ဟေ"

ထွန်းနိုင်ခေါ်မှ သတိပြန်ဝင်လာ၏၊

"မင်း - ငါပြောတာ ကြားရဲ့မဟုတ်လား"

"ဩော် - အေး - ဟိုလေ - ငါအဲဒီကိစ္စကိုတဖြည်းဖြည်းစုံစမ်းပေးပါ့မယ်၊ လောလောဆယ်တော့ - မင်းကိုရဲတွေဖမ်းမမိအောင်လုံခြုံတဲ့နေရာတစ်ခုဆီ ပို့ပေးမှဖြစ်မယ်"

"အဲဒါ - ဘယ်နေရာလဲ"

"အဲဒါကိုမပူနဲ့၊ ငါအကောင်းဆုံးလုပ်ပေးမယ်၊ လာ - ငါ့နောက်လိုက်ခဲ့"

သိန်းအုံက အိမ်နောက်ဘက်သို့ ခေါ်သွားသည်၊ ဂိုဒေါင်ထဲတွင် လူနာ တင်ဆေးရုံကားတစ်စီး ရှိသည်၊ သိန်းအုံက သူ့ကို လူနာစုတင်ပေါ်လှဲနေစေ ကာ သူကိုယ်တိုင် ကားမောင်းထွက်လိုက်သည်၊

"ရော့ - သူငယ်ချင်း - အမောပြေသွားအောင် သောက်လိုက်ဦး"

သိန်းအုံက ကားမောင်းရင်း အချိုရည်ဘူး လှည့်ပေးသည်၊ ထွန်းနိုင် ရေငတ်နေတာနဲ့ အတော်ပဲဖြစ်၏၊ အငမ်းမရ သောက်ချလိုက်မိ၏၊ ကောင်း လိုက်တဲ့ အချိုရည်၊ အေးလည်းအေး၊ မွှေးလည်းမွှေး၊



ကားက တရိပ်ရိပ်သွားနေသည်၊ ဆေးရုံကားဖြစ်၍လည်း လမ်းမှာ ဘာ အနှောင့်အယှက်မှ မရှိ၊ စောစောက ပြေးလွှားခဲ့ရ၍ထင့်၊ ခဏနေတော့ ထွန်းနိုင်ခေါင်းထဲ ရိပ်တိတ်တိတ်ဖြစ်တာ မှေးခနဲ အိပ်ပျော်သွား၏၊

— ✦ —

"ဘွမ်း"

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ မိမိမျက်နှာ အေးခနဲဖြစ်မှ ပြန်နိုးလာတော့၏၊

"နိုးပြီလား - ကျောင်းဆရာ"

မျက်လုံးဖွင့်ကြည့်တော့ ရေခွက်ကိုင်ထားသော မည်းမည်းဝဝ၊ ထောင် ထောင်မောင်းမောင်းလူကြီးတစ်ယောက်ကို တွေ့ရ၏၊ မိမိကို ရေနှင့်ပက်၍ နှိုးလိုက်သူပင်၊ ထွန်းနိုင်က ထိုလူကြီးကို တစ်နေရာရာတွင် ကောင်းကောင်း မြင်ဖူးသလိုလို ထင်မိသည်၊ အတန်ငယ်ကြာတော့ သူမှတ်မိသွားသည်၊

"ခင်ဗျားက ရုပ်ရှင်သရုပ်ဆောင်မိုးသီး မဟုတ်လား၊ ဒါရိုက်တာလည်း ဖြစ်တယ်၊ ပြီးတော့ - ကုမ္ပဏီပိုင်ရှင်၊ နောက်ရုပ်ရှင်မင်းသမီး ဒေစီမော်လင်း ရဲ့... မဟုတ်လားဗျာ"

"ဟ - ဟား - ဟား - ဟတ် - ဟတ် - ဒီကျောင်းဆရာက တယ်တော်ပါ လား၊ ကျုပ်အကြောင်း ကောင်းကောင်းသိနေတာကိုးဗျ"

ဒါရိုက်တာမိုးသီးဆိုသူက သဘောကျလွန်း၍ တစ်ကိုယ်လုံး သိမ့်သိမ့် ခါအောင် ရယ်မောလိုက်သည်၊

"ကျွန်တော် - ခင်ဗျားအကြောင်း ရုပ်ရှင်စာစောင်တစ်ခုမှာ ဖတ်မိထား လို့ပါ"

"မှန်တယ် - ကျောင်းဆရာ၊ ကျုပ်မှာ ခင်ဗျားပြောတဲ့ဂုဏ်ပုဒ်တွေအပြင် ရုပ်ရှင်ကုမ္ပဏီတွေရဲ့ အဖွဲ့ဝင်ဖြစ်သလို ပါတီကြီးတစ်ခုရဲ့ အမတ်လောင်းဆို လည်း ဟုတ်တယ်လေ - ဟဲ - ဟဲ"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ ထွန်းနိုင်က ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသည်။ အခန်းထဲ၌ ခါတ်ဆီပုံးများနှင့် မော်တော်ယာဉ်သုံးပစ္စည်းတော်တော်များများ တွေ့ရ၏။ ကားဂိုဒေါင်တစ်ခုဖြစ်ပုံရ၏။ အခန်းတံခါးများ အလုံပိတ်ကာ အလယ်တောင်တွင် ဝါကျင်ကျင် မီးသီးတစ်လုံး ထွန်းထား၏။

ထွန်းနိုင်က ညောင်းညာသလို ခံစားရ၍ နေရာက ထမည်ပြု၏။

"ဟင်"

အခုမှ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်မိသည်။ မိမိခန္ဓာကိုယ်ကို ကုလားထိုင်တစ်လုံးပေါ် ပူးတွဲ၍ ကြိုးတုပ်ထားတာပါကလား။

"နေပါဦး - ခင်ဗျားတို့က ကျုပ်ကို ဘာလို့ကြိုးတုပ်ထားရတာလဲဗျ"

ထွန်းနိုင်က နားမလည်စွာ မေးသည်။ ဒါရိုက်တာမိုးသီးက စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီးမှ -

"ကျောင်းဆရာက အားလုံးကို သိနေတယ်လေ၊ ကားခေါင်းခန်းထဲမှာ ဖြိုးသီဟအပြင် ကျုပ်မိန်းမ ဒေစီမော်လင်း ပါလာတာကိုကော၊ ခင်ဗျားက အမှန်တရားကို အသည်းအသန်ရှာနေတော့ အကယ်၍ ဒီယာဉ်တိုက်မှုမှာ ကျုပ်မိန်းမပါတာ ပေါ်သွားရင် သူ့အဖေ ကျုပ်ယောက္ခမကြီး ကုမ္ပဏီသူဌေးကြီးကိုပါ ထိခိုက်လာမယ်၊ ယောက္ခမထိပြီဆိုရင် အဲဒီမီးက ကျုပ်ဆီ တိုက်ရိုက်ကူးလာတော့မယ်လေ၊ ဒါဆို - ကျုပ်ဘဝပုံရိပ်တွေ ပျက်စီးပြီး အနာဂတ်ရည်မှန်းချက်တွေပါ ပျောက်ဆုံးကုန်မယ်၊ အဲဒီအတွက် ကျောင်းဆရာကို ကျုပ်တို့နဲ့ညှိဖို့ ခေါ်လိုက်ရတာပါဗျာ"

ဒါရိုက်တာမိုးသီးက ထွန်းနိုင် လုံးဝတွေးမထားမိသည်များကိုအေးဆေးရှင်းပြသည်။

"ဘာ - ညှိနှိုင်းမယ် - ဟုတ်လား၊ ဘာကို ဘယ်လိုညှိနှိုင်းဦးမှာလဲဗျ"

ထွန်းနိုင်က ဒေါသဖြင့် မေးသည်။ မိုးသီးက ကောက်ကျစ်စွာ ပြုံးလိုက်ကာ လက်ညှိုးနှစ်ချောင်း ထောင်ပြသည်။



"ခင်ဗျား - ဒီအမှုနဲ့ပတ်သက်တာမှန်သမျှ မေ့ပစ်ပြီး ဆက်လိုက်ဖို့ လက်လျှော့လိုက်မယ်ဆိုရင် ခင်ဗျားရှေ့ရေးအတွက် ငွေသိန်း(၂၀၀)ပေးမယ်၊ ဘယ့်နှယ်လဲ"

"အိုး - ကျုပ်ဘဝရဲ့တန်ဖိုးအထားရဆုံး သမီးနဲ့ဇနီး မရှိကြမှတော့ ခင်ဗျား သိန်း(၂၀၀)ပေးလည်း ဒီအဖြစ်ဆိုးတွေကို ကျုပ် ဒီတစ်သက် ဘယ်တော့မှ မေ့ပစ်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် - ညှိနှိုင်းတာတွေ၊ ဘာတွေလာလုပ်မနေနဲ့ဗျ - သိလား"

ထွန်းနိုင်က ကားဂိုဒေါင်တစ်ခုလုံး ဟိန်းထွက်သွားအောင် အော်ဟစ်ပြောဆိုလိုက်၏။ မိုးသီးက -

"ဒါတွေက ပြီးခဲ့ပါပြီ - ကျောင်းဆရာရယ်၊ စဉ်းစားပါဦး"

"ဘာဗျ - ပြီးခဲ့ပါပြီဟုတ်လား၊ ခင်ဗျားတို့အတော်ရက်စက်ပြီး ကိုယ်ချင်းစာစိတ် မရှိတဲ့လူတွေပဲ"

"ရက်စက်ပြီး ကိုယ်ချင်းစာစိတ်မရှိတဲ့လူက ကျုပ်တင် မဟုတ်ဘူး၊ ခင်ဗျားသူငယ်ချင်း ဒေါက်တာသိန်းအုံလည်းအဓိကအခန်းကဏ္ဍကပါသေးတယ်ဗျာ -"

"ဘာဗျ - သိန်းအုံက ဘာဆိုင်လို့လဲ"

"ဟဲ - ဟဲ - ဆိုင်တာပေါ့ - ကျောင်းဆရာရယ်၊ ငွေသိန်း(၁၀၀)ရတာနဲ့ ခင်ဗျားသမီးကို ဆေးထိုးပြီး သတ်ပစ်ခဲ့တဲ့ဆရာဝန်ဟာ အခြားလူမှမဟုတ်ပဲ သူပဲလေ"

"ဘာ - သိန်းအုံက - မဖြစ်နိုင်တာ"

ထွန်းနိုင်က မျက်လုံးမျက်ဆန်ပြူးဖြင့် ငြင်းသည်။ သိန်းအုံလို သမီးအသက်ကို ကယ်တင်ထားခဲ့တဲ့သူက ဆေးထိုးသတ်ခဲ့တယ်ဆိုတာကို သူလက်မခံနိုင်။

"ဒါပေါ့ဗျာ - လောကမှာ ဘယ်လိုမှမဖြစ်နိုင်တာတွေတော့ အများကြီးပဲလေ၊ ဒါပေမဲ့ - ဒါလေးနဲ့ တို့ထိလိုက်တာနဲ့ အင်မတန်မာကြောတဲ့ ကျောက်



www.burmeseclassic.com

www.burmeseclassic.com

စိုင်ကျောက်ခဲတွေတောင်မှ ရေဖြစ်သွားနိုင်သေးတာပဲဗျာ၊ ဒေါက်တာသိန်းအုံတရော - ဘာသားနဲ့ ထုဆစ်ထားတာမို့လို့လဲဗျာ - ဟဲ - ဟဲ"

မိုးသီးက လက်ညှိုးနဲ့ လက်မဝိုင်းစက်ပြရင်း ပြောသည်၊

"ခင် - ခင်ဗျား တကယ်ပြောနေတာလား"

ထွန်းနိုင်က ခုထိ မယုံကြည်နိုင်သေး။

"ဟ - ဟား - ဟား - ကျောင်းဆရာရယ် - ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လားဆိုသလို ဖြစ်နေပါပြီ။ ရှီးပွဲ၊ အပ်ကွာ၊ အေးလေ ဒါကြောင့်လည်း ကျောင်းဆရာဖြစ်နေတာပေါ့လေ"

ထွန်းနိုင်က ခဏစဉ်းစားဟန်ပြုပြီး -

"အင်း - ထားပါတော့၊ ဒါနဲ့ - ဘယ်သူက သိန်းအုံကိုငွေသိန်း(၁၀၀)ပေးပြီး သတ်ခိုင်းရတာလဲ"

"တခြားလူမဟုတ်ဘူး၊ ကျုပ်ကိုယ်တိုင်ပဲပေါ့ဗျာ - ဟား - ဟား - ဟား"

ထွန်းနိုင်၏ခေါင်းထဲ ရှုပ်ထွေးသွားသည်၊ မိုးသီးစကားကို လိုက်မမီချင်တော့၊ မိုးသီးကပင် ဆက်ပြောသည်၊

"ဒီလိုဗျ - ကျောင်းဆရာ ရှင်းအောင်ပြောရရင် ကျုပ်အခုလို ဟန်ကြပန်ကြနေနိုင်တာ ပိုက်ဆံချမ်းသာတဲ့ ရုပ်ရှင်မင်းသမီးကို ယူခဲ့လို့ဗျ၊ ချစ်လို့မှ မဟုတ်တာ၊ ဒါကြောင့် - ကျုပ်မိန်းမကလည်း ဘယ်တော့မှ ကျုပ်ဇနီးဒေဝီ မဟုတ်ခဲ့ဘူး၊ အမြဲတမ်း ကျုပ်ယောက္ခမသူဌေးကြီးရဲ့သမီးပဲ ဖြစ်နေခဲ့တာ၊ ယောက္ခမသူဌေးကြီးကလည်း သူ့အသိုင်းအဝိုင်းထဲကျရင် ကျုပ်ကို သူ့သမက်ရယ်လို့ ပေါ်ပေါ်ထင်ထင် ဆက်ဆံချင်တာမဟုတ်ဘူးလေ၊ ခုတော့ - ခင်ဗျားသမီး ယာဉ်တိုက်မှုမှာ သူ့သမီးပါ ပါဝင်ပတ်သက်နေတယ်လို့ သတင်းထွက်လာတော့ ပျာယာခတ်ပြီပေါ့ဗျာ၊ ကျုပ်က အဲဒီအကွက်ကို အမိအရနင်းပြီး သိန်းအုံကို ငွေနင့်နေအောင်ပေးပြီး ခင်ဗျားသမီးကို ဆေးထိုးသတ်ပစ်ခိုင်းလိုက်တာလေ၊ ဒါမှ အမှုက သာမန်ယာဉ်တိုက်မှုကနေ လူသေမှုအထိ ကြီး



ကျယ်သွားမယ်၊ ကျုပ်လည်း မိန်းမနဲ့ ယောက္ခမငယ်ထိပ်ပေါ် စကြာ်လျှောက်ပြီး ကျုပ်လိုရင်သလောက်ငွေကို ညှစ်ထုတ်နိုင်မှာလေဗျာ - မဟုတ်ဘူးလား"

ထွန်းနိုင်က သူ့ကြိုးချည်ထားသောကုလားထိုင်ပါ ကြွတက်လာသည်အထိ ဒေါသဖြင့် ခုန်ထကာ -

"ခင် - ခင်ဗျား - လူ - လူမဟုတ်ဘူး၊ အယုတ်တမာကောင် - ခွေးတိရစ္ဆာန်"

"ဟား - ဟား - ဟား - ဒီမှာ ကျောင်းဆရာ - လောကမှာ ငွေကြေးနဲ့ တို့လိုက်ရင် ဒေါက်တာသိန်းအုံထက် အဆင့်ပေါင်းများစွာမြင့်တဲ့ပုဂ္ဂိုလ်တွေကိုတောင် ကိုယ့်ဘက်ပါအောင် လုပ်နိုင်တယ်မှတ်ဗျ၊ သော်သော်နဲ့ ဦးလှမောင်၊ ဦးတင်မြင့်တို့ဆိုတာ နစ်ပြားတစ်ပဲအဆင့်မျိုးပဲရှိတာ၊ ငွေဒဏ်ကို မခံနိုင်ကြဘူးလေ"

"တောက်"

"လောကမှာ လူတွေ လျှာအရိုးမရှိတိုင်း ပြောပြောနေတဲ့ မေတ္တာတို့၊ သစ္စာတို့၊ ကိုယ်ကျင့်တရားတို့ဆိုတာ ဟောဒီငဝိုင်းနဲ့တွေ့ဘာနဲ့ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တာမျိုးဗျ၊ ဒါဟာ - လူတွေရဲ့အတွင်းသရုပ် အစစ်အမှန်ပဲ၊ လူဆိုတာ အားလုံး ဒီလိုမျိုးချည်းပဲ၊ ဘယ်သူမှ ကျောင်းဆရာလို အဝင်ပန်းခံ အရှုံးထပြီး မရှိတဲ့အမှန်တရားဆိုတာကြီးကို ဒုက္ခခံရှာမနေကြဘူးနော့ - ဟား - ဟား - ဟား"

"တောက် - ခင်ဗျားကို ကျုပ်သတ်မယ် - ဟင်း"

ထွန်းနိုင်က မိုးသီးအား စားတော့၊ ဝါးတော့မလို စူးစိုက်ကြည့်ကာ ဆွေ့ဆွေ့ခုန်နေသည်၊

"အသတ်ခံရမှာက ကျုပ်မဟုတ်ဘူး - ခင်ဗျားပဲဗျ၊ ကဲ - ဒေါက်တာသိန်းအုံ - မောင်ရင့်လူက ငွေနဲ့တို့လို့ရမယ့်ပုံမပေါ်ဘူး၊ ဒီတော့ - ထုံးစံအတိုင်း အလွန်ကိုဖြတ်လမ်းက ပို့ပေးလိုက်စမ်းပါဗျာ - ဟား - ဟား - ဟား"



www.burmeseclassic.com

www.burmeseclassic.com

ထွန်းနိုင်က နောက်လှည့်ကြည့်မိရာ ဘယ်အချိန်က သူ့အနောက်ရောက်နေသည်မသိသော ဒေါက်တာသိန်းအုံ့အား ဆေးထိုးအပ်တန်းလန်းကိုင်လျက် သူ့ထံ တစ်လှမ်းချင်း လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။

"သစ္စာမရှိတဲ့ကောင် - လူယုတ်မာ - ခွေးတိရစ္ဆာန်"

ထွန်းနိုင်က အသံကုန်မတတ်အော်ဆဲသည်။ သိန်းအုံ့က ဘာမှမကြားသောစကားရပ်တစ်ရပ်ပမာ တရွေ့ရွေ့ အနီးကပ်လာကာ သူ့လက်ဖျံကြောအပေါ် ဆေးထိုးအပ် တေ့ထားလိုက်သည်။

"ကဲ - ဒေါက်တာ - ဆက်လုပ် - ကျုပ်သွားပြီ"

မိုးသီးက ပြောရင်း ဂိုဒေါင်တံခါးကို ဖွင့်၍ အပြင်သို့ လှမ်းထွက်လိုက်သည်။

— ✦ —

"ကဲ - လက်မြှောက်လိုက်ဦး - မိုးသီး၊ လုံးဝမလှုပ်နဲ့နော်၊ ခင်ဗျားတို့ကို ပြည်သူ့ရဲတပ်ဖွဲ့က ဝိုင်းထားပြီ"

ဂိုဒေါင်တံခါးပွင့်သည်နှင့် လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်များ လျှပ်တစ်ပြက်ဝင်လာကာ မိုးသီး၊ ဒေါက်တာသိန်းအုံ့နှင့် ထွန်းနိုင်တို့အား လက်ထိတ်များ တချောက်ချောက်ခတ်လိုက်ကြ၏။ သိန်းအုံ့ မျက်နှာပျက်သွားသော် မိုးသီးကမူ ခပ်ပြုံးပြုံးပင်။

"ကျုပ်တို့ကို ဘာလို့ဖမ်းတာလဲ"

မိုးသီးက မေးသည်။

"ဒါ အထက်အမိန့်အရပဲ၊ လူကြီးမင်းဖနီး ဒေါ်ဒေစီမော်လင်းနဲ့ ကိုမြင့်သီဟတို့ကိုလည်း ဖမ်းထားပြီးပါပြီ၊ တရားရုံးတော်မှာ ဖြေရှင်းနိုင်ပါတယ်"

ရဲအရာရှိက ပျူငှာစွာ ရှင်းပြသည်။ ဂိုဒေါင်အပြင်ဘက်ရောက်တော့ ထွန်းနိုင် အံ့အားသင့်သွားမိသည်။



"ဟင် - ဆရာကြီး - ဒီကို ဘယ်လိုလုပ်"

သူ့ကျောင်းဆရာကြီးနှင့်အတူ ကျောင်းသားလေး နှစ်ယောက်ကိုပါ တွေ့လိုက်ရ၏။

"ဆရာ - တရားရုံးအချုပ်က ထွက်ပြေးတယ် ကြားကတည်းက စိတ်ပူနေတာဗျ။ ဟောဒီဆေးရုံဝင်းထဲနေတဲ့ကျောင်းသားလေးက ဆရာဒေါက်တာသိန်းအုံ့အိမ်ထဲ ဝင်သွားတာ တွေ့လိုက်တယ်လို့ လာသတင်းပေးတာနဲ့ သူတို့ကို ဆက်စောင့်ကြည့်ခိုင်းထားခဲ့တာလေ၊ အဲဒါ - ဆရာပါသွားတဲ့ ဆေးရုံကားသူဌေးဦးမိုးသီးရဲ့ကားဂိုဒေါင်ထဲ ဝင်သွားတယ်ဆိုတာနဲ့ ရဲကို အကြောင်းကြားပြီး စောင့်နေကြတာလေ"

"ဟုတ်လား"

ရဲအရာရှိက -

"ကိုထွန်းနိုင်ကတော့ တရားရုံးမှာ ဝတ္တုရားနှောင့်ယှက်ခဲ့တဲ့ကိစ္စနဲ့ အချုပ်က ထွက်ပြေးမှုအတွက် အမှုရင်ဆိုင်ရလိမ့်မယ်၊ ရှေ့နေကောင်းကောင်းဖြေရှင်းရင် သက်သာနိုင်ပါတယ်"

ထွန်းနိုင်က ဘာမှမပြောတော့၊ မရှိတရိလိုလို၊ မထီမဲ့မြင်လိုလိုတစ်ချက်ပြုံးလျက် ရဲကားပေါ် တက်လိုက်ခဲ့၏၊ လမ်းတစ်လျှောက် ဒပိုသွားလာနေသောကားများ၊ လူများကိုတွေ့ရသည်။ ထွန်းနိုင်စိတ်ထဲ၌မူ ဘဝပေးနိတိတစ်ခုဆီ အလေးအနက် တွေးနေမိသည်။

ယခုချိန်တွင် သူ့အနေနှင့် လူတွေကို မယုံချင်တော့။

လူတွေတင်မက ရဲ၊ တရားရုံး၊ ရှေ့နေ၊ သက်သေ၊ ဥပဒေ၊ အမှန်တရားဆည်၊ ဘာတစ်ခုကိုမှ မယုံကြည်ချင်တော့။

တရားဥပဒေဟူသည် အမှန်တရားကို ဖော်ထုတ်ပေးရန် ပြဋ္ဌာန်းထားသည် မဟုတ်လော၊ သို့ပါလျက် သူ့က ဘာလို့အမှန်တရားကို မဖော်ထုတ်နိုင်သလဲ၊

www.burmeseclassic.com

"ငွေ" ဆိုသော အမှောင့်ပယောဂနောက်ကွယ်ကနေပြီး ဝင်ခလောက်ဆန်နေလို့ဆိုပဲ၊ ထိုငွေဆိုသည့်အရာ ရှိနေသမျှကာလပတ်လုံး အမှန်တရားဆိုတာ ဘယ်တော့မှ ပေါ်မလာနိုင်တဲ့၊

ဒါဆိုရင် အဖြေက ရှင်းရှင်းလေးရယ်၊ အမှန်တရားပေါ်ထွက်လာနိုင်ဖို့ နည်းလမ်းတစ်ခုသာ ရှိတော့သည်၊

ထိုငွေဆိုသော မကောင်းဆိုးဝါးကြီးကို ဤလောကကြီးမှ ပျောက်ကွယ်သွားအောင် လူသားအားလုံး ညီညီညွတ်ညွတ်နှင့် တစ်ပြိုင်နက်ထဲ ဝိုင်းဝန်းမောင်းထုတ်ပစ်လိုက်ကြရုံသာ ရှိတော့သည် မဟုတ်ပါလား ...၊

ပဟိုစော






တောင်မှူးကြီး
# သိန်းဝင်း
မိုးမခမြိုင်က
ဇာတ်လမ်းတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com

## တစ်ရှူးထိုး ပက်တတ်သည့်
## တောဝက်ရိုင်း၏မာန်နှင့် လူသား၏ခေတ်မီသေနတ်တို့
## တွေ့ဆုံကြလေသောအခါ ..

ကျွန်ုပ် နှင့်တပည့်လက်သားအစုံအလင်ပါဝင်သောမုဆိုးအဖွဲ့သည် ဆောင်းဦးပေါက်ရာသီတစ်ခု၌ပြင်ဦးလွင်အနီးစခန်းရှိမိုးမခမြိုင်အိမ်ကြီးသို့ အနားယူ အလည်အပတ်သွားရင်း ရောက်ရှိကြသည်၊ ယခင်က အနှောင့်အယှက်ပေး၍ ရန်ပြုခဲ့ကြသော ဘိန်းနှင့် လက်နက်မှောင်ခိုအိုက်မောင်းတို့အဖွဲ့လည်း သေသူသေ၊ အဖမ်းခံရပြီး တစ်သက်တစ်ကျွန်း ထောင်ကျသူကျကြသဖြင့် အေးချမ်းသောဒေသဖြစ်နေပေပြီ၊ ထို့ကြောင့် မိုးမခမြိုင်ခြံကြီးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် လွန်စွာတိုးတက် ဖွံ့ဖြိုးနေချေပြီ ဖြစ်သည်၊

ကျွန်တော်တို့အဖွဲ့တွင် တပည့်ရင်းများဖြစ်ကြသော သူ့ရိုးမြင့်သိန်းကျော်ကြီးနှင့် ပုဏ္ဏားတို့အပြင် သာယာဝတီမြို့မှ မုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းလည်း ပါသေးသည်၊ ယခုတစ်ခေါက် အထူးဧည့်သည်အဖြစ် မုဆိုးကြီးဦးလေးမောင်လည်း အလည်လိုက်ပါလာသည်၊ သူက မြန်မာဆိုရှယ်လစ်လမ်းစဉ်ခေတ်က ပါတီကောင်စီဝင် လူကြီးတစ်ဦးဖြစ်

သဖြင့် ပွိုင့် -၅၀၀(၁၂-ဗိုလ်)နှစ်လုံး ပြူးသေနတ်ကြီးတစ်လက်နှင့် .၂၂ (ဘရှုနိ) Semi Auto သေနတ်ကလေးတစ်လက် ရရှိထားရာမှ ခေတ်အပြောင်းအလဲတွင် ရဲစခန်း၌ အသိမ်းအဆည်းခံထားရပြီး ယခုအခါ ပြန်လည်ထုတ်ပေးသည်မှာ မကြာသေးသောကြောင့် လက်က ယားနေဟန်တူသည်၊ ကျွန်တော်ကလည်း ပြောပြထားမိသဖြင့် ယခုခရီး၌ တပည့်များအစုံအလင်နှင့် သူပါ ခေါ်လာရခြင်း ဖြစ်သည်၊

မိုးမခ စံအိမ်အဟောင်းကြီးမှာ မီးလောင်ပျက်စီးသွားသဖြင့် ယခုစံအိမ်အသစ်အား ကျွန်တော့်စိတ်ကြိုက် အင်ဂျင်နီယာများဖြင့် ပုံဆွဲ၍ စနစ်တကျ ဆောက်လုပ်ထားခြင်း ဖြစ်သည်၊ တစ်ထပ်တိုက်ကလေးဖြစ်သော်လည်း ကျယ်ဝန်းသည်၊ ဧည့်ခန်းကြီးနှင့် ဧည့်ခန်းကြီးတစ်ဖက်တစ်ချက်တွင် နှစ်ယောက်အိပ်ဧည့်ခန်းကြီး (၄)ခန်းစီ ပါဝင်သည်၊ ဧည့်ခန်းကြီးတစ်ခန်းစီ၌လည်း ခေတ်မီအသုံးအဆောင်များနှင့် အိပ်ခန်း၊ အိမ်သာ၊ ရေချိုးခန်း ပါဝင်ပါသည်၊ စားသောက်ရေးအတွက်တော့ ယခင် မိုးမခ (၇)ဆောင်မြိုင်အိမ်ကြီးရှိစဉ်ကတည်းက လက်စွဲအသုံးပြုခဲ့သော မူလလက်ဟောင်း (Chief Cook) ကြီး ဦးတင်မောင်ကိုသာ ဆက်လက်ခန့်ထားခဲ့ပါသည်၊ သူက အနောက်တိုင်းဘိုစာ၊ အရှေ့တိုင်း တရုတ်၊ ယိုးဒယား၊ ဂျပန်စာနှင့် အိန္ဒိယ အစားအစာများကို နိုင်နင်းစွာ ချက်ပြုတ်နိုင်သူ ဖြစ်သည်၊

မိုးမခစံအိမ်ကြီး၏ ပရဝုဏ်မှာ ကျယ်ဝန်းသလို၊ မြောက်ဘက်အစွန်း၌လည်း ယခင် မမကြီး၏ခင်ပွန်းဟောင်း စစ်ခွန်နောင်တို့ ဘိုးဘေးနှင့် အမျိုးများ၏ သချိုင်းဂူများကလည်း စနစ်တကျ တန်းစီဆောက်လုပ်ထားပြီး အမွှမ်းတိုးထားသည်၊ အစဉ်အမြဲ သန့်ရှင်းရေးလုပ်ထားသဖြင့် သချိုင်းနေရာမှာ ကြောက်လန့်ဖွယ်ရာ မရှိ၊ မိုးကုန်သည်နှင့် ဆေးသမားက သန့်ရှင်းရေးလုပ်ပြီး အဖြူရောင် ရေဆေးသုတ်ထားသဖြင့် ဖွေးဖွေးလက်နေသည်၊ ညအခါ၌ပင် မှောင်သည်ဖြစ်စေ၊ လသာ၍ လင်းသည်ဖြစ်စေ အေးချမ်းငြိတ်သက်ပြီး သန့်ရှင်းသပ်ရပ်နေပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

မိုးမခအိမ်ခြံဝန်းကြီး အနောက်ဘက်လှမ်းလှမ်းတွင် နှီစားနွား(ဗီရွှန်၊ ရှာစီ စသော နိုင်ငံခြားမျိုးများ)၊ မြင်းမျိုးကောင်းများ၊ ဆိတ်နှင့်သိုးများ၊ နိုင်ငံခြားမျိုးကောင်းဝက်များ၊ ဥစားကြက်များလည်း မွေးမြူထားသေးသည်၊ မွေးမြူရေးခြံနှင့် မိုးမခအိမ်ခြံဝင်းကြီးကြား၌ ရာသီသီးနှံ အစုံအလင် စိုက်ပျိုးထားပြီး ခြံများအလယ်ကောင်တွင် အုပ်ချုပ်ရေးရုံးနှင့် ဆေးဝါး၊ အစာဂိုဒေါင်ရှိသည်၊ ရုံးရှေ့၌ ကျွန်တော်တို့ ပြုစုထားသော သစ်ခွပန်းခြံကြီးက ဟည်းနေသည်၊ မြေသြဇာအတွက်တော့ မွေးမြူရေးခြံများမှ အလုံအလောက်ရသည်၊ ကြက်ချေး၊ ဝက်ချေး၊ နွားချေး သင့်သလို အသုံးပြုနိုင်ပါသည်၊

မွေးမြူရေးခြံများက အနောက်ဘက်တွင် စားကျက်မြက်ခင်းနှင့် မြင်းများ လေ့ကျင့်ရေးကွင်း၊ အနောက်ဘက်၌ သစ်တော်သီးခြံများနှင့် သဘာဝ သစ်တောကြီးက ညိုညိုမှိုင်းမှိုင်း၊ စမ်းချောင်းများ၊ လျှိုများ၊ တောင်ကုန်းများနှင့် အလွန်သာယာပါသည်၊ တောမှာ အလွန်နက်ခြင်း မရှိသောကြောင့် ကျားနှင့်ဆင်၊ ပြောင်အကောင်ကြီးများတော့ မရှိ၊ ချေ၊ ဆတ်၊ တောဝက်နှင့် တောကောင်ငယ်များကတော့ အလွန်ပေါသည်၊ တောယုန်များကတော့ မွေးမြူရေးခြံနောက်ကျော၊ စားကျက်ကွင်းနှင့် မြင်းလေ့ကျင့်ရေးကွင်းအတွင်း၌ပင် ညအခါ မီးထိုး၍ ပစ်လို့ရသည်၊ မိုးတွင်းကာလ၌ ဖားပေါသလို၊ မှိုအမျိုးမျိုးနှင့် တောထွက်အသီးအနှံလည်း ပေါပါသည်၊ အနားယူ၊ အပန်းဖြေ၊ အလည်အပတ်နေထိုင်ရုံတင်မက အခြေချ နေထိုင်ပြီး စီးပွားရေးလုပ်ရန် လွန်စွာကောင်းမွန်သောနေရာ ဖြစ်ပေသည်၊ သို့သော် ဦးစီးဦးဆောင်ပြုရမည့် ကျွန်တော်တို့က အမြဲတမ်း မနေနိုင်၊ မမကြီးတို့ကလည်း မိန်းမသားများ၊ ရွှေဆိုင်လုပ်ငန်းလည်း ရှိသဖြင့် တစ်ခါတစ်ရံ၌သာ လာကြပြီး လူယုံနှင့် လွှဲထားရသည်၊

═ ━

ညနေစောင်းတွင် ကျွန်တော်တို့ လူစုခွဲပြီး အမဲလည်ရန် ထွက်ခဲ့ကြသည်၊ ခြံအလုပ်သမား၊ တောချောက်အဖွဲ့လည်း ပါလာသည်၊ ကျွန်တော်



ကတော့ စီးနေကျမြင်းကြီး ရွှေနီကိုစီးလျက် တစ်ဦးတည်း သတ်မှတ်နေရာသို့ ထွက်ခဲ့ပါသည်၊ ရွှေနီမှာ မဒရပ်မြင်းမျိုး၊ မျိုးကောင်းမျိုးသန့်ဖြစ်ပြီး ဒေါက်အလွန်ကောင်းသည်၊ အလျားရှည်သည်၊ အမဲလိုက်မြင်းကြီးဖြစ်၍ တောအထာနှင့် နေရာဒေသ၊ လမ်းပန်းခရီးကို အလွန်ကျွမ်းသည်၊

သစ်တော်သီးခြံကို ကျော်လွန်၍ တောစပ်သို့ဝင်ပြီး လျှို၏ တစ်ဖက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏မြင်းကြီး ရွှေနီသည် ခြေလှမ်းများ တုံ့ရပ်သွားသည်၊ ဇက်ကိုပုံ၍ လွှတ်ပေးထားရင်းမှ သူ့အလိုအလျောက် တောင့်တင်းစွာ ရပ်သွားသည်မှာ ဇက်ချုပ်လိုက်သည့်နှယ်ပင် ဖြစ်သည်၊ တစ်ဆက်တည်းမှာပင် မြင်းကြီး၏ နှာမှုတ်သံတစ်ချက် ထွက်ပေါ်လာသည်၊ နားရွက်များစွင့်မတ်လျက် ဦးခေါင်းလည်း မော့လာသည်၊ အန္တရာယ်၏အငွေ့



"မှမ်း" ဟုသောအသံကြီးနှင့်အတူ ကျွန်ုပ်၏ အရှေ့ဘက်လျှိုစောင်းတွင် ရှိနေသည့် မီးလောင်ထားသည့် လုတစ်ဖက်စာခန့်ရှိ သဖန်းပင်ငုတ်တိုကြီးမှာ အမြစ်ကကျွတ်၍ ယိုင်လဲသွားသလို၊ အစွယ်ကော့ကော့ကြီးတစ်ဖက်ကျိုးနှင့် ဦးခေါင်းမည်းတောဝက်ကြီး ပေါ်လာသဖြင့် ကျွန်ုပ် အလျင်အမြန်ပင် ပစ်ချလိုက်ရာ ...



www.burmeseclassic.com

www.burmeseclassic.com

အသက်ပင် ဖြစ်ပါလိမ့်မည်။ ကျွန်တော့်အနေဖြင့်တော့ ဘာအန္တရာယ်မျှမရသေး။ တောစိမ်းစိမ်းကိုသာ တစ်မျှော်တစ်ခေါ် မြင်နေရသည်။ ကျွန်တော် တာဝန်ကျရာအရပ်မှာ အစွန်ဆုံး အဝေးဆုံးဖြစ်သဖြင့် မြင်းနှင့် လာရခြင်းဖြစ်သည်။ တောခြောက်အဖွဲ့ကတော့ သစ်တော်သီးခြံကို လွန်သည်နှင့် တောစပ်သို့ ရောက်ပေပြီ။ မုဆိုးကြီး ဦးလေးမောင်တို့အဖွဲ့ကတော့ ခါးလယ်က ပိုင်းခြင်းဖြစ်သည်။

သက်စွန့်၊ သည်းထိတ်ရင်ဖို စွန့်စားရခြင်းအရသာသည် ကျွန်ုပ်၏ရင်တွင်း၌ တလှပ်လှပ် ဖြစ်ပေါ်လာသည်။ မမြင်နိုင်သော အာရုံစိတ်စွမ်းအားက ခေါင်းလောင်းခေါက်၍ သတိပေး၊ တပ်လှန့်နေခြင်းဖြစ်ပါသည်။ အလိုလိုပင် သွေးလည်ပတ်မှုတို့ ပြန်လာကာ အာရုံများလည်း နိုးကြားစူးရှလာသည်။ ကျွန်တော်သည် ကြောက်တတ်သူမဟုတ်။ သားကောင်မျိုးစုံပစ်ဖူးသော အတွေ့အကြုံကလည်း စုံလှပြီ။ သက်တမ်းကလည်း မနည်းတော့ပါ။ သို့သော် ယခု ကျွန်ုပ် ဘာဖြစ်မှန်းမသိ၊ သွေးလန့်နေသည်မှာ အမှန်ဖြစ်သည်။

သေချာသည်ကတော့ သားကောင်ကြီးသည် ဤအနီးတစ်ဝိုက်၌ ကျိန်းသေပေါက် ရှိနေပေလိမ့်မည်။ တောခြောက်အဖွဲ့၏ တဖျောဖျော ညာသံများကို သဲ့သဲ့မျှကြားလာရသည်။ သူတို့အားလုံး ရေတံခွန်စခန်းအနောက်ဘက်၊ တောအုပ်ထဲက တောခြောက်လာနေခြင်း ဖြစ်ပါသည်။

ကျွန်ုပ် .၂၂(ဘရှနိ)သေနတ်ကလေးကို ခပ်ဖွဖွ ဆုပ်ကိုင်ရင်း မြင်းကို အသာတို့ပေးလိုက်သည်။ မည်သို့သောသားကောင်ဖြစ်ပေမည်နည်း။ မြင်းကြီးသည် လုံးဝ ရှေ့သို့မရွေ့၊ ပေကပ်ပြီး ရပ်နေလျက် လည်ဆံမွေးများ ထောင်ထလာသည်။

အလွန်အန္တရာယ်ကြီးသည့် တောရဲတိရစ္ဆာန်တစ်ကောင် ဖြစ်မည်မှာ အသေအချာပင်။ ထို့ကြောင့် ကျွန်ုပ် သေနတ်လေးအား အသေအချာကိုင်၍ မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်း၍ အဆင်သင့် မောင်းတင်ပေးလိုက်ရသည်။ (.၂၂) သေနတ်ကလေးမှာ (Semi Auto)အမျိုးအစားဖြစ်၍ တစ်တောင့်ပြီးတစ်တောင့် ဆက်တိုက်ပစ်နိုင်သော်လည်း အတွဲလိုက်တော့ပစ်မရ။ မုဆိုးကြီးဦးလေးမောင်က (Hollow)ကျည် ထည့်ပေးလိုက်သဖြင့် ဖောက်ထွင်းအားကောင်းသည်ဆိုသော်လည်း အားမရပါ။ အမြဲတမ်းဒသသမ (.၃၀၃) အမေရိကန်ရိုင်ဖယ်ကြီးဖြင့် အမဲလိုက်နေကျ။ ကျွန်ုပ်အတွက် ဤသေနတ်ကလေးမှာ ကလေးကစားစရာ လေသေနတ်ပမာ အားနည်းလှပါသည်။

မြေပြင်ပေါ်ရောက်၍ ကျွန်ုပ် အသင့်ပြင်ဆင်နေချိန်တွင် လေပြင်းတစ်ချက်တိုက်သည်။ ဝါးရုံတောများ၏ တရှဲရှဲမြည်ပြီး လှုပ်ခတ်သွားသည်က တော၏စိန်ခေါ်သံပင် ဖြစ်ပါလိမ့်မည်။ လေက ဤလျှိုတစ်ဝိုက်၌ လှည့်ပတ်တိုက်ခတ်နေသည်။ လေညာလေအောက် ကျွန်ုပ် မှန်းဆ၍မရပါ။ ဝါးတောအတွင်းမှ တဖြုန်းဖြုန်းအသံ မကြားရသဖြင့် ဆင်ရိုင်းအုပ်လည်း မဖြစ်နိုင်။ ထိုစဉ် အဝေးဆီမှ တောတိုးသံသဲ့သဲ့နှင့် တောခြောက်သမားများ၏ အော်သံကို ကြားလာရသည်။ မကြာပါ။

"ဒိန်း" ဟူသော နစ်လုံးပြူးသေနတ်ကြီး ပေါက်ကွဲသံနှင့် အားခနဲ နာနာကျင်ကျင် စူးစူးရှရှ လူအော်သံ၊ တဝုန်းဝုန်း တောတိုးလာသံကြီးကို ကြားရပြီး လျှိုထဲမှ တောချိုးများ လှုပ်ယမ်းသွားသည်။ သို့သော် အကောင်ပလောင်ကို မမြင်ရသေးပါ။ ကျွန်ုပ်ထံသို့ဦးတည်လာနေသည်ကတော့ သေချာသည်။ ထို့ကြောင့် နီးစပ်ရာ အကာအကွယ်ကို ကြည့်မိတော့ ကြက်လျှာစွန်းလျှို စောင်းတွင် ပေါက်နေသော ထွာဆိုင်စန့် အင်ပင်တောကလေးကို တွေ့ရသည်။ လောက်လောက်လားလား အားကိုး၊ အားထားစရာတော့ မဟုတ်၊ သို့သော် အကာအကွယ်အပင်ကြီးက ကျွန်ုပ်ရပ်နေရာနှင့် အလှမ်းဝေးလှသည်။ အန္တရာယ်က လက်တစ်လှမ်းသို့ ရောက်နေပြီ ဖြစ်သည်။

ထိုစဉ် မြင်းကြီးရွှေနီက မတ်တတ်ရပ်ကာ ဟီ၍ နောက်ကြောင်းပြန်ပြေးသွားသလို၊ "ဗွမ်း" ဟူသောအသံကြီးနှင့်အတူ ကျွန်ုပ်၏အရှေ့ဘက်လျှိုစောင်းတွင် ရှိနေသည့် မီးလောင်ထားသည့် လူတစ်ဖက်စာခန့်ရှိ သဖန်းပင်ငုတ်တိုကြီးမှာ အမြစ်ကကျွတ်၍ ယိုင်လဲသွားသလို၊ အစွယ်ကော့ကော့ကြီးတစ်ဖက်ကျိုးနှင့် ဦးခေါင်းမည်း တောဝက်ကြီး ပေါ်လာသဖြင့် ကျွန်ုပ် အလျင်အမြန်ခင် ပစ်ချလိုက်ရာ –

www.burmeseclassic.com

"ဝန်း - ဖန်း - ဝုန်း"

တောဝက်ကြီး လျှိုထဲသို့ ပြုတ်ကျသွားသည်။ ထိုအချိန် တောခြောက်အဖွဲ့၏ ထပေါးပေါး အော်သံများအား အနီးကပ်ကြားရပြီး ခါးစောင်းခန့်မြင့်သော တောဝက်တောင်းကြီး၊ မီးရထားခေါင်းတွဲကြီးသဖွယ် အပြေးတက်လာကာ ကျွန်တော် အကာအကွယ်ယူထားသော အပြင်ပေါက်ကို တိုးလေသည်။ ကျွန်တော်လည်းလိုမှ်၍ရှောင်ရင်းအနီးကပ်ပစ်မှတ်၊ တောဝက်ကြီး၏ နဖူးတည့်တည့်သို့ နစ်ချက်ဆင့်၍ ဆွဲထည့်လိုက်ရာ -

"ဖျန်း - ဖျန်း"

တောဝက်ကြီးမှာ ဖင်ထိုင်လျက်လဲ၍ အင်ပင်ပေါက်အား မလွှတ်တမ်းကိုက်ထားသည်။ ဦးခေါင်းတစ်ခုလုံး သွေးခြင်းခြင်းရဲနေသည်။ အစွယ်ကော့ကြီးနှစ်ချောင်းမှာ မရှိတော့။ အရင်းက ကျိုးသွားပြီဖြစ်ပါသည်။ အင်ပင်ပေါက်ကို ကိုက်ခဲရင်း တရှူးရှူး အော်နေသေးရာ ကျွန်ုပ်နှင့် လေးငါးပေသာ ကွာလှမ်းသဖြင့် လက်ပတ်နစ်ခုကြား ရင်အုံသို့ နစ်ချက်ဆင့်၍ ဆွဲလိုက်ရပြန်သည်။

"ဖျန်း - ဖျန်း"

သို့မှသာ တောဝက်တောင်းကြီး၊ အင်ပင်ပေါက်ကိုခဲလျက် ဇိဝိန်ကြွေတော့သည်။ အာဂတောကောင်ကြီးနှင့် (.၂၂)သေနတ်ကလေးမှာ လားလားမျှမထိုက်ပါ။ ယုံစားမိလျှင်တော့ ကျွန်တော် ဇိဝိန်ကြွေလောက်ပေပြီ။ တဂူးဂူး တောသံပေးသဖြင့် ကျွန်ုပ်လည်းပြန်၍ "ဂူး" လိုက်ရသည်။ တောခြောက်အဖွဲ့ဖြစ်သည်။ တောတွင်းတောသံပေး၍ ဆက်သွယ်ခြင်း ဖြစ်ပါသည်။

"ဆရာ - ဘာဖြစ်သေးသလဲ"

မှဆိုးအောင်သန်းက မေးလာပြန်ပါသည်။

"ငါကတော့ဘာမှမဖြစ်ဘူး။ ဟိုဘက်တောင်ကြောမှဆိုးကြီးလေးမောင်ဘက်ကထင်တယ်။ သေနတ်သံကြားရပြီး လူအော်သံလည်းကြားရတယ်"

မှဆိုးကြီး ဘာဖြစ်သည် မသိပါ။ ထိုစဉ် မျောက်တင်သောင်း အပြေးအလွှား ရောက်ရှိလာပြီး -



"ဆရာ - ဘာမှမဖြစ်ဘူးနော်၊ မှဆိုးကြီး ဦးလေးမောင်ကတော့ ကားသွားပြီ၊ ဘယ်ပြောင်းနဲ့ ညာပြောင်း စရိတ်ကျည်နဲ့ ကိုးလုံးကျည် ထည့်ထားတာကို သတိမေ့ပြီး စရိတ်ကျည်နဲ့ တောဝက်တောင်းကြီးကို ပစ်ထည့်လိုက်တာ ဦးခေါင်းမှန်ပေမယ့် တောဝက်ကြီးက ပြေးတိုးလို့ ငယ်ပါ အတွဲလိုက်ပြုတ်သွားပြီ၊ အဲ့ဒါ - ပုဏ္ဏားတင်ဦးက ဆေးကုပေးပြီး မိုးမခကို စောင်ပုခက်နဲ့ သယ်ဖို့ စီစဉ်နေကြတယ်၊ လောလောဆယ်တော့ မှဆိုးကြီးလေးမောင် သွေးထွက်လွန်ပြီး သတိမေ့နေတယ်"

"ကဲ - မျောက်တင်သောင်း - ဒီတောဝက်တောင်းကြီးကိုလည်း သိုအုံဝိုက်လိုးပြီး လူလေးငါးယောက်နဲ့ ထမ်းခဲ့ကြ၊ အဲ - အရေးကြီးတာက ဟောဟိုရှေ့က သဖန်းငုတ်တိုကြီးမှာ တောဝက်စွယ်တစ်ချောင်း၊ အင်ပင်မှာ မာန်စွယ်တစ်ချောင်းရှာပြီး ယူခဲ့၊ ငါတို့ မှဆိုးကြီးကို ပြင်ဦးလွင်ဆေးရုံကို အရေးပေါ်ပို့ရမယ်၊ သွေးထွက်လွန်သွားရင် အသက်မှ မီပါဦးမလားမသိ၊ မှဆိုးကြီးက သုံ့သေနတ်တွေကို အလွန်အထင်ကြီးတာကိုး၊ အတွေ့အကြုံရှိပေမယ့် အသက်က အလွန်ကြီးပြီး ဘုရား၊ တရား လုပ်ရမယ့်အရွယ်၊ ခုတော့ အတုသိုလ်အကျိုးပေါ့ဗျာ၊ တောဝက်ကြီးကလည်း ခါးစောင်းလောက်ရှိတယ်၊ ငါတောင် ကံကောင်းလို့မသေတာ၊ သတ္တဝါနဲ့ လက်နက်က မမျှဘူးလေ၊ (.၂၂) (Hollow) ကျည်က ဖောက်ထွင်းအား ကောင်းတယ်ဆိုပေမယ့် ငါ (၆) ချက်တောင် ပစ်ယူရတယ်၊ နောင်ဆို (.၂၂)တော့ ဆလံပါပဲ။

ကျွန်တော် မှဆိုးကြီးတို့ထံရောက်တော့ မှဆိုးကြီးအား တောခြောက်အဖွဲ့က စောင်ပုခက်ဖြင့် သယ်သွားကြချေပြီ၊ တော်ပါသေးသည်၊ ရွှေနီကြီး အကျွန်တော့်ကို မြင်သဖြင့် အတင်းပြန်ပြေးလာသည်၊ မြင်းနှင့်လိုက်တော့ ရွှေနီကြီးတို့အဖွဲ့ကို မီသည်၊ မိုးမခ အမြန်ပြန်၍ ကျွန်တော်၏ (TOYOTA MARK II VAN) ကားကြီးအား အသင့်ပြင်ဆင်ကာ လူနာစောင့်သည်



www.burmeseclassic.com

www.burmeseclassic.com

နှင့် သွေးလှူဒါန်းခဲ့သူများကိုပါ ဆန့်သလောက် တင်ဆောင်၍ပြင်ဦးလွင်ဆေးရုံကြီးသို့ အပြင်းမောင်း၍ ပြေးခဲ့ရတော့သည်။

ဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများ အလွန်အားကိုးရပါသည်။ ချက်ချင်း ခွဲစိတ်ခန်းတွင်း၌ အရေးပေါ်ကုသပေးသည်။ မှဆိုးကြီး ကံကောင်းသည်က ပြင်ဦးလွင်ဆေးရုံကြီးသို့ အမေရိကန် ခွဲစိတ်ဆရာဝန်များအဖွဲ့ ရောက်ရှိနေခြင်းဖြစ်သည်၊ ပထမ သွေးသွင်းကုသပေးပြီး သတိရ၍ စိတ်ချရတော့မှ ခွဲစိတ်ကုသပေးတော့သည်။ ဆရာဝန်ကြီးများ အပြောအရတော့ အသက်ရှည်ရန်အတွက် လိင်ပြောင်းကုသပေးရမည်ဖြစ်ကြောင်း သိရသည်၊

ကျွန်တော်တို့အဖွဲ့က အုပ်စုတောင့်၍ လိုအပ်သော သွေးလှူဒါန်းရာ၌လည်းကောင်း၊ အရေးပေါ်ဆေးဝါးနှင့် လက်နက်ကိရိယာ ဝယ်ယူရာ၌လည်းကောင်း ပံ့ပိုးကူညီထောက်ပံ့ကြပါသည်၊

ထိုနေ့က ည(၇)နာရီခန့်မှ ကိစ္စဝိစ္စ ပြီးစီးသည်၊ ကျွန်တော်တို့က ဆရာဝန်များအဖွဲ့အား ညစာစားရန်ဖိတ်ရာ ပထမငြင်းဆန်သော်လည်း မုဆိုးကြီးအားပက်သော တောဝက်ကြီးဖြစ်ကြောင်း၊ အလွန်လက်ရာမြောက်သော၊ နာမည်ကျော် စားဖိုမှူးကြီးက ကမ္ဘာကျော် တရုတ်လက်ရာမျိုးစုံဖြင့်ဟင်းလျာမျိုးစုံ ချက်ကျွေးမှာဖြစ်ကြောင်း ပြောတော့မှ တောဝက်သား စားရခဲ၍ လိုက်စားကြမည်ဟု လက်ခံကြသည်၊ ကျွန်တော်တို့က ဟိုတယ်တွင် ကျွေးခြင်းမဟုတ်၊ ခမ်းနားလှသော မိုးမခစံအိမ်ကြီး၏ ညှိခန်းကျယ်ကြီးတွင် ခမ်းနားကြီးကျယ်စွာ အကြော်၊ အလှော်၊ အကင်၊ လက်ရာမျိုးစုံအပြင် ကျွန်တော်တို့ ယူလာသော (BLACK LABEL) ဖြင့်ပါ ညှိခံကျွေးမွေးခြင်းဖြစ်သဖြင့် ဆရာဝန်ကြီးများအဖွဲ့ အလွန်ထဘောကျကြသည်၊

တစ်ပတ်ခန့် ကြာ၍ မုဆိုးကြီး ဆေးရုံက ဆင်းရသည်၊ ဆေးရုံ၌ အနားယူလိုက်ရလို့လား၊ လိင်ပြောင်းလဲလိုက်လို့လားမသိ၊ မုဆိုးကြီးအသားအရည် စိုပြေပြီး အသားလတ်လာသည်၊ စကားပြောဆိုရာတွင်လည်း ယခင်လို တုတ်ထိုးအိုးပေါက် မပြောတော့၊ ထိန်းထိန်းသိမ်းသိမ်း ပြောသည်၊ သို့သော်



နဂိုဗီဇစိတ်ကတော့ ပြောင်းလဲပုံမရ၊ အရက်ကတော့ သောက်သေးသည်၊ ဘယ်လောက်သောက်သောက်မမူး၊ မယိုင်မလဲ၊ ကြွက်တွင်းပေကိုး၊ ဤကိစ္စကိုလည်း ရန်ကုန်၌မပြောကြရန် ကျွန်တော်တို့အား အထပ်ထပ်အခါခါကတိတောင်းသည်၊

ကျွန်တော်တို့ကလည်း စာရေးဆရာများပီပီ မပြောပါဟု ကတိပေးလိုက်သည်၊ သို့သော် မရေးပါဟုတော့ ကတိမပေးခဲ့ပါ၊ ထို့ကြောင့် ယခုရေးပါသည်၊ ဦးလေးမောင်ကိုတော့ ကျွန်တော်တို့က နောက်ကွယ်တွင် "လေးလေးမောင်" ဟု အမည်ပြောင် ပေးထားပါသည်၊ အဆိုတော် လေးလေးဝါးနှင့် ရုပ်ရှင်မင်းသမီး မေဝင်းမောင်တို့လို နာမည်မျိုး ဖြစ်ပါသည်၊

ထိုသည်၏နောက်တွင် စကားပြောလျှင် ပြောင်းလဲခြင်းမရှိသော်လည်း မုဆိုးကြီးက စာရေးသားရာတွင် "များတို့" ကို တွင်တွင်သုံးတော့သည်၊ လိင်ပြောင်းလဲလျှင် အခြားကိစ္စများလည်း ပြောင်းလဲတတ်ရာ မည်သည်တို့ မည်သို့ပြောင်းလဲလာမည်ကို စောင့်ကြည့်ရန်သာ ရှိပါတော့သည်၊

ကျွန်တော် သတိထားမိသည်ကတော့ မုဆိုးကြီးလေးလေးမောင်နောက်ပိုင်းစာရေးရာတွင် ပြင်ဦးလွင်က ဇာတ်လမ်းကို လုံးဝမရေးပါ၊ လိုင်စင်ဖြင့် ရရှိထားသော သေနတ်နှစ်လက်စလုံးကိုလည်း ရဲစခန်းသို့ ပြန်အပ်လိုက်ကြောင်း သိရပါတော့သတည်း။

**ထောင်မှူးကြီး သိန်းဝင်း**

www.burmeseclassic.com

www.burmeseclassic.com




ရေမှုဆိုး မိကျောင်း၏
ကြောက်မက်ဖွယ် အန္တရာယ် ဓလေ့စရိုက်တို့ကို
ရင်တမိမိ ဖတ်ရှုရမည့် ..

"ကျုပ်မှာ ခွင့်မလွှတ်နိုင်တာတစ်ခု ရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ...ကိုယ်ကျုပ်ပဲ"

အကြောင်းကဒီလိုပါ၊ ကျုပ်က ရေမှုဆိုးလေ၊ ရေးအတိတ်ကံ အကြောင်း ...ဆုံးက ဘယ်လိုရေစက်ပါခဲ့သလဲမသိဘူး၊ မိကျောင်းသတ္တဝါနဲ့ကျုပ် ကမ္ဘာ ...ဘတ်လို့ ဆိုရမယ်၊ ကျုပ်လူပျိုပေါက်အရွယ်ကပေါ့၊ မိကျောင်းအန္တရာယ်နဲ့ ...ခဲ့ရတယ်၊ မသေကောင်း၊ မပျောက်ကောင်းပါပဲဗျာ၊ တကယ်တော့ ကျုပ် ...အတွက် ကံဆိုးခြင်းလက်ဆောင်နဲ့ ကံကောင်းခြင်းလက်ဆောင်တွေကို ...ပြိုင်တည်း ကံဇာတ်ဆရာက လက်သိပ်ထိုး ပေးအပ်ခဲ့တာပဲ၊

ထိုအဖြစ်ဆိုးကြောင့် ကျုပ်ဘဝမှာ နာကြည်းမုန်းတီးစရာတွေနဲ့ စတင်ခဲ့ ...လို့ ဆိုရမယ်၊ အဲဒီလို ရေခံမြေခံကြောင့်ပဲ၊ ကျုပ် ရေမှုဆိုးဖြစ်ခဲ့ရတာပါ၊ ...ဆိုတာ ခက်တယ်လေ၊ ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရတယ်ဆို ...ဟာ တကယ်အမှန်ပဲ၊ ကျုပ် တိုးမောင်လည်း ဘာထူးလို့လဲ၊ ... ...စ်ယောက် မဟုတ်လား၊ ကျုပ်က အဲဒီခေတ်က တန်းမြင့်ကျောင်း

www.burmeseclassic.com

ထွက်အောင်ထားတယ်၊ အခုလိုရေမှုဆိုးလုပ်ငန်းနဲ့အသက်မွေးဝမ်းကျောင်းပြုနေတာ ထူးဆန်းမနေဘူးလားဟင်၊

လူ့ဘဝဆိုတာ တိုတောင်းလွန်းပါတယ်လေ၊ ဒါပေမဲ့ – အသက်တစ်ရာမနေရ၊ အမှုတစ်ရာ တွေ့တတ်ကြတယ်လို့ ပြောရိုးရှိလေရဲ့၊ ဘယ်သို့ပဲဆိုဆို အသက်တစ်ရာ မနေရလည်း နေပါစေ၊ အမှုတစ်ရာကိုတော့ မတွေ့ကြုံချင်ဘူး၊ အခုကြုံလိုက်ရတဲ့အကြောင်းတစ်ရပ်နဲ့တင် ကျုပ်ဘဝ လုံလောက်ပါပြီဗျာ၊ လုံလောက်ပါပြီ၊

တစ်ကနေ ပြန်စကြေးဆိုရင်တော့ တရားခံအစစ်က ကျုပ်ပါပဲဗျာ၊

— —

အဖြစ်အပျက်က ကျုပ် ဆယ်လေးတန်းအောင်တဲ့နှစ်ကပေါ့၊

ကျုပ်ဖခင်နဲ့ ကျုပ် အပေးအယူကတိတစ်ခု ပြုခဲ့ကြတယ်၊ ကျုပ်ဘက်က တစ်နှစ်တစ်တန်း စာမေးပွဲအောင်ရမယ်၊ တန်းမြင့်ကျောင်းထွက်စာမေးပွဲ ဖြေပြီးရင် အောက်တောဆင်းတဲ့အခါ ခေါ်မယ်တဲ့၊ ဒီကြားထဲ ခြေချော်လက်ချော် စာမေးပွဲကျလို့ကတော့ လုံးဝမခေါ်တော့ဘူးတဲ့လေ၊

ဒါကြောင့် ဒီနှစ်ကျောင်းပိတ်ရက်မှာ ကျုပ်ဖခင်ကြီးက သူ့ကတိအတိုင်း အောက်တောဆီကိုခေါ်ဖို့ ခေါ်င်းညိတ်ခဲ့တာပဲ၊ ကျုပ်ဘဝအတွက် မမေ့နိုင်တဲ့စကားတစ်ခွန်းကိုလည်း ဆိုသေးတယ်၊

"အေးလေ – ပညာတတ်လူငယ်တစ်ဦးဖြစ်နေပြီပဲ၊ ဗဟုသုတဖြစ်အောင် လိုက်ခဲ့ပေါ့ကွာ"

ဒီစကားဟာ ကျုပ်ရင်ကို တုန်လှုပ်သွားတာ အမှန်ပဲ၊ ဘာကြောင့်ရယ်လို့တော့ မပြောတတ်ဘူး၊ ကျုပ်စိတ်ထဲမှာ အတွေးစတွေနဲ့ ချာလပတ်လည်နေသပေါ့၊ အတွေးစဆိုတာ အကြောင်းအရာတို့ရဲ့အရင်းအမြစ်နိဒါန်းအစပဲ မဟုတ်လား၊

မကြာမီ သင်္ကြန်ကျတော့မယ်၊ ပျော့ကြီးနဲ့ ဘေးဂျားတို့က ငွေလိုနေပြီ၊ သင်္ကြန်မှာ သုံးစွဲဖို့ပေါ့၊ နောက်တစ်ချက်က ကျုပ်ကိုကတိပေးထားတဲ့အချက်



ကြောင့်ပဲ၊ ဒီလိုနဲ့ ရိက္ခာကိစ္စ၊ လှေပြုတ်တဲ့ကိစ္စ၊ ရေငန်ပိုင်ရှင်ကြီး နတ်ပသတဲ့ကိစ္စ အားလုံး(အားလုံး)ကို ကွက်လပ်မရှိအောင် စနစ်တကျ လုပ်ဆောင်ခဲ့ကြတယ်၊

နောက်တစ်နေ့လှေထွက်တဲ့အချိန်နီးကပ်လာပြီ၊ ကျုပ်ကအဝတ်အစားတစ်စုံ ထည့်ထားတဲ့လွယ်အိတ်ကိုလွယ်ပြီး လှေပေါ်သို့ ဆင်းခဲ့တယ်၊ မားပြချောင်းရေပြင်ကို လှမ်းကြည့်မိတယ်၊ ကျုပ်စိတ်ထဲ ကြည်နူးသလိုလို၊ ဝမ်းနည်းသလိုလိုနဲ့၊ ထိုစဉ် ကျုပ်နားထဲကို ဆောင့်ဝင်လာတဲ့အသံတစ်သံ ကြားလိုက်တယ်၊ ကျုပ်ဖခင်အသံပေါ့၊

"ရေပြန်ကျနေပြီ၊ လှေထွက်မယ်၊ လှေဆိုင်းကြိုးတွေ ဖြုတ်ကြဟေ့"

ဒါနဲ့ပဲ ပျော့ကြီးက ရေထဲကို ဝုန်းခနဲ ခုန်ဆင်းလိုက်တယ်၊ ကမ်းနားဆီသို့ ကူးခပ်သွားတယ်၊ သစ်ငုတ်တိုမှာ ချည်ထားတဲ့ကြိုးတွေကို ဖြုတ်နေလေရဲ့၊ ဘေးဂျားက ရေပုံးတစ်ပုံးနဲ့ ချောင်းရေကိုခပ်ပြီး လှေဦး သုံးကြိမ်လောင်းနေတယ်ဗျာ၊ ကျုပ်က ဘေးဂျားနားသွားပြီး မေးကြည့်တော့ –

"လှေဦးစိုတော့ – အေးချမ်းတာပေါ့ကွာ"

ကျုပ် ဆက်မမေးရဲတော့ဘူး၊ လှေပဲ့ပိုင်းကနေပြီး ကျုပ်ဖခင်က လှမ်းကြည့်နေတယ်လေ၊ ဒါနဲ့ – ကျုပ်ဖခင်နား ရောက်သွားတဲ့အခါ ကျုပ်ကို လှမ်းသတိပေးတယ်၊

"လူလေး – ပါးစပ် မသရမ်းနဲ့နော်၊ ကျွန်းညိုကြီးရောက်ရင့်လည်း လူကြီးတွေမသိဘဲ ဘာတစ်ခုမှ ကိုယ့်စိတ်ထင်တိုင်း မလုပ်မိစေနဲ့"

"ဟုတ်ကဲ့ပါ"

ထိုအချိန် ပျော့ကြီးနဲ့ ဘေးဂျားတို့က လှေဦးပိုင်းမှာ ...၊ ရှေ့နောက်ဘယ်ညာမှာရှိတဲ့ ခတ်တက်တွေကို စတင်ခတ်နေကြပြီ၊ ကျုပ်ဖခင်က ပဲ့ကိုင်၊ အဲဒီအဦးအနားမှာ ကျုပ်က ထိုင်လျက်၊ ကမ်းပေါ်မှာ ရပ်ကြည့်နေတဲ့ မိခင်ကြီးကတော့ မျက်ရည်မစို့မပို့နဲ့၊

မကြာမီ မားပြချောင်းဝဆီသို့ ရောက်လာတယ်၊ ဘိုကလေးမြစ်ပြင်ကြီး ကျယ်ပြောပါဘိ၊ မြစ်ဘေးဝဲယာကို စိတ်ဝင်တစားနဲ့ ကြည့်နေတယ်၊



www.burmeseclassic.com

ဝဲယာမှာဆိုရင် လယ်ကွင်းတွေနဲ့ ခပ်လှမ်းလှမ်း သစ်တောအုပ်ကြီးတွေက လည်း မျက်စိတစ်ဆုံးပဲလေ။ ထိုစဉ် ကျုပ်ဖခင်က ပျော့ကြီးတို့ကို လှမ်းအော် ပြောတယ်။

"ရွက်တင်တော့ဟေ့။ အရှေ့မြောက်လေ ကောင်းကောင်းတိုက်နေပြီ"

ဘေးရျားတို့လည်း အလုပ်ရှုပ်သွားတယ်။ ရွက်တင်လိုက်တော့ လှေ ပြေးနှုန်း ပိုမြန်လာတယ်။ လေစုန်၊ ရေစုန်ဆိုတော့ အားလုံးသက်သောင့် သက်သာနဲ့ လှေပဲ့ပိုင်းမှာ လာထိုင်လို့ပေါ့။ ကျုပ်က စားပြရောင်းရွာဇာတိ ဖြစ်ပေမယ့်အောက်တောဘက် တစ်ခါမှမရောက်ဖူးဘူး။ အရာအားလုံး ကျုပ် အတွက် အထူးအဆန်းပေါ့။ ကျုပ်စိတ်ကို ပတ်ဝန်းကျင်က ညှို့ယူဖမ်းစားနေ တာတော့ အမှန်ပဲ။ ကျုပ်စိတ်ထဲ အောင့်အည်းမထားနိုင်တော့၊ သီချင်း ညည်းညူမိတယ်။ ကျုပ်ဘေးမှာထိုင်နေတဲ့ ဘေးရျားက -

"တိုးမောင် - လှေပေါ်မှာ သီချင်းမဆိုရဘူး။ မင်း ဒုက္ခရောက်လိမ့်မယ်။ ပျင်းလို့များတော့ မှောက်မအိပ်လေနဲ့နော်။ နောက်ပြီး လေမချွန်မိစေနဲ့။ လက်ခုပ်လက်ဝါးတီးပြီး အားရပါးရလည်း မရယ်မိစေနဲ့"

"နေပါဦး - အခုနပြောတဲ့အချက်တွေလုပ်မိရင် ဘယ်လိုဒုက္ခရောက် တတ်သတုံး"

"လူလေး - ပါးစပ်ပိတ်နေစမ်း။ ဘာတွေလျှောက်မေးမြန်းနေသလဲ"

ကျုပ်လည်း ဇက်ကလေး ပုဝင်သွားတယ်။ ကျုပ်ဖခင်က မျက်ထောင့် နီကြီးနဲ့ လှမ်းကြည့်နေသဗျ။ တစ်ကြိမ်မှ ကျုပ်အပေါ် မဆက်ဆံဘူးတဲ့အဖေ ကြောင့် ကျုပ် အံ့အားသင့်မိတယ်။ ဆက်မမေးဝံ့တော့ဘူး။ ဒီလိုနဲ့ ကျွန်းညို ကြီးကျွန်းဆီသို့ ရောက်လာခဲ့တယ်ဆိုပါတော့ဗျာ။ နေမင်းကြီးက မညို့တညို့ အချိန်ပေါ့။ ထိုစဉ် ကျုပ်ဖခင်က ဘေးရျားကို အော်ပြောလိုက်တယ်။

"ဟိုလမုပင်နားမှာ ဆိုက်မယ်ဟေ့။ ရွက်တွေဖြုတ် - ရေထဲ ကျောက်ဆူး ပေါက်တော့ကွာ"

ပျော့ကြီးနဲ့ ဘေးရျားတို့က ရွက်တွေချ၊ လှေကျောက် ပေါက်ကြလေရဲ့ ဘေးရျားက ကမ်းစပ်ဆီသို့ ရေကူးသွားတယ်။ ဦးကြိုး၊ ပဲ့ကြိုးတွေကို ချည်



[illegible]တယ်။ ဘေးရျား လှေပေါ်ပြန်ရောက်တဲ့အချိန်မှာ ပျော့ကြီးက ဆန်ဆေးနေ တယ်။ ကျုပ်ဖခင်က လှေပဲ့ပိုင်းမှာထိုင်လို့။ သူ့ရှေ့မှာ ကွမ်းအစ်က အခန့်သား၊ ကွမ်းသမားလေ။

ထိုအချိန် ကျုပ်က ပင်လယ်ဘက် စီးဆင်းနေတဲ့ ရေပြင်ကြီးကို ငေးမော လို့ပေါ့။ ကျွန်းညိုကြီးရဲ့အုပ်ဆိုင်းညို့မှိုင်းနေတဲ့ အရိပ်အာဝါသကြောင့် ကျော ထဲ စိမ့်နေမိတယ်။ ထိုစဉ် ဖခင်ကြီးက ကျုပ်ပခုံးကို ညင်သာစွာပုတ်ပြီး ပြော တယ်။

"လူလေး - မိကျောင်း ကြည့်ချင်လား"

"ဟုတ်ကဲ့ - ကြည့်ချင်ပါတယ်"

ကျုပ်ဖခင်က ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာကို စိမ်ပြေနပြေ ယာနေလေ [illegible] ကျုပ်ကတော့ ကျုပ်ဖခင် လုပ်ကိုင်နေတာကို ကြည့်နေရုံသက်သက်ပဲ၊ ကွမ်းယာပြီးရော သောက်ရေတစ်ခွက် ခပ်တယ်။ ကျုပ်ကို လှေဦးဆီ ခေါ်သွား [illegible] ထိုင်ခိုင်းတယ်။ ကျုပ်ဖခင်လက်ထဲမှာလည်း ကွမ်းတစ်ယာ၊ ရေတစ်ခွက် [illegible]

အဲဒီအချိန် ကျုပ်ဘေးနားမှာ ဘေးရျားနဲ့ ပျော့ကြီးတို့က ထိုင်နေလို့ပေါ့။ [illegible]ခင်က ကျုပ်ကို တစိမ့်စိမ့်ကြည့်ရင်း ကရုဏာသက်စွာ ပြောလေရဲ့။

"ကြည့်ချင်တော့ဖူးဆိုရင်လည်း အခုအချိန်မီ ရပ်တန့်လို့ရသေးတယ်။ [illegible]ကျောင်းနော်။ ပေါက်ကရ မပြောမိစေနဲ့။ ပျော့ကြီးတို့ကလည်း ငါ့သား [illegible]ကိုက်ထားနော်။ ကြောက်လန့်ပြီး တစ်စုံတစ်ခုဖြစ်သွားရင် ငါတို့လင် [illegible] အကွဲပဲ"

"စိတ်ချပါ - ဦးလေးမိုး။ ကျုပ်တို့တူ တိုးမောင်အတွက် မပူပါနဲ့ဗျာ။ ကျုပ် [illegible]ည်းနတ်မိကျောင်းကိုမြင်ချင်ပါဘိ။ အောက်တောဆင်းခဲ့သမျှ တစ်ကြိမ် [illegible]လို မတွေ့ဖူးဘူး"

www.burmeseclassic.com

ဘေးရှားက ဝင်ပြောလေရဲ့၊ ကျုပ်ဖခင်က လှေဦးတုံးနားသို့ သွားတယ်၊ လက်ထဲကကွမ်းယာကိုလှေဦးတုံးပေါ်ဂရုတစိုက်တင်လိုက်တယ်၊ ထို့နောက် ရေခွက်ထဲက ရေတစ်ဝက်နဲ့ လှေဦးတုံးပေါ် လောင်းချနေတော့တယ်၊ ကျုပ်ဖခင်ရဲ့နှုတ်ကလည်း တတွတ်တွတ်နဲ့ပေါ့၊ ဘာတွေရွတ်ဆိုနေသလဲဆိုတာတော့ ကျုပ် မပြောတတ်ဘူး၊

ထိုသို့ပြောဆိုပြီးနောက် ကျုပ်ဖခင်ကြီးက ရေပြင်ကို တစိုက်မတ်မတ်စိုက်ကြည့်နေလေရဲ့၊ ကျုပ်တို့တစ်တွေလည်း လှေဘယ်နားက မိကျောင်းပေါ်လာလိမ့်နိုးနိုးနဲ့ပဲ၊ ရင်တွေခုန်နေတာ တဒိန်းဒိန်းနဲ့လေ၊

ကျုပ်ဖခင်ကြီးကို မော့ကြည့်မိတယ်၊ ကျုပ်ဖခင်နှုတ်က အဆက်မပြတ်တတွတ်တွတ်၊ ထိုအချိန် လှေကြီးနဲ့ မလှမ်းမကမ်းမှာ ရေပွက်ကလေးတွေပလုံစီထလာကြောင်း တွေ့ရတယ်၊ ကျုပ်က အလန့်တကြား ပြောလိုက်မိတယ်၊

"ဟို - ဟို - ဟိုမှာ"

ထို့ကြောင့် ကျုပ်နားမှာထိုင်နေတဲ့ဘေးရှားက ကျုပ်ပါးစပ်ကို ကမန်းကတန်း လှမ်းပိတ်ထားတယ်၊ ကျုပ်က ဖခင်ကြီးကိုအကြည့် တဒင် မျက်လုံးချင်း ဆုံသွားတယ်၊ ချက်ချင်း မျက်နှာလွှဲပြီး ရေပြင်ဆီအာရုံပြောင်းလိုက်သဗျ၊ ရေပွက်တွေဟာ ခပ်ကြမ်းကြမ်း ပေါ်တက်လာနေပြီ၊ ကျုပ်စိတ်ထဲ မယုံတစ်ဝက်၊ ယုံတစ်ဝက်နဲ့ပဲ၊

"ဘွား"

"ဟာ"

"အို"

ကျုပ်တို့တစ်တွေ သတိထားရင်းကြားက အသံထွက်သွားကြလေရဲ့၊ မိကျောင်းကြီးတစ်ကောင်၊ ရေအောက်က ဝါးလုံးထိုး ပေါ်တက်လာသဗျ၊ အဲဒီ့မိကျောင်းကြီးဟာ မလှုပ်မယှက် စန့်စန့်ကြီးပဲ၊ ဦးခေါင်းမှာလည်း ရွှေရောင်တဝင်းဝင်းနဲ့ အမြီးနဲ့ ဦးခေါင်းပိုင်းတွေဟာ ကျုပ်တို့လှေထက် ပိုရှည်ထွက်နေသဗျ၊ မျက်လုံးနဲ့နှာခေါင်းတို့ဟာ မျက်နှာပေါ်မှာ မို့တက်နေလေရဲ့၊



မိကျောင်းကြီးကို မြန်းခနဲတွေ့တုန်းကတော့ လန့်ဖျပ်သွားတာအမှန်ပဲ၊ ဘေးရှားနားကို တိုးပြီးထိုင်လျက် မေးဆတ်ပြမိတယ်၊ ဘေးရှားက ခေါင်းညိတ် အသိအမှတ်ပြုတယ်၊ ပျော့ကြီးက သိပ်ပြီးကြောက်လန့်ပုံ မရှိဘူး၊

မိကျောင်းကြီးရေပြင်ပေါ်တက်လာတဲ့အတွက်ကျုပ်အံ့အားသင့်နေတာအမှန်ပဲ၊ စက္ကန့်အနည်းငယ်ကြာလာတော့ ကြောက်ရွံ့ရကောင်းမှန်း မသိတော့ဘူး၊ ကြည့်ကောင်းကောင်းနဲ့ ငေးလျက်ပဲ၊ ကျုပ်စိတ်ထဲမှာလည်း -

"ဩော် - နတ်မိကျောင်းကြီးဟာ ရေအောက်က ပေါ်လာသကိုး"

အတွေးစ မဆုံးမီ ကျုပ်ဖခင်က လှမ်းပြောလေရဲ့၊

"လူလေး - ကြည့်ရှုလို့ အားရပြီလား၊ လောကမှာ မယုံကြည်နိုင်စရာအကြောင်းတရားတွေဟာ ဒုန့်ဒေးပဲ၊ အခု လက်တွေ့ကျကျ မြင်ရပြီဆိုတော့ ယုံကြည်မှု ရှိသွားပြီ မဟုတ်လား"

"ဟုတ်ကဲ့ - အခုလို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုက်ရတော့လည်း ထက်သင့်မခံလို့ မရဘူးလေ၊ ပြောမယုံ၊ ကြုံမှသိဆိုတဲ့စကားဟာ အမှန်ပဲနော် - အဖေ"

"ကဲ - ဒီလိုဆိုရင် - မိကျောင်းကြီးကိုကြည့်နေတာ တော်လောက်ပြီပေါ့ကွာ"

ကျုပ်ဖခင်က ပြောလည်းပြော၊ လှေဦးတုံးဘက်သို့ လှည့်လိုက်တယ်၊ ခုနစောက လှေဦးတုံးပေါ်မှ ကွမ်းယာကိုယူပြီး တတွတ်တွတ်ပြောဆိုကာ ရေထဲ လှမ်းပစ်လိုက်တယ်၊ ရေခွက်ထဲက ကျန်တဲ့ရေကိုလည်း လှေဦးတုံးပေါ် သွန်ချနေသဗျ၊ ကျုပ်ဖခင်နှုတ်ကလည်း ရွတ်ဆိုတောင်းပန်နေလေရဲ့၊

မိကျောင်းကြီးက တစ်မှဟုတ်ချင်း ရေအောက်သို့ တအိအိ ငုပ်လျှိုးသွားတာ မယုံကြည်စရာပဲ၊

နတ်မိကျောင်းကြီးကို တွေ့ရှိလိုက်ပြီးသည့်နောက်ပိုင်း ကျုပ်စိတ်ထဲ ဘဝင်တော့ ကျေနပ်ဖြစ်နေတာ အမှန်ပဲ၊ ညနေစာထမင်းကိုပင် ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

မစားနိုင်ခဲ့ပေ၊ တစ်ညလုံးလည်း အိပ်မပျော်၊ နေရာသစ်၊ ပတ်ဝန်းကျင်သစ်၊ ကျွန်းညိုကြီးရဲ့ အုပ်ဆိုင်းညှို့မှိုင်းနေတဲ့ သဘာဝဒဏ်ကြောင့်လား၊ တစ်ခုခုတော့ တစ်ခုခုပဲ၊

ကျုပ် အိပ်မပျော်တဲ့ဒဏ်ကို အသေအလဲ ခံစားနေရသဗျ၊ မိုးမြန်မြန်လင်းပါစေလို့ ကြိတ်ပြီးဆုတောင်းနေမိလေရဲ့၊ ခက်တာက မိုးက လင်းရောင်နီကို နောက်မှဆွဲငင်ထားသလိုပဲ၊ မိုးလင်းခဲလွန်းပါဘိ၊ ဒီကြားထဲ အိပ်မပျော်နိုင်လေလေ၊ တောင်တွေး မြောက်တွေးနဲ့ တလူးလူး တလိမ့်လိမ့်ပေါ့၊ အဖေတို့လူစုကတော့ စောင်တွေခြုံပြီး အိပ်မောကျနေလိုက်ကြတာ "ခေါ - ခေါ" နဲ့၊ ဟောက်လို့များတောင် နေကြလေရဲ့၊

နောက်ဆုံး ကျုပ် စိတ်မထိန်းနိုင်တော့ဘူး၊ မျက်စိစုံမှိတ်ထားလိုက်တယ်၊ ရော - ခက်ပြန်ပြီ၊ အရေးထဲ အရာပေါ်ပြီလေ၊ ဆီးသွားချင်စိတ် ဖြစ်လာတယ်၊ အောင့်အည်းထားတယ်၊ အောင့်အည်းထားလေလေ၊ ပိုပြီးခံစားရလေလေပဲ၊ ဆီးထွက်ကျမတတ်ဖြစ်လာပြီ၊ ဒါနဲ့ ကျုပ် အရဲစွန့်ပြီး ထလိုက်တယ်၊ ဘေးဂျားရဲ့ ကိုယ်စန္ဒာနဲ့ သွားတိုက်မိလို့ သူ တစ်ဖက်စောင်းကာ ပြောင်းအိပ်တယ်၊

ကျုပ်လည်း အိပ်မှုန်စုံမွှားနဲ့ ထပြီး မြစ်ထဲကို ဆီးပေါက်ချလိုက်တယ်၊ အခုမှ တစ်ကိုယ်လုံးတောင့်တင်းနေတာတွေ ပျောက်ကုန်လေရဲ့၊ လှေပေါင်းမိုးကိုကိုင်ပြီး ထမယ်အလုပ် ကျုပ်စိတ်ထဲ အသိတစ်ခု ဝင်လာတယ်ဗျာ၊

"ဟာ - လှေအလယ်ပိုင်းကိုက်တန်းပေါ်မှနေပြီး ဆီးသွားမိပြီ၊ ငါ မှားပြီ ငါမှားပြီ"

"ဖျန်း"

ထိုအသံကိုကြားလိုက်ရပြီး ကျုပ်လည်းမြစ်ထဲကိုပြုတ်ကျသွားလေရဲ့၊ လှေကြီးလည်း တုန်ခါပြီး ကျန်ခဲ့တယ်၊ ကျုပ်တစ်ကိုယ်လုံး ထုံကျင်နေပြီး သတိမေ့မြောသွားတယ်၊

— ❖ —



ထိုစဉ် လှေကြီးတစ်စင်းလုံး သွက်သွက်ခါအောင် လှုပ်ယမ်းနေလေရဲ့၊ ဦးမိုးတို့လူစုလည်း လန့်ဖျပ်ကာ နိုးကုန်တယ်၊ ဦးမိုးက သူ့ဘေးတွင်အိပ်နေတဲ့ သူ့သား တိုးမောင်အား သတိထားကြည့်လိုက်ပြီးသော် -

"ဟာ - ဒီကောင် အိပ်ယာမှာ မရှိပါလား၊ ရှာကြစမ်း - ရှာကြစမ်းကွာ"

ပျော့ကြီးတို့လည်း လှေတစ်စင်းလုံး လိုက်လံရှာဖွေကြပေမယ့် မတွေ့တော့ဘူး၊ ဦးမိုးကတော့ လှေနောက်ပိုင်းမှာ ရောက်ရှိနေသလို၊ ပျော့ကြီးတို့က ရှေ့ပိုင်းမှာပေါ့၊ ထိုစဉ် ဘေးဂျားက လေသံတိုးတိုးဖြင့် ပျော့ကြီးကိုပြောတယ်၊

"စောစောက "ဖျန်း" ခနဲကြားလိုက်ရတဲ့အသံဟာ တိုးမောင်ကိုမိကျောင်းတစ်ကောင် ရိုက်ချသွားတာဖြစ်လိမ့်မယ်"

"ဟာ - မဖြစ်နိုင်ပါဘူးကွာ၊ ဒီကောင် အိပ်ချင်မူးတူးနဲ့ ထသွားလို့ ရေထဲပြုတ်ကျတာဖြစ်မယ်"

ထို့နောက် သူတို့နှစ်ဦး လှေပဲ့ပိုင်းသို့ ပြန်လာကြတယ်၊ ထိုအခါ မိုးက အံခေါင်းသံကြီးဖြင့် ဆီးကြိုမေးလေရဲ့၊

"မင်းတို့ရှာတာ မတွေ့ကြဖူးမဟုတ်လား၊ စောစောက ကြုံခဲ့ရတဲ့အခြေအနေတွေကို ပြန်စဉ်းစားကြည့်စမ်း၊ မိကျောင်းရိုက်ချလို့ ပြုတ်ကျသွားတာဖြစ်မယ်၊ ငါ့သားကိုသတ်တဲ့တရားခံဟာ တခြားမဟုတ်ဘူး၊ ငါပဲပေါ့ကွာ"

နောက်တစ်နေ့ မဒမတိုင်များကို ရသလောက်နုတ်ပြီး ဓားပြရောင်းရှာပြန်ကြတယ်၊

— ❖ —

ကျုပ် သတိမေ့မြောနေတုန်းပဲ၊ ကျုပ်တစ်ကိုယ်လုံး ရေတွေစိုရွှဲနေသဗျ၊ ကျောင်းကြီးကျောပေါ်က အလောင်းစင်ပေါ်မှာ စန့်စန့်ကြီး၊ ထိုစဉ် ကျုပ်မျက်နှာပေါ်သို့ လှိုင်းလာပုတ်ခတ်ခံလိုက်ရလို့ ဖျတ်ခနဲ သတိရလာတယ်၊ ကိုယ်ခံပုံးတွေလည်း စပ်ဖျဉ်းဖျဉ်းနဲ့၊ တစ်ကိုယ်လုံးလည်း ကိုက်ခဲနာကျင်နေတာပဲ၊ ဘယ်နေရာရောက်နေမှန်း ကျုပ်မသိဘူး၊ မြစ်ပြင်ကြီးကလည်း ကျယ်ပြောပါဘိ၊



www.burmeseclassic.com

www.burmeseclassic.com

မိကျောင်းကြီးကလည်း ရေပေါ်မှာ တစ်ရှိန်ထိုး ပြေးလွှားနေရဲ့။ လူသားတစ်ယောက်ကိုစားရမယ်ဆိုတော့အားအင်တွေပြည့်နက်နေဟန်တူတယ်။ ကျုပ်တစ်ယောက် တုတ်တုတ်မျှမလှုပ်ဝံ့။ လှုပ်ရှားလိုက်တာနဲ့ ရေထဲ ပြုတ်ကျသွားနိုင်တယ်မဟုတ်လား။ ထိုအခါ မိကျောင်းကြီးက ကျုပ်ကို အလွတ်ပေးလိမ့်မည်မဟုတ်။ အခန့်မသင့်ပါက ကျုပ်အသက်ပင် ဆုံးရှုံးနိုင်ကြောင်း တွေးမိလိုက်တယ်။

မိုးကလည်း ထိန်ထိန်လင်းလင်းနေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း သဲသဲကွဲကွဲမြင်နေရပြီဖြစ်တယ်။ သတိရရှိခါစတုန်းက ကြောက်ရွံ့ထိတ်လန့်နေသော်လည်းအခုတော့မကြောက်နိုင်တော့ပါ။ လွတ်မြောက်နိုင်မယ့်လမ်းကို မျှော်တွေးနေမိတယ်။

မြစ်ပြင်တစ်လျှောက်လုံး လူနေအိမ်ခြေတွေလည်းမတွေ့ရ။ သစ်တောအုပ်ကြီးကိုသာ မျက်စိတစ်ဆုံး မြင်နေရတယ်။ ကျုပ်ဘဝကို စဉ်းစားမိလေလေ၊ ခေါင်းရှုပ်ထွေး နောက်ကျိလာလေလေ ဖြစ်နေတော့တယ်။ ကျုပ်ဖခင်၊ ကျုပ်မိခင် ဘယ်ရွာဇာတိလည်း ကျုပ် မမှတ်မိတော့။ ကျုပ်နာမည်ကိုပင် မေ့နေတော့တယ်။ မသိ – မသိ – လုံးဝမသိတော့ပေ။

ကျုပ်အကြောင်းကိုတွေးနေရင်း ပတ်ဝန်းကျင်ကိုငဲ့စောင်းကြည့်လိုက်ရာ မိကျောင်းကြီးက သဲသောင်ပြင်ကမ်းခြေဆီသို့ဦးတည်သွားနေကြောင်း သိလိုက်ရလေတယ်။ ကျုပ်ခန္ဓာကိုယ်ကို အနည်းငယ် လှုပ်ရှားကြည့်တော့ လှုပ်ယမ်းလို့ရမှန်းသိသွားပြီး ဆုံးဖြတ်ချက်တစ်ခုနဲ့ မျှော်လင့်ချက်ရောင်ခြည် တစ်တန်းကြီး။

ထိုစဉ်မိကျောင်းကြီးက သူ့မေးရိုးကြီးကိုသဲသောင်ပြင်ပေါ်သို့ တင်လိုက်တယ်။ ထိုအခါ ကျုပ်ကိုယ်ကျုပ် မေးကြည့်နေမိတယ်။

"ငါထပြီး သဲသောင်ပြင်ပေါ် တက်ပြေးရကောင်းမလား။ ဒီကောင်ကြီး အခြေအနေကြည့်ပြီး လွတ်မြောက်နိုင်မယ့်လမ်းကို ရှာကြံရရင် ကောင်းမလားပဲ"



ကျုပ်အတွေး ချီတုံချတုံနဲ့။ ကျုပ်ဘဝအတွက် အရေးကြီးလိုအပ်နေပြီလေ။ ဒွိဟစိတ်တွေက လွှန်စွာပဲ ပြင်းထန်လျက်ပဲ။ ဘယ်သို့ဖြစ်စေ၊ အမှားတော့ မခံနိုင်ဘူး။ တစ်ချက်မှားတာနဲ့ အသက်ပါ ဆုံးပါးသွားနိုင်တယ် မဟုတ်လား။ မတွေးတော မဆင်ခြင်၊ ပေါ့ပေါ့တန်တန်ပြုလုပ်ခဲ့မိလို့ သေဘေးအန္တရာယ်နဲ့ ကြုံတွေ့နေရပြီလေ။ ထိုစဉ် ကျုပ်ဖခင်ရဲ့စကားတစ်ခွန်းကို အမှတ်ရတယ်။

"အရေးကြုံရင် သက်လုံကောင်းရမယ်"

ထိုစကား၏နောက်ကွယ်မှာ ကျုပ်မိဘတွေအကြောင်း သတိရလာတော့တယ်။ တကယ်တမ်း သိချင်စိတ်နဲ့ တွေးကြည့်ပေမယ့် ကျုပ်ဖခင်၊ ကျုပ်မိခင် ဘယ်သူဘယ်ဝါဆိုတာ အတွေးနဲ့ပဲ ချာလပတ်လည်လို့နေလေရဲ့။ အခုအချိန်မှာတော့ ကျုပ်ဖခင် ဘယ်သူဘယ်ဝါဖြစ်တာထက် ကျုပ်အသက်ဆက်လက်ရှင်ဖို့က လိုအပ်နေပြီလေ။

ဟုတ်တယ်၊ သတိလက်မလွှတ်ဘဲ အခွင့်အရေးကြုံလိုက်တာနဲ့ မိကျောင်းအန္တရာယ်ဘေးက လွတ်မြောက်ဖို့ ကျုပ်အတွက် စက္ကန့်တိုင်းနင့်အမျှ တန်ဖိုးကြီးလေးတယ်လေ။ ထိုစဉ် မိကျောင်းကြီးက သဲသောင်ပြင်ဆီသို့ ဦးခေါင်းကြီးမဦးနိုက်နေလေရဲ့။ ကျုပ် တုတ်တုတ်မျှမလှုပ်ဝံ့။ ထိုကဲ့သို့ ကမ်းခြေသို့ဦးတိုက်ပြီးသော် ကျုပ်ကို လေထုထဲကို မြှောက်တင်ပြန်တယ်။

ကျုပ်မှာ လေထဲသို့ ကိုးရိုးကားရား မြှောက်တက်နေတော့တယ်။ ကျုပ်ခေါင်းထဲ စိမ့်ခနဲပဲ။ မိကျောင်းကြီးကလည်း ပါးစပ်ကြီး ဟ.ထားလို့ပေါ့။ သူ့ပါးစပ်ထဲထန်းဝင်သွားလို့ကတော့ မတွေးဝံ့စရာပင်၊ ထို့ပြင် မြေပြင်ပြန်အကျတွင် လွတ်မြောက်နိုင်ရန် တွေးတောလျက်ရှိတယ်။ သို့သော် သဲသောင်ပြင်ပေါ် ပြုတ်အကျ၊ အရှိန်က ပြင်းထန်လွန်းသောကြောင့် "အင့်"ခနဲ အသံမြည်ပြီး မေ့မြောသွားပြန်တယ်။

မိကျောင်းကြီးက ဒုတိယအကြိမ် ကျုပ်ခန္ဓာကိုယ်ကြီးအား လေထဲမြှောက်တင်လေရဲ့။ ကျုပ်ကတော့ မေ့မြောနေတုန်းပဲ။ တတိယအကြိမ် ကျုပ်



www.burmeseclassic.com

www.burmeseclassic.com

သတိပြန်လည်လာလို့ သဲပြင်သို့ ပြန်အကျ ကုန်းပေါ်သို့ တစ်ဟုန်ထိုး တက်ပြေးလိုက်တယ်၊ မိကျောင်းကြီးမှာမမျှော်လင့်ဘဲကြုံလိုက်ရလို့တဒင်္ဂအံ့အားသင့်နေလေရဲ့၊ သူ့အစာ လွတ်ထွက်သွားသောကြောင့် စိတ်ဆိုးဒေါသထွက်နေသဗျ၊ သဲသောင်ပြင်ပေါ် ပြေးတက်လာတယ်၊ ကျုပ်က နောက်ကျော - မလုံဘဲ လှမ်းအကြည့် အမြီးနဲ့ လှမ်းပြီးရိုက်တယ်၊

"ဗုန်း"

ကျုပ် အရှောင်ကောင်းလို့ သီသီကလေးလွတ်ရုံပဲ၊ ဒါနဲ့ တောစပ်အထိ ခြေကုန်သုတ်ခဲ့တယ်၊ တောစပ်အရောက် ပြန်လှည့်ကြည့်ရာ မိကျောင်းကြီး ရေထဲပြန်ဆင်းသွားတော့တယ်၊ ကျုပ်က မောပန်းရမှန်း သတိဝင်ပြီး ခြေပစ် လက်ပစ် ထိုင်ချလိုက်လေရဲ့၊ ဒါနဲ့ ရေငတ်လာလို့တောထဲတိုးဝင်လိုက်တယ်၊ ရေကန်၊ ရေအိုင် တွေ့လိုတွေ့ငြားနဲ့ပေါ့၊ တောစပ်တစ်နေရာရောက်တော့ အခန့်သင့်ပဲ၊ ရေအိုင်နှစ်အိုင်ကို တွေ့လိုက်ရတယ်လေ၊ တစ်အိုင်က ကြည်လင်နေတဲ့ကန်၊ နောက်တစ်ကန်ကတော့ ရွှံ့ရောင်ညစ်ထေးထေးနဲ့ နောက်ကျိနေသဗျ၊ ရေကိုမြင်တွေ့ရမှ ရေငတ်တဲ့ဒဏ်ဟာ ပိုပြီးပြင်းထန်လာလေရဲ့၊ ကျုပ် လုံးဝမစဉ်းစားတော့ဘူး၊ ကြည်လင်နေတဲ့ကန်ထဲကိုဆင်းဖို့ ခြေလှမ်း ပြင်လိုက်လေရဲ့၊ ထိုစဉ် ကျုပ်နောက်ကျောရဲ့ချုံတစ်ခုမှ အသံတစ်သံ ထွက်လာသဗျ၊

"ဟေ့ - ကန်ထဲကို မဆင်းနဲ့ - မဆင်းနဲ့၊ အခုချက်ချင်း ရပ်လိုက်"

လှမ်းနေဆဲခြေလှမ်းတွေပင် တုံ့ခနဲ ရပ်တန့်သွားသဗျ၊ နောက်ဘက်ကို လှည့်အကြည့်မှာ လူကြီးတစ်ဦးကိုတွေ့လိုက်ရတယ်လေ၊ ထိုလူကြီးက ကျုပ်ထံ တရွှေ့ရွှေ့လျှောက်လာနေသဗျ၊ ကျုပ်ကတော့ ရပ်နေဆဲပဲ၊ လူကြီးက ကျုပ်ရှေ့တည့်တည့်မှာရပ်ပြီး ခြေဆုံးခေါင်းဆုံး ကြည့်နေတယ်၊ သံသယမျက်လုံးတွေနဲ့ပေါ့၊ ကျုပ်အပေါ်မယုံသင်္ကာဖြစ်တာလည်း သူ့အဖို့မလွန်ပါဘူးလေ၊ လူသူမနီး တောကြီးထဲမှာ တစ်ယောက်တည်း ဗြုန်းခနဲ တွေ့ရတယ်ဆိုတော့ သူ့သူ့ကိုယ်ကိုယ် လက်သင့်ခံဖို့ ခက်မှာအမှန်ပဲ၊



ဒါပေမဲ့ - ထိုလူကြီးက ကျုပ်ကို လူသားတစ်ဦးဖြစ်တယ်ဆိုတာတော့ ယုံကြည်မှု ရှိဟန်တူရဲ့၊ သူ့မျက်လုံးတွေက ဖော်ပြနေတာလေ၊ ဒါနဲ့ ကျုပ်က ထိုလူကြီးကို မေးကြည့်လိုက်လေရဲ့၊

"ကျုပ် - ကန်ထဲဆင်းတဲ့ကိစ္စ ဘာကြောင့်တားမြစ်ရသလဲ"

"အဲဒီကန်ထဲမှာ မိကျောင်းရှိတယ်ဆိုရင် မင်းယုံကြည်ပါ့မလား"

"ဗျာ"

"ဒီလိုပဲဖြစ်မယ်လေ၊ မင်းကို တွေ့ကတည်းက နုနုနယ်နယ်နဲ့ ကျောင်းသားအရွယ်ပဲ ရှိတယ်ဆိုတာ အဘ သုံးသပ်မိတယ်၊ နောက်တစ်ချက်က လက်တွေ့ပြမှ လက်သင့်ခံမယ် မဟုတ်လား"

ထိုလူကြီးသည် အနီးအနားရှိမဒမသစ်ပိုင်းတစ်ခုကို ကောက်ယူလိုက်တယ်၊ ရေကန်အစပ်ကို လျှောက်သွားလေရဲ့၊ ကျုပ်လည်း ထိုလူကြီးအနီးက ခွာဘဲ လိုက်လံကြည့်ရှုနေသဗျ၊ ရေကန်အစပ်ရောက်တော့ ထိုလူကြီးက ကြည်လင်နေတဲ့ ရေကန်အလယ်ကို မဒမသစ်ပိုင်းနဲ့ လှမ်းပစ်ပေါက်တယ်၊ ကန်ရေပြင်နဲ့သစ်ပိုင်း ထိတွေ့တဲ့အချိန် -

"ဝုန်း"

"ဖျန်း"

ကန်အောက်ခြေမှနေပြီး မိကျောင်းကြီးတစ်ကောင် ရေပေါ်တက်လာတယ်၊ စိတ်ဆိုးဒေါသထွက်လျက်၊ သူ့အမြီးနဲ့ ရေပြင်ကို အားကုန်ရိုက်နေတော့တယ်၊ မိကျောင်းကြီးရဲ့အမြီးရိုက်ချက်လွတ်အောင် ထိုလူကြီး နောက်ဆုတ်လိုက်တယ်၊ ကျုပ်လည်း ဘာမသိ၊ ညာမသိနဲ့ပေါ့၊ ကမန်းကတန်းဆုတ်လိုက်လေရဲ့၊ ထိုလူကြီးက ကျုပ်လက်ကိုဆွဲပြီး နောက်ကျိနေတဲ့ကန်ဘက် ခေါ်သွားသဗျ၊ ပထမ ရေကြည်ကန်ထဲ သစ်ပိုင်းပစ်ထည့်သလို လှမ်းပစ်ပြတယ်၊ ရေပြင်ဟာ သစ်ပိုင်းအရှိန်ကြောင့် လှုပ်ယမ်းသွားတာပဲ ရှိတယ်၊ အခြားတစ်ခုမှ ထူးခြားမှု မတွေ့ရဘူး၊ သိချင်စိတ် နိုးဆွလာလို့ ကျုပ်က -

"ကျွန်တော် မျက်စိလည် နားရှုပ်သွားပြီ၊ ရှင်းပြပေးပါဦး - အဘ"

www.burmeseclassic.com

"အင်း – မင်းတို့လိုလူငယ်တွေ နားရှုပ်မယ်ဆိုလည်း နားရှုပ်စရာကွဲ့၊ ဒီကိစ္စဟာ တိရစ္ဆာန်တွေရဲ့လျှို့ဝှက်ချက်တစ်ခုပေါ့ကွာ၊ လူတွေအပေါ် မျက်စိလှည့်ပြီး ပဟေဠိထုတ်လိုက်တာပဲ"

"ဟာ – အဘပြောမှ ကျွန်တော် ပိုပြီးခေါင်းရှုပ်သွားပြီ"

"ဒီလိုကွ၊ ရေကြည်နဲ့ရေနောက် နှစ်ကန်ရှိတဲ့အနက် လူသားတစ်ဦးအနေနဲ့ ကန်ထဲဆင်းမယ်ဆိုရင် ဘယ်ကန်ထဲကိုဆင်းမလဲ"

ထိုလူကြီးက ကျုပ်ကို မေးခွန်းပြန်မေးနေတော့တယ်၊ ဒီလောက်ကတော့ ကျုပ်အဖို့ စဉ်းစားဉာဏ် မမဲ့သေးဘူး၊ ဒါကြောင့် ကျုပ်က –

"ရေကြည်တဲ့ကန်ထဲ ဆင်းမှာပေါ့"

"ဒီအဖြေစကားကို ကြည့်ကတည်းက မင်းမှာ အတွေ့အကြုံနည်းတာ ဖော်ပြနေတာပဲ၊ မိကျောင်းသတ္တဝါဟာ လူ့စိတ်ကို ကောင်းကောင်းသိတယ်ကွ၊ ဒါကြောင့် ဟိုဘက်က နောက်ကျိတဲ့ကန်ဟာ လူတွေ ထင်ယောင်ထင်မှားဖြစ်အောင် မိကျောင်းကြီးကိုယ်တိုင် မွှေနောက်ထားတာ၊ သူကတော့ လူတွေ မထင်မှတ်တဲ့ ရေကြည်ကန်မှာ ငြိမ်သက်ပြီး လှည့်စား အကွက်ဆင်နေတော့တာပေါ့"

"ဩ – ဒီလိုကိုး၊ မိကျောင်းဟာ တော်တော်ဉာဏ်မြေးတာပဲနော်"

ထို့နောက် ကျုပ်တို့နှစ်ဦး သစ်ပင်ရိပ်တစ်ရိပ်အောက်၌ ထိုင်လိုက်ကြတယ်၊ ထိုလူကြီးက ကျုပ်အကြောင်းကို မေးတယ်၊ ဒါနဲ့ – ကျုပ်က ကျုပ်မိဘတွေ ဘယ်သူဘယ်ဝါမသိကြောင်း၊ ကျုပ် နောက်ကြောင်းအားလုံး မေ့နေကြောင်း၊ မိကျောင်းကြီးတစ်ကောင်ကျောပေါ်မှာ ပါလာပြီး အခုလို တွေ့ကြုံရကြောင်း ရှင်းပြတယ်၊ ထိုလူကြီးက မိကျောင်းဖမ်းတဲ့ရေမုဆိုးဟု ဆိုလေရဲ့၊ ဒီအတွက်ကြောင့် ကျုပ်က လျှပ်တစ်ပြက် ပြောလိုက်တယ်၊

"ကျွန်တော့်ကို မိကျောင်းဖမ်းတဲ့ပညာ သင်ပေးပါ"



ဒီလိုနဲ့ ကျုပ်တို့နှစ်ဦး ထိုရေကန်အနီးမှ ထွက်လာခဲ့ကြတယ်၊ ထိုလူကြီးက သူ့အကြောင်း ပြောပြလေရဲ့၊ ရေမုဆိုး ဦးဖိုးထော်တဲ့၊ ကျုပ်ကို သနားသွားပြီး သူ့မိသားစုနဲ့နေဖို့ ခေါ်ခဲ့တယ်၊ ကျုပ်လည်း သူတို့နဲ့နေဖို့ ဆုံးဖြတ်ပြီး လိုက်လာမိတော့တယ်၊ တောထဲကနေပြီး ထွက်လာလိုက်ကြတာ မကြာမီ ချောင်းကလေးတစ်ခုအစပ်ရောက်လာသဗျ၊ လှေကလေးတစ်စင်းကိုလည်း တွေ့ရတယ်၊ ဒါနဲ့ အဘ ဦးဖိုးထော်က –

"တက်တော့လေ – မင်းနာမည် ဘယ်သူ"

ကျုပ်လည်း လှေကလေးပေါ် လှမ်းတက်လိုက်တယ်၊ အဘ ဦးဖိုးထော်တတော့ သစ်ပင်မှာ ချည်ထားတဲ့ကြိုး ဖြုတ်ပြီး လှေပေါ်တက်၊ ပဲ့ပိုင်းမှာသွားထိုင်ကာ လှော်ခတ်တော့တယ်၊ လှေလှော်နေရင်းမှ ကျုပ်ထံ လှမ်းပြောတယ်၊ ကျုပ်နာမည် ကျုပ်ပြောဖို့ မေ့နေတယ်၊ ဘာပြောရမှန်းမသိဘူး၊ ဒါနဲ့ အဘဦးဖိုးထော်ကပဲ –

"လူကလေးရဲ့နာမည်ကို မှတ်ထား၊ – ဖိုးအောင်"

ဒီနာမည်ဟာ ကျုပ်အတွက်တော့ ဝမ်းနည်းသံလား၊ ဝမ်းသာသည့်အသံလားပဲ၊ လတ်တလောအားဖြင့် ကျုပ်အတွက် ဒီနာမည်က တစ်စုံတစ်ခုအတွက် ထိရောက်မှုရှိနေမှာ အမှန်ပေါ့၊ ကျုပ်ဘဝရဲ့အကြောင်းတွေကို ပြန်လည်သတိ၊ အမှတ်ရလိုရငြား တွေးကြည့်မိပါသေးတယ်၊ ဒါပေမဲ့ – မည်သည့်ရရ ဘာအကြောင်းအရာတစ်ခုမှ စဉ်းစားလို့မရဘူး၊ ကျုပ် တစ်ခေါင်းလုံး ရှုပ်ပြီး တဆစ်ဆစ် နာကျင်ကိုက်ခဲလာရဲ့၊

ဒါနဲ့ တစ်နာရီကျော်ခန့်အကြာမှာ ချောင်းကမ်းပါးအနီး ဆောက်ထားတဲ့ အိမ်တဲတားတွင် လှေထိုးဆိုက်လိုက်တယ်၊ အိမ်ပေါ်ရောက်တော့ မိသားစုဝင်တွေနဲ့ မိတ်ဆက်ပေးတယ်၊ ဇနီးက ဒေါ်မှုံ၊ သားက မောင်စိုးတဲ့၊ ထို့နောက် အဘဖိုးထော်က နံရံမှာ ချိတ်ဆွဲထားတဲ့ဓာတ်ပုံကို လက်ညှိုးထိုးပြီးပြောတယ်၊

"အဲဒီပုံထဲက သမီးလေးဟာ အငယ်ဆုံးပေါ့၊ မြို့မှာ ကျောင်းတက်နေလေရဲ့…"

www.burmeseclassic.com

ကျုပ်ထပြီး ခြတ်ပုံရှေ့ရောက်သွားတယ်။ ခြတ်ပုံထဲက အမျိုးသမီးနဲ့ ကျုပ်အသက် မတိမ်းမယိမ်းပဲ။

"သမီးလေးနဲ့ သိလို့လားဟင်၊ လေးနလို့ ခေါ်တယ်"

ဒေါ်မွှေက ကျုပ်အနားလာပြီး ကြင်နာယုယစွာနဲ့ ပြောရှာတယ်။ ကျုပ်စိတ်ထဲ မြင်ဖူးသလိုလိုတော့ရှိသား။ တော်တော်ရင်းရင်းနှီးနှီးနဲ့ပါ။ ဘယ်မှာ ရင်းနှီးသလဲဆိုတာ စဉ်းစားမရဘူး။ ကျုပ်က ဦးခေါင်းယမ်းပြလိုက်တော့ သူတို့က ဆက်ပြီးမမေးတော့ဘူး။

ဒီလိုနဲ့ နောက်နှစ်ရက်လောက်ကြာတော့ လူကြီးနှစ်ဦး အိမ်ရောက်လာတယ်၊ ကျုပ်အခြားနေရာကိုရှောင်ထွက်သွားလိုက်တယ်၊ တအောင့်လောက်ကြာတော့ ကျုပ် ပြန်ရောက်လာသဗျ၊ ဧည့်သည်လူကြီးနှစ်ဦးကို မတွေ့ရတော့ဘူး။ နောက်တစ်နေ့ နံနက်ပိုင်းမှာ လှေတစ်စင်းနဲ့ ထွက်လာခဲ့ကြတယ်။ မိကျောင်းဖမ်းကိရိယာတွေ အစုံအလင်နဲ့ပေါ့။

ပဲ့ကိုင်က ကိုမောင်စိုး၊ လှေဦးမှာ အဘဖိုးထော်က ထိုင်လို့၊ ကျုပ်က သူ့ရဲ့နောက်မှာပေါ့။ ဒါနဲ့ သုံးနာရီခန့် လှော်ခဲ့ကြတယ်၊ ရွာတစ်ရွာရောက်ပြီး တံတား ရေဆိပ်တစ်ခုမှာ ဆိုက်လိုက်တော့ မနေ့က ရောက်လာတဲ့လူကြီးတစ်ဦးက ထွက်ကြိုလေရဲ့၊

"ခင်ဗျားတို့ မမှောင်ခင်တော့မှ ရောက်လာမယ်ထင်တာ၊ အခုတော့ ခပ်စောစော ရောက်ချလာတာပဲ"

"ဟုတ်တယ်ဗျို့ – ကျုပ်ရဲ့သားငယ်တစ်ဦး ပါလာလို့ အခုအချိန်လောက်က ထွက်လာခဲ့တာပါ"

ကျုပ်တို့ တဲအိမ်ပေါ်ရောက်တော့ စားသောက်စရာတွေနဲ့ ဧည့်ခံသဗျ။ အဘဖိုးထော်က မေးတော့ အိမ်ရှင်လူကြီးက –

"ဆရာဖိုးထော်ရေ – ဒီလိုဗျ – ကျုပ်တို့ ဒီချောင်းကလေးအတွင်းမှာ မိကျောင်းကြီးတစ်ကောင် ရောက်လာပြီး သောင်းကျန်းနေတာ၊ မနေ့က တစ်ယောက်နဲ့ဆို လေးယောက် သေဆုံးသွားပြီ၊ ဒီနယ်တစ်ဝိုက်မှာလည်း မိကျောင်းတွေရဲ့လှုပ်ရှားချက်တွေကို ကျွမ်းကျင်နားလည်တာ ဆရာဖိုးထော်ပဲ ရှိတယ်မဟုတ်လား"

"အင်း – ကျုပ်ကလည်း မိကျောင်းတွေနဲ့ ဘယ်လိုအထုံရေစက် ပါလာသလဲမသိဘူး။ မိကျောင်းအသံကြားတာနဲ့ ရောက်အောင်သွားပြီး ဖမ်းဆီးတဲ့အကျင့် ပါသဗျ"

ညနေစာ စားပြီးတော့ မိုးမချုပ်တချုပ်ဖြစ်လာသဗျ၊ ကျုပ်တို့လည်း မိကျောင်းဖမ်းဖို့ လှေနဲ့ ထွက်ခဲ့တယ်၊ ပဲ့ကိုင်ကတော့ ကိုမောင်စိုးပေါ့၊ လှေဦးထိပ်ပိုင်းမှာ အဘဖိုးထော် သူ့နောက်နားတွေတော့ မိကျောင်းထိုးမယ့်ကိရိယာများ၊ အဖျားတွင် ငါးမျှားချိတ်သဏ္ဌာန်ရှိပြီး သုံးပိသာခန့်လေးတဲ့ ငါးပေခန့်ရှည် မှိန်းတံတစ်ချောင်း။ ထိုမှိန်းတံနောက်များထိပ်တွင် သံကွင်းနဲ့ ကျပ်လုံးခန့် ကြိုးစတစ်ဖက် ချည်နှောင်ထားသလို၊ ကျန်ကြိုးစတစ်ဖက်ကို လှေတွင် ချည်ထားတယ်၊ အဲဒီကြိုးပုံကြီးနောက်မှာ ကျုပ်က ထိုင်လို့ပေါ့၊

အဘဖိုးထော်က ချောင်းအထက်ပိုင်းကို ညွှန်ပြပြီး လှော်ခိုင်းလေရဲ့၊ ချောင်းရေကို လက်ခုပ်နဲ့ခပ်ပြီး ငုံ့ငုံ့နမ်းနေသဗျ၊ ကျုပ်က အဘဖိုးထော်လုပ်နေသမျှကို စေ့စေ့စပ်စပ် လိုက်ကြည့်မှတ်သားနေမိတယ်၊ အလင်းရောင်ကို အမှောင်ထုက လွှမ်းမိုးသွားပြီ၊ ဒါကြောင့် ကျုပ်စိတ်ထဲ မသိုးမသန့်နဲ့၊ ကြောက်စိတ်တော့ မရှိဘူး၊ မိကျောင်းဖမ်းဆီးဖို့ ထွက်လာခဲ့တာပဲ၊ ပျော်သလိုလိုနဲ့၊

ဟုတ်တယ်၊ ကျုပ်ဘဝတစ်ခုလုံးကို အမှောင်ပိုက်သွင်းခဲ့တယ် မဟုတ်လား၊ တစ်နေ့နေ့ တစ်ချိန်ချိန် အဘဖိုးထော်လို မိကျောင်းဖမ်းသမား ဖြစ်ရမယ်ဆိုတဲ့စိတ်၊ ဒီစိတ်ဟာ မုန်းတီးစိတ်၊ အာဃာတထားတဲ့စိတ်၊ အငြိုးအတေးစိတ်လို့ပဲဆိုမလားပဲ၊ ကျုပ်ဘဝ အမှောင်ထဲလျှောက်လှမ်းဖို့ဝန်မလေးတော့ဘူး။ ကျုပ်က အဘဖိုးထော်ထံ စပ်စုကြည့်လိုက်တယ်၊

"အဘ – ချောင်းရေကိုလက်ခုပ်နဲ့ ခပ်နမ်းကြည့်တာ ဘာကြောင့်လဲဟင်"

"မိကျောင်းရှိတယ်ဆိုရင် ချောင်းရေဟာ ညှီစို့စို့အနံ့ရတယ်၊ ဒီလိုညအချိန် မိကျောင်းဖမ်းဆီးရတာ လွယ်တယ်လေ၊ ဒီကောင်တွေ ရေအောက်

www.burmeseclassic.com

အခုနပြောတဲ့အထဲမှာ ရေအောက်အသိုက်လို့ ပြောလိုက်တယ်မဟုတ်လား။ အဲဒါက ဒီလိုကွ–အဲဒီနေရာဟာ အခြားနေရာတွေထက် အညှိနဲ့ ပိုပြင်းထန်တယ်။ ချောင်းရဲ့ညာဘက် ခနိုတောတန်းပေါ့။ မိကျောင်းကြီးဟာ အမဲကောင်ရလာပြီဆိုရင် ချက်ချင်းမစားဘူး။ ပုပ်ပွမှစားတယ်။ ဒါကြောင့် ရေအောက်မှာရှိတဲ့ အသိုက်ထဲ ယူဆောင်လေ့ ရှိတယ်။



မှာ ကြာကြာမနေနိုင်ဘူး။ တစ်နာရီကျော်လောက်ဆို ရေပေါ်တက်၊ အသက် ရှူလေ့ရှိတယ်။ အဲဒီတော့ နှာခေါင်းနဲ့ မျက်လုံးတို့ဟာ မျက်နှာပေါ်မှာ မို့တက် နေလို့ နီရဲနေတဲ့မျက်လုံးတွေကို ညအမှောင်ထဲမှာ အထင်သား တွေ့နိုင် တယ်ပေါ့"

"အင်း – အချက်သိတော့လည်း မိကျောင်းဖမ်းရတာ အလွယ်ကလေး ပါလား"

ကျုပ်က စိတ်ထဲမှ ရေရွတ်မိလိုက်တယ်၊ ညအမှောင်ထုကလည်း တဖြည်းဖြည်း သိပ်သည်းလာနေတယ်။ ကျုပ်မျက်စိကျင့်သားမရှိသေးတော့ ဘာမှမမြင်ရဘူး။ ထိုစဉ် အဘဖိုးထော်က လှေပဲ့ကိုင်နေသော ကိုမောင်စိုး အား လေသံကြားရုံ လှမ်းပြောတယ်၊

"ရေသံ လုံပါစေဟေ့၊ မိကျောင်း ရှေ့နားလောက်မှာ ရှိနေတယ်"

ကိုမောင်စိုးကလည်း လှေလှော်ကျွမ်းကျင်ပါဘိ၊ ရေသံ လုံးဝမကြားရ တော့ပေ၊ ထိုအချိန် အဘဖိုးထော် မှိန်းတံ လှမ်းယူလိုက်တယ်၊ ကျုပ်ကို လည်း လေသံတိုးတိုးနဲ့ –

"လူကလေး – လှေဦးတည့်တည့်ကိုကြည့်စမ်း၊ အမှောင်ထဲမှာ နီနီရဲရဲ မီးနှစ်လုံး တွေ့တယ်မဟုတ်လား၊ အဲဒါ မိကျောင်းမျက်လုံးပေါ့"

ကိုမောင်စိုးကလည်း လှေလှော်ကျွမ်းကျင်၊ မကြာမီ မိကျောင်းနဲ့ မလှမ်း မကမ်း ရောက်လာသပေါ့၊ အဘဦးဖိုးထော်က မှိန်းတံကိုင်ပြီး မတ်တတ်ရပ် လိုက်တယ်၊ မိကျောင်းကလှေကိုဦးတိုက်ရှိနေသဖြင့်၊ ပစ်ကွင်းမကောင်းသဖြင့် လှေကိုနေရာပြောင်းရွှေ့လိုက်တဲ့အချိန်၊ မိကျောင်းကြီး ရေအောက်သို့ လျှပ် တစ်ပြက် ငုပ်လျှိုးသွားတော့တယ်၊

"တောက် – ဒီကောင်ကြီး – လူသားကို စားထားဖူးတော့ အကင်းပါးနေ ပြီတဲ့ – ပြန်ကြစို့ကွာ"

ကျုပ်တို့လည်း၊ တည်းခိုသည့် တဲအိမ်ဆီသို့ ပြန်လှည့်ခဲ့ကြတော့တယ်၊

—

တစ်ပတ်တိတိ ရှိခဲ့ပြီဖြစ်တယ်၊ မိကျောင်းကြီးရဲ့အစအနကို လုံးဝရှာမတွေ့ ရသေးပေ၊ ငြိမ်ချက်သား ကောင်းနေတော့တယ်၊ ဒီနေ့ ကျုပ်တို့လှုစ ညအချိန် မဟုတ်ဘဲ နေ့အချိန် ထွက်ခဲ့တယ်၊ လှေဦးမှာ ထိုင်နေတဲ့ အဘဖိုးထော်နဲ့ ပဲ့ကိုင်နေတဲ့မောင်စိုးတို့ဟာ ချောင်းရေကိုလက်ခုပ်နဲ့ခပ်ပြီး နမ်းကြည့်နေသဖြင့်၊ ကျုပ်လည်းခပ်ပြီး နမ်းကြည့်လိုက်၊ လှေကို ရှေ့ဆက်လှော်လိုက် လုပ်လေရဲ့၊

ချောင်းအထက်ပိုင်း တစ်နေရာရောက်တော့ အဘဖိုးထော်က ရှေ့ဆက် မသွားနိုင်းတော့ပါ၊ ကမ်းစပ်တစ်လျှောက် အကဲခတ် လှေလာနေလေတယ်၊ ဒါကြောင့် ကျုပ်က –

"အဘဖိုးထော် – မသင်္ကာစရာအနံ့အသက် တွေ့လို့လား"

www.burmeseclassic.com

"ဟုတ်တယ် - လူလေး။ ဒီမိကျောင်းဟာ ငါတို့ထင်တာထက် ပိုပြီးအကင်းပါးလွန်းတယ်၊ ဒီကမ်းခြေမှာ မိကျောင်းကြီး နိုအောင်းတဲ့ရေအောက်အသိုက် ရှိနေပြီ၊ ဒီကောင်ကြီးနဲ့ ညကျရင် တစ်ပွဲတော့ ကောင်းကောင်းနွှဲရပြီပေါ့ကွာ"

"ကျုပ်ကိုလည်း ပြောပြပါဦး - အဘဖိုးထော်"

ထိုအချိန် လှေကို နောက်ကြောင်းပြန်လှည့်လိုက်သဗျ၊ အဘဖိုးထော်က -

"အခုနပြောတဲ့အထဲမှာ ရေအောက်အသိုက်လို့ပြောလိုက်တယ်မဟုတ်လား၊ အဲဒါက ဒီလိုကွ - အဲဒီနေရာဟာ အခြားနေရာတွေထက် အညှီနံ့ ပိုပြင်းထန်တယ်၊ ချောင်းရဲ့ညာဘက်ခနီတောတန်းပေါ့၊ မိကျောင်းကြီးဟာ အမဲကောင်ရလာပြီဆိုရင် ချက်ချင်းမစားဘူး၊ ပုပ်ပွမှစားတယ်၊ ဒါကြောင့် ရေအောက်မှာရှိတဲ့အသိုက်ထဲ ယူဆောင်လေ့ ရှိတယ်"

"အဘဖိုးထော် - ရေအောက်မှာ ဘယ်လိုအသိုက် လုပ်ထားလဲဟင်"

"ရေတစ်ဝက်၊ ကုန်းတစ်ဝက်ပေါ့ကွာ၊ မိကျောင်းကြီးဟာ သူ့နေရာရောက်ရင် ရေအောက်ထဲ ငုပ်လျှိုးသွားမယ်၊ သူနေထိုင်တဲ့မြေအောက် လိုဏ်ခေါင်းထဲဝင်မယ်၊ လိုဏ်ခေါင်းကြီးဟာ ရေထဲကနေပြီး တဖြည်းဖြည်း ကုန်းဘက်မြေပေါ် ရောက်သွားတယ်၊ အဲဒီကုန်းမြေပေါ်မှာမှ အမဲကောင်တွေကို သိုလှောင်ထားတာလေ"

"ဖိုးအောင် - မင်းက အမေးအမြန်းအတော်ထူတာပဲ၊ လှေလာလှော်စမ်းကွာ"

ကျုပ်လည်း ပဲ့ပိုင်းသွားပြီး လှေလှော်တယ်၊ ကိုမောင်စိုးက ကျုပ်ရှေ့မှာ ထိုင်လို့ပေါ့၊

ဒီလိုနဲ့ တည်းနိုတဲ့အိမ်ပြန်ရောက် ညမိုးမချုပ်ခင် ထိုနေရာသို့ လာခဲ့ကြတယ်၊ အမှောင်ထုကလည်း ချောင်းရေပြင်ကို လွှမ်းမိုးနေပြီလေ၊ အဘဖိုးထော်ရဲ့မျက်လုံးတွေ ချောင်းပြင်နဲ့ မခွာတော့၊ ပဲ့ကိုင်တဲ့ကိုမောင်စိုးကလည်း အထူးသတိဝီရိယထားလျက်၊ သုံးနာရီခန့် စောင့်ဆိုင်းလိုက်ရင်ပဲ



မိကျောင်းကြီးဟာ ရေပြင်ပေါ် ဘွားခနဲ တက်လာသဗျ၊ မျက်လုံးတွေဟာ အမှောင်ထုထဲမှာ ရဲရဲတောက်လို့ပဲ၊ ကိုမောင်စိုးက လျင်မြန်စွာ ရှေ့တိုး လှော်ခတ်လိုက်သဗျ၊ အဘဖိုးထော်ကလည်း မှိန်းတံကို တဆဆနဲ့၊ မိကျောင်းကြီးဟာ သူ့နယ်မြေမှာ လွတ်လွတ်လပ်လပ်နဲ့ စိတ်ချလက်ချပေါ့၊ ဒီအခွင့်အရေးကိုတော့ အဘဖိုးထော်က ကောင်းကောင်းအသုံးချလိုက်သဗျ၊ မိကျောင်းကြီးရဲ့ညာဘက် မလှမ်းမကမ်းလည်းရောက်ရော မှိန်းတံကို အားကုန်ပစ်လွှတ်လိုက်တယ်၊ မိကျောင်းကြီးရဲ့ ခန္ဓာကိုယ်ထဲကို တန်းတန်းမတ်မတ် စိုက်ဝင်သွားတော့ ...။

မိကျောင်းကြီးဟာ ကြောက်လန့်တကြား အမြီးနဲ့ ရိုက်ပုတ်ပြီး တစ်ဟုန်ထိုးပြေးတော့တယ်၊ ထိုအချိန် ကိုမောင်စိုးက လှေမမှောက်အောင် ပဲ့ကို ကျွမ်းကျင်စွာ ကိုင်နေသလို၊ အဘဖိုးထော်က ကျုပ်ထံ လှမ်းအော်တယ်၊

"လူလေး - ကြိုးကို အလိုက်သင့်ဖြစ်အောင် ဂရုစိုက်ထား"

ဒီလိုနဲ့ မိကျောင်းကြီးဟာ မရပ်မနား ပြေးနေတော့တယ်၊ ကြိုးလွန်းခွေကုန်သွားလေပြီ၊ မိကျောင်းကြီးက အရှိန်ပြင်းပြင်းနဲ့ ပြေးလွှားနေလျက်၊ ဒီလိုနဲ့နေထန်းတစ်ဖျားရောက်တော့ ပြေးနွန်းကျပြီး ရေပေါ်မှာ ပက်လက်ကြီးပေါ့၊ အဘဖိုးထော်ဟာ အနားကပ်ပြီး မိကျောင်းကြီးကို ကြိုးတွေနဲ့ တုပ်နှောင်ပြီး တည်းနိုအိမ်ဆီသို့ သယ်ယူလာလိုက်တယ်၊ တည်းနိုအိမ်ရောက်တော့ အားလုံး ဝမ်းသာအားရ ကြိုဆိုကြတယ်၊ သူတို့ရွာမှာ မိကျောင်းအန္တရာယ် ကင်းရှင်းသွားပြီကိုး။

ကျုပ် မိချောင်းဖမ်းတဲ့အတွေ့အကြုံတွေ တော်တော်ရလိုက်သဗျ၊ အဲဒီနောက်ပိုင်းမှာ ကျုပ်နဲ့အဘဖိုးထော် နှစ်ယောက်တည်း။ တစ်ခါတစ်ရံ ကျုပ်နဲ့ ကိုမောင်စိုးတို့ပေါ့၊ အခုဆိုရင် အဘဖိုးထော် အသက်အရွယ်ရလာလို့ မိကျောင်းမဖမ်းတော့ဘူး၊ ကျုပ်နဲ့ ကိုမောင်စိုးပဲ ထွက်ဖမ်းတယ်၊ အခုအခါအောက်တောမှာ ကျုပ်တို့နှစ်ဦးတည်း နေသဗျ၊ အဘဖိုးထော်နဲ့ အရီးလေးအခုတို့က မြို့ပေါ်မှာ တက်နေကြတယ်လေ၊ သူတို့သမီး လေးနန့်နဲ့ပေါ့၊ အဲဒီကတည်းက အရီးလေးဒေါ်မှုံနဲ့ကျုပ် မတွေ့ကြတော့ဘူး၊ အဘဖိုးထော်တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ပဲ သွားလိုက်၊ လာလိုက်လုပ်နေတာ။ ဒီတစ်ခေါက် အဘဖိုးထော် ရောက်လာတော့ -

ဒီစကား ကြားလိုက်ရတော့ ကျုပ်စိတ်ထဲ တစ်မျိုးခံစားလိုက်မိတယ်။ ဘာလိုလိုနဲ့ ကျုပ် ဒီဒေသရောက်နေတာ သုံးနှစ်သုံးမိုး ရှိနေပြီမဟုတ်လား။ အဲဒီတော့ မြို့လိုက်ချင်စိတ် ဖြစ်မိတာအမှန်ပဲ။ အဘဖိုးထော်ပြန်တော့ ကျုပ်တို့နှစ်ဦးစလုံး လိုက်ခဲ့တယ်။ မြို့ထွက်တဲ့လိုင်းမော်တော်နဲ့ပေါ့။ မြို့ဆိပ်ရောက်တော့ ဒီနေရာ၊ ဒီဒေသကို ရောက်ဖူးသလိုလိုပဲ။ သဲသဲကွဲကွဲတော့ မမှတ်မိဘူး။ ဆိပ်ကမ်းအလုပ်သမားတွေ၊ ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားတဲ့ လိုင်းမော်တော်တွေ၊ ဆိပ်ကမ်းတစ်လျှောက် ထမင်းဆိုင်၊ ကွမ်းယာဆိုင်၊ ဝါးရွဲဒိုင်၊ ကြံရောင်းတဲ့ပွဲရုံတွေ ပျားပန်းခပ်မျှ စည်ကားလွန်းသဗျ။

ဆိုက်ကားဂိတ်မှာ ထိုးထားတဲ့ဆိုက်ကားတွေ ဈေးရုံကြီးတွေအထဲမှာ ရောင်းဝယ်သွားလာနေကြတာ အတော့်မျက်စိရှုပ်စရာပဲ။ ကျုပ်တို့သုံးဦး ဈေးရုံရှေ့နားရောက်တော့ ကျုပ်တို့နောက်ဘက်ကနေပြီး "တီ - တီ - တီ" နဲ့ တစ်ရှိန်ထိုးနင်းလာတဲ့ ဆိုင်ကယ်အသံကြားရလို့ လှည့်အကြည့် ကိုမောင်စိုးက -

"ရှေ့မှာဆိုင်ကယ် - ဖိုးအောင် - မြန်မြန်ရှောင်"

တဒင်္ဂအတွင်း ရှောင်တိမ်းလိုက်ပေမယ့် မလွတ်ဘူး။ ကျုပ်ကို အရှိန်ပြင်းပြင်းနဲ့ ဝင်တိုက်လို့ ဆိုင်ကယ်တခြား၊ လူတခြားနဲ့ပေါ့။ ကျုပ်ကလည်း လမ်းဘေးကို လွင့်စဉ်ကျသွားပြီး အုတ်ခဲတစ်လုံးနဲ့ ဦးခေါင်း ဆောင့်မိလိုက်တယ်။ "အင့်" ခနဲဖြစ်ပြီး ကျုပ် လောကကြီးနဲ့ အဆက်ပြတ်သွားသဗျ။ အဲဒီအချိန် ကျုပ်စိတ်ထဲမှာ တစ်နေရာကို ရောက်ရှိနေတာ အမှန်ပဲ။ လှေကြီးတစ်စင်း။ မိကျောင်းကြီးတစ်ကောင်ရဲ့ အမြီးနဲ့ ဦးခေါင်းတို့ဟာ ကျုပ်တို့လှေကြီးထက် ပိုရှည်လွန်းနေတာ တွေ့ရတယ်။ ကျုပ်ဖခင်ဦးမိုးကလည်း ရေတစ်ခွက်၊ ကွမ်းတစ်ယာနဲ့ လှေဦးမှာ အလုပ်ရှုပ်နေသဗျ။ ညအချိန် လှေဆိုက်တန်းအလယ် မှထပြီး အပေါ့သွားလို့ မိကျောင်းကြီးတစ်ကောင် အမြီးနဲ့ ရိုက်ချလိုက်တာ။

"အား ..."

— ❦ —



ကျုပ်ရဲ့နှုတ်က အသံထွက်သွားတဲ့အချိန် နားထဲမှာ ဆူညံသံတွေ ကြားလိုက်ရတယ်။

"လူလေး - ဖိုးအောင် - သတိရလာပြီ"

ထိုအသံကြောင့် ကျုပ်မျက်လုံး ဖွင့်ကြည့်မိလိုက်တယ်။ ကြွင်နာသော မျက်လုံးတွေနဲ့ ဝိုင်းဝန်းကြည့်ရှုနေကြသဗျ။ ကျုပ်မသိတဲ့မျက်နှာစိမ်းတွေ၊ ထိုအထဲက ကျုပ်အသက်နဲ့ ရွယ်တူမိန်းကလေး သူတစ်ယောက်ကိုတော့ သိသလိုလို၊ မှတ်မိသလိုလိုနဲ့ ဇဝေဇဝါပဲ။ ထိုအမျိုးသမီးက တအံ့တသြနဲ့ ဆုမ်းပြောတယ်။

"နင် - နင် - တန်းမြင့်ကျောင်းထွက်စာမေးပွဲ ဖြေပြီးတဲ့နောက်ပိုင်း ပျောက်သွားတဲ့တိုးမောင် မဟုတ်လား"

ကျုပ်မျက်လုံးတွေ ပြန်မှိတ်ပြီး သူမရဲ့စကားကို ပြန်စဉ်းစားနေမိတယ်။ ကျုပ်နှုတ်ကလည်း "တိုးမောင် - တိုးမောင်" နဲ့ မပွင့်တပွင့် ရေရွတ်နေလျက် ကျုပ်ရဲ့မှတ်ဉာဏ်တွေဟာ ပြေးလွှားဆော့ကစားနေလေရဲ့။ ဒီအချိန် အလင်းတန်းတစ်ခု ဖျတ်ခနဲ ဝင်ရောက်လာတယ်။ ကျောင်းတွေပြန်ဖွင့်လို့ပြန်စတက်တဲ့နေ့ကပေါ့။ မိုးက မစဲ့မပိုနဲ့ တဖွားဖွား ရွာသွန်းနေတုန်း။ ကျုပ်ရှေ့က မိန်းကလေးတစ်ယောက်က ကျော်အတက်။ မိုးရေကြောင့် ချော်နေတဲ့ သမံ တလင်းမှာ ရှေ့ကို ဟပ်ထိုးလဲအကျ၊ ကျုပ်က ဖမ်းအဆွဲ -

"ဟယ် - ကံကောင်းလို့ လေးနု - ချော်လဲမကျ" တဲ့။

တခြားမိန်းကလေးရဲ့အသံ။ လေးနုဆိုတဲ့မိန်းကလေးကတော့ ရှက်ကိုး ရှော်တန်းနဲ့ မျက်နှာတစ်ပြင်လုံး နီရဲနေသဗျ။ ကျုပ်က -

"ဘိုကလေး၊ ဒေါ်သုဓမ္မစာရီအင်္ဂလိပ်သင်္ဘြဲကျောင်းမှာ တက်ခဲ့တဲ့ လေးနု မဟုတ်လား"

ထိုမိန်းမပျိုက ခေါင်းညိတ်ပြလေတယ်။ ထိုစဉ် အမျိုးသမီးကြီးက ကြားပြီး တရ ဏာသက်စွာဖြင့် မေးပြန်တယ်။

"လူလေး ဖိုးအောင် - အရီးနဲ့ သူတို့တစ်တွေကော မှတ်မိလားဟင်"

တိုးအောင်နဲ့ ဖိုးအောင်ဆိုတာ ကျုပ်ရဲ့နာမည်ထင်တယ်။ တစ်ခုခုတော့ ထင်ခုပဲ၊ လူတစ်ယောက်ထဲက နာမည်နှစ်ခု။



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တစ်ယောက်ချင်း မျက်နှာတွေ စေ့စေ့စပ်စပ်ကြည့်ပြီး ခေါင်းယမ်းပြမိတယ်။ သူတို့အားလုံး မျက်နှာညှိုးကျကုန်သဗျ။ ဒီလိုနဲ့ နောက်တစ်နေ့မှာ ဆေးရုံက ဆင်းရတယ်ဆိုပါတော့ဗျာ။ သူတို့တွေအားလုံး ကျုပ်ကို လာကြိုကြပါတယ်။ ဒါနဲ့ကမ်းနားလမ်းအတိုင်းလျှောက်လာကြတယ်လေ။ ဘိုကလေးဈေးဝတီသဘော်ဆိပ်နားရောက်လာတော့ ကျုပ်တို့နဲ့ မျက်နှာချင်းဆိုင်မှ လျှောက်လာကြတဲ့ လူကြီးနဲ့ အမျိုးသမီးကြီးတို့က မျက်တောင်မခတ်ဘဲ ကြည့်နေကြလေရဲ့။ သူတို့က ကျုပ်နား ရောက်လာတော့ -

"သားလေး - တိုးမောင် မဟုတ်လားဟင်"

အမျိုးသမီးကြီးက ဝမ်းနည်းလှိုက်လှဲစွာ ပြောရှာတယ်။ ကျုပ်က ခေါင်းညိတ်လိုက်တော့ အမျိုးသမီးကြီးက အားရဝမ်းသာစွာ ပြေးဖက်ပြီး ငိုရှာတယ်၊ ကျုပ်နဲ့ပါလာတဲ့ လူတွေနဲ့ ထိုလူကြီးတို့ကလည်း စကားတိုးတိုးနဲ့ ပြောနေကြတယ်။ ကျုပ်မှတ်ဉာဏ်ထဲကနေတစ်ဆင့် -

"အဖေဦးမိုး မဟုတ်လားဟင်၊ အောက်တောဆင်းပြီး သစ်ခုတ်တဲ့ အလုပ် လုပ်တယ်လေ"

အခုမှ ကျုပ်ရဲ့မိဘအရင်းတွေနဲ့ ပြန်ဆုံရပြီလေ။ ကျုပ်တို့အားလုံး လှည့်ခဲ့ကြတော့ ကျုပ်တစ်ယောက် အသက်သခင် ကျေးဇူးရှင် အဘဖိုးထော်တို့အား သံယောဇဉ်နလုံးသားကို ရင်မှာပိုက်ပြီး လှည့်ကြည့်၊ လှည့်ကြည့်နဲ့ တဖြည်းဖြည်း ဝေးကွာသွားနေတော့တယ်။

➻ ဟိန်းထက်ဇော်




www.burmeseclassic.com

www.burmeseclassic.com

**ဖဲချိုးတစ်ယောက် တစ်နေ့နေ့ တစ်ချိန်ချိန်**

**ဖဲအလောင်းအစား ပြတ်တောက်ရမည့်အချိန်သို့**

**ရောက်လာသောအခါ ..**

"**စိန်ဝင်း**" ကိုကြည့်မိသူတိုင်း စိတ်မသက်သာ ဖြစ်ကြရ၏။

ဖြစ်မည်ဆိုလည်း ဖြစ်စရာပင်၊ စိန်ဝင်း၏ခေါင်း၊တွင် ပတ်တီးစည်းထားသည်၊ သွေးစသွေးနများက ပတ်တီးတွင် ယခုတိုင် ရှိနေဆဲ၊ ထိုမျှသာမက မျက်နှာမှာလည်း၊ ဒဏ်ရာဒဏ်ချက်တွေက အပြည့်၊ ဘယ်လက်တွေလည်း ပတ်တီးက စည်းထားသေးသည်၊ ဤမျှအထိ ဒဏ်ရာဒဏ်ချက်တွေနှင့် ဖြစ်နေသူကို မြင်ရသူမှာ အဘယ်မှာ စိတ်သက်သာရာ ရနိုင်အံ့နည်း၊

စိန်ဝင်း၊ ခုလိုဖြစ်နေတာကိုကြည့်ရင်း အချို့က သနားကြသည်၊ စုတ်တသပ်သပ်ဖြစ်ကြသည်၊ အချို့က မသနား၊

"ကောင်းတယ် - နည်းတောင်နည်းသေးတယ်၊ ကိုယ်ယူထားတဲ့မိန်းမကို ရှာမကျွေးတဲ့အပြင် နှိပ်စက်တဲ့ကောင်၊ ခံရနည်းသေး"

"အေးလေ - ဖဲသမားက ပိုက်ဆံလိုတော့ မိန်းမနားကပ် ဖြုတ်သတဲ့၊ ငါလိုမိန်းမမျိုးဆို တားနဲ့ ဗိုက်ကို ခွဲပစ်လိုက်မယ်မှတ် ..."



ထိုသို့ ပြောသူများလည်းအပြည့်၊ ဖြုံကြည့်လျှင် မကောင်းပြောသူက အများစု၊

စိန်ဝင်းကလည်း ပြောစရာပင်၊ မိန်းမတစ်ယောက် ယူပြီး ဘာအလုပ်မှ လက်ကြောတင်းအောင် မလုပ်၊ သူ့ဝါသနာက ဖဲ၊ ဖဲကို အရူးအမူးကိုးကွယ်သည်၊ ခုံမင်သည်၊ အပျော်တမ်းဖဲသမားကနေ အခုတော့ ကြေးစားဖဲသမား ဖြစ်နေပြီ၊

မိန်းမက မနက်စောစောမှာ အကြော်တွေကို ဗန်းထဲထည့်ပြီး ရပ်ကွက်ထဲ လှည့်ရောင်းသည်၊ မနက်ကိုးနာရီလောက်ကျတော့ တစ်မျိုးပြောင်းသွားသည်၊ အကြော်တွေမဟုတ်တော့၊ ဟင်းသီးဟင်းရွက်တွေဖြစ်သွားပြန်သည်၊ နေ့လယ်ထမင်းစားပြီးချိန်မှာတော့ ရပ်ကွက်ထဲလှည့်ပြီး အဝတ်တွေလျှော်၊ မီးပူတွေ တိုက်ပေး၊ ညနေကျတော့ စရေပန်းတွေကောက်ပြီး ကြိုးနှင့် သီရသည်၊

သားသမီးမရသေး၍ စံသာသည် ပြောရမည်၊ အခုလိုပုံစံနှင့်ဆိုလျှင် ကလေးမွေးရေးချ မလွယ်၊ ဤသို့ မိန်းမစမျာ ဖတ်ဖတ်မောအောင် လုပ်နေရရှာသည့် ယောက်ျားဖြစ်သူ အိမ်ထောင်ဦးစီးကတော့ ဖဲဝိုင်းရောက်နေ၏၊ ထမင်းနပ်တန် ထမင်းပြန်စားနိုင်အောင်လည်း မိန်းမက ချက်ပြုတ်ပေးထားရသေးသည်၊

အခုတော့ - ဖဲကြွေးဆပ်ဖို့ မိန်းမနားကပ်ကို လာဖြုတ်သည်၊ ဒီတစ်ခါတော့ မိန်းမဖြစ်သူက မခံတော့၊ မိသားစုအသိုင်းအဝိုင်းမှာ အမြဲမျက်နှာငယ်ခဲ့ရသည်၊ လင်ယောက်ျားက အသုံးမကျတော့ ဆွေမျိုးကြားမှာ ခေါင်းမော်နိုင်၊ ဒီကြားထဲ နားကပ်ကို လာဖြုတ်သည်၊

သည်နားကပ်က မိဘအမွေ၊ ရှိစု မဲ့စု ဒီတစ်ခုသာ ရှိတော့သည်၊ ဘယ်လိုလုပ်ပြီးတော့ လုံးဝဖြုတ်မပေးပဲခံချသည်၊ စိန်ဝင်းကလည်း ဖွတ်တောင်းသည်၊ မရတော့ ထွက်လာတော့ လက်က ပါလာသည်၊ "ဖျန်း" ခနဲ၊ "ဝုန်း" ခနဲ ဖြစ်ကုန်သည်၊

www.burmeseclassic.com

ရပ်ကွက်က သည်းမခံနိုင်တော့၊ စိန်ဝင်းကို မျက်မုန်းကျိုးနေကြတော့ သူတို့လင်မယား ရန်ဖြစ်နေတုန်း ဘယ်က ဝဲပျံလာမှန်းမသိသော ခဲလုံးက စိန်ဝင်းခေါင်းကို "ခွပ်" ခနဲ ထိသွားသည်။

အရှိန်ပြင်းတော့ ခေါင်းကွဲရပြီပေါ့။ စိန်ဝင်း လဲကျသွားချိန်မှာ ဒေါ်သ ငယ်ထိပ်ရောက်နေတဲ့မိန်းမက သစ်သားတုံးဖြင့် ထုရိုက်သည်။ စိန်ဝင်း တစ်ကိုယ်လုံး ဒဏ်ရာတွေအပြည့်။ ဒီတော့မှ လက်လွန်မည်စိုး၍ စိန်ဝင်း မိန်းမကို ဝိုင်းဆွဲ၍ ဖျောင်းဖျကြသည်။ စိန်ဝင်းကိုတော့ ဘယ်သူမှမဆွဲ။

အခုတော့ မြင်တဲ့အတိုင်းပါပဲ။

စိန်ဝင်းတစ်ကိုယ်လုံး ပတ်တီးတွေအပြည့်။ မြင်ရတဲ့သူတိုင်း စိတ် မသက်သာ။

အနာတွေ ကျက်စပြုချိန်မှာတော့ စိန်ဝင်းနှင့် ဦးလေးတော်စပ်သူ ဗိန္ဓော ဆရာကြီး ဦးကြာပေါ်တစ်ယောက် ရောက်လာခဲ့ပါသည်။ ဦးကြာပေါ်က စိန်ဝင်းကိုကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေပြီးမှ အခုလို ရှင်းပြပါ တော့သည်။

"ငါ့တူစိန်ဝင်း - မင်းတယ်မိုက်တဲ့အကောင်ပဲ။ ဖဲရိုက်လို့မိုက်တယ်ပြော တာမဟုတ်ဘူး။ ဖဲကို နိုင်အောင်မရိုက်လို့ မိုက်တယ်ပြောတာ ..."

"ဗျာ ..."

"ဟုတ်တယ်ကွ - မင်းစဉ်းစားကြည့်၊ မင်းက အလုပ်မလုပ်ဘူး။ ဖဲပဲရိုက် တယ်၊ မင်းမိန်းမခမျာမှာတော့ အမျိုးမျိုး ရုန်းကန်လှုပ်ရှားနေရတယ်။ ဒီတော့ - ပတ်ဝန်းကျင် ဆွေမျိုးသားချင်းတွေရဲ့အမြင်မှာ ဘယ်သူမှားသလဲ ဆိုရင် မင်းအမှားလို့ပဲ လက်ညှိုးထိုးမှာပဲ။ အိမ်း - တကယ်လို့ ငါ့တူက ဖဲရိုက် တိုင်း နိုင်ပြီး ငွေထုပ်ပိုက်ပြီး ပြန်လာရင် မင်းမိန်းမလည်း ဒီလိုဒုက္ခမခံရဘူး မင်းကိုလည်း အပြစ်မမြင်ကြတော့ဘူး။ ဒါ - လူ့သဘာဝပဲ။ ဒီတော့ - မင်းတ ဒီဝါသနာကို မစွန့်နိုင်ဘူးဆိုရင် ဖဲရိုက်ရင် နိုင်အောင်ရိုက်ပါ"

ဦးလေးဖြစ်သူ၏စကားကြောင့်စိန်ဝင်းခေါင်းရှုပ်သွားရသည်။ ခွတီးခွတ စကားဟု မြင်မိသည်။



"ဦးလေးရယ် - ကျွန်တော်လည်း နိုင်ချင်လို့ ရိုက်တာပေါ့၊ ဦးလေးပြော သလို အိမ်ကို ငွေထုပ်ပိုက်ပြီး ပြန်ချင်တာပေါ့။ ရှုံးချင်လို့ ရိုက်တယ်ဆိုတဲ့လူ ရှိလို့လားဗျာ၊ နိုင်ချင်တိုင်းနိုင်အောင် လုပ်လို့မှမရတာ"

"ရတယ် - ငါ့တူ၊ နိုင်ချင်ရင် နိုင်ရမယ်"

"ဗျာ - ဟာ - ဦးလေးကလဲ၊ မနောက်ပါနဲ့ - ဦးလေးရာ"

"မနောက်ပါဘူး - ငါ့တူရာ။ ဒီမှာ - မင်းဒီဝါသနာကို မစွန့်နိုင်ဘူးမဟုတ် လား၊ ကောင်းပြီ - ဖဲရိုက်တဲ့ နိုင်စေတဲ့နည်း ဦးလေးမှာ ရှိတယ်၊ ငါ့တူ လိုချင် သလား"

"ဟာ - ဖဲရိုက်တိုင်းနိုင်တဲ့နည်း - ဟုတ်လားဦးလေး၊ ကျွန်တော့်ကိုသင် ပေးပါဗျာ ..."



www.burmeseclassic.com

စိန်ဝင်းမှာဦးလေးဖြစ်သူစကားကြောင့်ဝမ်းသာအားရဖြစ်ကာ အသည်းအသန်တောင်းဆိုပါတော့သည်။

"အေးလေ - မင်းကိုပေးချင်လို့ ဒီအထိ ငါလာခဲ့တာပဲ၊ ဒါပေမဲ့ - လွယ်လွယ်နဲ့တော့ မရဘူး၊ ပြီးတော့ - ကတိတွေ ပေးရမယ်၊ ဒါကတော့ - အချိန်တစ်ခု သတ်မှတ်ပေးရမယ်၊ သုံးလဆို သုံးလ၊ တစ်လဆို တစ်လ၊ တစ်နှစ်ဆို တစ်နှစ်ပေါ့၊ ဒီကာလအတွင်းမှာပဲ ဖဲကစားမယ်၊ ကြောက်ရင် မကစားပဲ လုံးဝရပ်လိုက်ရမယ်၊ ကစားစဉ်မှာလည်း တစ်နေ့ကို ဘယ်လောက်နိုင်ရင်တော်ပြီ၊ ကြောက်ရင် ဆက်မကစားပဲ ရပ်မယ်လို့ ကတိပြုရမယ်၊ ဒီလိုကတိမျိုးပေးနိုင်ရင် မင်းကို ဖဲရိုက်တိုင်းနိုင်တဲ့ဖဲမျော် သွင်းပေးမယ်ကွ"

"ဟာ - ဝမ်းသာလိုက်တာ - ဦးလေးရာ၊ ပေးပါ့မယ် - ဦးလေးပြောတဲ့ ကတိတွေကို ရဲရဲကြီး ပေးပါ့မယ်၊ ကျွန်တော်ကလည်း အကြွေးတွေ ကျေ ချင်လွန်းလို့ပါ၊ အကြွေးကျေရင် ကျေနပ်ပါပြီ၊ ထပ်မမိုက်တော့ပါဘူး၊ လုပ် ပါ - ဦးလေးရာ"

"ကောင်းပြီလေ - ဒါဆိုလည်း ပေးရတာပေါ့၊ ဒါပေမဲ့ - ပြောရဦးမယ်၊ ဒီနည်းက လွယ်လွယ်လေးလို့တော့ မထင်နဲ့၊ လူတစ်ရာမှာ တစ်ယောက် အောင်မြင်ဖို့ မလွယ်ပေဘူး၊ ဒါနဲ့ - ငါ့တူက ကြောက်တတ်သလား"

"ဗျာ - ဘာကိုလဲ - ဦးလေး"

"သြော် - သရဲတွေ၊ တစ္ဆေတွေများ ကြောက်တတ်လားလို့"

"ဟာ - မကြောက်ဘူး - ဦးလေး၊ စိတ်ချ - ဒါတွေကိုအယုံအကြည်လည်း မရှိဘူး၊ ကြောက်လည်း မကြောက်တတ်ဘူး"

"ကောင်းပါလေရဲ့ကွယ် - ငါ့တူ လုပ်ရမှာက သချိုင်းကုန်းမှာ လုပ်ရမှာ၊ ည(၁၂)နာရီအတိမှာ လုပ်ရမှာ၊ အဖော်မပါ တစ်ကိုယ်တည်း လုပ်ရမှာ၊ ဘယ်နှယ့်လဲ - သတ္တိရှိရဲ့လား"

"အိုဗျာ - ဦးလေးပြောသလိုသာ ဖဲရိုက်တိုင်း နိုင်မယ်ဆိုတာ သေရာရင် လုပ်မယ်ဗျာ၊ လုပ်ရဲတယ်၊ သတ္တိရှိတယ် - ဦးလေး၊ ဘာမှမကြောက်ဘူး"



အမှန်ကစိန်ဝင်းမှာပင်ကိုကစိတ်မခိုင်သူ၊ စိတ်ပျော့ညံ့သူဖြစ်၏၊ တစ္ဆေ သရဲများကိုလည်း အလွန်ကြောက်တတ်သူ ဖြစ်သည်၊ သို့သော် ယခုအချိန် ...တာလဉ္စ ထိုပညာကို လိုချင်လွန်း၍သော်လည်းကောင်း၊ ရှုံးကြွေးများကို ...ဆပ်ချင်လွန်း၍လည်းကောင်း၊ လက်ညှိုးပေါင်းများစွာ၏ထိုးနှက်ချက်ကို ...လည်ချေဖျက်လို၍သော်လည်းကောင်း "မကြောက်" ဟု ပြောလိုက်ခြင်း ...သည်။

"ဟုတ်ပြီ - ဒါမှ ငါ့တူကွ၊ တစ္ဆေ၊ သရဲဆိုတာ ဘာကြောက်စရာမှတ်လို့၊ ...ဘ ဒင်းတို့ထက် အဆင့်မြင့်တယ်၊ ဒီမှာ ငါ့တူ - မင်း ဖဲမျော် အောင်ကို ...အောင်စေရမယ်မှတ်"

ထိုစကားကြောင့် စိန်ဝင်းမှာ လွန်စွာအားတက်သွားရသည်၊ နာကျင် ...သော ဒဏ်ရာများကိုပင် အမှုမထားနိုင်တော့၊ ရွှင်မြူးစွာဖြင့် ထခုန်မိ ...တော့သည်။

ထို့နောက် ဦးလေးဖြစ်သူဦးကြာပေါက စိန်ဝင်းကိုခေါ်ကာ လိုအပ်သည် ...ကို အသေးစိတ် စီစဉ်ညွှန်ကြားပါတော့သည်၊ စိန်ဝင်းမှာလည်း ချက် ...င် လိုအပ်သောပစ္စည်းများကို စုဆောင်းရှာဖွေတော့၏။

"မည်သူ့ကိုမျှ မပြောရ၊ မည်သူမျှ မသိစေရ" ဟု အတိအကျ ညွှန်ကြား ...၍ ညနေ နွားရိုင်းသွင်းချိန်၌ စိန်ဝင်းသည် ရွာတော်ရှင်နတ်နန်းသို့ ...တိုယ်တည်း ထွက်လာခဲ့တော့သည်၊ အသင့်စီမံလာသော လက်ဖက် ...ခွဲ နှင်းဆီအနီတစ်ပွင့်ကို နတ်ကွန်း၌ ရှိသေစွာ ဆက်ကပ်၍ -

"ရွာတော်ရှင်မကြီးခင်ဗျား - ကျွန်ုပ်အမိုက်အမဲ စိန်ဝင်းမှာ လည်ပင်းနစ် ...င် ဖဲကြွေးများတင်နေပါပြီ၊ ထိုအတွက် ရွာတော်ရှင်၏ မေတ္တာ၊ ကရုဏာ ...ခံယူ၍ ရွာသချိုင်းသို့ ယနေ့ညသန်းခေါင်ယံတွင် ဖဲမျော်သွင်းမည့်အရေးကို ...စောင့်ရှောက်တော်မူပါ၊ ပူဇော်ပသပါသည်၊ အရှင်မ၏ စောင့်ရှောက် ...ခံယူပါသည်၊ သားတော်အား ဖဲမျော်အောင်မြင်အောင် စောင့်ရှောက် ...တော်မူပါ ခင်ဗျာ"

www.burmeseclassic.com

ရွာတော်ရှင်နန်း၌ တိုင်တည်ဆုတောင်း၍ ပြန်လာခဲ့၏။

သန်းခေါင်ယံရောက်သည်နှင့် စိန်ဝင်းတစ်ယောက်က သချိုင်းကုန်းကို ရောက်နေပြီ။ လောလောလတ်လတ်သေထားသော လူသေမြှုပ်ထားရာ မြေပုံကိုလည်း ကြိုတင်ကြည့်ရှုထားပြီးဖြစ်သည်။ ထိုနေရာသို့ ဓာတ်မီးတစ် လက်ဖြင့် လျှောက်လာခဲ့သည်။

နဂိုကပင် ကြောက်တတ်သောစိန်ဝင်းမှာ စိတ်ကိုမာန်တင်း၍မကြောက် တတ်သောပုံစံဖမ်း၍ လုပ်ကိုင်နေရ၏။ စိတ်တင်းထားရလွန်း၍ ချွေးများပြ ပျံနေမိသည်။ စိန်ဝင်းသည်လူသေမြှုပ်ထားရာမြေပုံနံဘေး၌ဖျာကိုခင်းသည်။ ဆီမီးခွက်ကို ထွန်းသည်။ လေတိုက်ရင် မငြိမ်းအောင် အကာအရံများ ပြုလုပ်သည်။

ထို့နောက် လွယ်အိတ်ထဲမှ ဖဲထုပ်အသစ်ကို ထုတ်၍ ကုလားဖန် ထိုး လိုက်ပြီးနောက် ကိုးမီးဖဲကစားရန် ငါးအိမ်စာ ဖဲဆယ့်ငါးရွက်ကို ဖဲပုံထဲမှ ထုတ်၍ ဖဲဆင်လိုက်သည်။ မိမိမှာ ဒိုင်ကိုင်ရမည်ဖြစ်၍ တစ်သုံးလုံးကို ဦးစွာ ရွေးထုတ်ထားပြီး ဖြစ်သည်။

ထို့နောက်တွင်မှ -

"ကဲ - သချိုင်းမှာ မှီတင်းနေကြတဲ့ မိတ်ဆွေတို့၊ ဖဲကစားချင်တဲ့သူတွေ လာကြ၊ လာကြ။ ငါးအိမ်ပဲ ခေါ်ထားတာနော်။ နောက်ကျရင် ထိုးအိမ်မရဘဲ ကပ်တိုးဖြစ်နေမယ်နော်။ မြန်မြန်လာကြ။ စိန်ဝင်း ဒိုင်ကိုင်မယ်။ မြန်မြန် အိမ်လာယူကြ၊ လာထိုးကြ။ ကိုးမီးကိုင်မယ်။ ငါးအိမ်ပဲနော်။ ခေါ်တုန်း လာ ထားကြ"

စိန်ဝင်းက ဖဲပုံကို တဖတ်ဖတ်ရိုက်ရင်း အိမ်ခေါ်၏။ ဦးလေးဖြစ်သူ ပြော တုန်းကတော့ ယုံတစ်ဝက်၊ မယုံတစ်ဝက်။ အခုတော့ ဟာခနဲ ဖြစ်သွားပြီ။

လား - လား - သချိုင်းမှ ဖဲကစားကြမည့် တစ္ဆေ၊ သရဲများ၏ လက်မည်း မည်းကြီးများ ထွက်ပေါ်လာသည်။ အမွေးမျှင်များနှင့် ကြောက်မက်ဖွယ် လက် မည်းကြီးများက "တဘုတ်ဘုတ်" နှင့် ဖျာပေါ်ကျလာ၏။ မျက်နှာကိုမကြည့် ရဟု ဦးလေးဖြစ်သူ၏အမှာစကားကြောင့် ခေါင်းငုံ့ပြီး ဖဲချပ်တွေကို ငါးအိမ်



ဝေပေးနေရသော်လည်း သူ့လက်တွေက တုန်နေပြီ။ ဇောချွေးတွေလည်း ပြန်နေပြီ။ ထပြေးချင်စိတ်ကို မနည်းချုပ်တည်းထားရသည်။ ကြောက်စိတ်ကို အံတင်းတင်းကြိတ်ရင်း တင်းခံကာ ဖဲဝိုင်းကို ဟန်မပျက်ထိန်းလုပ်နေရ၏။

"ဖဲမှော်ကို အောင်အောင်သွင်း၊ မအောင်ရင် မင်းဒုက္ခရောက်မယ်၊ ပြီးတော့ - တစ်ခါမအောင်ရင် နောက် ဘယ်တော့မှ မအောင်တော့ဘူးမှတ်" ဟု ဦးလေး၏အမှာစကားကြောင့် စိတ်ကိုတင်း၍ လုပ်နေရခြင်း ဖြစ်သည်။

"အိမ်ယူကြ၊ စားကြမှာတော့ ဟုတ်ပြီ၊ ဒါပေမဲ့ - ဘယ်မှာလဲ ပိုက်ဆံ၊ တစ်ပြားတစ်ချပ်မှ မမြင်ပါလား။ ပိုက်ဆံ ထည့်ထိုးကြလေ ..."

ချက်ချင်းပင် ထိုးအိမ်နေရာသို့ မတ်စေ့တွေ "တရွှန်းရွှန်း" နဲ့ ကျလာ တော့သည်။ ၎င်းမတ်စေ့များမှာ လူသေပါးစပ်ထဲမှ ကူးတို့ခများဟု သိလိုက် ရသောအခါမှာတော့ ကြက်သီးထသွားရ၏။ တံတွေးကိုပင် "ဂလု - ဂလု" နှင့် မနည်းမျိုချနေရသည်။ သို့သော် ဖဲမှော် အောင်မှဖြစ်မည်။

"ဖဲပစ်မယ် - လက်ရှောင်၊ အားလုံး - လက်ရှောင်"

စိန်ဝင်းက ကတုန်ကယင် လေသံဖြင့် ပြောရင်း ကျန်ဖဲနှစ်ချပ်စီကို ဆက် ဝေပေးလိုက်သည်။ အသံကသာ ကတုန်ကယင်ဖြစ်သည်မဟုတ်၊ သူ့ရင် ထဲမှာလည်း ကတုန်ကယင်ဖြစ်နေရပြီ။

"ကဲ - လှန်ကြစမ်း - တင်စမ်း။ ကင်းသုံးလုံး - တယ်ဟုတ်ပါလား၊ ဘာ - ဒီမှာလည်း ကင်းသုံးကောင်၊ ဒီမှာလည်း ဂျက်သုံးဂျက်၊ ဆယ်မှန်းဘူ အောက်ယောက်မကျန် စားမယ်၊ ဟောဒီမှာကြည့် - တစ်သုံးလုံး၊ အကုန် စားပြီဟေ့ - ဟား - ဟား - ဟား"

ဖဲချပ်နှင့် မတ်စေ့ကို သိမ်း၍ တဟားဟားရယ်နေရသော်လည်း စိတ် ထဲတမူ ကြောက်သထက်ကြောက်၊ လန့်သထက် လန့်လာပြီး လက်မည်း မည်းကြီးများကိုပင် စေ့စေ့မကြည့်ရဲတော့။

သို့သော် နောက်နှစ်ပွဲ ကျန်သေး၍ စိတ်တင်းရန် ဖဲဆင်ရင်း ကုလားဖန် ထိုးလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ထိုးကြ - ထိုးကြ၊ ဖဲဆိုတာ ငါးပျံတစ်လှည့်၊ ဗုံလုံတစ်လှည့်၊ သူ့အလှည့်ပြီး ကိုယ့်အလှည့်၊ မထိုးပဲနဲ့တော့ မနိုင်ဘူး၊ နိုင်ချင်ရင် ထိုးကြ"

ဒုတိယအချီ ကစားကြပြန်သည်။ စိန်ဝင်းပင် အနိုင်ရပြန်သည်။ ဒီလိုဖြစ်အောင်လည်း ဖဲဆင်ပြီးသား၊ တစ္ဆေ၊ သရဲတွေနှင့် ကစားရာတွင် ရှုံးလို့မဖြစ်၊ မနိုင်၊ နိုင်အောင် ကြံစည်ထားရသည်။

"ကဲ - နောက်ဆုံးအချီ၊ ရေကုန်ရေခန်းပဲဟေ့၊ ပိုင်မနေနဲ့ - မှိုင်မနေနဲ့၊ ကိုယ်ထိုးမှ ကိုယ်ရမှာ - ဟီး - ဟီး - ဟီး"

ကြောက်စိတ်ပြေ၍ ဟန်လုပ်ရယ်လိုက်ခြင်းသာ ဖြစ်သည်။

ဤတစ်ကြိမ်သည် နောက်ဆုံးအကြိမ်မို့ လွန်စွာအရေးကြီး၏။ တကယ်ထိပ်တိုက်တွေ့မည့်အချိန်မို့ စိန်ဝင်းရင်သည် တဒိတ်ဒိတ် ခုန်နေ၏။ ပိုက်ဆံတောင်းတော့ မတ်စေ့တွေက ဖြိုးဖြိုးဖြောက်ဖြောက် ကျလာပြန်သည်၊ မတ်စေ့ကျသံကိုပင် လန့်နေမိသည်။

"ကဲ - ထိုး - ထိုးပြီးကျပလား၊ ပြီးရင် - လက် - လက်ရှောင်ကြ"

ကျန်ဖဲနှစ်ချပ်ကို အိမ်ဖေပစ်ပေးလိုက်သည်၊ ထိုးသားများက သူ့ဖဲသူကောက်သွားကြပြီ၊ စိန်ဝင်းဆင်ထားသည်က အမှားအယွင်းမရှိ၊ ဆင်ထားသလို ဖြစ်လာသည်၊ နောက်ဆုံးအကြိမ်၌ ထိုးအိမ်မရသော သရဲ၊ တစ္ဆေများက ဝင်နောင့်တတ်သည်၊ ဒိုင်ဖဲကို ကြားညှပ်၍ လဲတတ်သည်။

ထို့ကြောင့် နောက်ဆုံးအချီ ဖဲဆင်၊ ဖဲပေးကအစ အထူးသတိထားရသည်၊ ဖဲသုံးချပ်စီ ပစ်ပေးပြီး ဖဲပုံကို မသိမသာဖြင့် လွယ်အိတ်ထဲ ထည့်လိုက်သည်။

"ကဲ - အားလုံးလှန်၊ ဖွင့်လိုက်ကြစမ်း၊ လက်ရှောင် အမြင်ပြ"

ဖဲအိမ်တွေ မှောင့်ကျလာသည်၊ လက်ထိပ်အိမ်ကို စားသည်ဟု ကောက်သိမ်းလိုက်သောအခါ သူ့ရင်သည် ဖတ်ခနဲ၊ ဖတ်ခနဲ သိသိသာသာ တုန်ခါသွား၏။

"ကဲ - ဒိုင်ဖဲပြမယ်၊ တစ်ကို ရှောင်၊ အိုအောင် မဆင်းရဲ - ဖောင်း"



ကုလားနှစ်ကောင်နှင့် ကိုးဖဲချပ်ကို အပေါ်ဆုံးတင်ကာ သူရိုက်ချလိုက်သည်၊ အသံက သချိုင်းတစ်ခုလုံးပဲ့တင်ထပ်သွားသည်၊ တစ်ကိုယ်လုံးလည်း နတ်ကျသလို တဆတ်ဆတ် တုန်ခါလို့။

"အားလုံးစားတယ်၊ တစ်ရှောင်ထိုး - တစ်မိုးစား"

ဟု စိန်ဝင်းအော်ကာ ဖဲချပ်များနှင့် မတ်စေ့များကို ကပျာကယာ သိမ်းကျုံး၍ လွယ်အိတ်ထဲထည့်ပြီး ဆီမီးခွက်ကို ဖူးခနဲ မှုတ်ငြိမ်းလိုက်သည်၊ ငြိမ်းမိသော အောင်ပြီ၊

ချက်ချင်း မှောင်မည်းသွားသော ထိုနေရာမှ လှတ်မြောက်ရန် ထလိုက်ချိန်မှာပင် အမှောင်ထဲမှ လက်တစ်ဖက်က သူ့ခြေထောက်ကို လာဆွဲ၏။

"နေပါဦး၊ - ဆက်ကစားမယ်၊ ပွဲမရပ်နဲ့ဦး၊ ကျုပ်တို့မှာ ငွေတွေ ရှိသေးတယ်"

အသံက လူမမာညည်းတွားသံလိုလို၊ မပီမသငိုရှိုက်သံလိုလို၊ ထို့ပြင် အကြား လူဝယ်၊ ကလေး၊ မိန်းမတို့၏ အသံများကိုလည်း ကြားလာရသည်၊

"တစ္ဆေ၊ သရဲတွေ လိုက်ဆွဲလိမ့်မယ် - ဂရုမစိုက်နဲ့၊ ဘာမှမကြောက်ပဲ ရောက်အောင် ပြေး၊ သူတို့ နောက်က လိုက်လာလိမ့်မယ်၊ ဒါပေမဲ့ - ရွာဘုန်းကြီးကျောင်းမကာ မင်းကို ကူညီပေးလိမ့်မယ်၊ သူ့ရွာထဲ တစ္ဆေ၊ သရဲ အဝင်မခံဘူး၊ အရေးကြီးတာက ရွာထဲကို မင်းရောက်ဖို့ပဲ၊ ဒါဆို - ဖဲမှာ်အောင်ပြီ၊ ကြိုက်တဲ့နေရာ သွားကစားတော့၊ မင်းပါးစပ်က တစ်သုံးလုံးဆိုတစ်လုံးသုံး၊ ကုလားကောင်ဆို ကုလားသုံးကောင် ဖြစ်ပြီမှတ် ..."

ဦးလေး သင်ပေး မှာကြားသည်ကို သူ ကောင်းကောင်းမှတ်မိသည်၊ ထို့ကြောင့် အတင်းရုန်းကန်၍ -

"တော်ပြီ - တော်ပြီ - မကစားတော့ဘူး"

ဟု တွင်တွင်ပြော၍ ရွာဘက်သို့ ပြေး၏၊ အမှောင်ထဲက တစ္ဆေတွေက အတင်းဝင်ဆွဲသည်၊ သူ့ပခုံးမှ လွယ်အိတ် ပါသွားလေပြီ၊ သို့သော် ဖဲမှာ်အား၊ အတင်းထိုးထွက်၍ ဖွတ်ပြေးသည်၊



www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး – ကျုပ်တို့ ကစားချင်သေးတယ်။ ဆက်ကစားကြမယ်"

ကြောက်မက်ဖွယ်အသံသြသြကြီးနှင့်အတူလက်တစ်ဖက်ကစိန်ဝင်း၏ ပုဆိုးကို ဆုပ်ဆွဲမိသွားသည်။

"ဘုရား – ဘုရား – ကယ်ပါ"

စိန်ဝင်း ဘုရားတ,နေရပြီ။ အသက်ရှူမှားနေရပြီ။

ရုန်းသည်၊ မရ။ တစ္ဆေက သူ့ပုဆိုးကိုဆွဲထားပြီးနောက်ထပ်လက်များက လည်းရောက်လာချေပြီ။ စိန်ဝင်းမှာ ပုဆိုးကို ချွတ်ချလိုက်သည်။ ဖဲသမားပီပီ အတိုအလျှို လုပ်နိုင်ရန် ဝတ်ထားသော အတွင်းမှ ဘောင်းဘီတိုပါ၍ တော် သေးသည်။ အရေးကြီးတာက သရဲ၊ တစ္ဆေလက်မှ လွတ်မြောက်ဖို့၊ ရွာကို မြန်မြန်ရောက်ဖို့ ...။

ဘာကိုမှ အမှုမထားဖြစ်တော့။ လက်တွေရန်မှ လွတ်ဖို့ အတင်းရုန်း ထွက်ပြေးသည်။ သူ့နောက်တွင် အသံသေး၊ အသံကြောင်ဖြင့် ဟစ်အော်၍ လိုက်လာသော ခြေသံ တဝုန်းဝုန်းကို ကြားနေရသည်။ အမှောင်ထဲမှာမို့ ခရီးက မသာ။

- သူ့ခါးကို လက်တစ်ဖက်က လာဖက်သည်။ ခြေထောက်ကို ဆွဲသည့် အကောင်က ဆွဲသည်။ စိန်ဝင်းမှာ ဆောက်တည်ရာမရစွာဖြင့် အလဲလဲ အပြိုပြို။ အမွေးထူထူ လက်ကြီးတစ်ဖက်က သူ့လည်ပင်းကို လာဖက်မိချိန် မှာတော့ -

"ကယ်ကြပါဦး – လုပ်ကြပါဦး။ ကျုပ်ကို တစ္ဆေကောင်တွေ ဝိုင်းဆွဲနေကြ ပြီ၊ ကူကြပါဦး – ရွာတော်ရှင်မကြီး – ကယ်ပါဦး"

ဟု ဟစ်အော်ရင်း ရွာဘက် ဆက်ပြေးသည်။

စိန်ဝင်း၏ အော်ဟစ်သံကြောင့် ရွာသားများက ဓာတ်မီးများ၊ တုတ်များ ဓါးများ ကိုင်၍ ထွက်လာကြသည်။ မျက်လုံးပြူး၊ မျက်ဆံပြူး၊ ဖိုးရိုးဖားရား အော်ဟစ်ပြေးလာသော စိန်ဝင်းမှ ခလုတ်တိုက်မိကာ ပစ်လဲသွားတော့သည်။ လူလည်း သတိလစ် မေ့မျောသွားတော့၏။

— ☯ —



ရွာသားများက စိန်ဝင်းကို ပွေ့ချီခေါ်ဆောင်လာပြီး နာနပ်၊ နင်းနိပ်ပေး တော့မှ စိန်ဝင်းမှာ သတိလည်လာခဲ့သည်။ သူ့ကိုယ်ပေါ်မှာ စုတ်ပြတ်နေသော အကျႌတစ်ထည်နှင့် အောက်ပိုင်းမှာ ဘောင်းဘီတိုတစ်ထည်သာ ပါတော့ သည်။

"ဘာဖြစ်လာတာလဲ"

ဟု ဝိုင်းမေးသော်လည်း စိန်ဝင်းမှာ မဖြေနိုင်၊ ဟိုကြည့်သည်ကြည့်ဖြင့် ကြောင်တောင်တောင်ဖြစ်နေတော့၏။ နဂိုကပင် မျက်မုန်းကျိုးနေသော ရွာ သားများက "ဒီကောင် – ဖဲဝိုင်းမှာ ရန်ဖြစ်ပြီး လာတာနေမှာပေါ့" ဟု ပြော၍ သူ့ဦးနှမလက်ထဲအပ်ကာ ကိုယ့်အိမ်ကိုယ် ပြန်သွားကြတော့သည်။ သို့သော် ရွာမြီးမှတစ်ရပ်မှာ စိန်ဝင်းတစ်ယောက် ဖဲပြတ်သွားခြင်းပင်တည်း။ ဖဲကို ထာဝရ လွှတ်လိုက်ပြီဖြစ်ကြောင်းကိုလည်း မိန်းမဖြစ်သူအား ဝန်ခံကတိပေး တော့သည်။ ဘယ်က ဘယ်လို အကျွတ်တရား ရလာသည်ကိုတော့ ဘယ် သူမှ မေး၍မရ။

စိန်ဝင်း မသိလိုက်သော ဖြစ်ရပ်တစ်ခုကလည်း ရှိနေပါသေးသည်။

စိန်ဝင်းကိုဖဲသမားဘဝမှလွတ်အောင်ဦးလေးဖြစ်သူဟာ အကွက်ဆင်၍ ကြံစည်ခဲ့သောဖြစ်ရပ်ဖြစ်၏။ တပည့်လက်သားများကို တစ္ဆေ၊ သရဲများ အသွင် ဟန်ဆောင်၍ ဟန်ဆောင်၍ အကောင်းဆုံး သရုပ်ဆောင်နိုင်းခဲ့ပါ သည်။ တစ္ဆေ၊ သရဲ ဆွဲသည်အထင်နှင့် ခွေးပြေး ဝက်ပြေး ပြေးခဲ့သော စိန်ဝင်း တစ်ယောက် ဤအဖြစ်မှန်ကိုသာ သိခဲ့မည်ဆိုလျှင် ...။

➜ ဝသုန်ဟိန်းထက်

www.burmeseclassic.com

www.burmeseclassic.com

[illegible]



# ဦးပြား ပျားဖွပ်နေသည်

## ဝင်းကြိုင်သား ဝမ်စကီးဦး



“တောက်”

တောက်ခေါက်သံက အိမ်လေးထဲ လွှမ်းခြုံသွားသည်။

ကိုပြားတစ်ယောက် ဇနီးဖြစ်သူ မဌေးရင်ကိုရော၊ ခံတောင်းထဲက

ပျားရည်ပုလင်းများကိုပါကြည့်ကာ ပိုပြီးဒေါသဖြစ်နေမိသည်။ ကိုပြားဒေါသနှင့်

မဌေးရင်မှာလည်း ဒေါသတွေ တထောင်းထောင်းထ.နေသည်က အမှန်။

လင်မယားနှစ်ဦးစလုံး ဒေါသတွေ အလိပ်လိပ်ဖြင့် ရင်ထဲမှာ ပူလောင်နေသလို

သူတို့မျက်နှာများမှာလည်း ဒေါသကြောင့်ရော၊ အရှက်တရားတွေကြောင့်ပါ

မျက်နှာပြင်တွေက နီနီရဲရဲ။

www.burmeseclassic.com

www.burmeseclassic.com

မဒွေးရင်ခမျာ မျက်နှာပြင်ထက်ကချွေးများကို လက်ဖမိုးနှင့်သုတ်ရင်း ခံတောင်းအနီး ထိုင်လိုက်သည်က ခြေပစ်လက်ပစ်။ ကိုပြားမှာလည်း သက်ပြင်းမောချသည်က အကြိမ်ကြိမ်။ သူတို့ဒေါသက ညိုမြောင်နှင့် အေးရီထံရောက်သွားသည်။

"တောက်"

နောက်တစ်ကြိမ်တောက်ခေါက်သံကမဒွေးရင်ထံမှဖြစ်သည်။ မဒွေးရင်မှာ အံကြိတ်ရင်း ခံတောင်းထဲက ပျားရည်ပုလင်းများကိုကြည့်ရင်း ရေတွက်နေဆဲ။ မနက်က အိမ်မှယူသွားသည့်အတိုင်း တစ်ပုလင်းမှ မရောင်းရသေး။ အရင်က ပါသမျှရောင်းရသည့် ပျားရည်ပုလင်းတွေ၊ အခုတော့ - လုံးဝဥဿုံ မရောင်းခဲ့ရသည့်အဖြစ်။

"နေနှင့်ဦးပေါ့ - ညိုမြောင်ရာ၊ မင်းတော့လား"

ကိုပြားက ညည်းတွားရင်း မဒွေးရင် အနီးကပ်ထိုင်သည်။ မနက်ခင်းက သောက်ထားသော အရက်အနံ့က ချဉ်ချဉ်စူးစူး။ ချွေးနံ့တလုံးလုံးဆိုတော့ ချွေးနံ့ရော၊ အရက်နံ့ပါ မဒွေးရင်နှာခေါင်းဝကို ကာလိနေသည်။ သို့သော် ထိုအနံ့တွေကို ဂရုမပြုနိုင်၊ ရောင်းမရသည့်ပျားရည်ပုလင်းများကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေသည်၊ ပြီးတော့ - ဒေါသလည်း ဖြစ်နေဆဲ၊

"ကျုပ်တော့ - အဲဒီမိသားစုအပေါ်ကမ္ဘာကြေလို့ဥဒ္ဒိန်းမကြေဘူးကိုပြား။ တစ်နေ့နေ့တော့ တွေ့ကြဦးမှာပေါ့တော်။ မစားရတဲ့အမဲ သဲနဲ့ပက်တဲ့လူတွေ၊ ဟင် - မကျေဘူး - လုံးဝမကျေဘူး"

မဒွေးရင်ကပြောရင်း ပျားရည်ပုလင်းများ ပြည့်နေသည့်ခံတောင်းကို အိမ်အနောက်ခန်းထဲ ယူသွားသည်။ ကိုပြားက ဇနီးဖြစ်သူကိုကြည့်ရင်း ရှိသည်၊ မဒွေးရင် ပြန်ထွက်လာတော့ နေ့လယ်က ဝယ်ထားသည့် အရက်ပုလင်းကို စ,ဖွင့်ပြီး သောက်လိုက်သည်၊ သားနှင့်သမီးကတော့ အတန်းကျောင်းဖွင့်ရက်မို့ ရွာဦးကကျောင်းမှာ၊ သားကြီးက လေးတန်း၊ သမီးငယ်က သုံးတန်း၊



"ဟင် - အရေးထဲ ဈေးရောင်းမကောင်းပါဘူးဆိုမှ တော်က မနက်ရောညနေပါ သောက်မနေနဲ့ဦး၊ တော်ကြာ - စားစရာမရှိဖြစ်နေဦးမယ်၊ ကျုပ်တို့စားကျက်က ကျဉ်းသွားပြီ၊ ပြီးတော့ - သားနဲ့သမီးရဲ့ပညာရေးအတွက်ကရှိသေးတာ"

မကျေမချမ်းပြောသူက မဒွေးရင်၊

"အေးပါဟ - အခုဟာက စိတ်ပြေလက်ပျောက်ပါ - နင်ကလဲ"

"ဟင်း - မပြောချင်ဘူး"

မဒွေးရင်က ကိုပြားအနားမထိုင်၊ နေစောင်းပြီမို့ အတန်းကျောင်းကဆင်းတော့မည်၊ ညနေစာအတွက် ထမင်းချက်ဖို့ ပြင်လိုက်သည်၊ ဟင်းအခုတော့ မနက်ကဟင်းတွေ ကျန်သေးသည်လေ၊ ဟင်းမချက်ရတော့၊ ထမင်းအိုးတစ်လုံးကျက်ပြီးရင် ပြီးပြီ၊ အရံသင့် စားကြရုံသာ၊

တကယ်တော့ - ကိုပြားတို့ ထနောင်းကိုင်းရွာသည် ချင်းတွင်းမြစ်နှင့် တစ်ပိုင်စန့်သာဝေးသည့်ရွာ၊ သို့သော် မြစ်ရေကြီးလျှင်တော့ ချောင်းထဲ ရေလျှံလာပြီဆိုရင် ရွာအခြေအထိ တိုးရေရောက်တတ်သည့်ရွာ၊ ရွာရဲ့ဝန်းကျင်မှာတော့ သရက်ခြံ၊ ငှက်ပျောခြံတွေအပြင် ထန်းတောတွေက ဝန်းရံထားပြီး တမာပင်ကြီးတွေ၊ မန်ကျည်းပင်ကြီးတွေကလည်း အပြိုင်းအရိုင်းရှိသည့်ရွာ၊

ချင်းတွင်းမြစ်က ရွာအနောက်အရပ်မှာရှိပြီး ရွာရဲ့အရှေ့ဘက်မှာတော့ ကျောက်စရစ်ကုန်းမြေတွေ၊ ဖုန်းဆိုးတောတွေ၊ ရျူနွယ်ပိတ်ပေါင်းတွေသာရှိသည်မို့ တောင်သူလုပ်ငန်း လုပ်စားလို့မရ၊ ရွာနီးချုပ်စပ်မြေအချို့သာ လုပ်ကိုင်နိုင်သည်မို့ တောင်သူဦးရေက နည်းသည်၊ အလုပ်သမားဦးရေက များသည့်ရွာ၊ အိမ်ခြေနစ်ရာကျော်မှာ သုံးပုံတစ်ပုံက တောင်သူ၊ ကျန်နှစ်ပုံက လက်လုပ်လက်စားသမားတွေချည်း၊ တောင်သူတွေက နှမ်းကျဲ၊ ရေတိစိုက်၊ ပဲစိုက်နှင့် အချို့က ထန်းပိုင်ရှင်၊ အချို့က သရက်ခြံပိုင်ရှင်တွေသာ ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားတွေကတော့ အချို့ကလူငှား၊ အချို့က ထန်းတက်၊ အချို့က သရက်ခြံစောင့်ကြတာမျိုးရှိသလို၊ အချို့က တံငါအလုပ်လုပ်သည်။ အချို့က တောလည်အလုပ်လုပ်ကြသည်၊

တောလည်အလုပ်သမားထဲမှာ ကိုပြားတို့မိသားစုပါသည်၊ ညိုမောင်တို့မိသားစုပါသည်။ တောင်သူလုပ်ငန်းလုပ်စရာရှိလို့ ငွေကြေးပေးပြီး လူငှားခေါ်သည့်အခါမျိုးတွင် လူငှားလုပ်ပြီး ကျန်အချိန်တွေမှာတော့ တောလည်ထွက်ကြသည်။ တောလည်ထွက်သည့်အလုပ်က အဓိကအလုပ်။

တောလည်အလုပ်ဆိုတာ ရွာပြင်က တောရိုင်းမြေတွေ၊ ဖုန်းဆိုးမြေတွေ ဆီသွားပြီး တောကောင်ရှာကြသည့်အလုပ်မျိုး၊ ချုံနွယ်ပိတ်ပေါင်းတွေထဲ ရှိသည့်အလုပ်မျိုး။ တောထဲမှာ တွေ့သည့်ငှက်တွေကိုပစ်။ ပြီးတော့ - များဖွပ် အလုပ်မျိုးကို လုပ်ခဲ့ကြသည်၊ တောထဲမှာ တောကြောင်၊ တောခွေး၊ ယုန်၊ ပုတတ်၊ တောကြွက် စသည့်အကောင်မျိုးတွေအပြင် လင်းမြွေဖမ်းတာ၊ မြွေ မွေးရှာတာမျိုးလည်း လုပ်သည်၊ ဘာသားကောင်ပဲရရ၊ ရောင်းချကြရသည်။ စားတဲ့လူကလည်း များသည်၊ ရွာထဲတင်သာမက ရွာနီးချုပ်စပ်က ရွာတွေ သွားရောင်းလို့ကတော့ ဘာအကောင်ပဲရရ၊ ရောင်းလို့ မလောက်သည့် အဖြစ်မျိုး။

ဒီတော့ - တောလည်ထွက်ရတာ အဆင်ပြေ၊ ဝင်ငွေက ကောင်းသည်။ တောကြောင်တစ်ကောင်၊ ယုန်တစ်ကောင်ဆိုရင် လေးငါးထောင် ပေးဝယ်ကြသလို၊ တောခွေးတစ်ကောင် ရလို့ကတော့ သောင်းချီပြီးရသည်၊ တောကြွက်တွေ၊ တောစားဖားတွေ အလျှံအပယ် ရပြန်ရင်လည်း ဝင်ငွေက နင့်နေအောင် ရသည်ကိုး၊

ပိုပြီးအဆင်ပြေသည်က များရှာသည့်အလုပ်၊ ဒီအလုပ်ကလည်းအဆင် ပြေသည်၊ များရည်ဈေးက ကောင်းသည်လေ၊ တောရိုင်းမြေ၊ ဖုန်းဆိုးမြေ ပေါ်တာကတစ်ကြောင်း၊ ဆီး(ဇီး)ပင်ပေါလို့ ဆီးပွင့်ချိန်တို့၊ တန်ဆောင်း



ဘာဒ်ပွင့်ချိန်တို့၊ တမာပွင့်ချိန်တို့ဆိုရင် များရည်က သိပ်ပြီးဆေးဖက်ဝင် သည်၊ အခြားအချိန်တွေထက် ပိုကောင်း၊ ပိုဈေးရသည်၊ ဘာပဲဖြစ်ဖြစ် ကိုပြားကတော့ တောလည်အလုပ်ကို ဝါသနာပါသည်၊ စိတ်ဝင်စားသည်၊ တောင်သူလုပ်ငန်းဖြစ်သည့် ခေါ်ကောက်အလုပ်ဆိုသည့်အလုပ်ကို မမက် ငြင်း မလုပ်ချင်၊ လုပ်အားခကလည်း နည်းသည်လေ၊

တစ်မနက်ခင်းလုပ်မှ ငါးရာ၊ တောကြွက်တစ်ကောင်၊ တောကြောင် တစ်ဖက်ဖိုး၊ ငှက်တစ်ကောင်ဖိုးပင် မရှိ၊ ဒီတော့ - ကိုပြားရဲ့အဓိက အလုပ်က တောလည်အလုပ်၊ ဘာကောင်ပဲရရ၊ ကိုပြားရဲ့ဈေးကွက်ပဲ၊ ဘာ ကောင်ပဲတွေ့တွေ့၊ ကိုပြားရဲ့သားကောင်ဖြစ်သည်၊

အဲ - ကိုပြား အဓိကရှာသည်က များ၊

များအုံ...၊ ဝင်ငွေကို သဲ့ယူရသည်အထိ အကျိုးပြုခဲ့သည်များ၊ ဒီတော့ များအုံကို အဓိကရှာ၊ များရှာရင်း ငှက်တွေလည်း ပစ်၊ တောကြွက်တွေလည်း တော်မနေ၊ တောကြောင်တွေလည်း လက်မရှိခဲ့သည့် ကိုပြားရဲ့လက်တွေက ဘယ်သားကောင်တွေ့တွေ့ လျှပ်ပြက်သလိုမျိုး၊


သားကောင်ရလေ၊ များရည်တွေရလေ မိသားစုဝမ်းစိုပြည်လေ၊ မစိုးရိမ် ရလေ၊

ညိုမောင်တို့မိသားစုအတွက် ဝမ်းမီးတောက်ကို ငြိမ်းသတ်နိုင်ခဲ့တာက တောလည်အလုပ်ကြောင့်ဆိုရင်မမှား၊ ဇနီးဖြစ်သူ အေးရီကိုတော့ မကင်းရာ ကင်းကြောင်းရှိသည့် တောင်သူအချို့၏ ခေါ်ကောက်အလုပ်ကိုထည့်ပြီး ညိုမောင်ကတော့ တောလည်အလုပ်ကိုသာ ဝါသနာထုံခဲ့သည်၊ အဓိက အလုပ်က များရှာအလုပ်၊

www.burmeseclassic.com

များရာအလုပ်ကို အဓိကထားပေမယ့် တောလည်ရင်တော့ မုဆိုးတို့ရဲ့ ထုံးစံအတိုင်း ချိုးလည်းပစ်၊ ရှဉ့်လည်းပစ်၊ ဘာကောင်တွေ့တွေ့ပစ်သည်။ တောကြွက်၊ တောကြောင်၊ တောခွေး၊ ယုန်အထိ ချမ်းသာမပေး။ ပုတက် တွေ့လည်း လက်လွှတ်မခံသည့်ညိုမောင်။

ဒီထနောင်းကိုင်းရွာမှာ တောလည်အလုပ်လုပ်တာ နှစ်ဆယ်စန့်သာ ရှိသည်။ အခြားသူတွေက ညိုမောင်နှင့် ကိုပြားလို တောမကျွမ်း၊ သားကောင် ရဲ့အထာကို မသိကြ။ တောကောင်ရဲ့သဘာဝကို နားမလည်ကြ။ ဒီတော့ ညိုမောင်နှင့် ကိုပြားလို တောလည်သည့်အခါ သားကောင်ကို လိုချင်



ယခုတော့ အရောင်ပြောင်းသွားပြီ။
ခင်မင်မှုသံယောဇဉ်ကို အမုန်းအငြိုးတံတိုင်းကြီးက
ကန့်လန့်ကာခြားသွား။ ချသွားပြီလားမပြောတတ်။
အကြံတူ ရန်သူလို့အဆိုရှိပေမယ့် သူတို့နှစ်ဦးအတွက်
တောစည်း၊ မုဆိုးစည်း ရှိခဲ့ကြပေမယ့်လည်း အခုတော့ စေတနာက
ဝေဒနာဖြစ်သွားရသည့်ဖြစ်ရပ်က ညိုမောင်က တရားခံလား။



သလောက်မရနိုင်ကြ။ ဘာပဲဖြစ်ဖြစ်၊ တောလည်အလုပ်လုပ်ပြီဆိုတာတည်းက အကုသိုလ်အလုပ်ဆိုတာ ညိုမောင်ရော ကိုပြားပါ သိသည်။ သူတစ်ပါး အသက်၊ သူတစ်ပါးအသိုက်၊ သူတစ်ပါးတွင်းတွေ ကျင်းတွေကို ဖျက်ရသည် တို့။ ငှက်တွေ့ရင်အသိုက်၊ ကြွက်တွေ့ရင်တွင်း၊ မြွေတွေ့ရင်ဝပ်ကျင်းကို ဖျက် ရသည်။

ဘာပဲဖြစ်ဖြစ်၊ အကုသိုလ်က အကုသိုလ်၊ မိမိလုပ်လို့မိမိခံရတာ၊ နောင် ခါလာ နောင်ခါချေးပဲ။ လတ်တလော ဝမ်းဝအူစိုဖို့က အဓိက။ ခါးလှကိုယ် လှဖို့က အဓိက။ သူများနည်းတူ ထမင်းနှစ်နပ်ကို နပ်မှန်အောင် စားနိုင်ဖို့က အဓိက၊ သူတစ်ပါးစီ လက်ဝါးဖြန့်၊ ခေါင်းကိုငုံ့ပြီး ချေးငှားခြင်း ကင်းဖို့က အဓိက။

သို့ကြောင့်လည်း တောလည်အလုပ်သည် ညိုမောင့်အလုပ်။ ဒီတာဝန် အညိုမောင့်တာဝန်။ သားကောင်များများရဖို့က ညိုမောင့်အဓိကဆန္ဒ။ တော သည်ထွက်တိုင်းလည်း များရည် လေးငါးပိဿာရသည်ချည်း။ များတို့ရဲ့ အထာ၊ သဘာဝကို နားလည်ထားသည့်ညိုမောင်။ ဘယ်အချိန် များရည်ပေါ သည်၊ ဘယ်ကာလ များရည်ရှားသည်ကို သိသောညိုမောင်။ များတစ်ကောင် တွေ့ရုံနှင့် အဲဒီများရဲ့မိသားစုရှိရာ များအုံနေရာကို လိုက်ရှာနိုင်သည့်ညိုမောင်။ ဒီလောက်အထိ မျက်စိအမြင် စူးရှသည့်ညိုမောင်ကတော့ များရည်နှင့် ဝမ်းဝ ခါးလှနေသလို၊ ကိုပြားတို့မှာလည်း တောလည်အလုပ်နှင့်ဘဝတွေ လှနေ ကြသည်ဆိုရင် မမှား။

တကယ်တော့ - ဒီထနောင်းကိုင်းရွာတောင်ပိုင်းမှာ နေကြသည့် ညိုမောင့်အိမ်နှင့် ကိုပြားအိမ်က အရှေ့ထိပ်နှင့် အနောက်ထိပ်။ ကြားထဲမှာ ဆယ်အိမ်ခန့်သာခြားသည်။ လူချင်းခင်ပြီး ဘဝချင်းတူသူတွေပေမယ့် အကြံ တူ ရန်သူအဖြစ်တော့ မခံကြ။ သူ့အိမ်ကိုယ်သွား၊ ကိုယ့်အိမ်သူလာနှင့် ရင်းနှီး ခဲ့ကြသည်။ သို့သော် တောလည်ထွက်ကြရင်တော့ ဘယ်တော့မှ နှစ်ဦးအတူ

www.burmeseclassic.com

မထွက်၊ သူ့စည်းကိုယ့်စည်းထားသည်၊ ကိုပြားက ဖုန်းဆိုးတောတောင်ပိုင်း ဝင်ရင် ညီမြမောင်က မြောက်ပိုင်း၊ ဒီအထိ တောစည်း၊ မုဆိုးစည်း ထားသည့် သူတွေ၊ တောလည်ရာမှာ သူများနဲ့မတူ၊ သားကောင်တွေ တနင့်တပိုးရ အောင် ရှာဖွေနိုင်သူတွေမို့ အခြားတောလည်သူတွေ ငေးကြည့်ယူရ၊ အား ကျယူရသည့် နှစ်ယောက်၊

ယခုတော့ ...၊

— ❦ —

ယခုတော့ အရောင်ပြောင်းသွားပြီ၊ ခင်မင်မှုသံယောဇဉ်ကို အမုန်းအငြိုး တံတိုင်းကြီးက ကန့်လန့်ကာ ခြားသွား၊ ချသွားပြီလားမပြောတတ်၊ အကြံတူ ရန်သူလို့အဆိုရှိပေမယ့် သူတို့နှစ်ဦးအတွက် တောစည်း၊ မုဆိုးစည်း ရှိခဲ့ကြ ပေမယ့်လည်း အခုတော့ စေတနာက ဝေဒနာဖြစ်သွားရသည့်ဖြစ်ရပ်တ ညီမြမောင်က တရားခံလား၊ ကိုပြားက တရားခံလားဆိုတာ ဝန်းကျင်ကရော သူတို့နှစ်ဦးကပါ မဆုံးဖြတ်နိုင်ကြ၊ ဘယ်သူမှားသည် မှန်သည်ဆိုတာ တော့ ညီမြမောင်အသိဆုံး၊

အခုတော့ - အားလုံးက နားလည်သွားပြီ၊ တရားခံဘယ်သူ၊ ဘယ်သူ မှန်တယ်ဆိုတာ ရွာထဲကလူတွေ သိသွားပြီ၊

ဖြစ်ပျက်ခဲ့တာတွေတွေးရင်း ညီမြမောင့်ရင်ထဲမှာ အတွေးအမျှင်ကမပြတ် မှတ်မိသေးသည်၊ ထိုနေ့က တောလည်ထွက်သည့်နေ့၊ ထင်မှတ်မထား ဖုန်းဆိုးတောထဲအဝင် ကိုပြားနှင့်ဆုံသည်၊

"ဟော့ - ညီမြမောင် - မင်း - ဘယ်အပိုင်းသွားမလဲ"

"အင်း - တောင်ဘက်သွားမယ် စိတ်ကူးထားတယ်၊ မင်းရော"

"မင်းက တောင်ဘက်ဆိုရင် ငါက မြောက်ပိုင်းသွားရုံပဲ - ညီမြမောင်"



"အခြေအနေ ဘယ်လိုလဲ - ဖိုးပြား၊ ကောင်းရဲ့မဟုတ်လား"

တောလည်ရာမှာ သားကောင် ရ,မရ၊ ပျားရည် ရ,မရကို ဦးတည်ပြီး မေးလိုက်သည်၊ ဒီလိုမေးတာက ထုံးစံ၊ ခင်မင်မှုပိုဖြစ်စေသည့်စကား၊ တော လည်သူအချင်းချင်းမို့ အဆင်ပြေစေလိုသည့်ဆန္ဒ၊

"အင်း - မဆိုးပါဘူး၊ အရင်ရက်တွေကဆိုရင် ပျားရည်ကလေးငါးပိသသာ အထိ ရတာကွ"

"ဟင် - လေးငါးပိသသာ"

ကိုပြားစကားကြောင့် ညီမြမောင် မျက်လုံးပြူးသွားသည်၊ ညီမြမောင့်အနေ နှင့် တစ်နေ့ကို နှစ်ပိသသာ၊ နှစ်ပိသသာခွဲထက်မပို၊ အခုတော့ - ကိုပြားအတွက် ရသည့်ပျားရည်ပိသသာက မနည်းမနော၊ ဒီတော့ ဝမ်းသာရသည်၊

"ဟုတ်တယ် - ညီမြမောင်ရ၊ ဒါကြောင့် - အခုငါလေ - အခြားသားကောင် ရှာတော့ဘူးကွ၊ ပျားရည်ပဲ သီးခြားရှာနေတာ"

"အင်း - ဝမ်းသာတယ်ကွာ - ကောင်းတာပေါ့"

စကားပြောအပြီး လမ်းခွဲခဲ့ကြသည်၊ နှစ်ဦးသား သူ့အပိုင်းနှင့်သူ တော လည်ခဲ့ကြသည်၊ ညီမြမောင်က ဖုန်းဆိုးတောတောင်ဘက်၊ ကိုပြားက တောရဲ့ မြောက်ပိုင်း၊ အခြားသူ သုံးလေးဦးကလည်း သူ့အုပ်စုနှင့်သူ တောလည်၊ သား ကောင်ရှာ၊ ပျားရှာရင်းရှိနေကြသည်၊ ဖုန်းဆိုးတောဆိုသည့်အတိုင်း လုပ်စား သည့် ကျောက်စရစ်မြေပြင်ကျယ်ကျယ်မှာတော့ တောနာနတ်ပင်တွေ၊ ကျုံတွေ၊ ရှားပင်တွေ၊ တောရိုင်းသနပ်ခါးပင်ပုလေးတွေ၊ သမုန်းပင်တွေက ပြည့်၊ မြေပြင်မှာတော့ မြေစာပင်တွေ၊ တောကြွက်တွင်းနှင့် တောင်ပို့တွေ လည်း နေရာအနှံ့၊

ညီမြမောင်ကတော့ အခြားသားကောင်ရှာရင်း ပျားရည်ရှာရင်းနှင့် လာ ခဲ့နေ့လယ်ပိုင်းအရောက် တောကြွက်အချို့နှင့်ပျားရည်တစ်ပိသသာခန့်ရပြီး တစ်ဖြုတ် နား၊ ညနေပိုင်း ဆက်ရှာတော့ ပျားရည်တစ်ပိသသာခွဲ၊ သော



www.burmeseclassic.com

www.burmeseclassic.com

ကြွက်၊ ပုတတ်နှင့် ငှက်လေးငါးကောင်ရ၍ ရွာကိုပြန်လာသည်။ အိမ်ရောက်တော့ အေးရီက ပျားရည်များကိုစစ်ယူ၊ ပုလင်းထဲထည့်၊ ပျားလဘိုများကိုညှစ်၊ ပျားရည်တွေ ချနေရင်းမှ ပြောသည်။

"ကိုညိုမောင် - ကိုပြားလေ - အစောကြီးပြန်လာတာ။ မွန်းတောင် မတည့်သေးဘူး။ အဲဒါ - ပျားရည်ခြောက်ပိသာ ရလာသတဲ့တော့"

"ဟေ - ဟုတ်ရဲ့လား - အေးရီရာ။ ဒီအချိန်လေးနဲ့ ဒီလောက်တော့ မရနိုင်ပါဘူး။ ရခဲ့ရင်တော့ ဒီကောင် မြေအောင်းပျားတွင်းကြီးများ တွေ့ထားလေသလားကွာ။ အခု - နင်ပြောပုံအရဆိုရင် ပျားရည်တွင်းတွေ့လို့ ခပ်လာတဲ့ အတိုင်းပဲ"

"တော်ကလည်း ဟုတ်ပါတယ်ဆိုမှ။ ကျုပ် - အပြင်ထွက်ရင်း မြင်လိုက်တာ။ ကိုပြားမှ ကိုပြားပဲ။ အဲဒါ - တအောင့်ကြာတော့ သူ့မိန်းမ မဌေးရင်လေ ပျားရည်ပုလင်းတွေနဲ့ သရက်သာရွာကို သွားရောင်းလေရဲ့"

"အော်"

ညိုမောင် ဘာမျှမပြောလိုတော့။ တကယ်လည်း ဒီမျှအထိ ရပါစေဟု ဆုတောင်းပေးနေမိသည်။ စာမတတ်ပေမတတ်၊ မြင်လျက်နဲ့ မျက်စိကန်းနေရတဲ့ ဘဝတူအလုပ်သမားတွေအတွက် အချိန်နှင့်အမျှ အကုသိုလ်ထုပ်ကြီး ပိုက်ရင်း သူများအသိုက်အအုံ၊ သူများအသက် သတ်ဖြတ်ဖျက်ဆီးနေကြရသည်လေ။ သို့သော် မည်သို့ဆိုစေ များများရစေချင်သည်ကတော့ အမှန်။

နောက်ရက်တွေ တောလည်တော့ ကိုပြားနှင့် မတွေ့။ ကြားရသည်က ကိုပြားမှာတော့ ပျားရည်တွေ အချိန်တော်တော်များများ ရသည်။ ဒီသတင်းပဲ ကြား‚ကြားနေရသည်ဆိုတော့ ဝမ်းသာအယ်လဲဖြစ်မိသည်။ တစ်ပတ်အကြာ ညနေစောင်းတွင် ကိုပြားအိမ်ဘက် ထွက်ခဲ့သည်။

"ဟော့ကောင် - ကိုပြား"

"ဟာ - ညိုမောင် - လာလေကွာ"



ကိုပြားက အိမ်ထဲခုတင်ပေါ်မှာ အရက်ပုလင်းနှင့် ကြွက်ကြော်နှင့် ဆတ်ရက်မင်းစည်းစိမ် ခံနေသည်။ သူ့မိန်းမ မဌေးရင်ကတော့ ဝတ်ကျေတန်းဆော့ပြုံးရုံသာ ပြုံးပြရင်း ပျားရည်ပုလင်းများကို ခံတောင်းထဲ ထည့်နေသည်။ နှုတ်ဆက်စကားပင် မပြော။ ညိုမောင် အသေအချာကြည့်တော့ နားကပ်ကြီးတပ်ထားလို့၊ သနပ်ခါးပါးကွက်ကျားကြီးတွေက အိစက်လို့၊ အိမ်ရှေ့မှာတော့ ထော်ဘီးအသစ်တစ်စီးက မတ်တတ်။

"မဌေးရင် - မနက်ဖြန် သရက်တော သွားရောင်းမှာလား"

"ဟုတ်တယ် - ညိုမောင်၊ အဲဒီရွာက ကျုပ်ဆိုမှ ကျုပ်လေ၊ အိမ်သုံးဖို့ ဝယ်ကြတာနဲ့၊ လက်ဆောင်ပေးဖို့တို့၊ ကျောင်းလှူဖို့တို့ဆိုပြီး ဝယ်ကြတာ"

မဌေးရင်က ပြောရင်း ပျားရည်ခံတောင်းကိုမ‚ပြီး အိမ်ထဲဝင်သွားသည်။ ကိုပြားကတော့ အရက်ခွက်ကိုမော့ချအပြီး ကြွက်ကြော်တစ်တုံးကိုကြွပ်ကြွပ်မြည်အောင် ဝါးရင်း ပြုံးစေ့စေ့။

"ကိုပြား - အခုတလော အဆင်ပြေလှချည်လား။ ပျားရည်တွင်းလေး၊ ဘာကလေးတွေ့ရင် လက်ထောက်ရှုစမ်းပါဦးလား"

ရယ်ကျဲကျဲနှင့် အရွှန်းစကား ပြောမိသည်။ ကိုပြားမျက်နှာ တည်သွားသည်။ ထိုအချိန် မဌေးရင် အိမ်အပြင်ထွက်သွားရင်း ကိုပြားကိုရော ညိုမောင့်ကိုပါ မျက်စောင်းခဲသွားသည်ကို သတိပြုမိသည်။ တကယ်တော့ - ဒီမျက်စောင်းက "ဟင်းစားမပေး၊ ပိုက်ချက်မပြ" နဲ့ ဆိုသည့်သဘော။

"အင်း - ပျားတွင်းတွေ့လို့ရယ် မဟုတ်ပါဘူး - ညိုမောင်ရာ။ လုပ်နေ်းတစ်ခုမှာ ကျွမ်းကျင်ရာ လိမ္မာဆိုသလို အဲဒါကြောင့် ပျားအုံအတွေ့များ၊ ပျားရည်အရများတာပေ့ါ - ဟုတ်လား"

"အဟင်း - ဟင်း - ဟင်း - ဟုတ်ပါတယ်။ ကျုပ်က ရယ်စရာပြောတာပါ"

ချော်လဲရောထိုင်စကားပြောရင်း အတော်ကြာတော့ အိမ်ပြန်ခဲ့သည်။ အိမ်ရောက်တော့ အခြားတောလည်သူတွေဖြစ်သည့် ကြက်တော၊ မောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အံ့မောင်တို့အုပ်စု ရောက်နေကြသည်။ ခုတလော – ကိုပြားတို့ စီးပွားအခြေ ပြေနေကြောင်း၊ ရွှေတိုရွှေစလေးပင် ဝယ်ထားကြောင်း၊ အခြားပစ္စည်းတွေ လည်း ဝယ်နိုင်နေကြောင်းနှင့် ဆန် ဆီ ဆားကိုတောင် အိတ်လိုက် ဝတ်ထား ကြောင်းတွေ ပြောနေကြသည်။

"ဒါကတော့ – ကြက်တောရာ၊ သူ့ကံနဲ့သူဖြစ်တာ။ မင်းတို့ ငါတို့ ဘဝတွေ ဝမ်းသာစရာပဲကွ။ အခုပဲ – ကိုပြားဆီက ငါပြန်လာတာ"

"ကျုပ်က မနာလိုလို့ ပြောတာမဟုတ်ဘူးဗျာ။ ဒီလူ – ပျားတွင်းတွေ့လို့ အခုလို မတာရားရနေတယ် ထင်တာပါ"

ကြက်တောက ရှင်းပြရှာပါသည်။ ကိုပြားအကြောင်း ညဥ့်နက်သည် အထိ ပြောဖြစ်ကြသည်။ အေးရီကတော့ မစားရဝခမန်းနားထောင်ရင်း အွေးရင် နားကပ်ဝတ်သလို သူလည်း ဝတ်ချင်သည့်ဆန္ဒတွေနှင့် ငေးငိုင်နေရှာသည်။ ကြက်တောတို့အဖွဲ့ ပြန်သွားတော့ အဖန်ရည် သုံးကရား ကုန်သွားသည်။ ညိုမောင်တို့ အိပ်ရာဝင်ခဲ့ကြသည်။

နောက်ရက်တွင်လည်း မိုးချုပ်ခါနီးမှ ပြန်လာသည့်ညိုမောင်၊ ပျားရည် တစ်ပိဿာပင်မပြည့်။ ငှက်လေးငါးကောင်၊ တောကြွက် သုံးလေးကောင်သာ ရသည်။ ကိုပြားကတော့ ပိဿာတစ်ဆယ်နီးပါးရသည်တဲ့။ ဒီစကားက ရေ တိုင်းလိုလို ကြားနေရသည့်သတင်း။ မထူးဆန်းတော့။ ခက်သည်က ကိုပြ တောလည်သွားရင် ဘယ်သူ့ကိုမှ နှုတ်မဆက်၊ ပြန်လာရင်လည်း လူမြင် ဘာပဲဖြစ်ဖြစ်၊ ညိုမောင်ကတော့ ကျေနပ်နေမိသည်။ တစ်ဦးကောင်းစား တစ်ဦးက မုဒိတာပွားရမည်လေ။ ဒါက လူတိုင်းထားရမည့်အသိ၊ မနာ မရှုဆိတ်ဖြစ်တဲ့စိတ်မျိုး မထားသင့်။ ဒါကလည်း လူတိုင်း မရှိအပ်တဲ့အရာ

သို့ဖြင့် လေးလထဲ ဝင်ခဲ့ပြီး ကိုပြားကတော့ ပျားရည်ရောင်းရငွေနှင့် လေးကို ပြင်ဆောက်သည်၊ ဝက်နစ်ကောင် ဝယ်ပြီးပြီ၊ သူ့သားနှင့်သမီး ရွှေတုံးရွှေစလေးတွေဆင်လို့။




ကြာတော့ – သတင်းတစ်ခုကြားရသူက ညိုမောင်။ ဒီစကားကိုညိုမောင် အခြားရွာတွေသွားပြီး အေးရီနှင့် ပျားရည်အတုရောင်း၊ သားကောင်အတု ရောင်းရင်း ကြားခဲ့သည့်စကား။

"ကိုပြားရဲ့ပျားရည်က အတုဗျ။ အစစ် မဟုတ်ဘူး"

"ဟုတ်တယ် – ပျားရည်မစစ်ဘူး။ ဒီမှာ ကြည့်ပါလား"

ပျားရည်အပေါ် သံသယရှိသူတွေက ပျားရည်ပုလင်းကို မြှောက်ပြရင်း ပြောကြတော့ ပုလင်းကို အသေအချာကြည့်မိသူက ညိုမောင်နှင့်အေးရီ။ ထိတ်သွားပဲ။ ပျားရည်ပုလင်းအောက်ခြေမှာ သကြားခဲတွေ။



လင်မယားနှစ်ဦး မီးဖိုချောင်ထဲမှာ
သကြားအိုးကြီးတစ်လုံးကို မီးဖိုပေါ်တည်၊ ရေနွေးကျို ပြီးသည်နှင့်
ညှော်ရောရှိတာကို အချိုးကျထည့်ပြီး ယောက်မနှင့် မွှေ။ ပြီးသည်နှင့်
အေးသည့်အခါ ရောက်တော့ အိုးကိုချ၊ အအေးခံထားလိုက်သည်။
ပြီးမှ အိပ်ရာဝင်ကြသည်။ မနက်လင်းတော့ ကိုပြားက
ပျားရှာထွက်ချင်ယောင်ဆောင်။ နေမြင့်တော့ ပြန်လာ။
ပျားရည်ဘယ်နှပိဿာရသည်ဟု အသံလွှင့်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါတော့ – ခင်ဗျားတို့ဘာသာ ဆုံးဖြတ်ပြီး အတုအစစ် ခွဲကြပေါ့ဗျာ။ ကျုပ်ကတော့ ဒါဟာ အတုပါလို့ မပြောချင်ဘူး။ တော်ကြာ – ကျုပ်စကားဖြစ်ပြီး ညိုမောင်က ပြောလို့ပါဆိုတာမျိုး အဖြစ်မခံနိုင်ဘူး။ ကိုပြားသိသွားရင် ကျုပ်ကို ရန်ရှာမှာ"

ညိုမောင်ကတော့ ဒီလောက်ပဲ ပြောခဲ့သည်။ နောက်တစ်နေ့ညတွင် သားဖြစ်သူ နေမကောင်းဖြစ်၍ ကိုပြားဆီ ဗမာဆေးတောင်းဖို့ ထွက်လာခဲ့သည့်ညိုမောင်၊ ကိုပြားအိမ်နားအရောက် အိမ်ထဲမှာမီးထွန်းထားသော်လည်း လူမရှိ။ အသံကြားရသည်က မီးဖိုချောင်ထဲမှာ ဖြစ်သည်။ ထူးဆန်းသည်မို့ ကိုပြားတို့လင်မယား ဘာတွေလုပ်နေသလဲ သိချင်၍ မီးဖိုချောင်ဘေးထရံပေါက်မှ အသာချောင်းကြည့်မိသည်။

ကြည့်မိတော့ – မီးဖိုပေါ်မှာ လေးပြည်ချက် ထမင်းအိုးကြီး တည်ထားသည်ကို တွေ့ရသည်။ မီးကတော့ မွှေးဆဲ။ လင်မယားနှစ်ယောက် စကားတိုးတိုးပြောရင်း ရှိသည်။ လျှို့ဝှက်စကားတွေ၊ ဘာတွေပြောနေသည်တို့ မသိရ။

"အင်း – ဟုတ်ပြီ။ ဒါ – ပျားရည်အတုချက်ဖို့၊ အတုလုပ်ဖို့"

တွေးရင်း နောက်ပြန်လှည့်ခဲ့သည်။ အိမ်ရောက်တော့ အေးရီကို တိုးတိုးပြောပြီး နှုတ်လုံဖို့ ပြောရသေးသည်။

"စိတ်ချပါတော်။ ကျုပ် – ဘယ်သူ့ကိုမှ မပြောပါဘူး"

အေးရီက ဝန်ခံကတိစကား ပေးသည်။ နောက်ရက်တွင် တောလည်က အပြန်နားစွင့်ကြည့်တော့ ကိုပြားတစ်ယောက် ပျားရည်ရှစ်ပိဿာ ရသည်ဟု ကြားရပြန်သည်။

"သေချာပြီ – အေးရီ။ ဒီလူ မရိုးမသားလုပ်နေပြီ။ ပျားရည်ကို အတုရော ပျားရည်အစစ်ဆိုပြီး လိမ်ရောင်း။ အင်း – လူတွေ – လူတွေ။ အတောမသ နိုင်တဲ့လောဘကြောင့် ကိုယ့်မိသားစုကောင်းစားရေးတစ်ခုပဲကြည့်၊ ... တဲ့လူ ဘယ်လိုပဲဖြစ်ဖြစ်ဆိုပြီး လုပ်နေကြတာ။ လုပ်လည်း လုပ်ရဲပါပေ့တွေ



ဒေါသဖြင့် ပြောမိသည့်ညိုမောင်၊ ကိုပြားအဖြစ်ကိုအမှန်ကို အမှန်အတိုင်း ... မေးမိရင် ကိုပြားနှင့်ညိုမောင် ထိပ်တိုက်တွေ့မည်။ ဝန်းကျင်ကလူတွေကို အဖြစ်အမှန်ပြောပြရင်လည်း မနာလိုလို့ပြောတာ ဖြစ်ဦးမည်။ ရန်ပြုတာ ခံရဦးမည်။

"အင်းလေ – သူ့အကြောင်းနဲ့သူပါတော်၊ ဟုတ်ရင်ကျော်၊ ပုပ်ရင်ပေါ်လိမ့်မယ်"

အေးရီက ပြောသည်။ ညိုမောင် ဘာမှမပြောမိတော့၊ စိတ်ထဲမှာတော့ ပျားရည်အစစ်ပါဟု ဝယ်သုံးသည့် ရွာထဲက လူတွေရော၊ အခြားရွာသားတွေ အတွက်သာ စိတ်မကောင်းဖြစ်နေမိသည်။ ဆင်းရဲလို့ သူများအသက်သတ်၊ သူများအသိုက်ဖျက်နေရသည့်အထဲ အခုလို မရိုးမသားကြံနေပြီဆိုရင် နောင်ဘဝမှာ ဘယ်လိုဆိုးကျိုးတွေများ ခံရလေဦးမလဲ။ တွေးရင်း ကျောချမ်းသလို ဖြစ်သွားသူက ညိုမောင်။

အဲ – ကိုပြားတို့မိသားစုကတော့ ညပိုင်း၊ လူခြည်တိတ်ချိန်ဆိုရင် လုပ်ငန်း ... လင်မယားနှစ်ဦး မီးဖိုချောင်ထဲမှာ သတ္တုအိုးကြီးတစ်လုံးကို မီးဖိုပေါ်တည်၊ ... ကျိုပြီးသည်နှင့် ထည့်စရာရှိတာကို အချိုးကျထည့်ပြီး ယောက်မနှင့် ... ပြီးသည်နှင့် လိုအပ်သည့်အဆင့်ရောက်တော့ အိုးကိုချ၊ အအေးခံထား ... သည်။ ပြီးမှ အိပ်ရာဝင်ကြသည်။ မနက်လင်းတော့ ကိုပြားက ပျားရှာ ... ယောင်ဆောင်။ နေမြင့်တော့ ပြန်လာ၊ ပျားရည်ဘယ်နပိဿာရ ... တော့ အသံလွှင့်။ ညပိုင်းက ချက်ထားသည့်ပျားရည်တွေကို ပုလင်းထဲ ... ပြီးတော့ – ရွာတကာ ရပ်တကာ လှည့်ပြီး ဈေးချိုချိုနဲ့ ရောင်း။

... တယ်တော့ – ရေနွေးကိုပွက်ပွက်ဆူသည်အထိကျိုရသည်။ ပြီးသည် ... အချိုးအဆကိုမှန်းပြီး သကြားထည့်သည်။ သကြားရည်ဖြစ်သည် ... ပြီးသည်နှင့် အမှုန့်ထောင်းထားသည့် ကျောက်ချဉ်အမှုန့်များကို ... အဆညီအောင် ထည့်ပေးရသည်။ ပြီးသည်နှင့် မွှေပေးရပြန်သည်။ ... ည်အစစ်နီးပါး အပျစ်အကျဲရောက်သည်နှင့် လေးညှင်းပွင့်အမှုန့်ကို



www.burmeseclassic.com

www.burmeseclassic.com

ထည့်ရသည်။ ပြီး – ဆက်မွှေ။ လိုချင်သည့်အဆင့်၊ အပျစ်ကျဲရောက်သည်နှင့် အိုးကိုချ။

ဒါဆိုရင် ပျားရည် ရပြီ။

သကြားက အချို၊ ကျောက်ချဉ်အမှုန့်က ပျားရည်အရောင်၊ လေးညှင်းအမှုန့်က ပျားရည်အရသာပူရှိန်းမှု။

ဒီကနေ့ညလည်း ကိုပြားတို့ ပျားရည်အတု ချက်နေသည်၊ အသေအချာ ချောင်းကြည့်နေသူက ညိုမောင်၊

— —

အတွေးစကို ဖြတ်လိုက်သူက ကိုပြား။

ထိုစဉ်က မိမိတို့ပျားရည်အတုချက်သည်ကို ညိုမောင်ချောင်းကြည့်နေခဲ့သည်၊ အိမ်က ခွေးဟောင်လို့ အပြေးထွက်ကြည့်တော့ ညိုမောင့်ကို တွေ့သွားသည်၊ တွေ့သွားတော့ – ရန်ဖြစ်ကြ၊ ရန်ထောင်ကြနှင့် လူကြီးအိမ် ရောက်ခဲ့သေးသည်၊ ညိုမောင်ကတော့ ကိုပြားတို့လုပ်ရပ်ကို မပြောခဲ့၊ ကိစ္စရှိလို့ သွားမိတာပါဟုသာ လည်စင်းခံသည်၊ နောက်ကျတော့ လူကြီးတွေ တောင်းပန်မှုကြောင့် ကျေအေးရတော့သည်၊

သို့သော် မကျေမနပ်ဖြစ်ပြီး ကျန်ရစ်သူက ကိုပြားတို့လင်မယား။ ရှ… သည်၊ ဘယ်မှာကျေမည်နည်း၊ နောက်ဆုံး ကိုပြားတို့ပျားရည်က အတု… ကြောင်း အားလုံးသိသွားကြတော့ ဘယ်သူမှ ဘယ်ရွာကမှ မဝယ်ကြတော့… မဝယ်တော့ – ဝင်ငွေပါး၊ ကြာလေ ပါးလေဖြစ်တော့ ရှိတာလေး ချရောင်း… စားရသည့်အဆင့်၊ ဝက်လည်း ရောင်း၊ နွားလည်း ရောင်း။ စက်ဘီးနှင့် ရွှေ… ရွှေစပါရောင်းလိုက်ရသည့်အဖြစ်၊ ဒီတော့ – ညိုမောင့်ကြောင့် စားပေါက်ပိတ်… သည်ဟု စွပ်စွဲခဲ့သည်။ ညိုမောင်က ရှင်းပြပါသေးသည်၊ လက်မခံသူ… ကိုပြားတို့လင်မယား၊



အခုတော့ …။

"ဟင်း …"

တွေးရင်း အရက်ခွက်ကိုမော့ကာ သက်ပြင်းချလိုက်သူက ကိုပြား၊ …ကျေမနပ်ဖြစ်ရင်း အိမ်တိုင်ကိုမှီရင်း ညည်းနေသူက ဒွေးရင်၊ အိမ်ထဲမှာ …တော့ သားနှင့်သမီးတို့စာကျက်သံက မတိုးမကျယ်၊ ထနောင်းကိုင်းတစ်ရွာ …လုံး တိတ်ဆိတ်နေသည်၊ ညဥ့်နက်သည်အထိ ကိုပြားတို့လင်မယား အိပ် …ပျော်နိုင်ကြသေး၊

"တောက်"

တောက်ခေါက်လိုက်သူက ကိုပြား။

— —

ကိုပြားတောက်ခေါက်သံကြောင့် သမင်လည်ပြန်ကြည့်သူက ဇနီး …ဒွေးရင်၊

"ဘာဖြစ်လာပြန်ပြီလဲ – ကိုပြား"

ခုတင်ပေါ်တွင် ခြေဆင်းထိုင်၊ သန်းဥစမ်းရင် မေးလိုက်သည်၊

"ဘာဖြစ်ရမှာလဲ – ဒွေးရင်၊ အခု – အရင်က ရှာခဲ့တဲ့ပစ္စည်းလေးတွေကုန် …အကြပ်အတည်းတွေ့နေတဲ့အချိန်၊ ဟိုကောင် ညိုမောင်ပေါ့၊ ငါနဲ့လမ်း …တော့ အတင်းတောင်းပန်၊ ငါတို့ ပျားရည်အတုချက်တာ အားလုံးသိ …တာ သူ့ကြောင့်မဟုတ်တဲ့အကြောင်း၊ ပြီးတော့ – ဆန်နစ်ပြည်လောက် …ချင်လို့တဲ့၊ ကလေးတွေ ကျောင်းမုန့်ဖိုးလည်း ပေးချင်လို့ ဆိုပြီးပြောလို့ …– ဒေါသဖြစ်လာတာ"

"တော်က သူ့အပေါ် အငြိုးထားမှန်းသိလို့ ခယပြီး တောင်းပန်တာနေ …"

"ဟုတ်တယ်လေ – အဲဒီသဘောပဲ"

www.burmeseclassic.com

မဒွေးရင်က နှုတ်ခမ်းရှုံ့ရင်း လက်မပေါ်က သန်းဥကို လက်မချင်းညှပ်ပြီး ဗျစ်ခနဲ တုပ်လိုက်သည်။ တကယ်တော့ - ကိုပြားတို့ ပျားရည်မရောင်းရတာ ခြောက်လကျော်ပြီ။ အတုရောင်းမိလို့ မယုံကြည်ကြတော့ဘဲ တောထဲထွက်ပြီး ပျားရည်အစစ်ကို ပျာလဘို့နှင့် ရောင်းတာတောင် မဝယ်လိုကြတော့။ လာဘ်ပိတ်သွားသည်။

အဲ - ညိုမောင်ကတော့ တစ်နေ့တစ်ပိဿာရလည်း ကုန်၊ နှစ်ပိဿာရလည်းကုန်သည်အထိ ပျားရည်က ရောင်းနေရသည်။ ခပ်စောစောက ကိုပြား အနေနှင့် ပျားရဲ့အကြောင်းသိသည်၊ သဘာဝကို နားလည်သည်ဟုဆိုခဲ့ပေမယ့် ညိုမောင်လောက် မကျွမ်းခဲ့။ ညိုမောင့်ထက်ရော အခြားတောလည်သူများထက်ပါသာအောင် ပျားရည်အတုချက်ခြင်းကို ကြံဆခဲ့သည်။ သကြား၊ ကျောက်ချဉ်နှင့် လေးညှင်းရှိရင် ပျားရည်အတုချက်လို့ရပြီလေ။ အတုချက်ပြီး ပျားရည်ထဲကို ပျားရည်အစစ် အနည်းအကျဉ်း ရောသမရုံသာ။ အခုတော့ မိမိရဲ့အလိမ်ကို အားလုံးသိသွားရလို့ အပယ်ခံဖြစ်သွားခဲ့ပြီ။

တကယ်တော့ - ပျားဆိုတာ ပျားကြီးမျိုး၊ ပျားလတ်မျိုး၊ ပျားငယ်မျိုး၊ သစ်ခေါင်းပျား၊ မြေပျားလို့ခေါ်သည့်မြေထောက်ပျား၊ ပျားပိတုန်း။ ဒီခြောက်မျိုးသာ ရှိသည်၊ ကိုပြားတို့နယ်မှာ အဓိကရှိသည့်ပျားက ပျားငယ်မျိုး၊ ပျားကြီးမျိုးဆိုတာကတော့အထက်ပိုင်းတောကြီးတွေမှာသာရှိသည့်ပျားမျိုး။ မြေပျားလို့ခေါ်သည့် မြေထောက်ပျားကတော့ ရှိခဲပါသည်၊ တွေ့လည်း တွေ့ခဲသည်။ မနှစ်ကတော့ ချင်းတွင်းအထက်၊ မဟာမြိုင်တောဆီကနေပြီး ပျားကြီးမျိုးအုပ်စု ရွာပေါ်က ဖြတ်ပြီး ပျံခဲ့ဖူးသည်။ နောက်ရက် ဖုန်းဆိုးတောထဲရှိ သမုန်းပင်မှာ ခေတ္တခဏ အုံဖွဲ့နေသည်ဆို၍ ကိုပြား သွားကြည့်ဖူးသည်။

သွားကြည့်တော့ - လှည်းဘီးခန့် ပျားအုံကြီးကို သမုန်းပင်အကိုင်းမှာအုံနေသည်ကို တွေ့ရသည်။ သမုန်းပင်က ပုပု၊ ရှိသည့်သစ်ကိုင်းကို အုံနေရုံသာမက အခြားအကိုင်းတွေပါ နားနေသည်က သမုန်းရွက်၊ သမုန်းကိုင်းပင် မမြင်ရသည်အထိ။ ဒီတစ်ခါပဲ ပျားကြီးမျိုးကို မြင်ခဲ့ဖူးသည့် ကိုပြား၊



ဘာပဲဖြစ်ဖြစ်၊ ယခုတော့ ကိုပြားတွေးရင်း နောင်တမရသည့်အပြင် ညိုမောင့်အပေါ် အခဲမကျေနိုင်သေး။

"တော်က လူကြီးအိမ်ရောက်တုန်းကပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲပါလို့ ပြောသားပဲ၊ တော်ကမှ မစွဲတာ၊ စွဲလိုက်ရင် အဲဒီအကောင် ထောင်ကျနေလောက်ပြီ"

မဒွေးရင်က မကျေမချမ်းပြောသည်၊ အတွေးစများပြတ်သွားပြီး ဒွေးရင်ဆီကြည့်သည်။

"အေးပါ - သူတို့မိသားစုကို ငါ လက်စားချေမှာပါ၊ ကြည့်မနေ - ဒွေးရင်၊ ရေစက်မကြုံ၊ ထင်းခွေကြုံရလိမ့်မယ်၊ လက်သည်မပေါ်အောင်ကို သတ်ပြမယ်"

ရင်ထဲက အငြိုးအတေးကြောင့် မကျေမချမ်းနှင့် အကြံကြီးကြံနေသည့် ကိုပြားစကားအဆုံး အဆင်းဘီးတပ်ပေးလိုက်သည့် ဒွေးရင် အပြုံးတစ်ပွင့်ကြောင့် ရောယောင်ပြီး ပြုံးမိသူက ကိုပြား။

— ✍ —

ပြုံးရင်းနှင့် ရုတ်ခြည်းပင် မျက်နှာကို တည်ထားလိုက်သူက ကိုပြား။ ဦးပြားဟု ခေါ်ရမည့်အရွယ်၊ အသက်ခြောက်ဆယ်နား ကပ်နေပေမယ့် ရွာကလူတွေကတော့ သူ့ကို ကိုပြားဟုသာ ခေါ်တွင်နေဆဲ။ ဦးပြားသည် သူ့ဘဝဇာတ်ကြောင်းအစအဆုံးကို ပြောပြရင်း ဇာတ်သိမ်းပိုင်းအချို့ကို ချန်လှပ်ရင်း ရင်ထဲမှ ပြောမထွက်သည့်အတွက် စိတ်ထဲမှာပင် ပြောချင်သည့်ဆန္ဒကို မျိုသိပ်ထားနေမိသည်။

စိတ်ထဲကတော့ ယားကျိကျိ။

"အဲသလိုဆိုရင် - အဖေက ထွေးမောင်ကို သတ်ဖို့ကြံခဲ့တာပေါ့၊ ဟုတ်လား - အဖေ"

www.burmeseclassic.com

မေးလာသူက ဦးပြားရဲ့သား ကျောက်ခဲ၊ ထွေးမောင်ဆိုတာ ညိုမောင်ရဲ့ သား၊ တစ်ဦးတည်းသောသား၊

ကျောက်ခဲအမေးကြောင့် ဦးပြားမှာ ခေါင်းမညိတ်၊ ခေါင်းမခါနိုင်ဘဲ အဝေးကို ငေးကြည့်နေသည့်အချိန်၊ သူ့မျက်လုံးများမှာ မျက်ရည်တွေနှင့်၊ ဝေဒနာမျက်ရည်တွေ၊ ဖြေမဆည်နိုင်သည့်သောကမျက်ရည်တွေ၊ ကြေကွဲဝမ်းနည်းမှုနဲ့ နောင်တမျက်ရည်တွေဆိုတာ ဦးပြားသာပဲ သိနေသည်၊

"ဖြေလေ – အဖေ၊ အဖေက ထွေးမောင်ကိုသတ်ဖို့ကြံခဲ့တာပေါ့၊ ဟုတ်လား – အဖေ"

သည်တော့မှ ခပ်လေးလေးဖြင့် ခေါင်းညိတ်ပြခဲ့သည်၊ ဦးပြားအဖြေကြောင့် ကျောက်ခဲမှာ အတော်လေး ဝမ်းနည်းသွားရသည်၊ အဖေ့ကို စူးစူးစွာ ကြည့်နေမိသော်လည်း အဖေက ကျောက်ခဲကို မကြည့်၊ စီးကျနေသည့် မျက်ရည်များကိုသာ လက်ဖမိုးမည်းကြီးများနှင့်သုတ်ရင်း သည်းကြေပြတ်မျှ ခံစားနေရပြီ၊

"လုပ်ရက်လိုက်တာ – အဖေရာ၊ ဒါကြောင့်လည်း မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပေါ့၊ သူများမကောင်းကြံ ကိုယ့်ဆီပြန်ပြီး အဲဒီဒဏ်က ထိခဲ့တာပေါ့"

"တော် – တော်ပါတော့ – သားရယ်၊ ဒီအကြောင်းတွေ ဒါတွေ မမေးပါနဲ့တော့ – သားရယ် – နော်"

ဦးပြားက ကျောက်ခဲကိုကြည့်ရင်း ကြိုးမိန့်ကျတရားခံတစ်ဦးပမာ ခံစားရင်း တောင်းပန်သည်၊ ကျောက်ခဲ ငြိမ်နေဆဲ၊ သို့သော် မျက်ရည်များကမူ တလိမ့်လိမ့်စီးဆင်းနေသည်အထိ ခံစားနေရသည်၊ အပြိုင်ငိုနေသည့် သားအဖ၊

"သား – ကျောင်းသွားတော့မယ် – အဖေ – နော်"

"အင်း"



ကျောက်ခဲက ဖခင်ဖြစ်သူအနားမှထကာ အိမ်တိုင်တွင် ချိတ်ထားသည့် လွယ်အိတ်ကို ယူသည်၊ ပြီး – ဖခင်ဖြစ်သူထံ ကြည့်သည်၊

"သွားမယ် – အဖေ – နော်"

"သား – မင်း – စာကြိုးစားနော်"

"ဟုတ်ကဲ့ပါ – အဖေ"

"မင်း – ပညာတတ်ကြီးဖြစ်မှ အဖေ့လို ပျားဖွပ်သမား မဖြစ်မှာ"

"ဟုတ်"

"အဖေ့စကားတွေ မြေဝယ်မကျ နားထောင်ပါ – သားရယ်၊ ပြီးတော့ – အဖေ့မိုက်ပြစ်တွေအတွက် ခွင့်လွှတ်ပေးပါကွာ – နော်"

ကျောက်ခဲ ခေါင်းညိတ်သည်၊

"ဟော – ဟိုမှာ – ထွေးမောင် လာနေပြီ – အဖေ"

ကျောက်ခဲကပြောရင်း လမ်းဘက်တွင်ရပ်ကာ လက်လှမ်းပြနေသော ထွေးမောင်ကိုအပြုံးနှင့်နှုတ်ဆက်ရင်း ထွက်ခဲ့သည်၊ ဦးပြားမှာ ထွေးမောင်ဆီ သို့သာ လှမ်းကြည့်နေမိသည်၊ ထွေးမောင်နှင့်ကျောက်ခဲတို့ အပြုံးကိုယ်စီဖြင့် ကျောင်းကို သွားနေကြပြီ၊

တကယ်တော့ – ဒီနှစ် သားတို့က ရှစ်တန်း၊ ရွာနှင့် နှစ်မိုင်ခန့်ဝေးသည့် အရပ်တောကိုသွားပြီး ကျောင်းတက်ကြရသည်၊ ရွာမှာက မူလတန်းအဆင့်သာ ရှိနေခဲ့သည်လေ၊ ဒီကနေ့ – ကျောင်းမသွားခင် သားဖြစ်သူ ကျောက်ခဲက ဖခင်ဖြစ်သူနှင့် ညီမလေးအကြောင်း မေးလာခဲ့သည်၊ အကြိမ်ကြိမ် အခါခါ မေးလာခဲ့သည်၊ အကြိမ်ကြိမ် အခါခါ မေးလာသည်မို့ ဦးပြားမှာ မဖြေချင်ပဲ ဖြေပေးခဲ့ရသည်၊ ထိုစဉ်က သားနှင့်ထွေးမောင်မှာ လေးတန်း၊ အတန်းအတူ တက်နေကြသူတွေ၊ ဒီအချိန် – ဦးပြားတို့ပျားရည်အတုချက်ရောင်းသည့်ကိစ္စ တစ်ရွာလုံးသိ၊ အခြားရွာတွေအထိ သိသွားသည့်အတွက် ညိုမောင့်အပေါ် အထင်လွဲခဲ့သည်၊ ဘဝပျက်အောင်လုပ်သည်ဟုယူးစွပ်ရင်း ညိုမောင့်မိသားစု ကို အပြီးထားခဲ့သည်ကိုး၊

www.burmeseclassic.com

သည်သို့အငြိုးထားရင်း တစ်ရက်တွင် ထွေးမောင်တို့ကျောင်းပိတ်ရက်တွင် တောစပ်မှာ ထွေးမောင်နှင့်ဆုံသည်။ ဟင်းရွက်ရှူး ထွက်လာသည့် ထွေးမောင်။ ထွေးမောင်က ညီမြမောင်တို့၊ အေးရီတို့ရဲ့တစ်ဦးတည်းသောသား။ လေးတန်းစာမေးပွဲပြီးလျှင် ကန်တော့တစ်ပွဲနှင့် ရှင်ပြုပေးမည့်သူ။

သည်သို့သောအချိန်၊ ထွေးမောင်နှင့် တောစပ်မှာအဆုံ၊ ထွေးမောင်ကို သတ်ဖို့ ကြံခဲ့သည်။ သတ်မည့်နည်းက ထွေးမောင်ကို ချော့စကားပြောရင်း စကားမပြောနိုင်အောင် ပါးစပ်ကိုပိတ်၊ ပြီးတော့ - အိတ်ထဲတွင် ဖမ်းလာသည့် မြွေပွေးကိုထုတ်၊ ခေါင်းပိုင်းကို ဖျစ်ညှစ်ကာ မြွေရဲ့ပါးစပ်ကိုဖြဲ၊ သည်သို့ဖြဲလိုက်ပါက အထက်ပိုင်းက မြွေအစွယ်တွေ ထွက်လာပေမည်။ ပြီးရင် ၎င်းအစွယ်နှစ်ချောင်းကို ထွေးမောင်ရဲ့ ခြေသလုံးတစ်နေရာရာကို နစ်စိုက်ပြီး အဆိပ်ရည်တွေ ညှစ်ချပေးရုံသာ။ ဒါဆိုရင် ထွေးမောင်ခမျာ မြွေဆိပ်တက်ပြီး လူ့ရှားနိုင်မည်မဟုတ်။ သတိမေ့သွားပေမည်။ ဒီအခါကျမှ ထွေးမောင်ကို မွေ့ထမ်းပြီး ပြေး။ ရွာထဲရောက်တော့ - ထွေးမောင် ပိုးထိလို့ဆိုပြီး သတင်းလွှင့်လိုက်ရုံသာ။

တွေးရင်းနှင့် ထွေးမောင်ကို ချုပ်ကိုင်လိုက်သည့်ဦးပြား။ အံ့သြတုန်လှုပ်နေသည့် ထွေးမောင်။ ငိုယိုနေသည့်ထွေးမောင်။ တောင်းပန်နေသည့်ထွေးမောင်။ ဦးပြားလက်ထဲက မြွေပွေးကြီးကြည့်ရင်း နားမလည်နိုင်သေးသည့် ထွေးမောင်။

ထိုအချိန် -

"ဦးလေးပြား - ဟိုမှာ - ဟိုမှာ - အဒေါ်ဌေးရင်နဲ့မိနီ။ မိနီနဲ့အဒေါ်ဌေးရင်"

"ဘာ - ဘယ်မှာလဲ"

"ဟိုမှာ - သူတို့နောက်က ဘာကောင်ကြီးလိုက်နေတာလဲ။ ကြည့်ပါဦးဗျာ"

ထွေးမောင်က ရှန်းကန်ရင်းပြောသည်။ ထွေးမောင်ညွှန်ပြရာကို ကြည့်မိတော့ တောစပ်တစ်နေရာမှာ ဇနီးဌေးရင်နှင့် သမီးငယ်မိနီ။ သူတို့နောက်က လိုက်နေသည့် ရှည်ရှည်မျောမျော၊ တုတ်တုတ်မည်းမည်းအရာသတ္တဝါကြီးက တောကြီးမြွေဟောက်ကြီးတစ်ကောင်။

"ဟာ - တောကြီးမြွေဟောက်ကြီးပဲ"

ပြောရင်းအပြေးလာခဲ့သည့်ဦးပြား။ လက်ထဲက မြွေပွေးကြီးကိုပစ်ချရင်း အပြေးလာခဲ့သော်လည်း အချိန်က နှောင်းသွားပြီ။ ဒေါသနှင့် အကြမ်းအပြေးလိုက်နေသည့် တောကြီးမြွေဟောက်ကြီးက မိနီကို အရင်ပေါက်၊ ပြီးတော့ ဌေးရင်ကို ဆက်ပေါက်လိုက်ပြီ။ တောသံ၊ ဒေါသံ၊ နာသံ တရှူးရှူးမှုတ်ရင်းရှိနေသည့် တောကြီးမြွေဟောက်အသံနှင့်အတူ မဌေးရင်ရဲ့အော်သံ၊ မိနီရဲ့အော်သံတို့က ဝန်းကျင်ကို လွှမ်းခြုံသွားခဲ့ပြီ။

---

အခုတော့ - ဇနီးလည်းသေ၊ သမီးလည်းဆုံး။ ဦးပြားနှင့် သားဖြစ်သူ ကျောက်ခဲတို့နှစ်ဦးသာ ကျန်ရစ်ခဲ့သည့်ဘဝ။ ယခု - ကျောက်ခဲ ရှစ်တန်းရောက်နေပြီ။ လွန်ခဲ့သည့်လေးနှစ်ကျော်က အဖြစ်အပျက်တွေက သွေးမှတ်စရာ၊ ရှုံးသွားချင်စရာကောင်းသည့်အဖြစ်တွေ။ ဒါတွေတွေးရင်း ကောင်းသည့်လုပ်ရပ်၏မကောင်းကျိုးတွေက မကောင်းတာလုပ်သူ၏ ခေါင်းတို့အပြင်းထန်ဆုံး ထိုးနက်နိုပ်စက်တတ်သည်ကို ဦးပြားနားလည်လာခဲ့ပြီ။

သို့သော် ...

အချိန်တွေ နှောင်းသွားလေသလား ...။

ဦးပြားခြေလှမ်းတွေက လေးလံနေသည်။ လွယ်အိတ်ကိုလွယ်၊ လေးခွတစ်လက်၊ ဓားရှည်တစ်ချောင်း။ ပြီးတော့ - ပျားရည်ထည့်ဖို့ သတ္တုချိုင့်တစ်လုံးဗူးတို့ကို ဘေးလွယ်အိတ်ကြီးထဲထည့်ရင်း ဖုန်းဆိုးတောဆီ လာနေသည်။

www.burmeseclassic.com

ယခုတော့ – သူ့ဘဝနှင့် သားကျောက်ခဲဘဝ၊ ကျောက်ခဲပညာရေး အတွက် အရာရာသည် သူ့တာဝန်ဖြစ်နေခဲ့ပြီ။

ဦးပြား – တွေးရင်းငေးရင်း နောင်တတွေရနေရင်း မှုန်ဝါးဝါး မျက်ဝန်း အစုံကို အားယူကြည့်ကာ ဖုန်းဆိုးတောထဲ ဝင်ခဲ့ရျပြီတကား။

◆➜ တွင်းကြီးသား တင်ဝင်းဦး


စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့ မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း




# ထားဦးသုံး
## ကိုယ်ဝန်ဆောင်နှင့် လင်တော်မောင်

www.burmeseclassic.com

www.burmeseclassic.com

ညဘက် မော်တော်ယာဉ်

အငှားမောင်းသမားတစ်ယောက်၏

တွေ့ကြုံခဲ့ရသည့်ဘဝ၊ လူမှုဒုက္ခများ ..

**ကျွန်တော့်** နာမည်က "ရန်အေး"၊ ညတက္ကစီသမား။

ကျွန်တော့်ကားက "ကက"၊ ဆူပါရုဖ် နိုင်တီးဗင် (SUPER ROOF 90 VAN)၊ ဆီကား။

နာမည်က "ရန်အေး" ဆိုပေမယ့် ရန်တော့ မဝေးဘူးဗျာ။

ညကားသမားဆိုတော့ အချိန်နဲ့အမျှ အန္တရာယ်က ရှိနေနိုင်တာကိုး။

ကြားဖူးတယ်မို့လား၊ နေ့ခင်းကြောင်တောင် တက္ကစီသမားကို ဓား ထောက်လုတာတို့၊ လူရိုက်ပြီး ကားယူပြေးတာတို့၊ နောက် - သူက ကိုယ့်ကို တိုက်တာ၊ ကိုယ်က သူ့ကိုတိုက်မိတာ၊ ဟာ - ဖြစ်မယ်ဆိုရင် ဖြစ်နိုင်တဲ့ အန္တရာယ်ပေါင်းကို စုံနေတာပဲ ခင်ဗျ။

ညပိုင်းမောင်းရတာဆိုတော့ ပိုဆိုးတာပေါ့။

သိကြတဲ့အတိုင်း ညဆိုတာ အများအားဖြင့် အမူးသမားနဲ့၊ ညဉ့်ငှက်နဲ့ ဒုစရိုက်သမားတွေ ကျင်လည်တဲ့အချိန်လေ။



လူကောင်းသူကောင်းတွေဆိုတာလည်း ညထွက်ပြီဆိုရင်တော့ ဘား ဆိုင်တို့၊ နိုက်ကလပ်တို့၊ ကာရာအိုကေ၊ မာဆတ်တို့ အဲဒီနေရာတွေဆီ အဝင်း ဖြေ သဝေထိုးကြတာဆိုတော့ အနည်းနဲ့အများ မူးတော့ မူးနေကြတာ ချည်းပဲ။

အဲ - ကိစ္စဝိစ္စ၊ ကျန်းမာရေး၊ လူမှုရေးအကြောင်းကြီးငယ်နဲ့ ထွက်ကြရသူ တွေလည်း ရှိပါတယ်။

ပြောချင်တာက ညဆိုတာ ခရီးသည်အများစုဟာ စောစောကပြောတဲ့ လူမျိုးတွေ များတာမို့ လူသူကျဲကျဲ ညအမှောင်ထဲမှာမောင်းရတဲ့ ညတက္ကစီ သမားအဖို့ နေ့မောင်းသမားထက်ပိုပြီး ရန်များတယ်လို့ ဆိုချင်တာပါဗျာ။

ဒါကြောင့် - နာမည်ကသာ ရန်အေး၊ ရန်တော့ မဝေးဘူးလို့ ပြောရတာ ပါ။

ညသမား၊ ညမင်းသားဆိုတော့ ညမှာ ပရိယေသန ဝမ်းစာရှာရင်း တွေ့ ကြုံရတဲ့ ညဇာတ်လမ်းတွေက အများသား ခင်ဗျ။

ဒီတစ်ခါလည်း သည်းထိတ်ရင်ဖိုဇာတ်လမ်းလေးတစ်ပုဒ်ကို ထပ်ပြော ပြဦးမယ်။

"ကကပြောတဲ့ ညပုံပြင်" နောက်ထပ်တစ်ပုဒ်လေ၊

ကိုယ်ဝန်ဆောင်နဲ့ သူ့လင်တော်မောင်ကြား ဗျာများခဲ့ရတဲ့၊ ရန်မဝေးတဲ့ ရန်အေးအဖြစ်၊ ကြည့်ကြပါဦးဗျာ။

---

သည်နေ့ ကိုရန်အေး လာဘ်ကောင်းသည်ဟု ဆိုရမည်လား။ ကားတ လည်းနေ့သမားကခြောက်နာရီမထိုးခင်စောစောလာအပ်သွား၍ကိုရန်အေး လည်းခြောက်နာရီထိုးပြီးစမှာပင် ကားထွက်နိုင်လိုက်၏။ တောင်ဥက္ကလာပ ရှိ အုံနာအိမ်မှ စ,ထွက်လာပြီး ပါရမီ၊ ချော်တွင်းကုန်း မရောက်မီလေးမှာပင်

www.burmeseclassic.com

ခရီးသည်စ.ရသည်၊ ရသည့်ခရီးသည်ကလည်းအဝေးခရီးသည်၊ သက်လတ်ပိုင်းလင်မယားနှစ်ယောက်နှင့်ကလေးတစ်ယောက်၊ ထောက်ကြံ့စစ်သချိုင်း အလွန်လေးက ရပ်ကွက်သို့ ကားခ နှနစ်ထောင်နှင့် ဈေးတည့်ပြီး လိုက်ပို့ဖြစ်သည်။

ခရီးသည်ချပြီး ရန်ကုန်ဘက်ပြန်တက်အလာ မင်္ဂလာဒုံဝါယာလက်ဈေး မရောက်ခင် အမျိုးသမီးတစ်ဦး ကားတားနေသည်ကို တွေ့ရ၏။ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး၊ အိတ်တစ်လုံးဘေးချ၊ ခြင်းတစ်ခြင်းလက်ဆွဲလျက် ကားတားသည်၊ ကိုရန်အေးက ကားထိုးရပ်လိုက်ပြီး -

"ဘယ်ကိုလဲ - ညီမ"

"ရန်ကုန်ဆေးရုံကြီး သွားချင်လို့ရှင့်၊ ရှေ့နားက လမ်းမှာ တစ်ယောက် ဝင်ခေါ်ရမယ်၊ လမ်းဘေးနားတင်ပါ"

ကိုရန်အေး ပျော်ပျော်ကြီး ခေါင်းညိတ်သည်။ ကားခကို ခြောက်ထောင်ငါးရာ တောင်းလိုက်၏။ အမျိုးသမီးက သဘောတူသည်၊ သည်နေ့ အချိုကြီးတွေချည်း ရနေပါလား၊

သူက နာရီကို ငုံ့ကြည့်၏၊ ညရှစ်နာရီ ထိုးတော့မည်၊

"ဝင်ခေါ်ရမယ့်လူက စောင့်ရဦးမှာလား ဟင်"

"မစောင့်ရလောက်ပါဘူး - အား - ကျွတ် - ကျွတ်"

အမျိုးသမီးထံမှ ညည်းသံတစ်ချက် ထွက်လာ၍ ကိုရန်အေး ပြူးကြည့်မိ၏၊

"ဘာ - ဖြစ်လို့လဲ ဟင်"

"ဗိုက်နည်းနည်းနာလို့ပါ၊ မွေးရက် Due Date နီးနေလို့ ဆေးရုံတက်မလို့၊ ညီမယောက်ျားကို ဝင်ခေါ်ရမှာ .."

"ဩော် - ဒီလိုလား၊ တက် - တက် - ညီမ၊ စောင့်ဆိုလည်း ကျွန်တော် စောင့်ပေးပါ့မယ်"

မီးဖွားမည့်ခရီးသည်မှန်း သိရသဖြင့် ကိုရန်အေး ပျာပျာသလဲပြောလိုက်ရင်း နောက်ခန်းတံခါး ဖွင့်ပေးလိုက်သည်၊



"ညီမ - အိတ်နဲ့ခြင်း ကျွန်တော်တင်ပေးမယ် - ရှုထားခဲ့ပါ"

ကိုရန်အေး သူ့တံခါးကို ဆွဲဖွင့်ကာ ကားပေါ်မှဆင်းပြီး အမျိုးသမီး၏ အိတ် နှင့် ခြင်းကို နောက်ခန်းတွင် တင်ပေးလိုက်၏။ သူ့ကားက ဝင်ကားဖြစ်၍ နောက်တန်းထိုင်ခုံနောက်တွင် ပစ္စည်းတင်ရန် ကွက်လပ်ကျယ်ရှိခြင်းကြောင့် ချောင်ချောင်ချိချိ တင်နိုင်လေသည်၊

ကိုရန်အေးက ကားပေါ်ပြန်တက်ပြီး နောက်ခန်းမှ အမျိုးသမီးကို နောက်ကြည့်မှန်မှ လှမ်းကြည့်လိုက်ရင်း -

"ညီမ - အိမ်ကလူ တစ်ယောက်မှ မပါဘူးလား"

"အင်း - ညီမယောက်ျားနဲ့တွေ့မှ အမေတို့ဆီ အကြောင်းကြားနိုင်းရမှာ၊ အမေတို့က တောင်ဒဂုံမှာနေတာ"

"ဩော် ..."

ဩော်သာ ဩော်လိုက်ရသည်၊ ကိုရန်အေး သိပ်နားမလည်၊

သူ့ယောက်ျားနဲ့တွေ့မှ ဆိုတော့ ... ဘာပြောတာလဲ၊ ဝင်ခေါ်ရမယ်လည်း ပြောတယ်၊ အတူနေတာ မဟုတ်ဘူးလား၊

သူ အမျိုးသမီးကို လှမ်းကြည့်မိ၏၊ အမျိုးသမီးမှာ အသက်က သုံးဆယ်နှီးမည်ထင်သည်၊ အဝတ်အစား သန့်သန့်ပြန့်ပြန့်နှင့် ရွှေဆွဲကြိုး၊ နားကပ်၊ လက်စွပ်များလည်း ဝတ်ထားရာ ပြည့်ပြည့်စုံစုံ ရှိပုံရလေသည်၊ အမျိုးသမီးသည် နောက်ခန်းကုရှင်တွင် ခပ်လှဲလှဲမှီထိုင်ရင်း တစ်ချက်တစ်ချက် ဗိုက်နာခြင်းနှင့် မျက်နှာရှုံ့မဲ့သွားသည်ကို မြင်ရသည်၊

"အဲ - ရှေ့နားက - ရှေ့နားက လမ်းခွဲလေးမှာ ခဏရပ် - အား - ကျွတ် - ကျွတ်"

ဘုရား - ငါ့ကားပေါ်မှာများ မွေးချတော့မလား၊ ကားပေါ်၊ ရထားပေါ် ကလေးမွေးရင် လာဘ်ကောင်းတယ်ဆိုလားပဲ၊ ကိုရန်အေး တွေးချင်ရာ တွေးလိုက်၏၊

"အား - အင်း - ကျွတ် - ကျွတ် - ကျွတ်"

www.burmeseclassic.com

အမျိုးသမီးက ညည်းတွားလိုက်ရင်း -

"အဲ - အဲဒီရှေ့လမ်းခွဲ - မှာ - ရပ် - ပေးပါ - ကျွတ် - ကျွတ်"

ကိုရန်အေးက ကားကို ရပ်ပေးလိုက်ပြီး အမျိုးသမီးကို လှည့်ကြည့်သည်။ သည်ပုံအတိုင်းဆို အမျိုးသမီး ဆင်းနိုင်မည့်ပုံမပေါ်။

"ညီမယောက်ျားကို ဒီနားမှာ ခေါ်ရမှာလား"

ကိုရန်အေး မေးလိုက်သည်။ အမျိုးသမီးက နာကျင်နေဟန် မျက်နှာရှုံ့မဲ့နေရင်း ခေါင်းတဆတ်ဆတ် ညိတ်ပြ၏။ ကိုရန်အေးကို လှမ်းကြည့်ကာ -

"ညီမ - ညီမ - ဆင်းနိုင်မှာ - မဟုတ်ဘူး - ထင်"

"ဟာ - ရတယ် - ညီမ၊ နေ - နေ - ကျွန်တော် ခေါ်ပေးပါ့မယ်၊ ဘယ်နားမှာလဲ"

"ကျွတ် - ကျွတ် - အဲ - ဒီ - လမ်းကြားထဲက - အရက် - အရက် - ဆိုင် - မှာ"

"ဟင် - အရက်ဆိုင်"

ကိုရန်အေး မျက်လုံးပြူးသွားသည်။ အစောတုန်းက သူ့ပထမ "ခြော" ကို သူ့ဘာသာ နားလည်သွား၏။

"လမ်းထဲဝင် - ဝင်သွား - ရင် - ညာဘက်ဘေး - မှာ အရက်ဆိုင် - ရှိ - ရှိတယ်၊ ကို - ကိုခင်အောင် - လို့ မေး - မေးပြီး - ခေါ်ပေး - ပါ"

ကိုရန်အေးက ခေါင်းနှစ်ခါသုံးခါ ညိတ်ပြရင်း -

"ဟုတ်ပြီ - ဟုတ်ပြီ၊ ကျွန်တော် - ခေါ်ပေးမယ်နော်"

"ကျွတ် - အင်း - ကျွတ် - ကျွတ်"

အမျိုးသမီး၏ နာနာကျင်ကျင် ညည်းတွားသံကြောင့် ကိုရန်အေး၏ ဗိုက်ထဲက နာလာသလိုလို၊ သူ ပျာသွားသည်။ ကားပေါ်မှ ကမန်းကတန်း ဆင်းကာ လမ်းဘေးကပ်လျက် လမ်းကြားလေးထဲ ပြေးဝင်မိ၏။

"ဟော - ဟိုမှာ"

အရက်ဆိုင်က မဝေးလှပါ။ လမ်းကြားအဝင် နှစ်အိမ်ကျော်လောက်တွင် တွေ့ရ၏။ ကိုရန်အေးက အရက်ဆိုင်ထဲ အပြေးဝင်သည်။ ဆိုင်ထဲတွင် ကိုယ့်အစုနှင့်ကိုယ် သောက်သုံးနေသောလူများက အပြည့်၊ ပုလင်းသံ၊ ခွက်သံ၊ စကားသံတို့ဖြင့် စီညံနေလေသည်။ ဆေးလိပ်မီးခိုးနံ့များကလည်း မွှန်မှန်။

ကိုရန်အေးက အမျိုးသမီးယောက်ျားကိုလည်း မမြင်ဘူး၊ စိတ်ပျာနေသဖြင့် ပုံပန်းသဏ္ဌာန်ပင် မမေးခဲ့မိ၊ ကိစ္စမရှိ၊ နာမည်က "ကိုခင်အောင်" တဲ့၊ ကိုရန်အေးက ကောင်တာမှ အရက်ရောင်းနေသော လူဝကြီးထံ ချဉ်းကပ်သွားလိုက်သည်။

"ဟို - ဒီမှာ ခင်ဗျာ - ကိုခင်အောင်ဆိုတာ ဒီမှာရှိပါသလား။ တစ်ချက်လောက် ခေါ်ပေးပါလား"

အလုပ်ရှုပ်နေဟန်ရှိသော လူဝကြီးက သူ့ကို မော်ကြည့်လိုက်ပြီး ဆိုင်ထဲရှိ အရက်ဝိုင်းများဆီသို့ မျက်လုံးဝေ့ကြည့်၏။ လူဝကြီးကြည့်ရာသို့ ကိုရန်အေးကလည်း လိုက်ဝေ့ကြည့်သည်၊ လူဝကြီးက မတွေ့သေးဟန်ဖြင့် ကောင်တာခုံပေါ်သို့ကိုယ်ကိုကိုင်းကာ မေးဆန့်၍ရှာနေပြန်သည်၊ ကိုရန်အေးကလည်း ကောင်တာအပြင်တွင်ရပ်ရင်း လူဝကြီးကိုလှည့်ကြည့်ကာ လူဝကြီးလုပ်သည့်အတိုင်း သူကပါ လည်ကြီးဆန့်၍ ဟိုသည်လိုက်ရှာမိ၏၊ စိတ်ကစောနေ၍ လုပ်မိလုပ်ရာ လိုက်လုပ်နေမိသော်လည်း သူမမြင်ဘူးသေးသော လူကို သူမသိသောလူအများကြားထဲ ကြည့်ကားကြည့်၏၊ မတွေ့၊

"ဟော - ဟိုးနားမှာ"

လူဝကြီး ပြောလိုက်သံကြောင့် ကိုရန်အေးက လူဝကြီးကို ပျာပျာသလဲ ကြည့်၏၊ နောက် - လူဝကြီး လက်ညှိုးညွှန်ရာသို့ လှမ်းကြည့်ရပြန်သည်၊

"ဟိုး - ထောင့်က စားပွဲမှာ - ရှပ်အကျီအနီကွက်နဲ့ ကျောခိုင်းထိုင်နေတဲ့လူ"

— ☆ —



www.burmeseclassic.com

www.burmeseclassic.com

လူဝကြီးကိုကျေးဇူးစကားဆိုရင်းကိုရန်အေးထိုင်ထောင့်စားပွဲသို့အမြေ တစ်ပိုင်းသွားသည်။

"ဒီမှာဗျ - ကိုခင်အောင် ဆိုတာလား"

သူက ရုပ်အနီကွက်နှင့်လူ၏ပခုံးကို အသာပုတ်ရင်း မေးလိုက်သည်။ ထိုလူကကိုရန်အေးကိုမော်ကြည့်လာ၏။ ထိုလူ၏မျက်လုံးများသည်အရက် ရှိန်ကြောင့် ရဲရဲနီနေလေသည်။ ကိုရန်အေးကို မော်၍ ကြည့်ပင်ကြည့်နေ သော်လည်း မြင်ဟန်မတူ။ အတော်ပင် မူးနေဟန်ရှိ၏။

မော်ကြည့်နေသော မျက်နှာကို ထမ်းထားရသည့် ထိုလူ၏ကိုယ်ခန္ဓာ သည် တယိမ်းထိုးထိုး ဖြစ်နေလေသည်။ ထိုသူနှင့် တစ်ပိုင်းတည်း ထိုင်



ကျွတ်–ကျွတ်–အရေး–ထဲမှ–ရှင်က–မူးနေတယ်။
ကား–ကားဆရာ–ရေ–အင်း–ကျွတ်–ကျွတ်–ရှီး–သူ့ကို
ကျွန်မ–အမေအိမ်–ဖုန်းဆက်ခေါ်ခိုင်းမလို့ဟာ–ရှင်မြင်တဲ့အတိုင်း–ပဲ။
ကားဆရာ–ပဲ–ဖုန်းဆက်–ဆက်ပေးပါလား–ဟင်။



သောက်နေသော ကျန်သုံးယောက်ကလည်း ကိုရန်အေးကို မူးယစ်နေသော မျက်လုံးများနှင့် ပြူးတူးကြောင်တောင် ငိုင်းကြည့်နေကြ၏။

"ကိုခင်အောင် ဆိုတာ ခင်ဗျားလား ဟင်"

ကိုရန်အေးက ထပ်မေးလိုက်သည်။ ထိုလူသည် ယိမ်းထိုးခန္ဓာဖြင့် မော် ကြည့်နေရင်းကပင် ခေါင်းက ရှေ့သို့ စိုက်စိုက်ကျသွားသေးသည်။ ဒုက္ခပါပဲ။

"အေ့ - ဇေ့ - ဝုတ် - ဝုတ်တယ်ကွ။ မင်းက - ဘာတောင်လဲ - လဲ"

ဗုဒ္ဓေါရေ ...။ ဒုက္ခနဲ့ လုလုနဲ့တော့ တွေ့ပြီ။ အဲ - ဒုက္ခနဲ့ ရန်အေးနဲ့တော့ တွေ့ပြီ။ အစပိုင်းက မင်းပဲ ဒီနေ့ လာဘ်ကောင်းတယ်ဆို - ရန်အေး။

"ခင်ဗျား - မိန်းမ - မွေးတော့မယ်နဲ့တူတယ်။ ကျွန်တော့်တက်စီပေါ်မှာ ပါလာတယ်။ ဆေးရုံသွားမလို့တဲ့။ ခင်ဗျားကို ခေါ်ခိုင်းလိုက်လို့"

"ဘာ - ဘာ - ပြော - တာ - ရဲ"

"ဟာ - လုပ်လိုက်ကွ - ဒုက္ခပါပဲ"

ကိုရန်အေး လွှတ်ခနဲ ဒုက္ခတ,ရင်း ခုနကစကားကို အရက်သမား နား သည်အောင်ဖြည်းဖြည်းချင်း ထပ်ပြောရပြန်သည်။ ကားပေါ်က ဟိုအမျိုးသမီး တော့ ဘယ်လိုဖြစ်နေပြီလဲမသိ။ သည်မှာတော့ သူ့ဖယောက်ျားကို ခေါ်လာဖို့ နေနေသာသာ ပြောသည့်စကား သူ့ဖယောက်ျားနားလည်အောင်ပင် မနည်း ရှင်းနေရတုန်း။

ကိုရန်အေး ခပ်ဖြည်းဖြည်း တစ်လုံးချင်း ပြန်ပြောပြမှ ထိုလူက ဆတ်ခနဲ ခေါင်းထောင်လာသည်။ သို့သော် သူ "ဆတ်ခနဲ" က စက္ကန့်ပိုင်းမျှသာ။ သူ့ ဆတ်ကို သူ့လည်ပင်းက ကြာကြာထမ်းထားနိုင်ဟန်မရှိ။ ခေါင်းငိုက်ကျသွား ပြန်၏။ ထိုလူက သူ့ခေါင်းကို အနိုင်နိုင်မော့ရင်း -

"ဘာ - ငါ့ - မိန်းမ - မွေး - မွေးတော့ - မယ် - ဝုတ် - ဝုတ်လား။ ဘယ် - ဘယ် - မှာ - လည်း"

ပြောပြောဆိုဆို ထိုလူက ပြူးပြူးပျာပျာပုံစံဖြင့် ရုတ်ခနဲထသည်။ သို့ သော် သူ့ကိုယ်သူ မဟန်နိုင်။ ယိုင်လဲသွား၍ ကိုရန်အေးက ကပျာကယာ တွဲ ထိန်းလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

"မင်း – မိန်းမ – မွေး – မွေး – တော့မှာ – တဲ့ – ဝုတ် – လား၊ တွား – တွား – မြန် – မြန်တွား"

"ပေး – မွေးတော့မှာ – တဲ့ – တွ၊ တူနယ် – တယ့်နယ် – ပျောင် – ဟား – ဟား"

သေးမှ ထိုလူ့အပေါင်းအဖော်တို့က အရက်မူးသံကြီးများဖြင့် တပေး ပေး တဝါးဝါး ပျော်ပျော်ကြီးအော်ကာ တစ်ယောက်တစ်ပေါက် ဝင်ပြောနေကြ၏၊ ကိုရန်အေး ကျန်လူများကို ဂရုမစိုက်နိုင်တော့၊ ထို – ကိုခင်အောင်ဆို သူကိုသာတွဲပြီး ဆိုင်ထဲမှ အမြန်ထွက်ရသည်၊

သူကသာ စိတ်လောကြီးနေသော်လည်း အမူးသမား ကိုခင်အောင်ကား ဘယ်တစ်ဝေ့၊ ညာတစ်ယမ်း၊ သူ့ကိုတွဲ၊ ဆွဲနေရ၍ ခရီးက မတွင်၊ ကိုရန်အေး ပါ ထိုလူသွားရာ ယိုင်ထိုးပါနေရတော့၏၊ မသိလျှင် အမူးသမားနှစ်ယောက် သိုင်းကွက်တင် အားမရ၊ ဂျူဒို၊ ကရတေးကွက်တွေပါ စုံအောင်နင်းလာကြ သလိုလို ...၊ ဝရန်းသုန်းကားနှင့်ပင် ကားနား ရောက်လာရ၏၊

လှမ်းကြည့်နေသော အမျိုးသမီးမျက်နှာတွင် နာကျင်ခြင်းအပြင် စိတ်ပျက်ခြင်း၊ ပူပန်ခြင်း၊ အားငယ်ခြင်း အရိပ်အယောင်များ တစ်ပြိုင်တည်းဖြတ် ပြေးသွားသည်ကို တွေ့လိုက်ရသည်၊ ကိုရန်အေး သနားသွား၏၊

"ကြင်ကြင် – ငါ့မိန်းမ – ငါ့ – မိန်းမ"

ကိုခင်အောင်က သူ့မိန်းမကို ကားမှန်ပြတင်းမှ လှမ်းကြည့်ကာ ဗလုံး ဗထွေးအော်၏၊ ကိုရန်အေးမှာ ကိုခင်အောင်ကို တွဲထားရင်းက ကားနောက် ခန်းတံခါး ဆွဲဖွင့်ပေးရသည်၊

"ဟာ – ဖြည်းဖြည်းဗျ၊ တော်ကြာ – ခင်ဗျားမိန်းမပေါ် တက်ထိုင်မိ မယ်"

ထိုလူက ကမူးရှူးထိုးနှင့်ကားပေါ်အတင်းတက်ရန်ပြင်နေ၍ကိုရန်အေး မှာ ကမန်းကတန်း လှမ်းဆွဲ ရ၊ လွှဲ ရ၊ ထိန်းရပြန်သည်၊ တကယ့်ဇ ဗရုတ်သုတ်ခ ပါပဲ၊



ကားထဲမှ အမျိုးသမီးက တအင်းအင်းညည်းရင်း ဘေးသို့ အနိုင်နိုင်တိုး ရွှေ့ပေး၏၊ ကိုရန်အေးကပင် ကိုခင်အောင်ကို ထိန်းတွဲ၍ တင်ပေးရတော့ သည်၊

"မိန်းမ – မိန်း – မ – နာ – နာနေ – ပြီလား၊ ဂု – ဂု – မွေး – မွေးတော့ – မှာ – လား"

"အား – ကျွတ် – ကျွတ် – ကျွတ်"

"အီး – ဥုဖွ – ဥုဖွ – မိန်းမ – မိန်းမ – အောင့် – အောင့်ထားနဲ့တွ – မွေး – မွေး – ချ – ပလိုက်"

"အဲ – ဗျ"

ကိုခင်အောင်သည် သူ့မိန်းမဗိုက်ကိုကိုင်ကာ ထိတ်ထိတ်ပျာပျာဟန်နှင့် ပြောလိုက်ခြင်း ဖြစ်သည်၊ ဒီလူနဲ့တော့ သေသာ သေလိုက်ချင်တော့တာပဲ၊

ကိုရန်အေး ရင်မောမောနှင့် "အဲဗျ" မိရင်း စိတ်ထဲမှ ညည်းတွားလိုက်မိ လေသည်၊

"ကျွတ် – ကျွတ် – အရေး – ထဲမှ – ရှင်က – မူးနေတယ်၊ ကား – ကားဆရာ – ရေ – အင်း – ကျွတ် – ကျွတ် – ရှီး – သူ့ကို – ကျွန်မ – အမေအိမ် – ရှန်းဆက်ခေါ်နိုင်းမလို့ဟာ – ရှင်မြင်တဲ့အတိုင်း – ပဲ၊ ကားဆရာ – ပဲ – ရှန်းဆက် – ဆက်ပေးပါလား – ဟင်"

"ဟာ – ဆက်ပေးမယ်လေ – ပြော – ပြော – ဘယ်ကိုဆက်ရမလဲ၊ နောက် ပြီး – ခင်ဗျားရော – ရ – ရရဲ့လား၊ ဆေးရုံ အရင်သွားပြီး ရောက်မှဆက်ရင် ကောင်းမယ်ထင်တယ်"

အမျိုးသမီးက ရှုံ့ရှုံ့မဲ့မဲ့ လှမ်းကြည့်ရင်း –

"ဟုတ် – ဟုတ်တယ်နော်၊ ဆေးရုံကိုပဲ – အရင် – မောင်း – မောင်းပါ တော့"

ကိုရန်အေး ကားပေါ် ကတိုက်ကရိုက် ပြန်တက်ကာ မောင်းထွက်ရ သည်၊ လင်တော်မောင်ကား ကိုရန်အေးနှင့် သူ့မိန်းမကို မျက်ခုံးတော်ပင့်



www.burmeseclassic.com

www.burmeseclassic.com

မေးတစ်ငေါ့နှင့် တစ်လှည့်စီ ပြုံးကြည့်ရင်း ပြောစကားများအား နားလည်နိုင်ရန် စိတ်ထဲမှ အသည်းအသန် ဘာသာပြန်နေပုံရလေသည်။

ကိုရန်အေးမှာတော့ နောက်ကြည့်မှန်မှတစ်ဆင့် နောက်ခန်းသို့ လှမ်းတကြည့်ကြည့်၊ အမျိုးသမီးကမူ အနာသက်သာသွားပုံနှင့် ငြိမ်သွားလေသည်။

— ☆ —

ကိုရန်အေးတွင်လည်း သမီးလေးတစ်ယောက် ရှိပါသည်။ ခု – ငါးနှစ်ရှိပြီ။ သူ့အမျိုးသမီးမွေးစဉ်က အိုဂျီ (OG – သားဖွားမီးယပ်အထူးကုဆရာဝန်) နှင့် အပ်ထားပါသော်လည်း ဆေးရုံမရောက်လိုက်၊ အိမ်တွင် အားချင်းပြင်ဆင်၍ မွေးလိုက်ရသည်။

ပြောမပြောချင်တော့၊ ထိုနေ့က စနေနေ့၊ မွေးရက် Due Date က နှစ်ပတ်ကျော်လောက် လိုသေးသည်၊ မွေးရက်နီးနေ၍ အပတ်စဉ် စနေနေ့တိုင်း အိုဂျီကို သွားပြရသည်။ မွန်းလွဲပိုင်း အိုဂျီသွားပြပြီး ပြန်လာခဲ့၏။ ဆရာဝန်က ရှေ့အပတ်လာလျှင် အသားချုပ်ရိုးနှင့် လိုအပ်သောပစ္စည်းများ၊ ဆေးများ အသင့်ဝယ်ထားရန် ဆေးစာရေးပေးလိုက်သည်။ ထိုနေ့က အချိန်မရှိသောကြောင့် မနက်ဖြန် ဝယ်လာခဲ့မည်ဟု မိန်းမကို ပြောထား၏။

သို့သော် ထိုစနေညတွင်ပင် အမျိုးသမီးက ဗိုက်နာပါတော့သည်၊ တကောင်းချင်တော့ ကိုရန်အေးမှာ ထိုညက နားရက်ဖြစ်၍ ကားမထွက်၊ ထို့ပြင် ကိုရန်အေး၏အစ်ကိုတစ်ယောက်လည်း နယ်မှ ရောက်နေချိန်ဖြစ်၏။ ညဆယ်နာရီလောက်တွင် အိပ်ပျော်နေချိန် အမျိုးသမီးက ကိုရန်အေးကို လှုပ်နှိုးသည်။

"အစ်ကို – အစ်ကို – ထပါဦး။ ဟို – ရေ – တွေ – ရေတွေ ထွက် – လာလို့"

ကိုရန်အေး ကမန်းကတန်း လူးလဲထသည်။ အိပ်ရာအောက်ပိုင်းတွင် ရေတွေရွှဲနေ၏။ ဖြစ်ချင်တော့ ကလေးက သားဦး၊ ကြားဖူးနားဝနှင့် လေ့လာဖတ်ရှုထားသည်ကလွဲ၍ အတွေ့အကြုံက မရှိသေး။



"မမေ့ကို သွားနှိုးပြီး မေးကြည့်ပါဦး – အစ်ကို၊ ဘာဖြစ်တာလဲ သိဘူး"

"မင်း – ဗိုက်ရော နာနေပြီလား"

"ဟင့်အင်း – အစ်ကို၊ ဗိုက်တော့ မနာပါဘူး။ ဘာမှန်းမသိ၊ ရေတွေ ဗွမ်းခနဲထွက်လာလို့၊ မွေးရက်ကလည်း နှစ်ပတ်ကျော်လောက် လိုသေးတာလေ၊ ဘာဖြစ်တာလဲ မသိဘူး"

"အေး – အေး – သိပ်လည်း စိုးရိမ်မနေပါနဲ့၊ ကိုယ် – အမေ့ကို သွားနှိုးလိုက်မယ်"

ပြောပြောဆိုဆို ကိုရန်အေး ယောက္ခမကို သွားနှိုးရ၏။ ယောက္ခမကြီး ... ပျာပျာသလဲ ထလိုက်လာပြီး သူ့သမီးကိုကြည့်၍ မေး၏။

"မွေးခါနီးလို့လေ၊ သုံးလေးရက်ဆို မွေးမယ်ထင်တယ်" ဟု ဆိုသည်။ ...သမီးက တစ်ဦးတည်းသမီး၊ ယောက္ခမကြီးကလည်း ကျွန်တော့်အမျိုး... တစ်ယောက်သာ မွေးဖူးသူဖြစ်၍ မအူမလည်၊ သို့သော် သုံးလေးရက် ...သေးသည်ဆိုသဖြင့် ကိုရန်အေး နည်းနည်းစိတ်အေးသွား၏။

"ဟော – ရေတွေ – ထပ်ထွက်လာပြန်ပြီ – အစ်ကို၊ ကျွန်မ ရှူးပေါက်တာ ...မဟုတ်ပါဘူး"

အမျိုးသမီးက တအုံ့တသြနှင့် ထိတ်ထိတ်ပျာပျာ ပြောသည်။

"...ဖြစ်ပါဘူးကွာ၊ အမေကလည်း ဘာမှမသိဘူး၊ ကိုယ် – ရှေ့အိမ်က ...တို့ကို သွားနှိုးချည်ဦးမယ်"

ထိုအချိန်က ၁၉၈၈ – ခုနှစ်ဖြစ်၏။ ရှစ်လေးလုံးအရေးအခင်းနှင့် တိုင်း...ငြိမ်မသက်ဖြစ်ဆဲမို့ ကာဖြူး (ညမထွက်ရအမိန့်) ထုတ်ထားဆဲ၊ သွား...လို့သွား၍မရ၊ ကိုရန်အေးက အိမ်ရှေ့အိမ်မှ အဘွားတို့၊ တူးမာတို့ကို ...အကျိုးအကြောင်းပြောပြတော့၊

"...– အဲဒါ – ရေမွှာပေါက်တယ်လို့ခေါ်တယ်၊ ဘယ်က သုံးလေးရက် ...လဲ၊ ဒီညပဲမွေးမှာကွယ့်၊ လာ – လာ – အဘွားလိုက်ခဲ့မယ်"

www.burmeseclassic.com

"အစ်ကို့ကို ဘယ်သူက သုံးလေးရက်ကြာမယ်ပြောလို့လဲ"

တူးမာက မေးသည်၊ အဘွားတူမ တူးမာက ကလေးနှစ်ယောက်အမေဆိုတော့ အတွေ့အကြုံရှိပြီးသူမို့ အထိုက်အလျောက် နားလည်နေသည်၊

"ယောက္ခမကြီးက ပြောတာ - လိုသေးတယ်တဲ့"

"ဒုက္ခပါပဲ" ဟုဆိုကာ တူးမာက တဟားဟားရယ်သည်၊ အဘွားက ခင်အေးရီကို ဝင်ကြည့်ပြီး -

"ဟုတ်တယ် - ဒီညပဲမွေးရမှာ၊ ရေမြွှာပေါက်နေပြီ၊ ဆေးရုံပို့မှဖြစ်မယ်၊ မင်း - ကားစီစဉ်ထား၊ ကာဖြူးနဲ့ဆိုတော့ ရပ်ကွက်လူကြီးကိုအကျိုးအကြောင်း သွားပြော၊ ဒီမှာ - အဘွား - လိုအပ်တာတွေ မင်းယောက္ခမနဲ့ အသင့်ပြင်ထားပေးမယ်"

"ဒါဆို - အမေနဲ့အဘွား တိုင်ပင်ပြီး လုပ်ကြပါ၊ ကျွန်တော် ရပ်ကွက်လူကြီးကို အကြောင်းကြားပြီး စီစဉ်စရာရှိတာ စီစဉ်လိုက်မယ်၊ နောက်လမ်းက ဆရာဝန် ဒေါက်တာ ခင်မောင်ဝင်းကိုလည်း သွားပင့်လိုက်ဦးမယ်"

ပြောရင်းဆိုရင်း အမျိုးသမီးက ဗိုက်နည်းနည်းနာလာတယ်ဟု ပြောပြီး အနာကတော့ ကျဲသေးသည်၊ ကိုရန်အေးက ဆရာဝန်သွားပင့်ရာ ဆရာဝန်က စစ်ဆေးကြည့်ပြီး သည်ညပဲ မွေးလိမ့်မယ်ဟု ဆိုသည်၊

"လူနာအခြေအနေရော၊ ကလေးအခြေအနေရော အားလုံးကောင်းပါတယ်၊ မနက်အရုဏ်တက် လေးနာရီ၊ ငါးနာရီလောက် မွေးလိမ့်မယ်၊ ဆေးရုံသွားဖို့ပြင်ပါ၊ ဒီကြားထဲ လိုအပ်ရင် အားမနာပါနဲ့ - ကိုရန်အေး၊ ကျွန်တော့်ကို လာနှိုးပါ"

ကိုရန်အေးတို့က ဆေးရုံမှ သားဖွားမီးယပ်အထူးကုနှင့် ဗိုက်အပ်ထားသည်ကို ဆရာသိသည်၊ ဆရာက အတွေ့တွေ့ရောဂါကုဆရာဝန်ဖြစ်၏၊ သို့သော် ရပ်ကွက်ထဲ မွေးသမျှလိုလို ဆရာကသာ မွေးပေးရသည်က များသည်၊ ဆရာသည် ကျွမ်းကျင်စိတ်ရှည်ပြီး ရပ်ကွက်က အားထားရသော ဆရာဝန် ဖြစ်လေသည်၊



တော်ပါသေးသည်၊ ကိုရန်အေးကလည်း ကာဖြူးကာလဖြစ်၍ လိုလိုမည်မည်ဟုတွေးကာ လမ်းထိပ်မှ ကားရှိသော မိတ်ဆွေတစ်ယောက်ကို ကြိုတင်၍ ကားအကူအညီတောင်းထားဖူးသည်၊ နယ်မှရောက်နေသော အစ်ကိုနှင့်ရပ်ကွက်လူကြီးအိမ်သွားပြော၊ ရပ်ကွက်လူကြီးနှင့်အတူ လမ်းထိပ်ကင်းရုံထားသောတပ်ဆီ ခွင့်တောင်း၊ ကားကိစ္စ စီစဉ်ပြီးတော့ အချိန်က ညတစ်နာရီ ထိုးခါနီးနေပြီ၊

ဆေးရုံသွားဖို့ အဆင်သင့်ဖြစ်နေသော်လည်း ထိုအချိန်တွင်ကား အမျိုးသမီးမှာ ဗိုက်တအားနာနေခဲ့ပြီဖြစ်သည်၊ သူမ မထနိုင်တော့၊ သို့နှင့် နောက်လမ်းမှ ဆရာဝန်ကို ထပ်နှိုး၍ပင့်ရသည်၊

"ကိုရန်အေး - ဆေးရုံသွားချင်ရင်တော့ သွားပါ၊ ဒါပေမဲ့ - ဒီအတိုင်းဆိုလမ်းမှာတင် ဒုက္ခများနိုင်တယ်ဗျ၊ မိခင်ရော၊ ကလေးရောက အားလုံးအခြေအနေကောင်းတယ်၊ ဆေးရုံမသွားနိုင်တော့လို့ အိမ်မှာပဲမွေးမယ်ဆိုရင်လည်း ကျွန်တော် တာဝန်ယူပါတယ်၊ ကိုရန်အေးတို့သဘောပဲ"

ကိုရန်အေး စဉ်းစားရလေပြီ၊ ခင်အေးရီမှာ ဗိုက် တအားနာနေပြီဖြစ်၏၊ ဟိုသည် စီစဉ်ရ၊ ဆရာဝန်ပင့်ရနှင့် အချိန်ကလည်း ညနှစ်နာရီ ထိုးလုနီးနေပြီ၊ ကိုရန်အေးတို့နေသော မရမ်းကုန်းမြို့နယ်မှ ဗိုက်အပ်ထားသောဆေးရုံထိ ခရီးက ဝေးနေသေးသည်၊ သာမန်အချိန်ဆို ကိစ္စမရှိ၊ ကာဖြူးနှင့်ဆိုတော့ လမ်းမှာ တောက်လျှောက်မောင်း၍မရနိုင်၊ လမ်းတွင် ကင်းစစ်နေရာရောက် တိုင်း ဘာပဲပြောပြော ခဏတော့ရပ်ပြီး အကျိုးအကြောင်း သတင်းပို့ရဦးမည်၊ သည်လိုနှင့် အချိန်လင့်သွားလျှင် ခက်ရချည့်၊

သို့သော် အိုဂျီနှင့်လည်း အပ်ပြီးသားမို့ ဆေးဝါးကိရိယာ စုံစုံလင်လင်ဖြင့် ဆေးရုံမှာ မွေးသည်ကတော့ ပိုကောင်းမည် ထင်မိ၏၊ အိမ်မှာမွေးရန် ဘာမျှ အသင့်စီစဉ်ထားရခြင်းလည်း မရှိ၊ ဆရာဝန် ဝယ်ခိုင်းထားသော အသားရှင် ရိုးဆိုတာတွေလည်း မဝယ်ရသေး၊

www.burmeseclassic.com

www.burmeseclassic.com

"အေးရီ – ဆေးရုံသွားရင် ကောင်းမယ်ထင်တယ်၊ ကားလည်း အဆင်သင့်ပဲ၊ သွားရအောင်နော်"

အမျိုးသမီးကို ခုတင်ပေါ်မှ တွဲချစဉ်မှာပင် –

"အား – အမလေး – ဟင့်အင်း – အေးရီ – မသွား – နိုင်တော့ဘူး၊ အား – ကျွတ် – အိမ်မှာ – ပဲ – မွေးလို့ မရ – ဘူးလား၊ အိမ်မှာပဲ – မွေးတော့ – မယ် – အား"

ဆရာဝန်က အရက်တက်လေးငါးနာရီလောက်မှာ မွေးမည်ပြောသည်၊ ယခု နှစ်နာရီထိုးပြီးပြီဆိုတော့ မွေးချိန်က နီးလှပြီ၊ သို့နှင့် ဆရာဝန်နှင့် ကိုရန်အေးတို့ ခေါင်းချင်းဆိုင် တိုင်ပင်ကာ မီးဖွားရန်အတွက် အခန်းထဲတွင် ကမန်းကတန်း ပြင်ဆင်ရတော့သည်၊

တိုတိုပြောရလျှင် ဇနီးသည်မှာ ဆေးရုံမရောက်တော့၊ အိမ်တွင်ပင် မွေးလိုက်ရသည်၊ မွေးပေးသော ဆရာဝန်ကလည်း အမှန်ပင် ကျွမ်းကျင်ပါ၏၊ မိခင်ရော၊ ကလေးပါ ကျန်းမာကောင်းမွန်စွာ မီးဖွားနိုင်ခဲ့ပါသည်၊ ကိုရန်အေး တစ်ခုတော့ အတော်မကျေမလည်ဖြစ်မိသည်၊ ပထမ ဗိုက်အပ်ထားသော အိုကျီဆရာဝန်သည် စနေနေ့ မွန်းလွဲပိုင်းမှာပင် ရက်ချိန်းအတိုင်း သွားပြခဲ့ပါလျက် တနင်္ဂနွေအရက်တက်မွေးမည်၊ သည်လောက်မွေးချိန်ကပ်နေသည့် မွေးလူနာအခြေအနေကို မသိတာလား၊ ဖြစ်နိုင်သည်ကတော့ လူနာကို သေချာစစ်ဆေး စမ်းသပ်ခြင်း မပြုလိုက်ဘဲ သာမန်ကာလျှံကာ ပေါ့ပေါ့တန်တန် ကြည့်ပေးလိုက်ခြင်းဖြစ်မည် ထင်ပါသည်၊ သည်လောက်မွေးချိန်နီးနေသည့် လူနာတွင် ထူးခြားမှုတစ်ခုခု ရှိနေရမည်မဟုတ်ပါလား၊ ကလေးအခြေအနေကလည်း မမှန်လျှင် ကာဖြူးနှင့် သည်အခြေအနေနှင့် ဒုက္ခများ ကုန်လျှင် မခက်ပေဘူးလား၊

ထိုသို့ အမျိုးသမီးက အိမ်တွင် မွေးဖွားခဲ့သဖြင့် ကိုယ်ဝန်ဆောင်တို့၏ မီးဖွားခြင်းအတွေ့အကြုံကို ကိုရန်အေး ရထားပြီးဖြစ်၏၊ ထို့ကြောင့် သူ့ကား ပေါ်မှ အမျိုးသမီး၏ဝေဒနာကို သူ ခံစား၍ရသည်၊ စိတ်လည်း ပူပင်မိ၏၊



သည်လောက် အရေးကြီးနေခါမှ လင်တော်မောင်က မူးနေတော့ မမူးသူ ကိုရန်အေးမှာသာ သူ့လင်အစားဝင်ကာ လင်ငှားလို ပူပေးနေရလေတော့သည်၊

— ✵ —

"အား – ကျွတ် – ကျွတ် – နာ – နာလိုက်တာ"

နောက်ခန်းမှ ကိုယ်ဝန်ဆောင်၏ညည်းသံကြောင့် ကိုရန်အေး၏ အတိတ်အတွေးများ ပစ္စုပ္ပန်ဆီ ပြန်ရောက်လာသည်၊

"အား – အား – နာလိုက်တာ – ကို – ကိုခင်အောင်ရယ် – ကျွတ် – ကျွတ်"

"ညီမ – ညီမ – ရရဲ့လား၊ ခု – အင်းစိန်ရောက်တော့မှာ၊ ညီမ ခရရင် အင်းစိန်ဆေးရုံ ဝင်လိုက်ရမလားဟင်"

ကိုရန်အေးက ကားမောင်းနေရင်း စိတ်ပူပူနှင့် လှမ်းမေးရ၏၊

"ဟင့် – အင်း – အစ်ကို – ကျွတ် – ကျွတ် – ဆေးရုံကြီး – က – ဆရာဝန်မနဲ့ အပ် – အပ်ထားတာမို့ – ဆေးရုံကြီးပဲ – မောင်း – မောင်း – ပါ – အင်း – ရှီး – ကျွတ်"

"အင်း – ရှီး – ကျွတ် – ကျွတ် – နာ – နာတယ်"

ကိုရန်အေး ထိတ်ခနဲလန့်သွား၏၊ နောက်ခန်းသို့လည်း ပြူးခနဲ ကြည့်မိသည်၊ ဘယ့်နှယ် ညည်းသံက ယောက်ျားသံကြီးပါလား၊

"အား – ကျွတ် – ကျွတ်"

"အား – ကျွတ် – ကျွတ်"

"အင်း – ရှီး – အင်း – အား"

"အင်း – ရှီး – အင်း – အား"

ဟိုက် – မြတ်စွာဘုရား၊

ကိုရန်အေး ဘုရားတ,လိုက်မိ၏၊ ကားကိုလည်း ဘရိတ်နင်းကာ ရပ်မိသည်၊ ညည်းသံမှာ မိန်းမတစ်လှည့်၊ ယောက်ျားတစ်လှည့် ထွက်နေလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

ယခု – ကိုယ်ဝန်ဆောင်သာမက သူမ၏လင်တော်မောင်အမူးသမားက ပါ သူ့ဗိုက်သူနှိပ်၍ သူ့မိန်းမညည်းသလို လိုက်ညည်းနေခြင်း ဖြစ်တော့သည်။

"ခင် – ခင်ဗျားက – ဘာ – ဘာဖြစ်တာလဲ"

ကိုရန်အေး နောက်လှည့်ကြည့်ကာ အထိတ်တလန့် မေးမိ၏။

အမူးသမားသည် ရှုံ့မဲ့မဲ့ဖြင့် သူ့ဗိုက်ကိုနှိပ်ရင်း ငိုသံပါကြီးနှင့် –

"ဟီး – ရှတ် – ငါ့ – မိန်းမ – နာတော့ – ငါလည်း – ဗိုက်ထဲက – နာ – နာလာသလား – လို့"

သေဟ။ ကိုရန်အေး သူနဖူးသူ ရိုက်မိလေသည်။ အမူးသမားက ထိုမျှနှင့်မရပ်။ ညည်းညူနေသော သူ့မိန်းမဗိုက်ပေါ် လက်တင်လိုက်ပြီး –

"ဟဲ့ – အထဲကအကောင် – သိပ်မတိုးနဲ့လေ။ ငါ့မိန်းမ – အဲ – အဲ – နှင့်အမေလောင်း – နာ – နာနေပြီကွ။ ငြိမ်ငြိမ်နေတာဟုတ်ဖူး – တယ်ကမြင်းတဲ့ကောင် – ငြိမ်ငြိမ်နေစမ်းပါ"

အဲ – ကောင်းရော။ ကိုရန်အေး စိတ်ညစ်ညစ်နှင့်ပင် ရယ်ချင်သွား၏။ ကားကိုလည်း ဆက်မောင်းထွက်ရသည်။ ဆေးရုံမြန်မြန်ရောက်မှ ဖြစ်မည်လေ။

"ဟဲ့ – ဗိုက်ထဲက ပြောမရ ဆိုမရအကောင် – အဲ – အဲ – ကား – ကားဆရာ အထဲက – အထဲက – အကောင်က – သားလား – သမီးလား – လား – ဟင်"

"အဲဗျာ ..."

"ဟင် – သားလား – သမီးလား – လို့ – ကျုပ် – ကျုပ် – က – ဗိုက်ထဲကသား လို့ခေါ်ရမှာလား – သမီးလို့ – ခေါ်ရမလား – ဘယ်လို – ခေါ်ရမရဲ – ဟင်"

ကိုရန်အေး ခေါင်းကုတ်မိတော့သည်။

"ဘယ်ရို – ခေါ် – ခေါ်ရမလဲ – လို့ – ဆို – ကားဆရာကလဲ"

"ခေါ်ချင်သလိုသာ ခေါ်တော့ဗျို့။ မှားခေါ်မိရင်လည်း ကလေး အပြင်ရောက်မှ တောင်းပန်လိုက်တော့"



ကိုရန်အေး ငေါ့ပြောမိသည်။

"အေး – ဝုတ်သား။ ဟဲ့ – အထဲကအကောင် – ဆောယီး – ဆောယီး ဘာမွေးမယ်မှန်းမသိလို့ဒီအဖေက အကောင်ပဲ ခေါ်လိုက်တာ ခွင့် – ခွင့်လွှတ်နော်။ ဆော – အဲ – အီး – နာလိုက်တာဗျ"

ထိုအချိန်တွင် အမျိုးသမီးက တစ်ချက်အော်ညည်းလိုက်ရာ လင်တော်မောင်ကလည်း စူးခနဲ ထအော်ပြန်လေတော့သည်။ သူ့မိန်းမက နာ၍အော်လေ၊ ကိုခင်အောင်ကပါ လိုက်အော်လေနှင့် နောက်ဆုံး မိန်းမကို သနားလှည့်ဆိုကာ ဘေးမှ တဟီးဟီးငိုလေတော့သည်။ ငိုရင်းကလည်း မိန်းမက နာ၍အော်လျှင် သူကလည်း လိုက်အော်နေပြန်လေသည်။

ကိုရန်အေး သက်ပြင်းကြီး ဟူးခနဲချရင်း ခေါင်းကိုလည်း တပြင်းပြင်းတုတ်မိတော့သည်။ ဖြစ်ပါဘူး – သူ့ဘာသာ ဘာအော်အော်၊ ငိုငိုကွာ။ ဆေးရုံမြန်မြန်ရောက်ပါမှပဲ။ တွေးရင်း – ကိုရန်အေး တစ်စုံတစ်ခုကို သတိရကာ အမျိုးသမီးကို လှည့်မေးမိ၏။

"အဲ – ညီမ – ဟို – ရေမြွှာ – ရေမြွှာ – ပေါက်ပြီလားဟင်"

သူ့မိန်းမမွေးတုန်းက ရေမြွှာပေါက်ပြီး မကြာခင်မွေးတာလေ။ မွေးခါနီးရင် ရေမြွှာ အရင်ပေါက်တယ်တဲ့။

"ရှင် – အင် – ရေပေါင် – တာကို – ပြောတာ – လား ဟင်"

"ဟင် – ရေပေါင်တာ – အဲဒါက ဘာလဲ"

ကိုရန်အေးကလည်း အမျိုးသမီးကို တအံ့တဩပြန်မေးမိ၏။

"ကျွတ် – ကျွတ် – ရေတော့ – မပေါင်သေး – ပါဘူး

အမျိုးသမီးက ညည်းသံနှင့် ခပ်တိုးတိုးဖြေသည်။ အင်း – ရေမြွှာပေါက်တာနဲ့ ရေပေါင်တယ်ဆိုတာ အတူတူပဲလား။ ကိုရန်အေး မျက်မှောင်ကြုံ့ ခေါင်းငုံ့စောင်းကာ စဉ်းစား၏။ မသိ။

"ဒါနဲ့ – နေပါဦး – ခင်ဗျား – ခုမွေးမှာ သားဦးလား"

"ဟုတ် – ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဪ – ဖြစ်ရလေ၊ အမျိုးသမီးကလည်း သားဦးဆိုတော့ အတွေ့အကြုံ မရှိ၊ သူကလည်း သူ့မိန်းမမွေးတာ ကြုံဖူး၍သာ အကြမ်းဖျင်းသိ၏၊ မီးဖွားကိစ္စတွေ သေချာနားလည်သူ မဟုတ်၊ အင်း – ခက်တော့နေပြီ၊ အရေးထဲ သူမ လင်တော်မောင် အမူးသမား စိန်အောင်မင်း၊ စိန်ခင်အောင် ငိုချင်းသည်က တစ်မျိုး၊

"အစ်ကို – ကား – ခဏ – ရပ် – ရပ်ပေး – ပါ၊ ကျွန်မ – ဆီး – ဆီး – သွားချင်လို့"

"ဪ – ဟုတ်ပြီ – ဟုတ်ပြီ – ညီမ"

ကားက အင်းစိန် ဓော်ဘွားကြီးကုန်းလမ်းဆုံ လွန်ခဲ့ပြီး လေဆိပ်လမ်းခွဲ အကျော် ပြည်လမ်းမပေါ် ရောက်နေပြီ၊ ကိုရန်အေးက ကားကို လမ်းဘေး ကပ်ရပ်လိုက်၏၊ ကားများ အသွားအလာရှိနေသော်လည်း လမ်းဘေးတွင် သစ်ပင်အုပ်ဆိုင်းနေ၍ဖြစ်ရာ ဆီးသွားရန် အဆင်ပြေမည့်ချုံရှိနေရာတွင် ရပ်ပေးလိုက်သည်၊ အမျိုးသမီးက ကားပေါ်မှဆင်းရန် ပြင်၏၊ သူမ၏လင်တော်မောင်က သူ့အမျိုးသမီးကို တွဲထိန်းပြီးဆင်းရန် ကြိုးစားနေသော်လည်း သူ့ကိုယ်သူပင် အနိုင်နိုင်၊ အယိုင်ယိုင်၊ အလဲလဲ၊

ကိုရန်အေး မနေသာပြန်၊

"နေ – နေ – ကိုယ့်ဆရာရေ၊ တော်ကြာ – ခင်ဗျားလဲလို့ကိုယ်ဝန်ဆောင် ပါ လဲရရင် ဒုက္ခများရချည့်၊ ကျွန်တော်ပဲ တွဲပို့လိုက်ပါတော့မယ်"

ကိုရန်အေးက လှမ်းပြောရင်း ကမန်းကတန်း ဆင်းရသည်၊

"ညီမရေ – အစ်ကို့မှာလည်း မိန်းမနဲ့ ကလေးနဲ့ပါ၊ အစ်ကိုတစ်ယောက်လို့သာ သဘောထားပြီး ရှက်လည်းမနေနဲ့၊ အားလည်းမနာနဲ့၊ အစ်ကိုပဲ တွဲပို့ပေးမယ်နော်၊ ညီမယောကျ်ားနဲ့တော့ မဖြစ်ဘူး"

ကိုရန်အေးကပြောရင်း ကိုယ်ဝန်ဆောင်ကို တွဲချရ၏၊

"ခင်ဗျားက ကားထဲမှာပဲနေဗျာ၊ ကားတွေက သွားလာနေတာ၊ မတော် မူးလဲလို့ တိုက်မိပြုမိနေရင် အခက် ..."



ကားပေါ်မှဆင်းရန် ယိုင်ထိုးယိုင်ထိုး ပြင်ဆင်နေသော သူမယောကျ်ား ကိုလည်း လှမ်းပြောရသေးသည်၊ ကိုရန်အေးက အမျိုးသမီးကို ချုံကွယ် တစ်နေရာတွင် တွဲထိန်းချပေးရင်း –

"ညီမ – ကျွန်တော် ဟိုနားမှာ စောင့်နေမယ်၊ ပြီးရင် – လှမ်းခေါ်လိုက်ပါ၊ တွဲထူမှ ထနိုင်မှာမို့လား – မရှက်ပါနဲ့၊ အစ်ကိုလို့သာ တွေးနော်"

ကိုယ်ဝန်ဆောင်များသည် ဆီးအိမ်ကို သားအိမ်က ဖိထားသလို အနေ အထားရှိသဖြင့် မကြာခဏ ဆီးသွားတတ်ကြောင်း ကိုရန်အေး သိလေသည်၊ နေလို မွေးခါနီးဆိုလျှင် ပိုဆိုးတော့မပေါ့၊

အမျိုးသမီးပြီးတော့ ကိုရန်အေး ကားဆီ တွဲခေါ်ပို့ရ၏၊ လင်တော်မောင် ကား သူ့အမျိုးသမီးကို ပျာပျာသလဲ ဆွဲကူရန်ပြင်သည်၊ မူးသာမူးသည်၊ သူ့ မိန်းမကိုတော့ အတော်ချစ်ပုံရ၍ သည်တစ်ခုတော့ ကိုရန်အေး စိတ်ချမ်းသာ ရလေသည်၊

"နေ – နေ – ကိုစင်အောင် – ခင်ဗျား – ဟိုဘက်တိုးပေးလိုက်၊ ကျွန်တော် ထိန်းတင်ပေးမယ်"

"အား – အမေရေ – ကျွတ် – ကျွတ် – အား – အင်း"

"အမလေးဗျ"

အမျိုးသမီးကို ကားနောက်ထိုင်ခုံသို့ တွဲအချ၊ ခြေမတင်ရသေးခင် ဗိုက် ကျ၍ထင့်၊ အမျိုးသမီးက စူးခနဲအော်ရင်း နာကျင်မှုကြောင့် "တွေ့ရာ" ကိုအား ပြုဆွဲလိုက်သည်ထင်၏၊ ကိုရန်အေး "အမလေး" တ,ကာ မျက်ရည်လည် ကျသွားရက် ခံစားသွားရသည်၊

အကြောင်းမှာ အမျိုးသမီး၏ထိုအားပြုဆွဲသော "တွေ့ရာ" သည် ကိုရန် အေး၏ ဆံပင်များ ဖြစ်နေခြင်းကြောင့်တည်း။

အမျိုးသမီးက ထိုင်ခုံတွင် ဖင်ထိုင်အချ ရုတ်တရက် ဗိုက်နာပြီး ဆွဲမိဆွဲ ရာ ဆွဲလိုက်ရာ နောက်ခန်းထဲသို့ ခေါင်းငုံ့ကိုယ်ကိုင်းကာ ထိန်းချပေးနေသော ကိုရန်အေး၏ခေါင်းကို ဖမ်းဆွဲမိလိုက်ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးသည် မျက်စိစုံမှိတ်ကာ တအားအား အော်နေ၏။ ကိုရန်အေး ခေါင်းကိုလည်း အားပြုဆွဲကိုင်စရာတိုင်များ မှတ်နေရော့ထင့်၊ အားပါးတရ ဆုပ်ဆွဲထားလေသည်၊ ကိုရန်အေးမှာ အမျိုးသမီးဆွဲရာသို့ ကားထဲ ခေါင်းစိုက်လျက် နာနာကျင်ကျင် ပါနေရတော့၏။ သူမှာ ရုန်းလည်း မရုန်းသာ၊

"အင်း – ကျွတ် – ကျွတ်"

ခဏကြာမှ အမျိုးသမီးက အော်ညည်းသံ ပျော့သွားပြီး မျက်လုံးဖွင့်ကြည့်ကာ လက်အားကိုလည်း ဖြေလျှော့လိုက်သည်၊ ထိုအခါမှ သူမလည်း ကိုရန်အေးခေါင်းဆံပင်များကို ဆုပ်ဆွဲမိလျက်သား ရှိနေသည်ကို သိသွားဟန်ဖြင့် ဝေဒနာကြားမှ ကန်တော့၊ ကန်တော့ဟု အားနာပါးနာ ဆိုရှာသည်၊

ကိုရန်အေး ခွင့်လွှတ်ပါသည်။ မီးဖွားမည့်မိခင်လောင်းများ သည်လိုယောင်ယမ်းဆံပင်ဆွဲပုံမျိုးကို တီဗွီဇာတ်လမ်းများတွင် မြင်ဖူးခဲ့သည်ပဲ၊ သို့သော် အဆွဲခံရသူများထဲမှာ ကိုရန်အေးတစ်ယောက် အပါအဝင်ဖြစ်လိမ့်မည်ဟုတော့ သူ တစ်ခါမျှ မတွေးမိဘူးပါ၊

ကိုရန်အေး သူ့ခေါင်းသူ ပွတ်ရင်း မချိသွားဖြဲရယ်ပြရင်း သူ့ဒရိုင်ဘာနေရာသို့ပြန်သွားရ၏။

ငါ့ဆံပင်တွေတော့ အကွက်လိုက် ကျွတ်သွားပြီလားပဲ၊ အင်း – လင်အငှားလုပ်ရတာလည်း တကယ်မလွယ်ကြောပါလား၊

တိုတိုပြောရလျှင်တော့ ကိုယ်ဝန်ဆောင်က အော်လိုက်၊ သူ့လင်တော်မောင်က ဘေးက ငိုလိုက်၊ ကိုရန်အေးမှာလည်း ကားမောင်းရင်း စိတ်မဖြောင့်စွာ သူတို့လင်မယားကြားထဲ ဗျာများလိုက်၊ သံစုံတက်စီကားကြီးဖြစ်တာ ဗရုတ်သုတ်ခနင့်ပင် နောက်ဆုံးတော့ ရန်ကုန်ဆေးရုံကြီးသို့ ရောက်သွားခဲ့ရပါတော့သတည်း၊

= ☆ –



ကဲ – ဘယ်လိုလဲ – တွေ့ပြီလားဗျာ၊ ကားသမားမှာလည်း ဒီလိုဒုက္ခမျိုး တကြုံဖန်ကို ကြုံရသေးတာဗျ၊

အဲဒီနေ့ကဗျာ၊ အဲဒါနဲ့တင် မပြီးသေးပါဘူး၊ ဆေးရုံရောက်တော့လည်း သူ့လင်တော်မောင်က မူးနေတော့ ကျွန်တော့်မှာ မနေသာဘဲ အမျိုးသမီးမွေးခန်းထဲရောက်တဲ့အထိ အစအဆုံး လုပ်ရပြန်သကိုး၊

တော်သေးရဲ့၊ အမျိုးသမီးက သူ့ဗိုက်ပြဆေးခန်းမှတ်တမ်းစာအုပ်ပါ သူ့အဝတ်အိတ်ထဲ အသင့်ထည့်ထားလို့ ဆိုင်ရာအိုဂျီကိုသိပြီး ဆက်သွယ်နိုင်ခဲ့တယ်၊ သူ့ဖယောက်ျားကိုမေးတာ မူးနေတော့ ကပေါက်တိ ကပေါက်ချာ၊ ပြန်မဖြေနိုင်တာ၊ ကျွန်တော်ပဲ အိတ်ထဲ ဟိုရှာသည်ရှာလုပ်ပြီး တွေ့လို့ ပေးလိုက်ရတယ်၊ အမျိုးသမီးက ဗိုက်အရမ်းနာနေတော့ မေးချိန်မှမရဘဲ မွေးခန်းထဲတန်းခေါ်သွားရတာလေ၊

နောက်ပိုင်းကိစ္စလည်း ကျွန်တော်ကပဲ ဘုမသိ၊ ဘမသိ ရှင်းရတော့တာပဲ၊ လိုတဲ့ဆေးတွေ၊ ဆေးပစ္စည်း၊ ပတ်တီး၊ ဂွမ်းလိပ်ကအစ၊ ဆေးဝယ်လည်း ကျွန်တော်၊ မွေးခန်းအပြင်မှာ သူ့လင် အမူးသမားနဲ့အတူ ထိုင်စောင့်ရင်း လိုတာမှန်သမျှ ဟိုပြေးသည်ပြေး လိုက်လုပ်ရတာလည်း ကျွန်တော်၊ ကောင်းကြသေးရဲ့လား၊ ဆေးရုံက ဆရာဝန်၊ ဆရာမတွေလည်း အကြောင်းစုံသိသွားတော့ ဒိုးကမပူ စလောင်းကပူ၊ ငါးပိသည်က အိပ်လို့၊ ဆားသည်က ကျိုးခြောက်နေရတဲ့ကျွန်တော့်အဖြစ်ကို ပွဲတွေကျလို့ တဟားဟားနဲ့၊

အမျိုးသမီးရဲ့ မိဘအိမ်ဖုန်းဆက်ဖို့ ဖုန်းနံပါတ်တောင် ကိုခင်အောင်လင်တော်မောင်က မူးမူးနဲ့ တောင်တစ်လုံး၊ မြောက်တစ်လုံး ဖုန်းနံပါတ်ရွတ်လိုက်တာ ရှီးရှီးကြီးဖုန်းကို ဂဏန်းက ခုနစ်လုံးဖြစ်လိုဖြစ်၊ ရှစ်လုံးဖြစ်လိုဖြစ်နဲ့၊ မတတ်သာတဲ့အဆုံး သူနာပြုဆရာမတစ်ယောက်ကို မွေးလူနာ မမွေးသေးရင်၊ စကားပြောနိုင်ရင် မိဘအိမ် ဖုန်းနံပါတ်လေး မေးပေးပါလို့ အကူအညီတောင်းပြီး ယူခဲ့ရတာလေ၊



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က အမျိုးသမီးခများ ဆေးရုံအရောက်မှာ ဗိုက်နာနေတဲ့ကြားက သူ့ပိုက်ဆံအိတ် ထိုးပေးပြီး ကားခရော၊ အခြားလိုတာယူပါ၊ ပေးပါဆိုပြီး အပ်ခဲ့ရှာပေမယ့် သူ့အိတ်ထဲ ပိုင်ရှင်မသိဘဲ မယူချင်တာနဲ့ ကျွန်တော့်ဘာသာပဲ အိတ်စိုက်ပြီး လုပ်ရပါတယ်၊

ကံကောင်းချင်တော့ ကားထုတ်တဲ့အချိန် အုံနာမရှိလို့ နေ့သမားက အုံနာကို ပေး,ပေးပါဆိုပြီး ဖနေ့မောင်းခ ကျွန်တော့်ကို ပေးခဲ့လို့ပဲ တော်တော့ တယ်၊ အဲဒီနေ့မောင်းခ တစ်သောင်းခွဲရယ်၊ ကျွန်တော် ဈေးဦးပေါက်ရတဲ့ ကားဆွဲခ ခုနစ်ထောင်ရယ်၊ အိမ်က ဆီထည့်ဖို့ သုံးဖို့ ဘာညာ အပိုဆောင် လာတဲ့ငွေတစ်သောင်းကျော်ရယ်၊ သုံးသောင်းကျော်လောက်ရှိနေလို့ အဲဒီ ငွေနဲ့ အရေးပေါ်ကိစ္စတွေ ရှင်းထားလို့ ရသွားတယ်လေ၊

ဆေးရုံရောက်တော့ ညကိုးနာရီကျော်ပြီကို အရေးပေါ်လိုအပ်တာတွေ လိုက်စီစဉ်ပေးနေရတာနဲ့ ဖုန်းနံပါတ် စောင့်မေးရတာနဲ့ ဆယ်နာရီလောက်မှ အမျိုးသမီးမိဘအိမ်ကို ဖုန်းဆက်နိုင်တော့တာ၊ အိမ်က အဖေ၊ အမေ၊ အစ်မ တွေက ညဆယ့်တစ်နာရီခွဲလောက်မှာ ရောက်လာကြတယ်၊ အကျိုး အကြောင်းပြောပြတော့ ကျေးဇူးတင်စကား တဖွဖွ ပြောကြရှာပါတယ်၊ ကားခ ကိစ္စ ဘယ်လောက်ရှင်းပေးရမလဲတဲ့၊ ညလည်း နက်နေ၊ ဒီမှာလည်း ကိစ္စဝိစ္စ နဲ့ နောက်နေ့မှ လာခဲ့ပါ့မယ်ဆိုပြီး အဲဒီကျမှ သူ့မိဘတွေကို စိတ်ချလက်ချ အပ်လို့ ကျွန်တော် ပြန်လာနိုင်တော့တယ်၊

နောက်နေ့ ကျွန်တော် ညနေကားထုတ်ပြီး ဆေးရုံလှည့်ဝင်တော့ အမျိုး သမီးက မွေးပြီးသွားပါပြီ၊ ယောက်ျားလေးဗျ၊ ကျန်းကျန်းမာမာပါပဲ၊

လင်တော်မောင်ကိုလည်း မမူးတော့ဘဲ အကောင်းအတိုင်း တွေ့ရပါ တယ်၊ ကျွန်တော့်ကိုဖက်လဲတကင်းနဲ့ ကျေးဇူးတင်စကား လိုက်လိုက်လှဲလှဲ ဆိုရှာလေရဲ့၊ တောင်းလည်း တောင်းပန်ရှာပါရဲ့၊ ကားခကိုလည်း စိုက်ထား တဲ့ဆေးဖိုးဝါးခတွေအပြင် သုံးသောင်းတောင် ပေးတယ်ခင်ဗျ၊ ကျွန်တော်က ဒီလောက်မလိုဘူးဆိုတာကို မရဘူး၊ ဖွတ်ပေးတယ်လေ၊ စေတနာအကျိုး



ပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်ကတော့ ငွေရတာ၊ မရတာထက် မိသား တစ်စု အခက်အခဲတစ်ခုကို အဆင်ပြေပြေဖြတ်သန်းကျော်လွှန်နိုင်ခဲ့တာကို ဝမ်းသာပီတိ ဖြစ်ရပါတယ်၊

အထူးသဖြင့် ကျွန်တော်ပီတိအဖြစ်ရဆုံးကတော့ အမျိုးသမီးလင်တော် မောင်ရဲ့နောင်တစကားပဲဗျ၊ ဒီလူက လူကောင်းပါ၊ သောက်လုပ်ရေးကမှကို အလက်သမားအင်ချပ် ...တဲ့၊ အဲဒီနေ့က သူ့မိန်းမ ခုလိုဒုက္ခများနေစဉ် သူက မူးနေမိတာ၊ ကျွန်တော်နဲ့သာ မတွေ့ရင် သူ့ဇနီးနဲ့ကလေး ဘယ်လိုဖြစ်မယ် မသိနိုင်ဘူး၊ လင်မယားနှစ်ယောက်ထဲ သီးခြားနေတာဆိုတော့ အဖော် အလျော်လည်း ပါတာမဟုတ်၊ ကံကြီးလို့သာဆိုပြီး နောင်တရလွန်းလို့ သူ နောင်ကို မသောက်တော့ဘူး၊ အရက်ဖြတ်တော့မယ်ဆိုပြီး ကျွန်တော့်ကို ကတိပေးပြောလိုက်တဲ့စကားပါပဲဗျာ၊

— ☼ —

လူဆိုတာ ကိုယ်မှားနေတာကို မှားမှန်းသိရင် ပြင်နိုင်မှ "လူ" ဗျ၊ လူဖြစ်တဲ့အတွက် အမှားဆိုတာတော့ အနည်းနဲ့အများသာ ကွာမယ်၊ ကင်းကြပါဘူး၊ ကိုယ် ဘာတွေမှားနေလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် သိဖို့က လည်း အရေးကြီးတယ်၊ တချို့ဆို၊ ကိုယ်မှားနေတာ ကိုယ်မသိသူတွေမှ အများကြီး၊ မှားမှန်းတောင်မသိတော့ အမှန်ပြင်ဖို့ဆိုတာ ဝေးရောပေါ့ဗျာ၊ ဒါကြောင့် ကိုယ့်မှာ မှားနေတာရှိသလားဆိုတာ သိအောင်လည်း အမြဲစစ် ဆေးသင့်တယ်၊ မှားနေခဲ့ရင်လည်း ပြင်နိုင်ဖို့ ကြိုးစားရမယ်မဟုတ်လား၊ အမှားအတိုင်း ဆက်သွားနေလို့ကတော့ ဘယ်တော့မှ အမှန်ဆိုတာဖြစ်လာ မှာမဟုတ်ဘူးလေ၊

အခုလို ကိုယ်ဝန်ဆောင်နဲ့ သူ့လင်တော်မောင် အမူးသမားကြား ဗျာ များကြီး များခဲ့ရပေမယ့် ထွက်လာတဲ့ ပီတိအမြတ်လေးကြောင့် ဆံပင် ကြီးရလည်း အတန်ကြီး တန်ပါတယ်ဗျာ – နော၊



www.burmeseclassic.com

www.burmeseclassic.com

ဘယ့်နယ်လဲ ...၊ "ကက" ပြောတဲ့ ညပုံပြင်လေး ...၊ အပျင်းပြေပါရဲ့လား ခင်ဗျာ။

နောင်ကြုံတော့လည်း နောက်တစ်ပုံပြင်ပေါ့ဗျာ၊

မှတ်ထားပါ။ ကျွန်တော့်နာမည် "ရန်အေး"၊ ရန်မဝေးတဲ့ "ရန်အေး"၊

ညတက်စီသမား။

ကျွန်တော့်ကားက "ကက"၊ ဆူပါရှဖ်နိုင်တီးဗင် ဗျနော်။

➜ ထားဥသုံ

**စာ ရှု သူ ရှင် များ သို့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

**လူတစ်ယောက်၏ အသက်ကယ်တင်ခြင်းခံလိုက်ရသော ကျားသစ်တစ်ကောင်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အဆိုပါလူသားနှင့် ကြုံကြိုက်လိုက်လေသောအခါ ..**

**တင်အေး** သည် ပဲခူးတိုင်း၊ ရွှေတလေးရောင်းအနီးတွင် ထင်းလုပ်ငန်း၊ မီးသွေးလုပ်ငန်းဖြင့် လုပ်ကိုင်ကာ မိသားစုဘဝ ရပ်တည်နေသူ တစ်ဦးဖြစ်သည်။ ရွှေတလေးချောင်းဆိုသည်က ပဲခူးရိုးမကြီး၏ တောင်နှင့် မြောက်တန်းနေသော တောင်တန်းကြီးအနီး သရက်ချောင်း၊ ငါးမြွေချောင်း၊ မြို့ချောင်းများအပြင် အခြားသော တောင်ကျရေတို့ စီးဆင်းရာ ချောင်းငယ်များနှင့် ရှိနေသော ချောင်းကြီးတစ်ချောင်း ဖြစ်ပေသည်။

ထိုချောင်းကြီးအပြင် ထိုတောင်တန်းကြီးတွင် မြောင်များလည်း ရှိနေသလို ထိုဒေသတွင် သားငါး အလွန်ပေါများသည်။ အထူးသဖြင့် ကျောက်ငါးလူး၊ ကျောက်ပုစွန်၊ ငါးခုံးမ၊ ငါးသလဲထိုးများ ပေါများသလို အခြားသော ငါးတွေလည်း မျိုးစုံရှိသည်။

ထိုနေရာသည် ရိုးမနှင့် နီးစပ်သောနေရာဖြစ်သဖြင့် သားကောင်များ ပေါများသလို လိုအပ်သည့် သစ်၊ ဝါးနှင့် အခြားသော တောထွက်သယံဇာတ ပစ္စည်းများကို ရိုးမကြီးအပေါ်တက်၍ ခုတ်ယူလို့ရသည့်နေရာ။



စားမည့်အထုပ်ထဲမှ ထမင်းနှင့်ဟင်း အနည်းငယ်ကို စားဦးစားဖျား တောပိုင်တောင်ပိုင်တင်မြှောက်ပသလိုက်သည်။ ဝါးတွေကိုလှည်းနှင့်ပြန်သယ်ပြီး အိမ်ကိုပြန်ရောက်သည့်တိုင်ဘေးမသီရန်မခလေအောင် စောင့်ရှောက်ပါရန် တိုးလျှိုး တောင်းပန်ပြီး ထမင်းကို ထိုနေရာတွင် စားလိုက်သည်။ ပြီးနောက် ခေတ္တနားကာ နေကျချိန် ရွာကိုပြန်လှည့်ခဲ့ပေသည်။

နေစောင်းသွားသဖြင့် အပူရှိန်လည်း နည်းသွားခဲ့ရာ အိမ်မိုးခဲ့လျှင် တောင်ထန်းရွက်တွေကို အခြင်နှင့် စည်းနှောင်ဖို့ တင်းဝါးအဆစ်ရှည်ရှည် လေးလုံး ထမ်းပြန်သွားမည်အတွေးနှင့် ခုတ်လိုက်ပြီး နီးဖြင့်စည်းကာ ပခုံးထက် ထမ်းပြန်ခဲ့လေသည်။ နေကျသည်ဆိုသော်လည်း ဝါးစည်းကိုထမ်းပြန် ခဲ့သည်ဖြစ်၍ ချွေးများ ကျနေသည်။ တဖြည်းဖြည်း လျှောက်လှမ်းခဲ့ရင်း "ဆင်စွယ်ရွာ" ဘက်ဆီအဝင် ရွာထိပ်မှ ရေတွင်းရှိရာဆီသို့ ရောက်တော့မည် မို့စိတ်တွင်းကလည်း -

"ရေတွင်းဆီရောက်မှ ရေခပ်သောက်ပြီး ခေတ္တနားမည်" ဟု တွေးလိုက် သည်။ ရေတွင်းကား၊ ကုန်းမြောင်မြောင်ကလေးထက်တွင် တောဝင်တော ထွက်ရွာသားများစုကာ အုတ်ရေတွင်းတစ်တွင်း တူးထားကြ၏။ ခပ်နက်နက် တူးထားသည်မို့ ရေက မပြတ်။ ကြည်လင်နေသည်။ ဝန်းကျင်တွင် သစ်ပင် များ ဝိုင်းကာရံပြီး အရိပ်ရနေသည်မို့ အေးမြနေသည်။

များသောအားဖြင့် တောဝင်သူ သစ်ခုတ်သမား၊ ဝါးခုတ်သမား၊ မှိုရှာ မျှစ်ချိုး၊ သစ်လှည်း ဝါးလှည်းသမားများကို ရေတွင်းဆီရောက်လျှင် ခေတ္တ နားကြကာ လူရောတိရစ္ဆာန်ပါ ထိုရေကိုသောက်သုံးကြသည်။ နားနေအပန်း ဖြေပြီးမှ ရွာကို ဝင်ကြသည်။ ထိုရေတွင်းတွင်ကား ကားတာရာနှင့် လုပ် ထားသော ရေပုံးတစ်လုံးကို မောင်းတံ တပ်ထားသော ဝါးတစ်လုံးဖြင့် ချည် ထားပြီး မည်သူမဆို ခပ်ယူသောက်သုံးနိုင်အောင် လွယ်လင့်တကူဖြစ်အောင် စီစဉ်ထားသည်။

တင်အေးတစ်ယောက် ဝါးစည်းကိုထမ်းကာ ရေတွင်းနားအရောက် ဝါးစည်းကိုအပင်မှာ ရှုနားလိုက်သည်။ ညနေဘက် မိုးချုပ်တော့မည်မို့ ကာ

www.burmeseclassic.com

တင်အေးတစ်ယောက် ကျေးလက်တောရွာတွင် နေထိုင်သူဖြစ်သည့် အတိုင်း သူနေထိုင်ရာအိမ်နှင့် လုပ်ငန်းသုံးအဖီကို မိုးကာလမရောက်မီ ပြန် လည်မိုးကာရန် ပြုပြင်ရတော့မည်ဖြစ်သဖြင့် လိုအပ်သည့်ပစ္စည်းများကို တောထဲမှ ခုတ်ယူ သယ်ဆောင်ဖို့ကိစ္စကို စဉ်းစားရင်း –

"အင်း – အိမ်ပြင်ဆောက်ဖို့ဆိုရင် အခြင်ဝါး၊ တောင်ထန်းအဓိကပဲလေ"

အမှန်တော့ တင်အေးအိမ်တွင် အမိုးက သက်ငယ်မိုးဝါးထရံကာ၊ သက် ငယ်ကို မိုးမည်ဆိုပါက ယခုလိုအချိန် တောထဲတွင် သွားရောက်ရိတ်ကာ လှည်းဖြင့် သယ်ဆောင်ပြီး ရွာကို ရောက်တော့မှ နေလှန်းရသည်။ ခြောက် သွားသောအခါ သက်ငယ်ခံဝါးတံဖြင့် ဝါးခြမ်းပြားခံ၍ နီးဖြင့်ယက်ကာ ရည် ခြင်းဖြင့် သက်ငယ်ပျစ်များ ရရှိသည်။ အိမ်အမိုးကို ထိုသက်ငယ်ပျစ်များဖြင့် ထပ်ကာ အုပ်ကာ မိုးကြရသည်။ ယခင်က သက်ငယ်ပျစ်နှင့် မိုးခဲ့ခြင်းပင်။

ယခုအခါလုပ်ငန်းကလည်းအထိုက်အလျောက်ကောင်းလာသလို အိမ် ကိုမိုးသည့် သက်ငယ်ပျစ်များကလည်း (၁)နှစ်သာ ခံသည်မို့ကြာကြာခံမည့် "တောင်ထန်း" ကိုပြောင်းလဲမိုးရန်စဉ်းစားသလို၊ လွန်ခဲ့သည့် (၃)နှစ်လောက် က လဲထားသည့်အခြင်ဝါးတွေကိုလည်း ယခုနှစ်မိုးမည့် တောင်ထန်းကို ခံနိုင်ရန် တောင့်တင်းမည့်အခြင်ဝါးတွေကိုပါ အသစ်လဲရမည်ဖြစ်၍ ထိုအခြင် ဝါးလည်း ခုတ်ရမည်။ အိမ်ကို တောင်ထန်းနဲ့မမိုးမီ အခြင်ဝါးလဲနိုင်ရန် ခုတ်ရန် တောင်ပေါ်တက်လာခဲ့သည်။

အခြင်လုပ်ရန် ခုတ်ရမည့်ဝါးဖြစ်သောကြောင့် ဝါးကို ရင့်ပြီး ဖြောင့်စင်း သောဝါးတွေကို ရွေးခုတ်ရပေမည်။ အိမ်တစ်လုံးစာနှင့် ပစ္စည်းထားရန် တင်းပုတ်၊ ပုတ်စင်တို့အတွက်ပါဆိုလျှင် အလုံးနှစ်ရာကျော်ကို ဝါးရုံတော များအတွင်းမှ ရွေးပြီး ခုတ်နေရသဖြင့် အချိန်က ပိုကြာညောင်းသွားသည်။


ညနေစောင်းလောက်တော့မှ ခုတ်ပြီးသား ဝါးများကို တစ်နေရာတွင် စုပုံကာ လှည်းနှင့် သယ်နိုင်ရန် စီစဉ်လို့ပြီးသွားသည်နှင့်အတူ ဗိုက်ကလည်း ဆာလောင်လာခဲ့သည်။ သို့အတွက် အိမ်မှ ငှက်ပျောရွက်ဖြင့် ထုပ်ယူလာခဲ့ သော ထမင်းထုပ်ကို ဖြေလိုက်ပြီးအနီးရှိတောင်စွန်းရွက်တစ်ရွက်ကိုခူးကာ



ချင်းနေသည်။ သို့အတွက် ထိုနေရာတွင် သူတစ်ဦးတည်းရယ်သာ ခေတ္တနားလိုက်ပြီး ရေခပ်သောက်ရန် ရေတွင်းဘက်ကို လာသည်။ အနည်းငယ်လှမ်းသည်မို့ သစ်ပင်တို့ကြားမှ လျှောက်လှမ်းလာခဲ့စဉ် –

"ဟယ် – ဘာကောင်ကြီးလဲ၊ ကျားသစ်လား၊ တောကြောင်ကြီးလား"

ဟုတ်သည်၊ ရေတွင်းနှုတ်ခမ်းပေါင်ပေါ်တက်ပြီး ရေတွင်းထဲကိုကြည့်နေသည်၊ ခုလို နွေကာလဆိုတော့ ရေသောက်ချင်လို့ ငုံ့ကြည့်နေတာလား၊ ဒီမှမဟုတ်ပူလို့ ရေပြင်ပေါ်သို့တက်ရင်း ဖားနှစ်ကောင် မိတ်ဆော့နေသည့်အားတွေကိုတွေ့ပြီး စားချင်လို့ အာသာငမ်းငမ်း ငုံ့ကြည့်နေတာလား၊ ကျားသစ်လား၊ တောကြောင်ကြီးလားဆိုသည်ကို အသေအချာ သိရှိနိုင်ရန် အတွက် ဒေါတိုက်မြင်ဖို့ အနီးရှိသစ်ပင်ဘေး ပြေးအကပ် ထိုအကောင်က ခြေနင်းသံကြားပြီး လှည့်ကြည့်ကာ ကြောက်အားလန့်အား တထိတ်တလန့်



တထိတ်တလန့်လှုပ်ရှားလိုက်ရင်း အားလွန်ကာ
ရေတွင်းထဲသို့ကျတော့မှ ကျားသစ်တို့၏မူရင်းအသံဖြင့်
အော်ဟစ်ကာ ရေထဲကျသွားသည့်အသံကို ကြားလိုက်ရတော့မှ
တောကြောင်မဟုတ်ဘဲ၊ ထိုအမှတ်မထင်မြင်တွေ့လိုက်ရသည့်
အကောင်ကြီးသည် ကျားသစ်ကြီးတစ်ကောင်ဖြစ်မှန်း
အသေအချာသိရှိလိုက်ရသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com

နှင့် ရှေ့ဘက်သို့ တိုးလိုက်ရာ ရေတွင်းထဲသို့ ထိုးကျသွားသည်ကို တွေ့မြင်လိုက်ရပေသည်။

"ဂါး – ဂရား"

"ဗွမ်း"

"ဟိုက် – ဗုဒ္ဓေါ"

ထိုအကောင်ကြီး ရေထဲ ထိုးကျသွားစဉ် အော်ဟစ်လိုက်သည့်အသံကို ကြားလိုက်ရသည့်အခါ တင်အေးတစ်ယောက် ပါးစပ်မှ ဘုရားကိုပင် တ,ယူရသည့်အဖြစ်၊ အစက ထိုအကောင်ကြီး ရေတွင်းပေါင်ပေါ်မှ အောက်ကို ငုံ့ကြည့်နေသည်ကိုနောက်ကျောမှတွေ့လိုက်ရသလို၊ သူ၏ကိုယ်လုံးကိုလည်း ကွယ်ထားသဖြင့် အနက်အစက်အပြောက်တွေကို မြင်ပါလျက် ကျားသစ်ဟု ထင်မထားမိ၊

ထိုအပြင် သည်လိုနေရာတွင် ကျားသစ်လိုအကောင်မျိုး တွေ့ဖို့ဆိုသည် တဘယ်နည်းနှင့်မှမဖြစ်နိုင်။ ဝါးယောင်းကြောင်ပြောက် (နွယ်တန်းလျှောက်) တောကြောင်သာ ဖြစ်မည်ဟု ခန့်မှန်းထားမိသည်၊ အဘယ့်ကြောင့်ဆိုသော် သူ၏ဝန်းကျင်နေ သူငယ်ချင်းမုဆိုးများ ဖြစ်ကြသူတို့မှာ အမဲလိုက်ကြရင်း တောထဲတွင် ကျားသစ်ကောင်နှင့် ဝါးယောင်းကြောင်ပြောက် (နွယ်တန်းလျှောက်) မကြာခဏ မှားယွင်းတတ်ကြသည်၊ ထိုတောကြောင်က ကျားသစ်ကွက်ကဲ့သို့ အနက်အစက်အပြောက်များရှိသလို ကိုယ်လုံးကိုယ်ထည်တလည်း သိပ်မကွာခြားသည့်အတွက် မှားကြခြင်းဖြစ်သည်ကို သူသိရှိထားခြင်းကြောင့်ပင်၊ ယခုလည်း သူတို့အထင်မျိုးကြောင့် ဝိဝါဒကွဲအောင် အေးဘက်က အသေအချာကြည့်၍ ခန့်မှန်းမည်အတွေးဖြင့် သစ်ပင်အောက်ကာကြည့်ရှုဖို့လုပ်စဉ် အကောင်ကြီးကလည်း အမှတ်မထင်နောက်ကျောမှရောက်လာသောသူ့အား တထိတ်တလန့်လှမ်းရှုလိုက်ရင်း အားလွန်ကာ ရေတွင်းထဲသို့ကျတော့မှ ကျားသစ်တို့၏မူရင်းအသံဖြင့် အော်ဟစ်ကာ ရေထဲ ကျသွားသည့်အသံကို ကြားလိုက်ရတော့မှ တောကြောင်မဟုတ်ဘဲ၊ ထို အမှတ်မထင်မြင်တွေ့လိုက်ရသည့်အကောင်ကြီးသည် ကျားသစ်ကြီးတစ်ကောင်ဖြစ်မှန်း အသေအချာသိရှိလိုက်ရသည့်အတွက် ကြက်သီးများ တဖျန်းဖျန်းထကာ ခေါင်းမှ ဆံပင်မွှေးတို့ပင် ထိုးထိုးထောင်ထောင်ဖြစ်ပြီး အတုန်တုန် အချည့်ချည့် ဖြစ်သွားမိသည်ကအမှန်။

"ဘုရား – ဘုရား – ကုသိုလ်ကံက ကိုယ့်ဘက်မှာ ရှိနေလို့ တော်သေးရဲ့"

တုန်နေသောရင်၊ ပြန်နေသော ဖောချွေးကို သုတ်ကာ နေရာတွင် အသာငြိမ်နေလိုက်ရင်း စဉ်းစားလိုက်မိသည်က –

"ကျားသစ်ကြီးတော့ ရေတွင်းထဲ ကျသွားပြီ၊ ကျားသစ်သေရင် ဆွဲတင်ပြီး ရောင်းလိုက်ရရင် နှုတ်ခမ်းမွှေး၊ ခြေသည်းလက်သည်း၊ အရေခွံ၊ အရိုး၊ အသား ဘာမှလွှင့်မပစ်ရဘဲ တန်ဖိုးရှိတဲ့ကောင်ဆိုတော့ ငွေတွင်းကြီးနဲ့ တိုးတာပဲ၊ ငါ့ကုသိုလ် – ငါ့ကုသိုလ်"

တင်အေး ရေတွင်းထဲကျပြီး ရေနစ်သေမယ့်ကျားသစ်ကို လွယ်လွယ်နဲ့ ဆယ်ယူပြီး အိမ်ကို သယ်သွားရမလား။ ဒိုင်ဆီ တစ်ခါတည်း သွားရမလား စဉ်းစားရင်း ရေတွင်းထဲ ကျသွားသည့်ကျားသစ်ကောင်ရှိရာ ရေတွင်းဆီ သွားပြီး ငုံ့ကြည့်လိုက်၏။

"ဟာ – ကျားသစ် ရေနစ်မသေသေးဘဲ ကူးနေပါလား"

ရေတွင်းထဲက ရေသည် ကျားသစ် နစ်မြုပ်နိုင်လောက်အောင် နက်သည်၊ ကျားသစ်ကြီးမှာ ရေမနစ်စေရန် ရှေ့လက်နစ်ဖက်ဖြင့် လက်သည်းခြင့် တုတ်တွယ်ပြီး အပေါ်ကို ပြန်တက်နိုင်ရန် ကုတ်ခြစ်ကြိုးစားနေသည်ကို တွေ့လိုက်ရသည်၊ တင်အေးတစ်ယောက် ကျားသစ်ကြီးဖြစ်အင်ကိုကြည့်ကာ သနားစိတ် ဝင်သွားသည်၊ စိတ်တွင်းကလည်း –

"အော် – သူလည်း အသက်နဲ့ပဲလေ၊ မသေခင်လေး ရလိုရငြား ကြိုးစားရုန်းကန်နေတာပါလား"

တင်အေးတစ်ယောက် ကျားသစ်အသေကို ဆယ်ယူပြီး ရောင်းစားကာ ငွေလိုချင်စိတ် ပျောက်သွားသည်၊ ရေနစ်လုနစ်ခင်ဖြစ်နေရှာသော ကျားသစ်၏အဖြစ်ကိုကြည့်ကာ အသက်တစ်ချောင်းကို ကယ်တင်ပေးရန် စိတ်ကူးရလာခဲ့သည်၊

www.burmeseclassic.com

"ဒီကျားသစ်ကို ရေတွင်းထဲက ဘယ်လိုကယ်ရပ့်။ ဟာ - မောင်းတက်ထိပ်က ရေပုံးနဲ့ဆယ်ရင် ရမယ်နဲ့တူတယ်"

ထိုသို့ အကြံရသည်နှင့် ရေပုံးဆွဲထားသော မောင်းတက်ကို ဆွဲယူနှိမ့်ချပေးလိုက်သည်။ ကျားသစ်ကို ရေပုံးဖြင့် လှမ်းယူခပ်ကြည့်သည်။ ရေပုံက သေးပြီး ကျားသစ်ကကြီးနေသလို၊ ရေပုံးအနားရောက်သည်နှင့် ကျားသစ်က ရှောင်ထွက်သွားသည်။ ခပ်လို့မရ၊ မလွယ်ပေ။

ရေပုံးက သေးနေသည့်အတွက် အထဲသွင်းလို့မရ၊ ရေပုံးကို မှောက်ထားပြန်သော်လည်း အပေါ်ဆွဲတင်ပြန်တော့ သူက မြဲမြဲမကုတ်ထား၊ လွှတ်လိုက်ပြန်သည်။

ရေပုံးဖြင့် ကျားသစ်ကို ဆယ်ဖို့ကိစ္စ ဘယ်လိုမှ လုပ်လို့မရ၊ ရေထဲတွင် အတန်ကြာနေပြီမို့ ကျားသစ်မှာ အေးနေပုံရသည်။ လှုပ်ရှားမှုလည်း အားနည်းလာသည်။ ရေထဲကိုပြန်နစ်သွားပြီး အတန်ကြာမှ ပေါ်လာသည်။ ပေါ်ပြန်တော့လည်း ရှေ့လက်နစ်ဖက်ဖြင့် တွင်းနံရံအုတ်များကို ချိန့်ချွာ ကုတ်ခြစ်နေရသည်။

"အင်း - ဒီအတိုင်းဆို သေဖို့ များတယ်။ ဘယ်လိုကြံရပ့်"

ကျားသစ်ကြီး ရေနစ်သေသွားပါကလည်း ရေတွင်းထဲဆင်းပြီး ဆယ်ယူမှသာ ရနိုင်မည့်အနေအထားပင်၊ ရေတွင်းကလည်း နက်သည့်အတွက် သေသွားလျှင်တောင် ဆင်းယူဖို့ခက်သည်။ မဆယ်ဘဲထားလျှင် ကျားသစ်မှာ ရေနစ်သေပြီး ရေထဲမှာ ပုပ်ပွသွားလျှင် ရေပါမသန့်ဖြစ်တော့မည်။ ရေမသန့်လျှင် တောတိုးကာ ပင်ပန်းပြန်လာကြသူတို့ အခက်တွေ့မည်သာ။

တင်အေးတစ်ယောက် ရေတွင်းထဲ ကျနေသည့် ကျားသစ်ကို ဆယ်ယူရေးအတွက် နည်းလမ်းမျိုးစုံ တွေးတောစဉ်းစားကြည့်သည်။ ယခုချိန်ထိတိုင် တောထဲမှ ပြန်လာသူတစ်ဦးတစ်ယောက်မှလည်း မရှိ၊ တောကြက်အိပ်တန်းတက်တွန်သံတို့နှင့်အတူ အမှောင်က မင်းမူလာပေပြီ။ ထိုသို့စဉ်းစားနေစဉ် အကြံတစ်ခု ရလာသည်။

"ဟဲ - ကျားသစ်ကြီးရေ - မင်းကုသိုလ်နဲ့ မင်းကံတရားပဲ။ ငါတစ်ခု အကြံရတယ်"



ပြောပြောဆိုဆို ဝါးနှင့် ရောကာစည်းထားသည့်ဓားကို ယူလိုက်ပြီး ခပ်လှမ်းလှမ်း ဝါးရုံတောဆီသွားလျက် အဆစ်စိပ်စိပ်၊ ဝါးလုံးအရှည်တစ်ချောင်းကို ကိုင်းတက်များ တစ်တောင်လောက် ချန်ခုတ်ပြီး ထိုဝါးလုံးကို ရေတွင်းထဲ ဖောက်ထိုးချပေးလိုက်သည်။ ဝါးလုံးက ရှည်လွန်းသဖြင့် တစ်ယောက်ထဲ ခက်ခက်ခဲခဲ လုပ်ယူခဲ့ရသည်။

မနိုင်မနင်း ခက်ခက်ခဲခဲ ဝါးလုံးကို ရေတွင်းထဲချပြီး ထိုနေရာတွင် ခေတ္တအပန်းဖြေနားလိုက်ရင်း စောင့်ကြည့်နေရာ တွင်းပေါ်ရှိဝါးလုံးအစွန်းမှာ လှုပ်ရှားလာသည်ကို တွေ့မြင်ရသည့်အတွက် -

"ဟဲ - မင်းအပေါ်ကို ရောက်အောင် တက်နိုင်ပါစေ၊ ကံကောင်းပါစေလို့ ဆုတောင်းပါတယ်။ မင်းအသက်ကို ငါတတ်နိုင်သမျှ ကယ်ခဲ့သလို၊ မင်းမသေခဲ့ရင် ငါ့အသက်ကို ကယ်ခွင့်ကြုံရင် ပြန်ကယ်ပါ။ မှောင်နေလို့ ငါသွားတော့မယ်။ မနက်စောစော ငါပြန်လာခဲ့မယ်"

ရှမ်းဖက်လိပ်တို့ကို လွှင့်ပစ်ကာ ဝါးစည်းကို ထမ်းပြီး အိမ်ကို ပြန်ခဲ့ပေတော့သည်။

---

"ကျော်ထူး အရက်တစ်ပိုင်းပေးကွာ။ အမြည်း ဘာရှိသေးလဲ"

တင်အေးက ကျော်ထူးအရက်ဆိုင်ဝင်ရင်း ကောင်တာစားပွဲတွင်ထိုင်နေသော ကျော်ထူးကို လှမ်းမှာလိုက်သည့်အတွက် -

"တင်အေးပါလား။ မိုးချုပ်လုချည်လား။ မင်းမိန်းမနဲ့တွေ့လို့ မေးတော့ တောတက်သွားတယ်ဆိုကွ"

"အေးပါ - ချောင်းအထက်နားတွင်ပါ၊ အိမ်ပြင်ဆောက်ဖို့အခြင်ဝါးလိုလို့သွားခုတ်တာကွ"

"ခုတ်ပြီးပြီလားဟ"

"အေး - ပြီးခဲ့ပြီ၊ မနက်ဖြန်မှ လှည်းနဲ့ သယ်ရမယ်"

"အမြည်းက ချောင်းငါးကြော်နဲ့ ဖွတ်သား ရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

"အေး – ပေးကွာ၊ ဆာနေတယ်ကွ"

တင်အေးတစ်ယောက် ကျော်ထူး ချပေးသည့်အရက်နှင့် အမြည်းတို့ကို ဆာဆာနှင့် စားသောက်နေလိုက်သည်၊ ထိုအချိန် အရက်ဆိုင်အတွင်းသို့ အောင်သူ ဝင်လာသည်မို့ –

"လာဟေ့ – အောင်သူ၊ ဒီမှာထိုင်ကွာ၊ မင်းဆီက အကူအညီလိုချင်တာနဲ့ အတော်ပဲ"

တင်အေးက အောင်သူကို လှမ်းခေါ်လိုက်သဖြင့် ဝင်ထိုင်လိုက်စဉ် တင်အေးက –

"ကျော်ထူး – နောက်တစ်ပိုင်းနဲ့ အမြည်း ချပေးဦးကွာ"

"ဟုတ်လား – ကိုတင်အေး၊ ဘာကိစ္စများလဲဟင်"

"ဒီလိုကွ – ငါ အိမ်မိုးဖို့ ဒီနေ့ ဝါးနဲ့ တောင်ထန်းခုတ်ထားတယ်၊ မနက် သွားသယ်ကြရအောင်၊ မင်းလည်း လိုက်ခဲ့ကွာ၊ မှုတ်ပြောင်းလည်း ယူခဲ့ကွာ၊ ဟင်းစားလေး၊ ဘာလေးလည်း ရှာရင်းပေါ့"

"ဟုတ်ကဲ့ – ဘယ်အချိန်သွားမလဲ၊ လှည်းပါ ယူမှာလား"

"အခြင်ဝါးက နှစ်ရာကျော်၊ တောင်ထန်းနဲ့ပါဆိုတော့ လှည်းနဲ့မှ ရမယ်ကွ၊ ခပ်စောစောထွက်မယ်၊ ငါ အိမ်ဝင်ခေါ်မယ် – စောင့်နေနော်"

"ဟုတ်ကဲ့ – စိတ်ချပါ – စောင့်နေမယ်"

နှစ်ဦးသား စားလိုက်၊ သောက်လိုက်နှင့် တစ်လုံးကုန်တော့ အိမ်သို့ပြန်ခဲ့ကြသောအချိန်သည် အမှောင်ဘက်ကိုပင် လုပြီး ညအစာရှာငှက်တို့အော်သံကိုပင် ကြားနေရပေပြီ၊

နံနက်စောစော ကျွဲတပ်လှည်းတွင် ကျွဲနှစ်ကောင်လှည်း ကြိုးတပ်နေသော တင်အေးကို တောသို့ တက်မည့် ကိုတင်ဦးက –

"တင်အေး – မင်း တောတက်မလို့လား"

"ဟုတ်တယ် – ကိုတင်ဦး၊ မနေ့က ဝါးနည်းနည်း ခုတ်ထားခဲ့တာ သွားသယ်မလို့ပါ"

"ဘယ်ထိသွားမှာလဲ"



"ချောင်း ဟိုဘက်မြင်ဝါးတောဆီပဲ၊ သိပ်မဝေးပါဘူး"

"မင်းတစ်ယောက်ထဲလား၊ သတိဝီရိယလည်း ထားသွားကွာ"

"အောင်သူကိုပါ ခေါ်သွားမှာပါ၊ အဲ – ကျွန်တော် သွားမယ်၊ နောက်မှ ပြောကြတာပေါ့၊ ဆုံကြမယ်နော်"

ကိုတင်ဦးကို နှုတ်ဆက်ထွက်လာသည်၊ ဇနီးဖြစ်သူ ဘုတ်ိမက လှည်းပေါ်သို့ ကောက်ရိုးစာ ပွေ့တင်ထားသလို သူကလည်း ဒူးလေး၊ မြား၊ ကျည်တောက်၊ ဓားရှည်(ငှက်ကြီးတောင်)ကို ယူကာ ထွက်ခဲ့စဉ် ဆည်းဆာသည် မိုးမကြီးအတွင်းမှ စောစီးစွာ ထွက်ဖို့ တာစူနေပေပြီ၊

အောင်သူကို ခေါ်ကာ ရွာမှထွက်တော့ မိုးစင်စင်လင်းနေပေပြီ၊

"ကိုတင်အေး – ဘယ်ဘက်ကသွားမှာလဲဟင်"

"ဆင်စွယ်ရွာဘက်က သွားရင် အလျှဉ်းသင့်တယ်ကွ၊ အဲဒီဘက်က သွားမလို့"

အမှန်တော့ တင်အေး မနေ့က ဆင်စွယ်ရွာထိပ် ရေတွင်းထဲသို့ ကျသွားသည့်ကျားသစ်အကြောင်းကို ပြောမပြ၊ အဘယ့်ကြောင့်ဆိုသော် သူ့အတွေးက အကယ်၍များ ကျားသစ်ကြီး ရေနစ်ပြီး သေဆုံးနေခဲ့ပါလျှင် နှစ်ဦးသား ရေတွင်းထဲမှ ဆယ်ယူရန် အကူအညီယူဖို့ဖြစ်ပြီး အကယ်၍များ ကျားသစ်ကောင်က ဝါးလုံးကို ဖက်တွယ်၍ တက်ရောက်ပြီး လွတ်မြောက်သွားလျှင်လည်း သူခုတ်ပြီး ဖောက်ထိုးချထားသည့် ဝါးလုံးကို ပြန်ဆယ်ပြီး အောင်သူ့အကူအညီဖြင့် လွတ်ရာဆီ ရွှေ့ပြောင်းထားရေးအတွက် ကျားသစ်ကြီး အနေအထားကို သိလိုသည့်အတွက် ဖွင့်ဟမပြောဘဲ ရေတွင်းရှိရာဆီသို့ ဆောင်းလာခဲ့ခြင်းပင်၊ ရေတွင်းနားဆီ ရောက်တော့ ကျွဲ(၂)ကောင်ကို စုတ်ဆယ်တာ ရပ်လိုက်ပြီး –

"အောင်သူ – ခဏထိုင်ဦးကွာ၊ ရေဘူးထဲကို သောက်ရေဖြည့်လိုက်ဦးမယ်"

အိမ်မှအထွက် ရေဖြည့်မလာဘဲ အကြံနှင့် ယူလာသည့်ရေဘူးနှစ်လုံးကိုယူကာ ရေတွင်းဆီသွားပြီး ခါးကြားတွင် ထိုးထားသည့် လေးထောင့်ထိုး



www.burmeseclassic.com

www.burmeseclassic.com

ခါတ်မီးဖြင့် မှောင်နေသည့် ရေတွင်းထဲမီးထိုးကာ ကျားသစ်ကောင်အား လိုက်လံရှာဖွေရာ မတွေ့သဖြင့် အသေအချာရှာဖွေသော်လည်း ကျားသစ်ကောင်ကို ရှာမတွေ့၊ သို့အတွက် ရေပုံးတပ်ထားသော မောင်းတက်ကိုဆွဲယူကာတွင်းထဲချပြီးမွှေနှောက်ရှာဖွေကြည့်ပြန်သည်၊ ကျားသစ်ကောင်သည် ဝါးလုံးမှတစ်ဆင့် တက်ပြီး လွတ်မြောက်သွားသည်မှာ သေချာသောအနေအထားဖြစ်သည်ကို သိရှိလက်ခံလိုက်ပြီး ဘူးထဲသို့ ရေဖြည့်ပြီး ဝါးလုံးကို အပြန်မှဆွဲတင်မည်ဟု စိတ်ကူးကာ လှည်းကို မောင်းပြီး တောလမ်းအတိုင်း ဆက်သွားကြပေသည်၊

"ကိုတင်အေး - ဘယ်ဘက်ကိုတက်မှာလဲ"

လမ်းတွင် ထိပ်တိုက်မျက်နှာချင်းဆိုင်တိုးသည့် နွားလှည်းများနှင့် တိုးသဖြင့် လှမ်း၍မေးလာသည်မို့ -

"အေး - ချောင်းထိပ်ဆီပဲ - တင်ထွန်းရ၊ မနေ့က အခြင်ဝါးလေးတွေ ခုတ်ထားခဲ့တာ၊ သွားသယ်မလို့ဟ"

ကျွဲ(၂)ကောင်ကား သခင်ဖြစ်သူ တင်အေး လှည်းပေါ်ရောက် နဖားကြိုးကို ကိုင်လိုက်သည်နှင့် ရှန်းထွက်သွားပေသည်၊ သူတို့ ယနေ့ ဘယ်ကိုသွားမည်၊ ဘာသယ်ပြန်ရမည်ကို နားလည်နေသည့်အသွင်၊

နေ့ကာလဆိုသော်လည်း နံနက်ခင်းမို့ နှင်းဖျန်းထားသော တောတောင်သဘာဝအလှကို သူတို့နှစ်ဦးအတွက် မရိုးနိုင်သောသဘာဝအလှကို ခံစားကြရင်း လိုက်ပါလာကြရာမှ တင်အေးက လှည်းကြံတိုင်တွင် ချိတ်ဆွဲထားသော အရက်ဘူးကိုဖြုတ်ပြီး တစ်ငုံမော့လိုက်ပြီး အောင်သူကို လှမ်းပေးလိုက်တော့၊

"ဟာ - အမြည်းမပါ၊ ရေမပါနဲ့ ကိုတင်အေးကလဲ - စောစောစီးစီး"

အောင်သူပြောလိုက်သည့်စကားကြောင့် တင်အေးတစ်ယောက် သဘောကျပြီး တဟားဟား ရယ်လိုက်ရင်း ပြန်ပြောလိုက်ပုံက -



"ဘာလဲ - အောင်သူ၊ မင်းချစ်သူ အေးမူက စောစောစီးစီး အရက်မသောက်ရဘူးလို့ မှာထားလို့လား၊ သူမသိပါဘူးကွ၊ အချမ်းပြေ နည်းနည်းသောက်လိုက်၊ သွေးပူသွားအောင်"

အောင်သူကို တင်အေး နှစ်ခါမတိုက်တွန်းလိုက်ရ၊ လှမ်းပေးသည့် အရက်ဘူးကိုယူကာ အနည်းငယ်မော့သောက်လိုက်သည်၊ ယခုမှ နွေးသွားပြီး သွေးကလည်း ပူလာသည်၊ ထိုအချိန် -

"မင်းကိုတော့ အေးမူက ချစ်ရှာပါတယ်၊ ယူဖို့ကိစ္စ မပြောသေးဘူးလားကွ"

"ပြောပြီလား - ကိုတင်အေးရယ်၊ မကြာခဏပြောပါတယ် - ဒါပေမဲ့"

အောင်သူစကားက မဆုံး၊ လိုရင်းကို မရောက်သေးသဖြင့် -

"ဒါပေမဲ့ - ဆိုတာ ဘာလဲကွ၊ ဆုံးအောင် ဆက်ပြောစမ်းပါကွာ၊ မင်းကလည်း ဆန့်တငံ့ငံ့နဲ့"

"ဒါပေမဲ့ဆိုတာက ငွေကြေးက ကျွန်တော့်မှာ မပြည့်စုံဘူးလေ၊ အမေ့ကျန်းမာရေးနဲ့ ဆေးဖိုးဝါးခ၊ ခါတ်စာ၊ ညီမလေးတွေရဲ့တစ်ဝမ်းတစ်ခါး ခံထုပ်ဝန်ပိုး"

လှည်းနောက်က ထိုင်လိုက်လာသော အောင်သူက နင်းဖုံးနေသော တောင်မြင့်မြင့်ကြီးဆီ လှမ်းကာ ငေးမောရင်း အားငယ်စွာ ပြောနေသည်မို့ တင်အေးက -

"အေးကွ - ငါ့မိန်းမကတောင် ဟိုနေ့က စကားစပ်လို့ မင်းတို့နှစ်ယောက်အကြောင်းပြောရင်း စိတ်မကောင်းဖြစ်နေသေးတယ်၊ ကံတရားက ကိုယ့်ဘက်ရောက်လာဦးမှာပါကွာ၊ ဒီကြားထဲ မဖြစ်မနေဆိုရင်လည်း ငါတစ်ထောက်လုံး ရှိနေပါသေးတယ်၊ သိပ်ပြီး အားငယ်စိတ် မမွေးနဲ့ - ကြားလား"

"ဟုတ်ကဲ့ပါ - ကိုတင်အေး၊ ဒီလိုပြောဖော်ရတာ ကျေးဇူးတင်ပါတယ်"

တဖြည်းဖြည်းလှည်းကိုမောင်းလာခဲ့ကြရင်း မနေ့က ဝါးတွေခုတ်ပုံထားသည့်အနားရောက်တော့ ရပ်လိုက်ပြီး လှည်းပေါ်မှ နှစ်ဦးသား ဆင်းကာ ညည်းများ ချနေသလို၊ တင်အေးကလည်း ခွထောက်ဖြင့် လှည်းကိုထောက်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ထမ်းပိုးကျည်းမှ ကျွဲနစ်ကောင်ကိုဖြုတ်ကာ အရိပ်ရအပင်ကြီးအောက် မြစ်ဆုံတွင် နဖားကြိုးကို ချည်လိုက်ပြီး ကောက်ရိုးများကို စားသောက်ရန် ချထားပေးလိုက်ကာ ဝန်းကျင်ကို ကြည့်လိုက်သည့်အချိန် –

"အောက် – အီအီး – အွတ်"

ဝါးရုံကိုင်းဖျားထက်မှ တောကြက်ဖတွန်သံကို ကြားလိုက်ရသည့်အတွက် အောင်သူက ဝါးမှုတ်ပြောင်းနှင့် မြားကျည်ထောက်ဘူးကို ကောက်ယူလွယ်လိုက်ပြီး –

"ကိုတင်အေး – သိပ်မဝေးဘူးဗျ၊ ကျွန်တော် ခဏသွားမှုတ်လိုက်ဦးမယ်"

အောင်သူက မှုတ်ပြောင်းကိုယူ၍ တောကြက်တွန်သံကြားရာ ဝါးတောအတွင်းသို့ရွက်ခြောက်များကို အသံမကြားစေရန် အသာရှောင်ဖယ်နင်းရင်း ဝင်သွားသည်ကို လှမ်းကြည့်နေရင်း အိတ်ကပ်တွင်းမှ ရှမ်းဖက်လိပ်တိုတို မီးတို့ဖွာရှိုက်လျက် စောင့်စားနေလိုက်ပေသည်။

အောင်သူကား၊ မုဆိုးတစ်ယောက်တော့ ဟုတ်သည်၊ သို့သော် မုဆိုး လတ်သင်တစ်ယောက်ဖြစ်သည်။ ဒူးလေးကိုင်မုဆိုး မဖြစ်သေးသော်လည်း လောလောဆယ်တွင် "ပြောင်းမုဆိုး" တစ်ယောက်ဖြစ်သည်၊ ပြောင်းမုဆိုး ဆိုရသော်လည်း တကယ့်ပြောင်းမုဆိုးကြီးတစ်ဦးလည်း မဟုတ်သေး၊ ယခု စတင်သည့် လက်သင်ပြောင်းမှုတ်မုဆိုးဟု ဆိုရပေမည်။

အမှန်တော့ သူ ဝါသနာပါသည်က သားကောင်တွေကို သူ၏ဆရာ ကိုင်တွယ်သုံးစွဲသော မီးပေါက်သေနတ်ဖြင့် ပစ်ခတ်ချင်သူ၊ သို့သော်လည်း ရန်ကုန်မှ တောလည်ရန်လာသည့် ဆရာသမားများက ငယ်သေးသ အတွက် စိတ်မချသဖြင့် သေနတ်ပေးမကိုင်နိုင်သေးဘဲ ရှိနေသည်မို လေးကို ကိုင်ဆောင်ပါသော်လည်း မြားတံတွင် သုတ်လိမ်းသည့်အဆိ သူမဖော်စပ်တတ်သလို၊ မည်သူမှလည်း မဖော်စပ်တတ်ကြသည့်အတွ မြားတံတွင် အဆိပ်မလူးဘဲ ပစ်ခတ်လိုက်ပါက နေရာတွင် မလဲဘဲ မြား လန်းဖြင့် ထွက်ပြေးကာ တစ်နေရာတွင် ခိုကပ်ပုန်းအောင်းရင်း သေ



အပုပ်နံ့ရကာ တွေ့ရှိကြသည့်အတွက် ဆုံးပေါင်းများပြီး သားကောင်မြန်း တီးရာလည်း ရောက်သည့်အတွက် မကိုင်ဆောင်ဘဲ မှုတ်ပြောင်းဘက်ကို ဦးတည်ခဲ့ရသူပင်။

မှုတ်ပြောင်းမှုတ်သည့်မုဆိုးဆိုသည်ကလည်း အဆင့်အားဖြင့် (၆) ဆင့် လောက်ရှိသည်။ မှုတ်ပြောင်းကိုစတင်မှုတ်ပြီးလေ့ကျင့်သူတစ်ယောက်သည် အနိမ့်ဆုံး ပြောင်းအရှည်လက်လံ (၇) တောင်အဆင့်ကို စတင်မှုတ်ပြီး လေ့ ကျင့်ရသည်၊ ထိုပြောင်းအရှည်ကို ကျွမ်းကျင်တော့မှ နောက်တစ်ဆင့် တောင်ဝါးအရှည်ထိ တစ်ဆင့်ချင်းတက်ကာမှုတ်ရသည်။ (၁၂) တောင်ဝါးကို မှုတ်နိုင်သည့် ပြောင်းသမားသည် ဂိတ်ဆုံး (ဆရာကြီး) အဆင့်၊ သို့အတွက် ပြောင်းမှုတ်သမားတစ်ယောက်ကို မြင်လိုက်လျှင် မှုတ်သောပြောင်းအရှည် ကို ခန့်မှန်းရုံနှင့် ထိုသူ ဘယ်အဆင့်ရှိသည်ကို မုဆိုးများ သဘောပေါက် ကြသည်။

ယခုလည်း အောင်သူမှုတ်သည့် ဝါးပြောင်းအရှည်က (၇) တောင်သာမို့ လတ်သင်အဆင့်ဖြစ်သည်ဆိုသည်ကို သူအသိဆုံး၊ သည်ကြားထဲ ရွာ၏ သမီးပျိုဖြစ်သော အေးမူနှင့် လူငယ်တို့သဘာဝ ချစ်ကြိုက်နေသူဖြစ်သည်။

သူ၏ချစ်သူ အေးမူဆိုသည်လေးက သည်ရွာတွင် ထူးထူးခြားခြား အလှပိုင်ရှင်လေးတစ်ယောက်တော့မဟုတ်၊ သို့သော်ရွာနီးချုပ်စပ်တွင်တော့ နံမည်တောင်ကိုင်ကလေး၊ တောသူမို့ညိုညက်ညက်အသားအရေနှင့်ကျန်းမာ လန်းဆန်းသောအလှကို ပိုင်ဆိုင်ထားသူ၊ ကျန်းမာလန်းဆန်းခြင်းဆိုသည် ကလည်းအလှတစ်ပါးပင်မဟုတ်ပါလား၊ နက်စိုသော မျက်နှံအစုံကိုပိုင်ဆိုင် ထားသူလေး၊ နက်စိုသော စင်ရော်တောင်ဝယ် မှန်နံ့သာ မခြယ်သဘဲ လင်း လပို လှဲ့သလို အလှကို ပိုင်ဆိုင်ထားသူ၊ သို့အတွက် အောင်သူကလည်း ခန်းတန်းစွဲမဟုတ်ပါလား။

— ✦ —

www.burmeseclassic.com

ရှမ်းဖက်လိပ်ကို လက်ကြားညှပ်ပြီး အောင်သူအကြောင်း စဉ်းစားနေရင်း ခြေသံကြား၍ လှည့်ကြည့်လိုက်တော့ မှတ်ပြောင်းကို ညာဘက်က ကိုင်ပြီး ဘယ်လက်တွင် တောကြက်၊ အောက်ချင်းငှက်၊ ရစ်တစ်ကောင်ကို ခြေထောက်မှ ဇောက်ထိုးဆွဲကာ ပြန်လာသည့် အောင်သူကို တွေ့လိုက်ရသည့်အတွက် တအံ့တဩဖြစ်သွားရင်း –

"ကဲ – အဲဒီအကောင်တွေ အမွေးနုတ်၊ ရင်ခွဲပြီး မီးမြှိုက်ကွာ။ ပြီးရင် – ဝါးတွေနဲ့ တောင်ထန်းရွက်တွေ လှည်းပေါ်တင်ထားလိုက်ကြရအောင်"

တင်အေးပြောသည့်အတိုင်း လုပ်ကိုင်လို့အပြီး နှစ်ဦးသား ဝါးတွေကို လှည်းပေါ် တင်နေကြသည်။ ပြီးတော့ – တောင်ထန်းလက်များကိုထပ်ကာ ဝါးပေါ်ဆင့်ကာ အောက်ကိုပြုတ်မကျစေရန် ကြိုးနှင့် ဆိုင်းလို့အပြီး နေ့လယ်မွန်းတည့်ချိန်ပင် ကျော်ပြီမို့ နှစ်ဦးသား ထမင်းထုပ်ကို မစားခင် တောပိုင်တောင်ပိုင်တို့အား အသင့်ယူဆောင်လာသည့်အရက်ပုလင်းဖြင့်တင်မြှောက်လိုက်ပြီး သူတို့နှစ်ဦးက သောက်လက်စ ရေဘူးထဲမှ လက်ကျန်အရက်ကို ရှောင်းငါးကြော်နှင့် စားသောက်နေစဉ် အောင်သူက –

"ကိုတင်အေးတော့ မသိဘူးဗျ။ ကျွန်တော်ကတော့ တစ်ခုသတိထားမိတယ်"

"ဘာများလဲ – အောင်သူရဲ့ ပြောပါဦးကွ"

"တောက ငြိမ်တယ်ဗျ။ စောစောကမှ အသံကြားရသေးတယ်။ ခုတော့ – ချေဟောက်သံ၊ ဆတ်တစ်သံတောင် မကြားရဘူး။ တစ်ခုခု တစ်ကောင်ကောင်များ ..."

"ဥပါဒါန်မစွဲပါနဲ့ကွာ။ ငါတို့ မနက်ကတည်းက ဒီကိုရောက်တာ ဘာကောင်မှ မရှိပါဘူး။ ရှိရင် ခုလိုအချိန်ထိ ဘယ်နေပါ့မလဲကွ"

"ကျွန်တော် မနက်က တောကြက်သွားချောင်းတော့ ရိပ်ခနဲတစ်ခု တွေ့လိုက်ရတယ်ဗျ၊ တောကြောင်လား၊ ကျားသစ်လားတော့ မသိဘူး။ ကျွန်တော့်ကိုမြင်တော့ ကိုယ်ကိုယို့ပြီး ချုံတောထဲတိုးပြီး ပျောက်သွားတာ၊ ကျွန်တော်လည်း နောက်ထပ် တွေ့ရနိုးနဲ့ စောင့်တာ မတွေ့ရတော့ဘူးလေ၊ လစ်ထွက်သွားတယ်"

"ရှိုးမကြီးနဲ့ တစ်ဆက်တည်းဆိုတော့ ဖြတ်သွားဖြတ်လာတွေတော့ ရှိမှာပေါ့ကွာ။ အန္တရာယ်နဲ့လည်း ကြုံနိုင်တာပေါ့။ ကိုယ်က မဆိုးလုပ်မယ့်လူဆိုတော့ မဆိုးသတိ၊ အသိနဲ့ နားနဲ့ မျက်စိဖွင့်ထားပေါ့"

အောင်သူကို စိတ်ပြေပျောက်စေရန် ဖြေသိမ့်ကာ ပြောလိုက်ရသော်လည်း သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ကျားသစ်ကောင်ကို သို့လော သို့လော စိတ်က ရောက်သွားသည်မို့ သောက်လက်စအရက်ကို လက်စဖြတ်လိုက်ပြီး လှည်းတွင်ထားသည့် လုံရှည်၊ ဓားရှည်ကို စလွယ်သိုင်း၊ အမဲလိုက်ဓားမြှောင်ကို ခါးကြားတွင် အသင့်ထိုးလိုက်ပြီး အသင့်အနေအထားမျိုးဖြစ်အောင် ပြင်ဆင်ထားလိုက်သည်ကို မြင်ရသော အောင်သူက ဒူးလေးကို လေးညှို့ဆွဲတင်သေးဘဲ မြားလမ်းကြောင်းတွင် ပျားဖယောင်းနှင့် အသင့်ကပ်လိုက်ပြီး ညာဘက်မှ ဝါးမှတ်ပြောင်းအတွင်း မြားတံတစ်ချောင်း သွင်းထားလိုက်သည်။ မြားဘူးကို လွယ်လိုက်ရင်း သစ်ပင်ရိပ်တွင် အစာစားနေသော ကျွဲနှစ်ကောင်ကို အောင်သူ ဇဝေဇဝါအကဲခတ်လိုက်သော်လည်း ကျွဲနှစ်ကောင်က ကောက်ရိုးများကို အစားမပျက်၊ ဝန်းကျင်မှ မည်သည့်အနံ့အသက်ကိုမှ ရရှိဟန်မပြ။

အခြေအနေက မထူးခြားသည်မို့ တင်အေးနှင့် အောင်သူတို့နှစ်ယောက် ထမင်းစားလိုက်ကြသည်။ စားလို့ပြီးသော်လည်း နေပူချိန်ဖြစ်သည်မို့ ကျွဲတွေအတွက် နေကျချိန်ကို စောင့်ရပေဦးမည်။ ယခုအခါ ကျွဲနှစ်ကောင်ကား သစ်ပင်ခြေရင်းတွင်စားမြုံ့ခတ်လျက် ငြိမ်ဝပ်နေကြသည်။ သူတို့နှစ်ဦးလည်း ပြန်ရုံသက်သက်မို့ နေကျချိန်ကိုစောင့်ရင်း နေကျချိန် ကျွဲတွေကို အစာထပ်ကျွေးပြီး ပြန်ဖို့အချိန် စောင့်နေသည်။

ထိုစဉ် ကျွဲနှစ်ကောင်က သစ်ရိပ်တွင် စားမြုံ့ခတ်နေရာမှ ဝုန်းခနဲခုန်ထလိုက်သည်ကို မြင်လိုက်ရသည်နှင့်အတူ နှာခေါင်းကလည်း တဖူးဖူး နှာမှုတ်နေသည်ကို မြင်လိုက်ရသဖြင့် –

www.burmeseclassic.com

"ဘာလဲဟ – အောင်သူ၊ ဘာဖြစ်တာလဲ"

ထိုအဖြစ်ကြောင့် တစ်စုံတစ်ခု အန္တရာယ်ဟူသောအသိကို နှစ်ဦးသား သိလိုက်ကြသည့်အချိန် အောင်သူ ပြောင်းသွားမှတ်သည့် ကြက်တွန်သံ ကြားလိုက်ရာဘက်ဆီမှ ဝါးရွက်ခြောက်များအပေါ် ဖြတ်သန်းနင်းလျှောက်လာသည့်အသံကြီးကို နှစ်ဦးသား ကွဲကွဲပြားပြား ကြားလိုက်ရ၏။

ထိုခြေသံကြောင့် ကျေးငှက်သာရကာလေးတို့အသံပါ ဆိတ်သုဉ်းသွား၏၊ အန္တရာယ်ကောင်လာနေပြီဆိုသည်ကို ကျွဲနစ်ကောင်နာမှတ်သံ၊ ခွာခုတ်သံ၊ ဦးချိုတွေကိုလေတွင်ဝေ့ဝဲလျက်စိန်ခေါ်နေသည့်အပြုအမူကိုကြည့်ခြင်းအားဖြင့် ထင်ရှားနေသဖြင့် တင်အေးက အမဲလိုက်မားမြှောင်ကို ခါးကြားမှ ထုတ်ကာ ကျွဲနစ်ကောင်၏နဖားကြိုးများကို နာရင်းမှ ကပ်ဖြတ်ပေးလိုက်သည်၊ အန္တရာယ်နှင့် ရင်ဆိုင်ရပါက ထိုနဖားကြိုးတို့ကြောင့် အန္တရာယ် မတင်းဖြစ်မည်စိုးသည့်အတွက်ကြောင့် ဖြစ်ပေသည်။

နှစ်ဦးသား တဒိတ်ဒိတ် ရင်ခုန်သံနှင့်အတူ ဝါးတောအတွင်းမှ ခြေသံကြီးကို ဘာကောင်ဖြစ်နိုင်သည်ကို တွေးတောနေကြသည်။ အသံက ခြေနင်းသံဖြစ်ပြီး ကြီးသည့်အသံကြီးမို့နှစ်ဦးသား ကိုယ်စီလက်နက်ကို အသင့်ကိုင်ကာ စောင့်နေစဉ် ဝါးရွက်ခြောက်တွေ နင်းခြေတိုးတိုက်လာသံက နီးသထက်နီးလာနေပြီ၊

ထိုအချိန် အနံ့ကို ရလိုက်ဟန်ထင့်၊ နဖားကြိုး ဖြတ်ထားသည့်ကျွဲနစ်ကောင်က နောက်ကြောင်းကို ပြေးထွက်သွားသည်။ တင်အေး အော်ဝေါက်ဟန့်တားခြင်းပင် မပြုနိုင်၊ ရန်သူအန္တရာယ်ကောင်က ဝါးတောထဲမှ တိုးထွက်လာပြီမို့ ထင်ထင်ရှားရှား ကွက်ကွက်ကွင်းကွင်း တွေ့လိုက်ကြရပေသည်။ သင်းကွဲတောဆင်ရိုင်းကြီးတစ်ကောင်၊ အစွယ်နှစ်ချောင်းက ရှေ့မှ အပေါ်ပြန်ကော့တက်နေသည်၊ ခေါင်းနှင့် နှာမောင်းအစွယ် တယယ်းယမ်းဖြင့် စုံရပ်ပြီး သူတို့နှစ်ဦးကို အမှတ်မထင် တွေ့လိုက်ရသည့်အခြေအနေကို သုံးသပ်အံ့သြနေပုံရသည်၊

တင်အေးနှင့် အောင်သူတို့နှစ်ဦး တောဆင်ရိုင်းကြီးကို အမှတ်မထင် အနီးကပ်တွေ့ကြုံရင်ဆိုင်လိုက်ရမှုကြောင့်တင်အေးက လက်တွင်ကိုင်ထားသည့်လုံဖြင့် ထိုးစိုက်ရန် တဆဆလုပ်နေသလို အောင်သူကလည်း မြားတပ်ပြီးသား ဒူးလေး၏လေးညှို့ကို ဆွဲတင်ပစ်ခတ်ဖို့ လုပ်နေစဉ် –

"ဝေါင်း – ဂရား"

တောဆင်ရိုင်းစွယ်စုံကြီးက ဝါးရုံတောအတွင်းမှ တိုးထွက်လာရင်း လူသားနှစ်ဦးကိုတွေ့မြင်လိုက်ရသဖြင့် တအံ့တသြခြေစုံပစ်ရပ်ကြည့်နေရင်း အတန်ကြာတော့ သဘောပေါက်သွားဟန်ထင့်၊ နှားရွက်ကြီးနှစ်ဖက်ကို အစွမ်းကုန်ဖြန့်ကာ အမြီးကိုထောင်၊ အစွယ်နှင့်ထိုးရန် အားယူလိုက်စဉ် တောဆင်ရိုင်းကြီး တိုးထွက်လာရာ ဝါးရုံတောကြီးအစပ် သပြုပင်ကြီးဘေးထွက်ကိုင်းပေါ်မှမာန်သွင်းလျက်အော်ဟစ်လိုက်သော သားကောင်ကြီးတစ်ကောင်၏ကြုံးဝါးအော်ဟစ်သံကြီးကို ကြားလိုက်ရသော သူတို့နှစ်ဦးမှာ အသံကြားလိုက်ရာ အပင်ကြီး ဘေးကိုင်းပေါ်သို့ လှမ်းကြည့်လိုက်ရာ ဘယ်အချိန်ကာလက သပြုပင်ကြီးထက်ကိုတက်ရောက်နေမှန်းမသိလိုက်ရသော ကျားသစ်ကြီးတစ်ကောင်ကို တွေ့မြင်လိုက်ကြရသည်၊ သူတို့နှစ်ဦးအား အစွယ်နှင့်ထိုးရန် အရှိန်ယူနေသည့်အထက် သပြုပင်ကြီးဘေးထွက်ကိုင်းပေါ်တွင် ဝပ်စင်းကာ ခုန်အုပ်ရန်အတွက် သူ၏နားရွက်တို့ကို ဦးခေါင်းနောက်ပြားနေအောင်ကပ်၊ ပါးစပ်ကြီးကိုဖြဲ၊ ဝါကျင်ကျင်သွားစွယ်ကြီးတို့နှင့် အဝါတွင် အနက်စက်များ ရောပြွမ်းနေသည့် ကျားသစ်ကြီးတစ်ကောင်ကို အံ့သြဖွယ် တွေ့လိုက်ရသည်နှင့်အတူ ကျားသစ်ကြီးသည် လူသားနှစ်ဦးကို ရန်ရှာတော့မည့် တောဆင်ရိုင်းကြီးကို လက်ဦးမှုယူကာ လည်တိုင်ရင်းဆီ လွှားခနဲ ခုန်အုပ်ကိုက်ခဲလိုက်ကို တွေ့မြင်လိုက်ကြရပေသည်၊

"ဂရား"

"ကျည် – ဝေါင်း"

ကျားသစ်ကောင်ကြီးက မာန်သွင်းကာ ခုန်အုပ်ပြီး လည်တိုင်ရင်းကို သွားစွယ်ကြီးတို့ဖြင့် ထိုးဖောက်ကိုက်ခဲလိုက်ပြီး လက်သည်းရှည်များဖြင့် နောက်လုံးအိမ်ကိုကုတ်ခြစ်ဖောက်ထုတ်ပစ်ခြင်းခံလိုက်ရသောဆင်ရိုင်းကြီးမှာ နာနာကြည်းကြည်း အော်ဟစ်ရင်း မြေပြင်ကို ဒူးတုပ်လဲကျသွားကာ "ကျည်"

www.burmeseclassic.com

ခနဲ အော်ဟစ်ရင်း မြေပြင်တွင် ကျားသစ်ကောင်ကြီးကို လူးလိမ့်ကာ အပေါ်စီးကို အရယူ၊ မြေပြင်နှင့် ဖိညှပ်လိုက်ပေသည်။

အပေါ်စီးမှ လည်တိုင်ရင်း ဇက်ပိုးကို အစွယ်ကြီးများဖြင့် ကိုက်ဖောက်ထားသလို၊ ရှေ့လက်နှစ်ဖက်ရှိလက်သည်းရှည်တို့ကလည်း မျက်လုံးအစုံကို ကုတ်ခြစ်ဆွဲလှန်ခြင်း ခံလိုက်ရသော တောဆင်ရိုင်းကြီး မြေပြင်နှင့် ညှပ်ပြီး လူးလိမ့်ခြင်းခံလိုက်ရသော ကျားသစ်ကောင်မှာ အလေးချိန်များသည့် တောဆင်ရိုင်း၏ မြေပြင်နှင့် ဖိညှပ်ခံလိုက်ရမှုကြောင့် အရိုးများကျိုးကာ မြေပြင်တွင် ပြားကပ်ကပ်ဖြစ်ကာ အသက်ပျောက်သွားသည့်ကို တအံ့တဩ နှစ်ဦးသား တွေ့လိုက်ရစဉ် လည်တိုင်တွင် အစွယ်ရာတို့မှ သွေးများပန်းထွက်ကာ မျက်လုံးအစုံကလည်း ပေါက်ထွက်ပြီး မျက်စိပါ မမြင်သော တောဆင်ရိုင်းကြီးမှာ သွေးရူးသွေးတန်းဝမ်းခေါင်းသံကြီးဖြင့် တစ်ချက်ကြုံးအော်လိုက်ပြီး ရှေ့ကို ပြေးထွက်လိုက်ရာ ရှေ့တွင် လျှိုစောင်းရှိနေသည်ကို မသိရှာသော တောဆင်ရိုင်းကြီးမှာ အောက်ဘက်ဆီသို့ ထိုးကျသွားပေတော့သည်။

"ဝေါ - ဝေါ - ဗုန်း - ဖြောင်း - ဖြောင်း"

တောဆင်ရိုင်းကြီး မြောင်အောက်ကိုထိုးအကျ၊ သစ်ပင်သစ်ကိုင်းတို့နှင့် တိုးတိုက်သည့်အသံ၊ ကျောက်တုံးကျောက်ခဲတို့နှင့် ထိတွေ့ဆောင့်မိသံတို့က တောလုံး ညံသွားပေတော့သည်။

နေရာတွင် ငူငူကြီး ရပ်နေကြရင်း ကြက်သေ သေနေသည့် သူတို့နှစ်ဦး အတန်ကြာတော့မှ အသက်ဝင် လှုပ်ရှားလာသည်။ ထိုအချိန် ရင်ဆိုင်ထိုး လိုက်ရသော အန္တရာယ်ကား ကင်းရှင်းသွားပြီဖြစ်သည်။

တင်အေးကား အသိပြန်ဝင်လာသည်နှင့်အတူ အနီးရှိ အောင်သူ့ထံ သိုင်းဖက်ရင်း အောင်သူနှင်အေးမူတို့နှစ်ယောက် ရှေ့ရေးကို တွေးပြီး အမိပ္ပာယ်များစွာပါသောအကြည့်ဖြင့် စိုက်ကြည့်ကာ ပြုံးပြနေသည်ကို အောင်သူ တွေ့လိုက်ရသည်။

နှစ်ဦးသား အပြန်ခရီးအတွက် တထိတ်တလန့်ထွက်ပြေးသွားပြီး သော ကျွဲနှစ်ကောင်ကို ရှာဖို့ တိုင်ပင်နေကြစဉ် -

"ညွန့် - ညွန့် - ညွန့်"

အတန်လှမ်းရာဆီမှ သခင်ကို အသံပေး ခေါ်နေသည့် ကျွဲနှစ်ကောင် အသံကို ကြားလိုက်ကြရသဖြင့် အပြေးအလွှား သွားရောက်ကာ နဖားကြိုး ပြန်တပ်ပြီး လှည်းရှိရာဆီသို့ ခေါ်ခဲ့ပြီး အလာလမ်းအတိုင်း ဝါးများနှင့် တောင်ထန်းရွက်တို့ကို သယ်ကာ ပြန်ခဲ့ကြပေသည်။

အပြန်လမ်းတွင် တင်အေးတစ်ယောက် စိတ်တွင်းက ရေတွင်းထဲကျပြီး အသက်ကယ်ရန်ကြိုးစားခဲ့ပေမယ့် အောင်မြင်မှုမရှိခဲ့သော ကျားသစ်ကြီးမှာ အချိန်ကလည်း မရတော့သည့်အတွက် နီးစပ်ရာ အဆစ်စိပ်သော ဝါးပင်ကို ခုတ်ဖြတ်ပြီး ကိုင်းတက်များ ချန်ခုတ်၍ အောက်ထိုးထားကာ ခဲရာခဲဆစ်ထား ခဲ့ရင်း မပြန်ခင် ပြောခဲ့သည့် -

"ကဲ - ကျားသစ်ကြီးရေ - မင်းကုသိုလ်နဲ့ မင်းကံတရားပဲ။ မင်းအပေါ်တို ရောက်အောင် တက်နိုင်ပါစေ၊ ကံကောင်းပါစေလို့ ငါ ဆုတောင်းပါတယ်။ မင်းအသက်ကို တတ်နိုင်သလောက် ငါ ကယ်ခဲ့သလို၊ မင်း မသေခဲ့ရင် ငါ့ အသက်ကို ကယ်စွမ့်ကြုံရင်လည်း ပြန်ကယ်ပါ။ မှောင်နေလို့ ငါ သွားတော့ မယ်"

ဆိုသည့်အတိုင်း ကယ်တင်ခဲ့သောကျေးဇူးကို အခွင့်အခါကြုံလို့ အသက်ပေးကာ ကျေးဇူးဆပ်ခဲ့သည်လားဆိုသည်ကိုတော့ သူမဝေခွဲတတ်။ သို့သော် သူ၏စိတ်တွင်း ပျော်ရွှင်ကြည်နူးပီတိဖြစ်နေသည်ကတော့ ကျားသစ်ကောင်ကိုရောင်းချလို့ရသည့်ငွေသည် အောင်သူနှင့်အေးမူတို့၏မင်္ဂလာ အခမ်းအနားအတွက် လုံလောက်သောငွေကြေးပမာဏကိုရလိုက်သည်ကို အောင်သူ သိများသိခဲ့ပါလျှင်။

➻ လေးမောင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့တပ်မှာ သရက်မြို့နှင့် မင်းတုန်းမြို့မှတစ်ဆင့် ခြေလျင်(၃) ရက်ခရီးဖြင့် ရခိုင်ရိုးမတောင်ခြေသို့ ဆိုက်ရောက်ခဲ့၏။ ရာသီမှာ ဒီဇင်ဘာလ ဆောင်းရာသီဖြစ်ပြီး ရခိုင်ရိုးမတစ်ခုလုံး အဝေးမှကြည့်လျှင် မြူများသာတွေ့ရပြီး တောတောင်များ မတွေ့ရပါ။ တောင်ခြေရောက်မှ သစ်ပင်ကြီးများ၊ ဝါးပင်ကြီးများ တွေ့ရသည်။ တောင်ကျစမ်းချောင်းနှင့် တောင်ခြေတွင်ရှိသော မထုံးချောင်းမှရေများသည် ရေခဲတုံးမှအငွေ့များ ထွက်သလို ရေမိုးအအေးငွေ့များ ထွက်နေပြီး ခိုက်ခိုက်တုန်အောင် အေးပါသည်။ မျောက်များ၏အော်သံများ၊ အောင်လောင်(အောက်ချင်း)ငှက်ကြီးများ ပျံသန်းအော်သွားသည့် အသံများ ကြားတွေ့နေရပါသည်။

ကျွန်ုပ်သည် တောတောင်အတွေ့အကြုံမရှိခြင်း၊ အသက်(၂၀)ကျော် စိတ်ဓာတ်တက်ကြွဖျတ်လတ်နေခြင်း၊ တောတောင်၏သဘာဝများ မြင်တွေ့နေရခြင်းများကြောင့် အလွန်ပျော်ရွှင်နေမိသည်။ အိမ်ထောင်ဇနီးမယားမရှိသေးသဖြင့် လွမ်းဆွတ်ဖွယ်ရာလည်း မရှိပါ။ ကျွန်ုပ်တို့တပ်သည် တောင်ခြေ "ဝတ်ကော်" ရွာမှ နံနက်(၅)နာရီ ခရီးစတင်ခဲ့ရာ ညနေ(၄)နာရီခန့်တွင် တောင်၏လေးပုံတစ်ပုံခန့်သာကျန်သော ကဒိုင်လမ်းခွဲသို့ရောက်၏။ ပင်ပန်း၍ နားကြသောအခါ ဒေသခံအထမ်းသမားအဖြစ် လိုက်ပါလာကြသော ချင်းလူမျိုးနှင့် ချင်းလူမျိုးများမှ ဤနေရာသည် နတ်ကြီးကြောင်း၊ ဝက်ဝံ,ကျားကျားသစ်နှင့် ဆင်များရှိကြောင်း၊ အလေးအပေါ့သွားလျှင် ထိုင်၍သွားရပြီး တောစောင့်နတ်,တောင်စောင့်နတ်များအား တောင်းပန်ရကြောင်း သတိပေးပြောလေ၏။ ၎င်းတို့ တိုင်းရင်းသားအချို့မှာ ဗမာစကား မပြောတတ်၊ ပြောတတ်သူများပြောလျှင် အတော်ပင် နားထောင်ယူရသည်။ ကျွန်ုပ်အဖို့မှ အားလုံးအထူးအဆန်းချည်း ဖြစ်နေ၏။ ကျွန်ုပ်တို့စစ်သည်များလည်း ကျောပိုးအိတ်၊ အီကွေးမင့်(ချပ်ဝတ်တန်ဆာ)များ ချွတ်၍နားကြ၏။ နာရီဝက်ခန့်နားပြီး ဆက်တက်ခဲ့ကြရာ ညနေ(၆)နာရီခန့် မှောင်စပျိုးချိန်တွင် ကျွန်ုပ်တို့တပ်စခန်းအခြေပြုပြီး လှုပ်ရှားရမည့် "ငကုန်း" စခန်းသို့ရောက်ရှိကြသည်။



မိမိတို့နေထိုင်ရမည့်တပ်ခွဲ၊ တပ်စု၊ တပ်စိတ်အလိုက် နေရာများသတ်မှတ်ပေးပြီး ကျွန်ုပ်ပါဝင်သော တပ်စိတ်သည်လည်း သတ်မှတ်နေရာတွင် စခန်းချခဲ့ကြ၏။ နောက်နေ့နံနက်စောစောတွင် "ကသန်း" စခန်းသို့သွားရမည့်စစ်သည်များ ဆက်လက်ထွက်ခွာကြ၏။ ကျွန်ုပ်တို့စခန်းချသည့် "ငကုန်း" စခန်းသည် ခပ(၆၀၀၀)ခန့်ရှိ၏။ ရန်သူလှုပ်ရှားနယ်မြေလည်း ဖြစ်၏။ သွားလာမှုခက်ခဲခြင်း၊ ရာသီဥတုဆိုးဝါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းများကြောင့် ရေတန်းရိက္ခာ(ခေါ်) ပုံးရိက္ခာအား အဓိကထား၍ စားရပါသည်။ ပုံးရိက္ခာဆိုသည်မှာ ဂုန်နီအိတ်အသေးတွင် ဆန်၊ အသားဘူး၊ ပဲဘူး၊ ငါးဘူး၊ သရက်သီးသနပ်၊ ဘာလချောင်ကြော်ဘူး၊ နို့ဆီ၊ သကြား၊ လက်ဖက်ခြောက်ပါသော စစ်သည်(၈)ဦးခန့်စားနိုင်သည့်ရိက္ခာထုပ်အသေး ဖြစ်ပါသည်။

— ❀ —

ကျွန်ုပ်တို့ တပ်စခန်းချပြီး (၂)ရက်ခန့်တွင် စစ်ကြောင်းမှူး၏ ညွှန်ကြားချက်ဖြင့် ကျွန်ုပ်တို့၏တပ်ခွဲမှူး ဗိုလ်မှူးစံဝင်း(ငြိမ်း – ကွယ်လွန်)မှ နေထွက်ချိန် တောင်ထိပ်နေပူဆာလှုံသည့် ကွက်လပ်တွင် ကင်းစောင့်တာဝန်ကျစစ်သည်မှအပ အားလုံးစုစည်းတန်းစီ၍ နယ်မြေအခြေအနေနှင့် ရန်သူ့အခြေအနေအား မြေကြီးတွင် တုတ်ဖြင့်ခြစ်၍ ရှင်းပြပါသည်။

ကျွန်ုပ်တို့ ရောက်ရှိနေသောနေရာသည် တောင်မြင့်၍ တောကြီးကြောင်း၊ အရှေ့ဘက်တွင် "မထုံး" ချောင်း၊ အနောက်ဘက်တွင် "ဂမုန်း" ချောင်းရှိကြောင်း၊ အနောက်ဘက် ဂမုန်းချောင်းကျော်လျှင် သံလိုက်အိမ်မြှောင်ဖြင့်သွားပါက (၇)ရက်ခန့်သွားလျှင် ချင်းပြည်နယ်သို့ရောက်နိုင်ကြောင်း၊ တိုက်ကင်းအဖွဲ့များ တိုက်ကင်းထွက်စဉ် မျက်စိလည် လမ်းမှားရေးနှင့် မျက်စိလည်လမ်းမှားပါက အရှေ့ဘက် နေထွက်ရာဘက်လိုက်၍ မထုံးချောင်းရောက်လျှင် မိမိစခန်းသို့ ပြန်ရောက်နိုင်ကြောင်း၊ အနောက်ဘက် ဂမုန်း

www.burmeseclassic.com

ချောင်း မကျော်လွှန်စေရန်နှင့်ကျော်လွှန်ပါက မည်သည့်နည်းနှင့်မျှအသက်ရှင်လျက် ပြန်မလာနိုင်ကြောင်း၊ ရံဖန်ရံခါ ရေခဲတတ်၍ အအေးဒဏ် အထူးဂရုစိုက်ရန်၊ ငှက်ဖျားရောဂါမရရေး ဂရုစိုက်ရန်၊ သားကောင်ကြီးများ ဂရုစိုက်ရန်နှင့် ဒက်နှင့်ကျွတ်သတ္တဝါများ ဂရုစိုက်ရန် မှာကြားပါသည်။

"ဒက်"ကောင်နှင့်ပတ်သက်၍ ကျွန်ုပ် ရှင်းပြလိုသည်မှာ ဒက်ကောင်သည် ကျွတ်ထက်ကြီး၍ကျွတ်သဏ္ဍာန်ရှိပြီး မျှော့ကဲ့သို့အရွယ်အစား ရှိပါ၏။ လူ့လက်သန်းအရှည်ခန့်ရှိပြီး ကျောရိုးအစိမ်းရောင် အကြောင်းကြီး ပါသည်။ နေပြောက်မထိုးသော တောကြီးများအတွင်း သစ်ပင်များပေါ်တွင် တွဲလောင်းကပ်နေပြီး လူ၊ တိရစ္ဆာန်သွားပါက ၎င်းတို့မှ ဖြုတ် ချ၍ ကပ်ပါသွားပြီး အသားမှ သွေးမစုပ်ဘဲ သွေးကြောမကြီးများအား ရှာ၍ သွေးစုပ်တတ်ပါသည်။ ဒက်ကောင်ကပ်လျှင် ရေခဲကဲ့သို့ အေးစက်နေပြီး ရာသီဥတုအအေးဒဏ်ကြောင့် ချက်ချင်းမသိနိုင်ပါ။ ဒက်ကောင်သွေးစုပ်ပြီး သွေးကြောမှ သွေးတိတ်ရန်မလွယ်ပါ။ သွေးစုပ်ပြီး ဒက်ကောင်သည် ကွမ်းသီးလုံးအကြီးထက် အနည်းငယ်ကြီးပြီး သွေးလုံးကြီး ဖြစ်နေပါ၏။ အပ်များလောက်ရှိ ခေါင်းသာ လှုပ်နေသည်ကို တွေ့ရပါသည်။ ယခင်စစ်သည်တစ်ဦးညအိပ်စဉ်ဒက်(၃)ကောင်ကိုက်၍မသိလိုက်သဖြင့် သွေးလွန်ပြီးနံနက်တွင် သေဆုံးနေသည်ကို တွေ့ခဲ့ရကြောင်း သိရပါ၏။ တပ်မတော်မှ ထုတ်ပေးသော "ရက်ပီတို"ခေါ် ဖြုတ်ကျွတ်ကာကွယ်ဆေးပုလင်းလည်း ဒက်ကောင်က မမှုပါ။ ကျွန်ုပ်တို့ရောက်ရှိနေသော ရခိုင်ရိုးမတောင်တန်းကြီးသည် နိုင်ငံခြားရုပ်ရှင်များတွင် ကြည့်ဖူးသော "အာမေဇုံ"တောကြီးနှင့်တူ၏။

═ ✿ ═

ကျွန်ုပ်တို့တပ်သည် စခန်းထိုင် လှုပ်ရှားဖြင့် (၁)လကျော်ခန့် နေခဲ့ပြီး နောက် ပါလာသည့် ငါးခြောက်၊ အသားခြောက်များ ကုန်သောအခါ အသားဘူး၊ ငါးဘူးများ စားပြီး ငြီးငွေ့လာ၏။ တစ်ခါတစ်ရံ စခန်းအနီး တောင်တစ်မ်းချောင်းမှ ရေချိုးစဉ် တွေ့ရသော မျောက်နှင့် အောင်လောင်ငှက်ကြီးများ ပစ်ခတ်၍စားသောက်ခဲ့ကြ၏။ တစ်ကြိမ်တွင်လည်း ရေချိုးဆင်းသည့် စခန်းခြံဝည်းရိုး လှုဝင်ပေါက်မှ ကင်းသမားရှိလျက်နှင့် ဆတ်ကြီးတစ်ကောင် ဝင်လာ၍ စစ်သည်တစ်ဦးမှတွေ့ပြီး ကာဘိုင်သေနတ်ဖြင့်ပစ်၍ ဆတ်သားကြီးအား ဝေပုံကျဖြင့် စားခဲ့ဖူးပါသည်။ ယင်းသို့ (၂)လခန့်ကြာပြီးနောက် အချို့စစ်သည်များ တပ်ခွဲမှူးထံ ခွင့်တောင်း၍ အဖော်ဖြင့် အနီးအနား တောလည်ထွက်ကြပြီး တောဝက်၊ ဝက်ဝံ၊ ဆတ်၊ ချေ၊ တောင်ဆိတ်၊ ခွေးတူဝက်တူ၊ မျောက်နှင့် ငှက်ကြီးများ ရလာသည်ကို တွေ့ရပါသည်။ တစ်ကြိမ်တွင်လည်း လုံးပတ်တစ်ပေခွဲကျော်၊ အရှည်ပေ(၂၀)ခန့်ရှိစပါးကြီးမြွေတစ်ကောင်လည်း ပစ်ခတ်၍ရရှိခဲ့ဖူးသည်။ ရံဖန်ရံခါ ကျားနှင့်ဆုံကြ၍ "မင်းလည်းမဆိုး၊ ငါလည်းမဆိုး၊ မင်းလမ်းမင်းသွား၊ ငါ့လမ်းငါသွား"ဟုပြောပြီး ပါလာသည့် အဖော်အား သတိပေး၍ အမြန်ပြန်လာခဲ့ရကြောင်း၊ တောတွင်း၌ ကျားတွေ့လျှင် ကျားဟုမခေါ်ဘဲ "ဟင်းစားကောင်"၊ "ဟင်းကောင်"ဟု ခေါ်ရကြောင်း၊ များအား ကျားဟု ခေါ်မိက ၎င်းကျားသည် အားတက်ပြီး လူအား အန္တရာယ်ပေးကြောင်း၊ နာမ်နိမိတ်ရကြောင်း အတွေ့အကြုံရင့် ဆရာနှင့် မုဆိုးများမှ ပြောပြပါသည်။

ကျွန်ုပ်သည် တောလယ်(မုဆိုး)အလုပ်လည်း ဝါသနာပါ၏။ ကျွန်ုပ်၏တပ်စိတ်တွင် ဒုတပ်စိတ်မှူးတပ်သားကြီး ချင်းလူမျိုး "လိုင်းဆပ်"နှင့် ကချင်လူမျိုး "ညိုခင်"ပါ၏။ ကျန်စစ်သည်များတွင် ဗမာ၊ ချင်းနှင့် ရခိုင် ပါ၏။ ၎င်းတို့မှာ တောလည်ဝါသနာမပါ။ ထမင်းဟင်းချက်ရန် ဝါသနာပါ၏။ ကျွန်ုပ်နှင့် ရခိုင်လူမျိုး ထွန်းမြင့်မှာ ကျွန်ုပ်မှဦးဆောင်၍ စခန်းအနီး တစ်မိုင်ပတ်လည်မှ တောတွင်းရှိဝရောင်းချဉ်(ချဉ်ပေါင်ရွက်သဏ္ဍာန်)၊ မျှစ်၊ မှိုနှင့် ကနစိုးသီးများ မကြာခဏ သွားရှာ၏။ တပ်စိတ်တဲအတွင်း ကြွက်များဖမ်း၍ မီးကင်စားခြင်း၊ ကြက်တဲ့သို့ ပွေးတွင်းများတွေ့လျှင် မြေကြီးတူး၍ ပွေးကောင်အားဖမ်းပြီး ဟင်းချက်

www.burmeseclassic.com

စားခြင်းများ ပြုလုပ်၏။ အခြားတပ်စိတ်မှ သားကောင်များရ၍ စားသောက်နေချိန်တွင် ကျွန်ုပ်တို့တပ်စိတ်မှာ ကြံ့သလိုစားနေရ၏။ တစ်ခါတလေ ၎င်းတို့ပေးသော အသားအနည်းငယ်နှင့် ကျေနပ်နေရ၏။ ကျွန်ုပ် တို့တပ်စိတ်မှူးမှာ အချိန်ပြည့် ပုတီးပဲ စိပ်နေ၏။ အသက်(၄၀)ကျော် ဘုရား၊ တရားသာလုပ်သဖြင့် ကျွန်ုပ်တို့မှာ ငတ်ရရှာ၏။

— ✿ —

တောလယ်ရန် ပြင်ပြီ

တစ်ည တဲအတွင်း ရှိကြစဉ် ကျွန်ုပ်မှ မနက်စောစော တောလယ်ထွက်လျှင် ကောင်းမည်၊ ကိုလိုင်းဆပ်၊ ညိုခင်နှင့် ကျွန်ုပ်တို့(၃)ယောက်သွားမည် တပ်စိတ်မှူးဆရာမှ တပ်ခွဲမှူးထံ သတင်းပို့ပေးရန် ပြောပါသည်၊ တပ်စိတ်မှူး ဝေးဝေးမသွားရန်နှင့် သတင်းပို့ပေးမည်ဖြစ်ကြောင်းပြောသဖြင့် ကျွန်ုပ်မှာ လွန်စွာဝမ်းသာသွား၏။ ကျွန်ုပ်မှ ကိုလိုင်းဆပ်နှင့် ညိုခင်အား တခြားစစ်သည်များ သွားလေ့ရှိသည့်နေရာဘက်သို့မသွားဘဲ တောကောင်ကြီးများရှိသည့် "ကဒိုင်" လမ်းခွဲတောင်ကြောသို့သွားရန် အကြံပေးမိ၏။ ၎င်းတို့မှာ သဘော တူခဲ့သည်၊ မနက်တောလည်သွားရမည်ဖြစ်၍ ကျွန်ုပ်မှာ လက်နက်တိုက် ချွတ်ခြင်း၊ ကျည်စစ်ဆေးခြင်း၊ စစ်သုံးဘောလွယ်အိတ်အတွင်း မီးခြစ်၊ ဆေး လိပ်နှင့် ဓားမြှောင်(ဓား)များ သေချာထည့်ပြီး အိပ်ရာဝင်ခဲ့ပါသည်၊ တပ်စိတ် မှူးမှလည်း တပ်ခွဲမှူးထံ သတင်းပို့ပြီးကြောင်း ပြောခဲ့၏။

မနက်(၅)ခန့်တွင် ကျွန်ုပ်နှင့်အဖွဲ့သည် မျက်နှာသစ်၊ လက်ဖက်ရည် သောက်ပြီး ကိုလိုင်းဆပ်၏ ဦးဆောင်မှုဖြင့် စခန်းမှ စတင်ထွက်ခဲ့တော့၏ ကျွန်ုပ်တို့မှာ ဘီအေ(၇၂) မောင်းပြန်ရိုင်ဖယ်(ဂျီတူး) ကိုယ်စီကိုင်ဆောင် ကျွန်ုပ်မှာ (၂၀)ဝင် ကျည်ဘောက်အပိုတစ်ခု ထည့်ခဲ့သဖြင့် ကျည်ဘော (၂)ဘောက်၊ ကျည်(၄၀) ပါလာသည်၊ စခန်းမှ တောင်ကြောအတိုင်း



နာရီခန့် ဆင်းခဲ့ရာ ကဒိုင်လမ်းခွဲသို့ ရောက်ခဲ့၏။ ကျွန်ုပ်မှပင် "ဒီနေရာ နတ်ကြီးတယ်ပြောတယ်၊ ဘာနတ်လဲမသိဘူး" ဟုပြောမိလိုက်၏။ ကိုလိုင်းဆပ်မှ "တောထဲမှာ စကားအရမ်းမပြောနဲ့ - သတိထားပြော" ဟု သတိပေးမှ ကျွန်ုပ်လည်း သတိရပြီး ငြိမ်နေလိုက်ရသည်၊ ကျွန်ုပ်တို့(၃)ဦး ကဒိုင်လမ်းခွဲ ဘယ်ဘက်မြမ်းချောက်ကမ်းပါးမှအလိုက်သင့်ဆင်းခဲ့ရာပေ(၂၀၀)ခန့်အရောက်၌ သရက်ပင်ကြီးတစ်ပင် တွေ့ရ၏။ ကိုလိုင်းဆပ်မှ ဓသနတ်ကျည်ထိုးပြီး လုံခြုံရေးစလုတ်အားဖွင့်၍ သစ်ပင်ခြေရင်းတွင် ထောင်လိုက်သည်၊ ကျွန်ုပ်နှင့် ညိုခင်လည်း ၎င်းလုပ်သည့်အတိုင်း လိုက်လုပ်ရ၏။ ၎င်းနောက် ကိုလိုင်းဆပ်မှ ၎င်းတွင်ပါလာသော "ခပေါင်း" စီးကရက်(၃)လိပ်အား မီးညှိ၍ သစ်ပင်ခြေကြားတွင် တင်ထားလိုက်၏။ နှုတ်မှလည်း -

"တောစောင့်နတ်၊ တောင်စောင့်နတ်၊ အစောင့်အရှောက်များအား ကျွန်ုပ်တို့မှ စီးကရက်ဖြင့် တင်လှူပူဇော်ပါ၏။ ကျွန်ုပ်တို့မှာ အစားအသောက်ရှားပါး၍ ဤတောဤတောင်အတွင်း ရှိကျိုး၊ နားရွက်ပဲ့သောသားကောင်များ ပေးသနားပါ၊ ရရှိပါက အစွန်အဖျားအသားများ (နားရွက်၊ အမြီး၊ ခြေ များကို ဆိုလိုသည်)အား ရရှိသောနေရာတွင် ဖြတ်တောက်လှူဒါန်းပါ မည်၊ ပေးသနားပါ"

ဟုပြောပြီး သစ်ပင်ကြီးနားအား ဦးခေါင်းဖြင့် (၃)ကြိမ် ဦးတိုက်လေ၏။ ကျွန်ုပ်နှင့်ညိုခင်လည်း ၎င်းအတိုင်း လိုက်လုပ်ကြ၏။ ၎င်းနောက် မိမိသေနတ် များပြန်ယူ၍ ထွက်ခဲ့ကြတော့၏။ ဤသို့ပြုမူသည်မှာ တောတောင်းသည်ဟု ခေါ်၏။

ကျွန်ုပ်တို့ အနည်းငယ်သွားမိကြသောအခါ ဝါးတောအတွင်း ရောက်သွားသ၏၊ ဝါးရွက်အခြောက်များမှာ မြေပြင်ပေါ် (၆)လက်မခန့်ထု ဖြစ်နေသည်၊ များလည်း ကျလာ၏။ ကိုလိုင်းဆပ်မှ လက်ဟန်ဖြင့် (၃)ဦးသား လူခွဲ၍ ဆောင်တန်းသွားရန် အချက်ပြ၏။ တစ်ဦးနှင့်တစ်ဦး (၁၀)ကိုက်အကွာ ဖြစ်ပြီး ကျွန်ုပ်မှာ အလယ်မှဖြစ်၏။ ကျွန်ုပ်၏ဘယ်ဘက်တွင် ကိုလိုင်းဆပ်



www.burmeseclassic.com

ညာဘက်တွင် ညိုခြင် ရှိ၏။ ဝါးတောအတွင်း မျှစ်နများအား တောဝက်များ၏ အစာစားကျက်ဖြစ်၏။

— ❁ —

ဝက်တောင်းကြီးနှင့် တွေ့ပြီ

ကျွန်ုပ်တို့ သတိထား၍ဖြည်းဖြည်းသွားစဉ် “ဂျိုးဂျိုးဂွျတ်ဂွျတ်” အသံများ ကြား၍ ကျွန်ုပ်တို့ ရပ်နားထောင်စဉ် ကျွန်ုပ်၏ ဘယ်ဘက်ခြမ်းရှိ ကိုလိုင်းဆပ် ရှေ့မှ ဘွားခနဲ ပေါ်လာသော လူကြီးခါးစောင်းကျော်ခန့်ရှိ သင်းခွဲတောဝက်ဖြူ ပြောက်ကြီးတစ်ကောင် တွေ့လိုက်ရတော့၏။ ကျွန်ုပ်တို့လည်း ရုတ်တရက် ကြောင်ကြည့်နေပြီး တောဝက်ကြီးမှလည်း တုန့်ခနဲရပ်၍ ကျွန်ုပ်တို့အား ကြည့်နေ၏။ တောဝက်ကြီး၏ အစွယ်(၂)ချောင်းမှာ လူကြီးလက်ညိုးခန့်ရှိ ပြီး ကော့တက်နေ၏။ ထိုစဉ် ကိုလိုင်းဆပ်မှ ချက်ချင်း ၎င်း၏သေနတ်ဖြင့် ထိုး ပစ်လိုက်၏။ “ဂျောက်”အသံ ကြားပြီး ကျည်မထွက်ပါ။ တောဝက်ကြီးမှာ ကျွန်ုပ်ရှေ့သို့ တစ်ဟုန်ထိုး ဒေါသတိုက်ရောက်လာပြီး ရပ်နေစဉ် ကျွန်ုပ်လည်း ကမူးရှူးထိုး ပစ်လိုက်၏။ အသံ ထွက်မလာပါ။ (နောင်မှ သတိရသည်မှာ လုံခြုံရေးခလုတ် မဖွင့်မိခဲ့ပါ။ ကိုလိုင်းဆပ် သေနတ်မှာလည်း ကျည်အဖြစ်နေ ၏။) ထိုအချိန် “ဒိုင်း”အသံနှင့် ဝက်ကြီးမှာ တုန့်ခနဲဖြစ်သွားပြီး ကျွန်ုပ်၏ရှေ့ ချောက်အတွင်း ကုန်းလျှောအတိုင်း လိမ့်ဆင်းသွားသည်ကို တွေ့လိုက်ရ၏။ ပစ်လိုက်သူမှာ ညိုခြင်ဖြစ်၏။

ကျွန်ုပ်ထံ ၎င်းတို့(၂)ဦး ရောက်လာပြီး မေးငေါ့ပြ၏။ အခြေအနေ ခြင်းပင်။ ကျွန်ုပ်မှ “ထိသွားတာ မြင်လိုက်တယ်။ ချောက်ထဲ လိမ့်ဆင်းသွား တယ်”ဟုပြောသောအခါ ၎င်းတို့မှ “တောထဲမှာ ထိတယ်မပြောရဘူး။ လ ဟန်ခြေဟန်နဲ့ပြော”ဟု သတိပေးပြန်၏။ ကျွန်ုပ်လည်း လက်ဟန်ဖြင့် ချော အတွင်း လိုက်သွားမည်။ ညာဘက်ကြောအတိုင်း သွားရှာနင့်၊ အပေါ်မှ






ပြန်ဆုံမည်ဟု အခြေအနေပြောပြီး ကျွန်ုပ် တစ်ဦးတည်း ချောက်အတွင်းသို့ ဖင်တရွတ်တိုက် လျှောဆင်းခဲ့တော့၏။ ကျွန်ုပ်အထင် ချောက်ကမ်းပါးမှာ ဆင်တိမ်တိမ်ဟု ထင်ခဲ့ရာ ကျွန်ုပ်လျှောတိုက်ဆင်းမှပေ(၇၀)ခန့်နက်သည်ကို တွေ့ရပြီး လျှိုသဖွယ် ရေစီးကြောင်း တွေ့ရသည်။ ကျွန်ုပ်လည်း တောဝက် ကြီးခြေရာအား နံ့နံ့စပ်စပ် ရှာဖွေရာ မတွေ့ရ၊ ရေစီးကြောင်းထက်အောက် ကိုက်(၅၀)ခန့် ရှာဖွေသော်လည်း မထူးသဖြင့် လျှောဆင်းခဲ့သောနေရာမှ အပေါ်သို့ ပြန်တက်ခဲ့၏။

သို့သော် ကျွန်ုပ် ဖင်တရွတ်တိုက်ဆင်းစဉ်က ကုန်းစောင်းမှာ ဝါးရွက် များဖြင့် အဆင်းမြန်ခဲ့သော်လည်း အတက်တွင် ဝါးရွက်များမှာ ချော၍ ချိုင်သဖွယ်တက်ရန် ဝါးပင်မှာ လက်လှမ်းမမီသဖြင့် မကြာခဏ ပြန်လျှောတ



www.burmeseclassic.com

www.burmeseclassic.com

နေ၏။ လေးငါးကြိမ် မှ ပြန်လျှောကျနေ၍အနည်းငယ် စိတ်တိုလာ၏။ ထိုစဉ် ချောက်ကမ်းပါးထိပ် မှ "ဂူး - ဂူး" ဟု အချက်ပေးသံ ကြားရ၏။ ကျွန်ုပ်လည်း ပြန်အချက်ပေးပြီး "သွားနှင့် - ခြေရာကြည့်လိုက်ခဲ့မယ်" ဟုအော်ပြောလိုက်၏။ (၁၅)မိနစ်ခန့် ကျွန်ုပ်ပြန်တက်ရာ မရသဖြင့် ရေစီးကြောင်းအတိုင်း လိုက်သွားပြီး အပေါ်သို့တက်၍ရနိုင်မည့်နေရာ ရှာကြည့်၏။ ရေစီးကြောင်းမှာ မြေလိမ်မြေကောက်သဏ္ဌာန်ဖြစ်နေ၍အရပ်မျက်နှာသိမ်းပြီး သတိထားသွားနေရ၏။ ကိုက်(၁၀၀) ခန့်တွင် ဝါးပင်များ ကုန်းစောင်းတွင် လက်လှမ်းမီတွေ့၍ ဝါးကိုင်းများဆွဲပြီး အပေါ်သို့ တက်ခဲ့၏။

ကျွန်ုပ်အပေါ် ဝါးတောအတွင်း ပြန်ရောက်ပြီး အဖော် (၂)ဦး၏ခြေရာရှာဖွေရာ မတွေ့တော့ပါ။ မှားမှန်းသိလိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် မြေကြီးမတွေ့ရဘဲ ဝါးရွက်ခြွေးထုအတွင်း ခြေရာမထင်ကျန်မှန်း သိလိုက်ရပါတော့သည်။

— ❁ —

မျက်စိလည် တောမှောက်ပြီ

ကျွန်ုပ်လည်း အဖော်(၂)ဦး၏ခြေရာအား မှန်းဆ၍ လိုက်ကြည့်ခဲ့ရာ သွားရင်း သွားရင်း ဝါးတောများလွန်၍ သစ်တောအတွင်း ရောက်လာ၏။ ဝါးတောနှင့် သစ်တောများမှာ ပိတ်နေ၍ နေ၏အရောင်ပင် မမြင်ရပေ။ ကျွန်ုပ် သွားရင်း အဖော်ကွဲခဲ့သည်မှာ တစ်နာရီခန့် ကြာမည်ထင်ရ၏။ နာရီ မပါလာ၍ စိတ်ဖြင့် မှန်းဆကြည့်မိသည်။ အချိန်တန် အဖော်(၂)ဦးနှင့် ပြန်တွေ့မည်ဟု ထင်မိ၏။ ၎င်းအချိန် မြူများ အလွန်ကျဆင်းလာရာ ကျွန်ုပ်ရှေ့လက်တစ်ကမ်းအကွာရှိ သစ်ပင်များပင် မတွေ့ရတော့ပါ။ ကျွန်ုပ်လည်း မမြင်တမြင်ဖြင့် မှန်း၍ မြူတောအတွင်း သွားခဲ့တော့၏။ နေပြောက်အနည်းငယ်မြင်ရသော အခါမှ မြူများ ကွဲစပြုလာ၏။ ကျွန်ုပ် မည်သည့်နေရာ ရောက်နေမှန်း မသိတော့ပါ။ ကျွန်ုပ်၏အတွေး၌အရှေ့ဘက်နေထွက်ရာဘက်သို့သာအဓိကထား သွားခဲ့၏။ နေပြောက် ခေါင်းပေါ်တည့်တည့် အချိန်(၁၂)နာရီခန့်တွင် ကျွန်ုပ်သည် ကနစိုးပင်ကြီးတစ်ပင်အောက်၌ ခေတ္တထိုင်နားနေစဉ် မျောက်အုပ်တစ်အုပ် အကောင်(၃၀)ခန့် "ဂူကိုး - ဂူကိုး" အော်ကာ သစ်ပင်များကူး၍ ဖြတ်သွား၏။

ကျွန်ုပ်လည်း မျက်စိလည်သည်ကို အမှုမထားဘဲ မျောက်အကောင်ကြီးတစ်ကောင်အား ရွေးပစ်ရန် ကြံသေး၏။ မျောက်များမှာ ကျွန်ုပ်အား တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးသော သတ္တဝါအထူးအဆန်းတစ်ကောင်ကဲ့သို့ ခေတ္တကြောင်ကြည့်ပြီး တစ်ပင်နှင့်တစ်ပင် လျင်မြန်စွာ ခုန်ကူး၍ ပျောက်သွား၏။ ကျွန်ုပ်လည်း မပစ်လိုက်ရပေ။ ခေတ္တအကြာ အနောက်ဘက်မှ အသံကြား၍ ကြည့်လိုက်ရာ ရှေ(၂)ကောင် ခုန်ပေါက်ပြေးပြီး ပျောက်သွား၏။ ကျွန်ုပ်ရပ်ပြီး ဝန်းကျင်အခြေအနေ အကဲခတ်ကြည့်စဉ် တဖျောက်ဖျောက်အသံများ ကြားရပြန်သည်။ ဂရုတစိုက်နားထောင်ရာ မိုးပေါက်များ၊ နှင်းပေါက်များ ကျသကဲ့သို့ကြားနေသဖြင့် မိုးလည်းမကျ၊ နှင်းလဲမကျသဖြင့် ဘေးပတ်ဝန်းကျင် လှည့်ပတ်ကြည့်ရာ ကျွန်ုပ် အလွန်ပင် ကြက်သီးထသွားရသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်၏ပတ်လည်၌ တောကျွတ်အုပ်ကြီးသည် ခေါင်းတထောင်ထောင် - လားလား၊ လားလားဖြင့် ခန့်မှန်း၍မရအောင် များပြားလှပါသည်။ ထိုအခါမှ ကျွန်ုပ်လည်း "ဒက်" ကောင်နှင့်ကျွတ်အန္တရာယ် သတိရပြီး ခုန်ပေါက်ကျော်လွှား ပြေးထွက်ခဲ့ရပါတော့၏။

ကျွန်ုပ်သည်မျက်စိလည်နေပြီဟုသိသော်လည်း ယနေ့စခန်းပြန်ရောက်မည်ဟု အထင်ရှိခဲ့၏။ စိုးရိမ်မှု မရှိသေးပေ။ နာရီဝက်ခန့် သွားမိလျှင် မျောက်ညိုကြီးတစ်ကောင်သည် တောသရက်ပင်ကိုင်းတစ်ကိုင်းတွင် "ဂူကိုး - ဂူကိုး" ဟု အော်နေသံကြား၍ ကျွန်ုပ် အသာရျဉ်းကပ်သွား၏။ ကျွန်ုပ်နှင့် ဝါးတစ်ပြန်ခန့်အမြင့်တွင်ရှိပြီး ကျွန်ုပ်ကို မမြင်၍ သေနတ်အား ဝါးပင်တွင် မှီတိုင်လုပ်ပြီး ချိန်ရွယ်၍ ပစ်ချလိုက်၏။ "ဒိုင်း" အသံနှင့်အတူ မျောက်ကြီးမှာ အပင်ပေါ်မှ

www.burmeseclassic.com

နွားအထီးကြီးနီးပါးရှိ ဆတ်ကြီးတစ်ကောင် ရောက်လာ၏။ လ၏အလင်းရောင်အနည်းငယ်ဖြင့် ၎င်းချိုနှစ်ဖက်မှာ ကားထောင်နေပြီး မျက်လုံးမှာ ပြောင်လက်၍ အရောင်ထွက်နေသည်ကို တွေ့ရသည်။



ပြုတ်ကျလာ၏။ ကျွန်ုပ်လည်း "ထိပြီ" ဟု စိတ်မှကြုံးဝါးရင်း မျောက်ကြီးကျသည့်နေရာသို့ သွားခဲ့၏။ မျောက်ကြီးမှာ အကောင်တော်တော်ကြီးပြီး အရောင်မှာ အညိုရောင်ဖြစ်သည်၊ ကျွန်ုပ်ထိုင်၍ မျောက်ကြီးအား ဆွဲမရန် လက်လှမ်းစဉ် ၎င်းမှာ ဖြုန်းဆိုထပြီး တောသရက်ပင်ပေါ်တက်ပြေးတော့၏။ ကျွန်ုပ်၏စိတ် "ဒိန်း" ခနဲဖြစ်ပြီး လန့်သွား၏။ "ဘာဖြစ်တာလဲ" ဟု ပါးစပ်မှပင် အသံထွက်သွား၏။ မျောက်ကြီး ရှာဖွေကြည့်ရာ မတွေ့တော့ပေ၊ သွေးစသွေးနများကြည့်ရာ မတွေ့၊ ဒီလောက်နီးနီးလေး ပြောင်းဝတော့ပစ်သလို ပစ်ရတာ မထိဆိုတာ မဖြစ်နိုင်၊ ယနေ့ချိန်ထိ ကျွန်ုပ်စိတ်ထဲတွင် ဘဝင်မကျဖြစ်နေခဲ့ပါသေးသည်၊



အချိန်မှာ ညနေစောင်းလာသည်နှင့် ကဒိုင်လမ်းခွဲရှိမည့်ဘက်သို့မှန်း၍ ပြန်ခဲ့၏၊ (နောင်မှသိရသည်မှာ ဆန့်ကျင်ဘက်သွားနေခြင်းဖြစ်သည်၊) လျှိုတောင်ကြောပေါ် ပေါက်နေသော မာလာဖူးအပွင့်နုး၍ ပန်းပွင့်အတွင်းရှိရေသောက်၍ အပွင့်အား ဝါးစားခဲ့၏၊ ခါးသက်သောအရသာ ရှိ၏၊ ကျွန်ုပ်လည်း သွားရင်း လျှိုတစ်ခုအတွင်းရောက်စဉ် တောင်ကျစမ်းချောင်းအတွင်း သစ်ပင်ကြီးတစ်ပင် လဲကျနေသွေးမြည့်နေပြီး ၎င်းသစ်တုံးပေါ်တွင် သစ်တုံးမှိုများ မြူဖွေးစွာ ပေါက်နေ၏။ ကျွန်ုပ်လည်း စခန်းပြန်ရောက်လျှင်စားရန် ဘေးလွယ်အိတ်အတွင်းသို့ နုးပြီးဖိသိပ်ထည့်တော့၏၊ ရေစီးချောင်းတွင်း ကျောက်တုံးကြီးတစ်တုံးဘေးတွင် ခြေသလုံးခန့်ရှိ ကျောက်ငါးရံ့ကြီးတစ်ကောင် တွေ့၍ ဖမ်းပြီး ဘေးလွယ်အိတ်အတွင်း ဖိသိပ်ထည့်ခဲ့၏။ ကျွန်ုပ်လည်း တောင်ကြောပေါ် ပြန်တက်ခဲ့ရာ အနည်းငယ်မှောင်လာပြီကို သတိထားမိ၏။ ညနေ(၅)နာရီခန့်ရှိပြီမှန်း၏၊ တောတောင်တွင် အမှောင်ထုက စောစောမှောင်တတ်၏၊

— ❁ —

## စိုးရိမ်ခြင်းလော၊ ကြောက်ခြင်းလော

ကျွန်ုပ်သည် အနည်းငယ်မှောင်လာသည်နှင့် ယနေ့စခန်းပြန်မရောက်နိုင်ကြောင်း မိမိတစ်ဦးတည်း တောတောင်ကြီးထဲတွင် ရှိမည်ဟု အသိဝင်လာသောအခါ အနည်းငယ် စိုးရိမ်လာ၏၊ စခန်းတာဝန်ရှိ အဆင့်ဆင့် စိုးရိမ်ပူပန်မှုကိုပါ တွေးမိ၏၊ ထို့ပြင် ကျွန်ုပ်ရောက်ရှိနေသောနေရာမှာလည်း ရန်သူ့နယ်မြေဖြစ်သဖြင့် ရန်သူနှင့် နီး.မနီးလည်း တွေးပူမိ၏၊ မှောင်လာလေ၊ စိုးရိမ်စိတ်အတွေး ပိုဝင်လာလေဖြစ်၏၊ ကျွန်ုပ်သည် တစ်နေကုန်သွားခဲ့သဖြင့် ချည်စုတ်စုတ်ချွေးအနံ့များ ထွက်လာ၏၊ ကျွန်ုပ်၏ဝန်းကျင်တွင် တောခြင်ကြီးများမှာ ဖွဲနှင့်ပက်သလို ဆူညံစွာ ပျံဝဲနေကြသည်၊ တောခြင်ကြီးများသည် ပျံရင်းနှင့်လည်း ကိုက်သွားတတ်ကြသည်၊ ကိုယ်တွေ့ကြုံမှ သိရ၏၊ ကျွန်ုပ်လည်း ယနေ့ည အိပ်ရမည့်နေရာ ရှာရသည်၊



www.burmeseclassic.com

www.burmeseclassic.com

တောကောင်ကြီးများ အန္တရာယ်ကင်းနိုင်သည့် ချောက်ကမ်းပါးတွင် လှိုဏ်ကြီး(၁၀)ယောက်ဖက်ခန့်ရှိကျောက်တုံးကြီးကိုတွေ့ရ၍၎င်းအောက်တွင် မိုးနှင့်လေကာကွယ်နိုင်မည်စဉ်းစားပြီးကျွန်ုပ်သွားခဲ့၏။ ကျောက်တုံးအောက် တွင် သစ်ကိုင်း၊ သစ်ခက်အရိုးနှင့် ဆတ်ဦးအလုံးအမဲအစိုများတွေ့ရ၏။ ဆတ် အိပ်ကျင်းဖြစ်ကြောင်း၊ ကျား,ဝက်ဝံအန္တရာယ်မရှိနိုင်ကြောင်းခန့်မှန်းလိုက်၏ ကျွန်ုပ် နေရာအနည်းငယ် ရှင်းပြီး ဝင်ထိုင်လိုက်သည်။ ခြင်များမှာ ဆူညံ အုပ်ဖွဲ့ပျံသန်းနေကြသည်။

ကျွန်ုပ်လည်း ယနေ့ဖြစ်စဉ်အား စဉ်းစားမိ၏။ အမှားတစ်ခုခုများ လု မိသလား၊ ပြောမှား,ဆိုမှားရှိသလားစဉ်းစားရင်း ကျွန်ုပ် အနည်းငယ်ကြော လာမိ၏။ ကျွန်ုပ် စစ်လွယ်အိတ်အတွင်းမှ သစ်တုံးမှိုများနှင့် ကျောက်ခေ အသေအား အနီးရှိ အင်ဖက်ရွက်ကြီးဖြင့်ထည့်၍ ကျောက်တုံးကြီးပေ တက်ခဲ့၏။ ကျောက်တုံးအပေါ်သို့မှိုနှင့်ငါးအားတင်ပြီး ကျွန်ုပ် ထိုင်ကန်တေ ပါတော့၏။ နှုတ်မှလည်း -

"တောပိုင် တောင်ပိုင်များ ခင်ဗျား ...

ကျွန်ုပ်သည် ဤတောဤတောင်အတွင်း အမဲလိုက်စဉ် ပြောမှား,ဆို ရှိပါက ခွင့်လွှတ်ပေးပါ။ လမ်းအမှန်ပြန်ရောက်ပြီး စခန်းပြန်ရောက်အော ကူညီပေးပါ၊ တောပိုင် တောင်ပိုင်များ၊ တောစောင့်နတ် တောင်စောင့် များ ကူညီစောင့်ရှောက်ပါ။ ကန်တော့ပါသည်၊ ယခု ကျွန်ုပ်ယူလာသော များနှင့်ငါးအား ပူဇော်ပါ၏၊ စောင့်ရှောက်ပါ ခင်ဗျာ"

ဟု (၃)ကြိမ်ခန့်ပြောပြီး ကျောက်တုံးအောက်သို့ပင် ထိုင်နေလိုက် ငြိမ်ထိုင်၍မရ၊ ခြင်များမှာ ဖွဲနဲ့ပက်သလိုပင်၊ ကျွန်ုပ် ခြင်၊ ဒက်၊ ကျွတ် ကာကွယ်ရန် စဉ်းစားရသည်၊ သတိရ၍ အနီးရှိ အင်ဖက်ကြီး လေးငါးရွက် ပြီးစစ်တောဖိနပ်ချွတ်၍ခြေအိတ်ချွတ်ရေများညှစ်လိုက်၏၊ သေနတ်ပြော ကာအတွင်းထားသော သေနတ်တိုက်အဝတ် (ဖိုးပိုင်တူးပိတ်စ)ကို ထုတ် နားနှစ်ဖက် ဆို့လိုက်၏။



အင်ဖက်ကြီး(၂)ရွက်အားအနီးရှိသစ်ကိုင်းများဖြင့်ဖောက်၍ဆက်လိုက် ၏၊ အင်ဖက်ရွက်အားခေါင်းတွင်စွပ်ပြီးမျက်လုံးပေါက်ဖောက်လိုက်သောအခါ ခြင်ကိုက်ဒဏ် အနည်းငယ်သက်သာသွား၏၊ သို့ရာတွင် ခြင်များမှာ ပိုများ လာ၏၊ ကျွန်ုပ် စစ်တောစီးဖိနပ် ပြန်စီးပြီး ခြေအိတ်(၂) ဖက်အား လက်တွင် စွပ်လိုက်၏၊ စစ်အကျီနှင့် အသားထိနေသည့်နေရာအား ဖောက်၍ သွေးစုပ် သေး၏ (ယနေ့ချိန်ထိ ခြင်ဒဏ်ခံရသောနေ့အား မေ့မရခဲ့ပါ)၊ ကျွန်ုပ်မှာ ချောက်ကမ်းပါးနံရံ ကျောမှီပြီး ဒူးနှစ်ဖက်ထောင်၍ သေနတ်အား လုံခြုံရေး လော့တ်ဖွင့် ဒူးနှစ်ဖက်ကြားတွင် ထောင်ထားလိုက်၏။

ကျွန်ုပ်သည် နိုင်ငံခြား ရုပ်ရှင်ကားမှ ခေါင်းစွပ်ဖြင့် အကြမ်းဖက်သမား သဏ္ဍာန် ခပ်ဆင်ဆင်တူမည်ဟု ထင်ရ၏၊ တစ်နေ့လုံး သွားလာနေ၍ ပင် ပန်းနေပြီး ဗိုက်မှ အသံမြည်၍ ဗိုက်ဆာလာကြောင်း သတိထားမိ၏၊ ပြန်လို ဆာဖြင့် သွားနေ၍ ဗိုက်ဆာမှန်၊ မသိခဲ့ပေ၊ ပင်ပန်းဒဏ်ကြောင့် ငိုက်သွား တော်၊ သတိထားလိုက်နှင့် အမှောင်ထုအတွင်း ကြောက်စိတ်ပါဝင်၍ အား ငင်ပြီးနေလိုက်၏၊ ညသန်းခေါင်ယံချိန်ခန့်တွင် သစ်ကိုင်းကျိုးများ နင်းသံ ကြား၍ သတိထားနေစဉ် ကျွန်ုပ်ရှေ့သို့ ဖြန်းဆို နွားအထီးကြီးနီးပါးရှိ ဆတ် ကြီးတစ်ကောင် ရောက်လာ၏။

လ၏အလင်းရောင်အနည်းငယ်ဖြင့် ၎င်းချိုနှစ်ဖက် မှာ ကားထောင်နေ ပြီး မျက်လုံးမှာ ပြောင်လက်၍အရောင်ထွက်နေသည်ကိုတွေ့ရသည်၊ ကျွန်ုပ် မှာ၍ ဆတ်ကြီး၏ချိုအား ကိုင်၍ပင်ရမည့်အနေအထား ရှိနေ၏၊ ဆတ်ကြီး လည်း ကြောင်၍ နာမှုတ်သံ "ဖူး" တစ်ချက် ကြားရပြီး ကျွန်ုပ်အား လေ့ဟပ်သွား၏၊ ကျွန်ုပ်လက်တွင်းရှိသေနတ်ဖြင့်ပစ်လျှင် တော့ပစ်သလိုဖြစ်နေလေ၏၊ ကျွန်ုပ် ပင်တက်မိကြောင်ကြည့်နေစဉ် ဆတ်ကြီးမှာ "တဖျောင်း ဖျောင်း"ဖြင့် ပြေး ဆင်းသွားတော့၏၊ ကျွန်ုပ် နှလုံးခုန်သံ "တဒိန်းဒိန်း" ကိုပြန် ကြားနေရသည်၊ အမှန်မှာ ဆတ်ကြီးအိပ်ကျင်းပြန်လာခြင်းဖြစ်ပြီး ကျွန်ုပ်နှင့် ထိပ်တိုက်တွေ့ ခြင်းဖြစ်ပေ၏၊ ၎င်းနောက် ကျွန်ုပ် သတိထားလိုက်၊ ငိုက်သွားလိုက်နှင့် နှုတ်

www.burmeseclassic.com

ဦးပိုင်းအေးလာသောအခါတောခြင်ကြီးများပျောက်သွားပြီးကျွန်ုပ်ကျောက်နံရံမှီလျက် မှေးခနဲ အိပ်ပျော်သွား၏။ ကျွန်ုပ်နားအတွင်း "တရှပ်ရှပ်"မြည်သံကြား၍ လန့်နိုးသောအခါ အလင်းရောင် ကောင်းစွာမြင်နေရပြီး ကျွန်ုပ်နှင့် (၁၅)ကိုက်အကွာအင်ပင်ကြီးသေးတွင်မျှော်ကြီး(၂)ကောင်မှာ သစ်ပင်ဖြင့် ကျောများပွတ်တိုက်နေသည်ကို တွေ့လိုက်ရ၏။ ကျွန်ုပ်ရှိနေသည်ကို ၎င်းတို့ မသိပေ။ အေးအေးဆေးဆေး တစ်ကောင်နှင့်တစ်ကောင် စ,လိုက်၊ တွန်းလိုက်လုပ်နေသည်။ ဆိတ်(၂)ကောင်ကစားနေသလိုပင်။ ကျွန်ုပ်လည်းပထမ ပစ်မည်ဟု စိတ်ကူးလိုက်၏။

နောက် မိမိရောက်သည့်နေရာမှာ ရန်သူ့စခန်းနှင့် နီးပါက အချက်ပေးသလို ဖြစ်ပြီး "အသံကြောင့် ဖားသေ"ဖြစ်မည်။ အကယ်၍ ပစ်ပြီးရရှိပါက ကျွန်ုပ် ချေသေအား ထမ်း၍ ဘယ်သို့သွားမည်နည်း။ ချေသေအားလည်း မထမ်းနိုင်။ မပစ်တာ ကောင်းမည်ဟု စဉ်းစားမိပြီး အသာကြည့်နေလိုက်၏။ ခဏအကြာ လေတင်၊ လေအောက်ရောက်၍ ကျွန်ုပ်၏အနံ့ ရသွားသည် ထင်၏။ (၂)ကောင်လုံး ခေါင်းမော့၍ဘေးဘယ်ညာကြည့်ပြီး လှစ်ခနဲ ထွက်ပြေးသွားတော့၏။

— ❋ —

ကျွန်ုပ် ဝန်းကျင်အခြေအနေကြည့်ပြီး ထွက်ခဲ့၏။ ကျွန်ုပ်၏အစီအစဉ်မှာ တောင်ကျလျှိုမြောင်ရေစီးကြောင်းအတိုင်း အရှေ့ဘက်သို့ လိုက်ဆင်းသွားပါက ဧကန်မလွဲ မထုံးချောင်းသို့ ရောက်မည်ဟု သုံးသပ်ထား၏။ ကျောက်တုံးကြီးပေါ်ရှိ ကျွန်ုပ် တောင်းပန်ထားခဲ့သောမှိုများနှင့်ငါးအား ကျွန်ုပ် လှည့်မကြည့်တော့ဘဲ လျှိုမြောင်ရေစီးကြောင်းအတိုင်း တောကြောတက်လိုက်ဆင်းလိုက်၊ ဝါးတော ဖြတ်လိုက်၊ ကျွန်းတော, အင်တောကြီးများ ဖြတ်လိုက်နှင့် သေနတ်အား အသင့်အနေအထားကိုင်၍ သွားခဲ့၏။ ရေဆာလျှင် မှာလ-



ဗူးများ စားသောက်ခဲ့၏။ တောသည် တချို့နေရာများတွင် နေခြောက်ဝင်မထိုးပါ။

တောငှက်ပျောပင်၊ ရင်ကမ်းပင်၊ ဂုံမင်း၊ ဖလံတောင်ဝေးပင်များ အင်မတန် ပေါ်များသည်ကို တွေ့ရ၏။ တစ်ကြိမ်တွင် "တိန် - တိန်" ဟု ချေဟောက်သံကြားရပြီး ခဏအကြာ ချေအော်သံနှင့် ကျားဟိန်းသံများ အနီးကပ် ကြားရသဖြင့် ကျွန်ုပ် ၎င်းနေရာမှ အမြန်ထွက်ခွာခဲ့ရ၏။ ရံဖန်ရံခါ ဆင်အုပ်စုလိုက် အော်သံများ လျှိုအတွင်းမှ ကြားရ၏။

ကျွန်ုပ် စိုးရိမ်စိတ်၊ ကြောက်စိတ်များ အတော်ဝင်လာပြီဖြစ်၏။ ယနေ့ စခန်းပြန်ရောက်ရမည်ဟု စိတ်တင်းထားရ ၏။ ကျွန်ုပ်အတွက် ဒုတိယနေ့သည် သွားရင်းမှောင်လာသဖြင့် တစ်ညတာနားရန် နေရာရှာရတော့၏။ တောအုပ်ကြီးအတွင်းရှိအတန်ငယ်ကြီးပြီး ဝါးနစ်ပြန်ခန့်တွင် ခွဆုံကြီးရှိသော တနစိုပင်ကြီးအပေါ် ကျွန်ုပ် သေနတ်လွယ်၍ တက်ခဲ့၏။ အနည်းငယ်မြင့်၍ ခြင်များ အုပ်စုလိုက်မရှိတော့ ခြင်ကိုက်သက်သာ၏။ အနည်းငယ်သာ ကိုက်၏။ တောကောင်ကြီးများအန္တရာယ် ကင်းမည်ဟု ထင်ရသည်။

— ❋ —

မသိနားမလည်သော တောခြောက်ခံရခြင်း

ကျွန်ုပ်သည် ကနစိုပင်ကြီးခွဆုံတွင် နေသားတကျရှိပြီးနောက် မှေးခနဲ အိပ်ပျော်သွား၏။ သတိထားနေလျက် အိပ်ပျော်သွားပြီး ဆူဆူညံညံအသံများကြားမှ လန့်နိုးသွား၏။ ကျွန်ုပ်၏ဝန်းကျင်သည် မှောင်မည်းနေပြီး မည်မျှအိပ်ပျော်သွားသည်ကိုမသိ။ အချိန်လည်း ခန့်မှန်းမရနိုင်။ ၎င်းအချိန်တွင် ခပ်ဝေးဝေးမှ "ဟေး - ဟေး" ဟု လူများ အုပ်စုလိုက်အော်သံများလိုလို၊ လေဆော်တိုက်ဘဲလေတိုက်သံလို "တဝေါဝေါ" အသံများနီးလာလိုက်၊ ဝေးသွားလိုက်ခြင်း ဆူညံစွာ ကြားနေရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

အမှောင်အတွင်းရှိသစ်ပင်များ သေချာကြည့်ရာ လေလည်း မတိုက်ပါ။ အော်သံများ နီးလိုက်၊ ဝေးလိုက်ဖြင့် မိနစ်(၂၀)ခန့် ကြာမည်ထင်၏။ ကျွန်ုပ် "ဘာဖြစ်တာလဲ" ဟု စဉ်းစား၍မရ ဖြစ်နေ၏။ မိုးရွာမလားဟုလည်းထင်၏။ အသံများ ပျောက်သွားပြီးကျွန်ုပ်လည်း မျက်လုံးမှေး အနားယူ၍အရပ်လေး မျက်နှာအားပြန်လည်သုံးသပ်နေမိ၏။ စဉ်းစားရင်းစဉ်းစားရင်းနံနက်အလင်းရောင် မြင်ခဲ့ရတော့၏။ (စကားချပ် - ကျွန်ုပ် စခန်းပြန်ရောက်ပြီး (၂)လခန့်အကြာ ကျွန်ုပ်တို့တပ်စုရန်သူ့သတင်းရ၍ တောတွင်းလှုပ်ရှားစခန်းချစဉ်တစ်ညတွင် ကျွန်ုပ်ကြုံခဲ့ဖူးသောလူများ "တဟေးဟေး" အော်သံများ၊ လေမတိုက်ဘဲ "တဝေါဝေါ" အသံများကြားသဖြင့် စစ်သက်ရင့်ဆရာကြီးများပြော၍ တောခြောက်ခြင်းဖြစ်ကြောင်း၊ မကြောက်ကြရန်နှင့် စုစုစည်းစည်းနှင့် သတိထားနေကြရန်ပြောမှ ကျွန်ုပ်တစ်ဦးတည်း ကြုံခဲ့သောအဖြစ်မှာ တောခြောက်ခံရခြင်းဖြစ်ကြောင်း သိရတော့၏။ အကယ်၍သာ ကျွန်ုပ်သည် တောခြောက်ခံရခြင်းအား ကြိုတင်သိရှိသွားခဲ့ပါလျှင်)

— ✿ —

ပျားဖွပ်စားတဲ့ဝက်ဝံ

ကျွန်ုပ်သည် ညအိပ်ခဲ့သည့် သစ်ပင်ပေါ်မှ ဆင်းခဲ့ပြီးနောက် နေပြောက်မြင်ရသည့် အရှေ့ဘက်သို့ မှန်း၍ထွက်လာခဲ့၏။ ညက ကြုံခဲ့သောလူများ အော်သံအား သံသယဖြစ်နေ၍ ရန်သူ့စခန်းအနီးများ ရောက်နေသလားဟု မှန်းဆမိ၏။ ကျွန်ုပ်လည်း စစ်ယူနီဖောင်း၊ အင်္ကျီ လက်မောင်းတံဆိပ်အား ရန်သူမြင်လျှင် ချက်ချင်းမတွေ့နိုင်စေရန် အင်္ကျီပခုံးခေါက်နှစ်ဖက်အားဖြုတ်၍လက်မောင်းတံဆိပ်အား ကွယ်ထားလိုက်၏။ ယင်းနောက် ရေစီးကြောင်းလျှိုအတိုင်း သွားလိုက်၊ တောင်ကြောအတိုင်း ဆင်းလိုက်၊ တက်လိုက်နှင့် သွားခဲ့ပြန်၏။

ကျွန်ုပ်၏ခန္ဓာကိုယ်မှာ ရေမချိုးခြင်း၊ ချွေးများခြောက်သောကြောင့်ဝတ်ထားသော အင်္ကျီကော်နှင့် လက်မောင်း၊ ကော်လံနေရာများမှာ ဖြူဖွေး၍ဆားပွင့်များ ခြောက်ကပ်တောင့်တင်းနေ၏။ တစ်ခါတစ်ရံ ကျွန်ုပ်လျှာဖြင့်လျက်ကြည့်ရာ အငန်ဓာတ်(ဆားဓာတ်)ရ၏။ ရေနှင့်ပိုက်ဆာလျှင် ကျွန်ုပ်၏အစာမှာ မာလာဖူးပင်ဖြစ်၏။ ကျွန်ုပ်သည် စမ်းရေနှင့် တောင်ကျရေများအသောက်၊ အဘယ့်ကြောင့်ဆိုသော် ရခိုင်ရိုးမငှက်ဖျားသည်ကြီးသည်။ ငှက်ကြီးသည်ဟုခေါ်၏။ ငှက်ဖျားမိလျှင် ဆေးဦးမှု၊ ကြိုတင်ဆေးသောက်ထားရ၏။ ဆေးမဦးလျှင် ကယောင်ချောက်ချားနှင့် ဦးနှောက်အတွင်း ပိုးဝင်ကာ ရူးလျှင်ရူး၊ မရူးလျှင် အသေသာဖြစ်သည်ဟု ဒေသအခြေအနေ ကြိုသိထားသောကြောင့် ကျွန်ုပ် တောတောင်စိမ့်စမ်းရေများ မသောက်ခြင်းဖြစ်၏။

ယနေ့တွင် မြူများ ဆိုင်းနေ၏။ အအေးဓာတ် လွန်ကဲ၏။ သို့ရာတွင် ကျွန်ုပ်၏ ဇောချွေးနှင့် အပူဓာတ်က အအေးဓာတ်အား လွှမ်းမိုးနေ၏။ နေ့(၁၂)နာရီခန့်တွင်မြူများပြယ်၍နေပြောက်အတော်များများတွေ့လာရသည်။ ကျွန်ုပ်တောင်ကြောတစ်ခုအတက်အလက်တောင်စောင်းနေရာမှ တဗီဗီဖြင့်မြင်သံအုပ်စုလိုလို၊ ယင်ကောင်ကြီးများ အုပ်စုလိုက် ပျံသံလိုလို ကြားရ၍ငြိမ်းညင်းစွာ ချဉ်းကပ်ကြည့်မိသောအခါ ကျွန်ုပ် လွန်စွာအံ့သြသွားရ၏။ ကျွန်ုပ်၏ရှေ့ပေ(၃၀)ခန့်အကွာ မျောက်ချောပင်ကြီး၏ဝါးတစ်ရပ်အမြင့်ခန့်၌ ခက်စည်အပေါက်ကြီးအတွင်း ပျားများအုံဖွဲ့၍နေရာ ဝက်ဝံကြီးတစ်ကောင်မှာ ယင်းအား ဘယ်ဘက်လက်နှင့်ခြေ(၂)ဖက်မှ ပတ်ဖက်ထားပြီး မျက်နှာအား သစ်ပင်နှင့် ကပ်ကွယ်၍ထားသည်ကို တွေ့ရ၏။ ကျန်ညာလက်မှာ သစ်ခေါင်းပေါက်ကြီးအတွင်းနှိုက်၍ ပျားလဘို့အချပ်များ ယူစားနေသည်ကို တွေ့ရ၏။ အုပ်များမှာ ဝက်ဝံအားဝိုင်း၍ကိုက်ခဲနေသည်ကို တွေ့ရ၏။ သစ်ပင်အခြေတွင်များ လဘို့အဖတ်များကျနေသည်။ ပျားသုံးလေးကောင်ခန့် ကျွန်ုပ်ခေါင်းပေါ်လာသဖြင့် အမြန်ထွက်ခွာခဲ့တော့၏။

— ✿ —





www.burmeseclassic.com

www.burmeseclassic.com

လမ်းစရှာသော်လည်း

(၃)ရက်မြောက်နေ့တွင် ကျွန်ုပ်ဖြတ်သန်းခဲ့သော တောတောင်ကြီးများ အတွင်းရှိ သစ်ပင်ကြီးများ၏ အဖျားပိုင်းတွင် ကပ်ပေါက်သော လက်ဖက် ခြောက်ကဲ့သို့သုံးရသည့်လေဒိုက်ပင်(ဆေးဖက်ဝင်)များနှင့်သစ်ခွပန်းပေါင်း စုံ အရောင်အသွေး စုံစွာဖြင့် တွေ့ရ၏။ သို့ရာတွင် ကျွန်ုပ်မှာ မခံစားနိုင်ပါ။ ရံဖန်ရံခါ တောင်ကမူနေရာကွက်လပ်တွေ့လျှင် မိမိအရိပ်အား ရပ်ကြည့်ပြီး ခန့်မှန်းနာရီနှင့်အရှေ့အနောက် ခွဲခြားကာ ဆက်သွားခဲ့ရ၏။ တစ်နေရာလျှို တစ်ခုအတွင်း ပေ(၁၀၀)ခန့်ရှိ ရေတံခွန်တွေ့ရ၏။ ၎င်းလျှိုအထက် ကမ်းပါး တွယ်ကပ်၍ပေါက်နေသော ပေ(၇၀)ခန့်ရှိ ညောင်ပင်ကြီး တွေ့ရ၏။ ညောင် ပင်ပေါ်တက်ကြည့်လျှင် မထုံးချောင်းအားမြင်နိုင်မည်ဟု ခန့်မှန်းကာ ကျွန်ုပ် သစ်ပင်အား ကန်တော့ပြီး တက်ခဲ့တော့၏။ သေနတ်အား စလွယ်သိုင်း လွယ် ၍တက်ခြင်း၊ ဓားလွယ်အိတ်ပါခြင်း၊ စစ်ဖိနပ်အားမချွတ်ခြင်း၊ အစာအာဟာရ မရှိခြင်းကြောင့်ကျွန်ုပ်ညောင်ပင်၏တစ်ဝက်တွင်ခြေချော်ပြီးပြုတ်မကျစေရန် ထိန်းနေရ၏။ အသားများ တဆတ်ဆတ် တုန်လာ၏။ အောက်သို့ကြည့်ရာ ရေတံခွန်နှင့် ကျောက်တုံးများ မြင်နေရ၍ အသည်းများ အေးလာခဲ့၏။

ကျွန်ုပ် ကြိုးစားပြီးတက်ခဲ့ရာ ညောင်ပင်အမြင့်ဆုံးသို့ ရောက်၏။ ဘေး ဘယ်.ညာကြည့်ရာ တောတောင်များသာ တွေ့ရပြီး မျောက်အော်သံများ ကြားနေရသည်။ ကျွန်ုပ် အတော်စိတ်ဓာတ်ကျသွား၏။ သစ်ပင်ပေါ်မှပင် ပြန်မဆင်း ချင်တော့ပေ။ သို့ရာတွင် စိတ်ကိုတင်း၍ဖြည်းဖြည်းချင်းဆင်းခဲ့ရာ တစ်နာရီ ခန့်ကြာမည်ထင်ရ၏။ ကျွန်ုပ် ညောင်ပင်အောက် ပြန်ရောက်ပြီး မိနစ်(၄၀)ခန့်နား၍ စဉ်းစားရ၏။

ကျွန်ုပ်တွင်ကျည်(၃၉)တောင့်၊ ဓားမြှောင်နှင့် မီးခြစ်တစ်လုံးပါ၏။ သင် ခက်တဲထိုးပြီး စခန်းမှလိုက်ရှာမည့်အဖွဲ့အား စောင့်မလား၊ မထုံးချောင်းအား မတွေ့တွေ့အောင် ရှာမလား တွေး၏။ စခန်းမှ ရှာဖွေမည့်အဖွဲ့များ မတွေ့လျှင် ကျွန်ုပ် စခန်းပြန်ရောက်ရန် မလွယ်ပါ။ အကယ်၍ ရန်သူနှင့်တွေ့လျှင် ကျွန်ုပ် တစ်ဦးတည်း မလွယ်ကူနိုင်၊ မထုံးချောင်းရောက်အောင် သွားရမည်ဟု **စိတ်** ပိုင်းဖြတ်ပြီး ကျွန်ုပ် အရှေ့အရပ်သို့ ဆက်ထွက်ခဲ့တော့၏။



ဒက်ကောင်များ၏အန္တရာယ်

ကျွန်ုပ်သည် ရေတံခွန်ညောင်ပင်ကြီးနေရာမှ ထွက်ခဲ့ရာ အောက်ခြေ ရှင်းပြီး ကျွန်း၊ အင်ပင်၊ သရက်နှင့် ကနစိုပင်များ ပေါက်နေသော တောအုပ် အတွင်း ရောက်ခဲ့၏။ အပင်ကြီး ခပ်မြင့်မြင့်တွင် အောင်လောင်(အောက်ချင်း) ငှက်ကြီး(၂)ကောင် အိပ်နေသည်မှာ တခေါ်ခေါ်ဖြင့် အသံကျယ်စွာ ကြားနေ ရ၏။ ကြားစဉ်က ကျွန်ုပ်အိပ်ပျော်စဉ် ဟောက်သံမှတ်၍ စိုးရိမ်စိတ်ဖြင့် ရှာ ကြည့်၏။ နောက်မှ သစ်ပင်ထိပ်ဖျားတွင် အောင်လောင်ငှက်ကြီး(၂ကောင် (အဖို၊ အမ)၏ အိပ်ပျော်၍ ဟောက်သံဖြစ်ကြောင်း တွေ့ရ၏။ ကျွန်ုပ် ဆက် ထွက်ခဲ့ရာ ကျွန်ုပ်၏ကျောပေါ်သို့ သစ်ရွက်ကျသလိုခံစားမိ၍ကြည့်လိုက်မိရာ ကျွန်ုပ်၏ ညာပခုံးပေါ် အရှည်လက်ညှိုးခန့်ရှိ ကျွတ်သဏ္ဍာန် ကျောရိုးအစိမ်း ကြောင်းရှိ ဒက်ကောင်သည် ထောင်မတ်၍ ကျွန်ုပ်၏ ညာဘက်နား ရွက်နား ခေါင်းယမ်းနေသည်ကို တွေ့ရတော့၏။

ကျွန်ုပ်လည်း ဘယ်လက်ဖြင့် အမြန်ပုတ်ချပြီး ခါးတွင် ချိတ်ထားသော ဓားမြှောင်ဖြင့် ခုတ်ပစ်လိုက်၏။ တစ်ဖန် လည်ကုတ်မှ ရေခဲနှင့်ထိသလို အေးခနဲဖြစ်သွား၍ လက်နှင့် လှမ်းဆုပ်လိုက်ရာ ဒက် နောက်တစ်ကောင်ဖြစ် နေ၏။ ကျွန်ုပ် ဓားမြှောင်နှင့် ထပ်ခုတ်ပစ်လိုက်၏။ ကျွန်ုပ် သံသယဖြစ်လာ၍ အနီးရှိသစ်ပင်အား မော့ကြည့်လိုက်ရာ သစ်ကိုင်းနှင့် သစ်ရွက်များတွင်ကပ်၍ အောက်သို့ တန်းလန်းတန်းလန်းနှင့် ဒက် လေးငါးကောင်အား တွေ့လိုက်ရ၍ ကျွန်ုပ် အမြန်ပြေးထွက်ခဲ့တော့၏။

၎င်းနေ့တွင် သွားလာရင်းမှောင်လာသဖြင့် ဒက်ကောင်များကြောက်၍ သစ်ပင်ပေါ် မအိပ်တော့ဘဲ လျှိုထဲဆင်းပြီး ကျောက်ကမ်းပါးတွင်ရှိ ကျောက်

www.burmeseclassic.com

တုံးကြီးတစ်တုံးအောက်တွင် အိပ်လိုက်၏။ ၎င်းညနေ မြူများကျပြီး မိုးအနည်းငယ် ရွာပါသည်။ ကျွန်ုပ်၏စိတ်သည် ယခင်ရက်လို သွေးဆူနေခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိုးရိမ်စိတ်ဖြစ်ခြင်းများ မရှိတော့ပါ။ စိတ်ချလက်ချဖြင့် ကျောက်တုံးအောက်တွင် မြေကြီးပေါ်ကွေး၍ သေနတ်ပိုက်ပြီး အိပ်ပျော်သွားပါသည်။ သွေးအေးသွားပြီဟု ကျွန်ုပ်ထင်၏။ အမှန်တကယ် ကိုယ်တွေ့ခံစားဖူးမှသာ သွေးပူခြင်း၊ သွေးအေးခြင်းကို သိရပါမည်။ ၎င်းည ကျွန်ုပ်အား ခြင်မည်မျှ ကိုက်သည်ကိုပင် သတိမထားမိတော့ပါ။

— ❁ —

မိုးစုန်းတောဝယ် တဝဲလည်လည်

ကျွန်ုပ်သည် ကျောက်တုံးအောက်တွင် မြေငွေ့ဖြင့် ခပ်နွေးနွေးအိပ်ခဲ့ရာ နံနက်အလင်းရောင် မြင်ရချိန်တွင် နိုးလာခဲ့၏။ ဗိုက်မှလည်း ဆာပြီးအော သလို ခံစားရ၏။ အိပ်ရေးဝဝ အိပ်ရ၍ အနည်းငယ်လန်းဆန်းနေ၏။ မျက်နှာ အား စမ်းကြည့်ရာ ခြင်ကိုက်အဖု (၁၅)ဖုခန့် တွေ့ရ၏။ ကျွန်ုပ် စခန်း အမြ ပြန်ရောက်မှရမည်။ အာဟာရမရှိ၊ အဖျားဝင်လာလျှင် စခန်းပြန်ရောက်ရ မလွယ်မှန်း သုံးသပ်မိ၏။ ကျွန်ုပ်အားတင်းပြီး လျှိုအတိုင်း ဆင်းလိုက်၊ တော ကြောပေါ်တက်လိုက်နှင့် အရှေ့အရပ်သို့ သွားခဲ့၏။ တစ်နေ့လုံး မျောက်အုပ် (၂)အုပ်နှင့် ခွေးတူဝက်တူတစ်ကောင် တွေ့ခဲ့သည်။ ကျွန်ုပ် စိတ်မဝင်စ တော့ပါ။ "သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား" သဘောပင် ဖြစ်တော့၏။

ယင်းနေ့ညနေတွင် တောသရက်ပင်မှ မှည့်၍ကြွေကျသော၊ မျောက်များ စား၍ကျန်သော တစ်ခြမ်းပဲ့သရက်သီးများကောက်ယူစားခဲ့၏။ တောသရက် သီးမှာ အသီးသေး၊ အခွံပါး၊ အစေ့ကြီး၊ အသားနည်းပြီး ချဉ်စုပ်သောအ အစားဖြစ်ပါသည်။ ထို့ပြင် လျှိုမြောင်နားတွင် အပေါက်များသော သဖန်း အမှည့်များ ခူး၍စားခဲ့ရ၏။ ကနစိုပင်များ တွေ့သော်လည်း အသီးများ တုံ



ပြုနေပြီဖြစ်သည်။ ယင်းနေ့ လမ်းစရှာရင်း မှောင်လာသဖြင့် ကျွန်ုပ်သည် အတ်ကောင်နှင့် ကျွတ်များရန် လွတ်နိုင်သည့် တောင်ကျချောင်းကြောင်းအနီးရှိ တနစိုပင်ကြီးတစ်ပင်တွင် ကိုင်းခွဆုံတွေ့ရသဖြင့် ၎င်းပေါ်အိပ်ရန် တက်ခဲ့၏။ ပေ(၂၀)ခန့်အမြင့် ခွဆုံတွင်ညအိပ်ရန် နေသားတကျရှိ မရှိကြည့်ပြီး ခေတ္တ ခို၍ မှေးနေလိုက်၏။ နှုတ်မှလည်း သတိရ၍ ရသမျှဘုရားစာများ ရွတ်နေလိုက်သည်။ အသံမှာမထွက်။

အထူးသဖြင့် ကျွန်ုပ် ရွတ်ဆိုမိသည်မှာ "သဗ္ဗုဒ္ဓေ" ဂါထာတော်ကြီးပင် ဖြစ်၏။ အခေါက်ရေ မည်မျှရွတ်မိသည်ကိုပင် သတိမထားမိပါ၊ အိပ်ပျော်သွား၏။ မည်မျှကြာသည်မသိ။ ပြန်ပြီးလန့်နိုးလာခဲ့၏။ ဘေးဝန်းကျင်တွင် မှောင်မည်းနေပြီးတော့ ပုစဉ်းသံငယ်များ ကြားရသည်။ လ.အလင်းရောင် တစ်ချက်တစ်ချက် မြင်နေရသဖြင့် ကျွန်ုပ် ဝန်းကျင်အခြေအနေ လေ့လာကြည့်ရာ ကျွန်ုပ်၏ အနောက်ဘက် ပေ(၁၅၀)ခန့်တွင် လင်းထိန်နေသော တွတ်လပ်ကြီးတစ်ခုအား အံ့ဩဖွယ် တွေ့လိုက်ရပါသည်။ စဉ်းစား၍မရ၊ သေချာကြည့်လျှင် ချွေတုံးများ ချထားပြီး ထွက်ရှိသည့်အလင်းရောင်ကဲ့သို့ ဖြစ်နေ၏။ (၁၅)မိနစ်ခန့် စဉ်းစားပြီး သွားကြည့်လိုစိတ်ဖြစ်လာသဖြင့် ကျွန်ုပ် သစ်ပင်ပေါ်မှဆင်းပြီး လ.အလင်းရောင်ငယ်ဖြင့် ၎င်းနေရာသို့ မှန်းသွားခဲ့၏။

တစ်ဖက်ကမ်း ချောင်းကြောင်းကျော်ပြီး ပေ(၅၀)ခန့် သွားမိသည်နှင့် အောက်ခြေရှင်း ဝါးတောတစ်ခုအတွင်း ရောက်သွား၏။ ၎င်းနေရာနှင့်နီးလေ အလင်းအားကောင်းလေ ဖြစ်လာ၏။ ကျွန်ုပ် ၎င်းနေရာရောက်၍ သေချာ ကြည့်လိုက်ရာ နှစ်များစွာ ကြွေကျဆွေးမြည့်နေသော ဝါးရွက်များပေါ်တွင် အလင်း များဖြာထွက်နေသည်မှာ ပေ(၁၀၀)ပတ်လည်ခန့် ရှိမည်ထင်၏။

ကျွန်ုပ်အံ့ဩပြီး အလင်းတောထဲဝင်၍ လက်တစ်ဆုပ်စာအား ကောက် ကြည့်ရာ ဝါးရွက်များသာတွေ့ရသည်။ ၎င်းအလင်းရောင်မှာ ကျွန်ုပ်၏ နှာကိုပင် ရောင်ပြန်ဟပ်နေပါ၏။ ကျွန်ုပ်လည်း ၎င်းဝါးတောအလင်း



www.burmeseclassic.com

www.burmeseclassic.com

ဆက်လျှောက်ရင်း ကိုယ့်ကိုယ်ကိုယ် မလုံသလို ကြောက်ရွံ့လာပြီး ဘေး ဘယ်ညာ သေချာကြည့်နေရ၏၏။ လူပဲပေါ်လာမလား၊ ဘာကောင်များပေါ် လာမလဲအတွေးဖြင့် ကျွန်ုပ် ရင်တထိတ်ထိတ်ဖြင့် အလင်းတောထဲလျှောက် ရင်း ၎င်းအလင်းကွက်လပ်လွန်၍ တောင်ကျရေစီးကြောင်း ချောက်ကမ်းပါး ကျောက်ဆွယ်တစ်ခုနားရောက်သွား၏။ ၎င်းကျောက်ဆွယ်အောက်နားတွင် ဝင်နားခဲ့တော့၏။ ကျွန်ုပ်စဉ်းစားရင်း အိပ်ပျော်သွားခဲ့ရာ အိပ်မက်ပင် မက်ပါ သေး၏။ ကျွန်ုပ်၏(၄)ရက်မြောက်နေ့တောတောင်ကြီးအတွင်းအိပ်စက်ခြင်း ပင် ဖြစ်ပါ၏။

— ❀ —

လမ်းစတွေ့ပြီ

(၅)ရက်မြောက်နံနက်တွင် ကျွန်ုပ်သည် အလင်းရောင်ရသည်နှင့် လျှ အတိုင်း ဆင်း၊၊ တောင်ကြောတက်ဖြင့် လာခဲ့ရာ မမျှော်လင့်ဘဲ တောင်က ထိပ် နေပူသည့် တောင်ကုန်းထိပ်သို့ ရောက်သွား၏။ မာလာဖူးများ အမျာ အပြား တွေ့ရပြီး ကျွန်ုပ် ရေငုံစုပ်၍ အပွင့်များ စားလိုက်၏။ (စကားချပ်၊ ယ ရှိထိ ကျွန်ုပ် ငါးပိရည်၊ တို့စရာတွင် မာလာဖူးပြုတ်ပါလာလျှင် ဖြစ်စဉ်သတိ ဆဲ ဖြစ်ပါ၏)။ အချိန်မှာ နံနက်(၁၀)နာရီခန့်ရှိမည် ထင်ရ၏။ ကျွန်ုပ်လည် အရှေ့နေထွက်ရာ တောင်စောင်းဘက် ရောက်သွားသောအခါ တောင်ခ ခပ်ဝေးဝေးနေရာမှ ချောင်းတစ်ခုနှင့် တစ်ဖက်ကမ်းတွင် နွား(၂)ကောင် ထင်ရပြီး နွားခလောက်သံများ ကြားနေရသည်။ ကျွန်ုပ် ဝမ်းသာ၍ ရင်ဘ သို့ဒိန်းခနဲ ဝင်ဆောင့်၏။ အတန်ကြာကြည့်မှ လူ(၂)ယောက် သွားနေသ ကို ခပ်သေးသေး မြင်ရ၏။ တောင်များ ဝန်းရံနေသဖြင့် နွားခလောက်သံ ပီသစွာ ကြားရ၏။ ကျွန်ုပ်မှာ ရန်သူလား၊ ရွာသားလား စဉ်းစားရ၏။ ရန် ဆိုလျှင် နွားခလောက် တပ်မည်မဟုတ်။ ရွာသူရွာသားများ ဖြစ်ရမည်ဟု မှန်းပြီး ကျွန်ုပ်လည်း တောင်ခြေသို့ အပြေးဆင်း၊ ဖင်လျှောဆင်း၊ အမြန်



လျှောက်ဖြင့်သွားခဲ့ရာ (၁)နာရီခန့် သွားမိသောအခါ မြေပြန့်ကျောက်စရစ်ခဲ များဖြင့် ရှိနေသော ချောင်းတစ်ခုသို့ ရောက်ခဲ့၏။

ချောင်းအကျယ်မှာ ပေ(၁၀၀)ခန့်ရှိပြီး ကျွန်ုပ်လည်း ချောင်းအထက်သို့ သွားခဲ့ရာ တစ်ဖက်ကမ်းတွင် နွား(၂)ကောင်၊ လူကြီးတစ်ဦးနှင့် လူငယ်(၁၀) နှစ်ခန့်တစ်ဦးကို တွေ့ရ၏။ ကျွန်ုပ်လည်း "ဟေး - ဟေး" ဟု လှမ်းခေါ်မှ ၎င်းတို့ လည်း ကျွန်ုပ်အား အံ့သြစွာ ငေးကြည့်နေပြီး ကမ်းစပ်သို့ ဆင်းလာ၏။ ကျွန်ုပ်မှ "အဲ့ဒီဘက်ကို လာမယ်၊ လုပ်ပေး" ဟု နှုတ်မှလည်းပြော၊ ခြေဟန် လက်ဟန်လည်း ပြ၏။ ကျွန်ုပ်၏အသံမှာ "ဘဲ"အသံလို ရှပ်တတဖြစ်နေပြီး အသံသိပ်မထွက်တော့၊ ၎င်းလူမှလက်ခါပြ၏။ လာလို့မရဟုဆိုခြင်းဖြစ်သည်။ ကျွန်ုပ်လည်း ရေထဲဆင်းပြီး ကူးသွားမည်ဟုကြံ၍ သေနတ်နှင့် ဘေးလွယ် အိတ်အား စလွယ် သိုင်းလိုက်၏။ စစ်သုံးတောစီးဖိနပ်အား ချွတ်ပြီး ကြိုးချင်း ချည်နှောင်၍ ကျွန်ုပ်၏လည်ပင်းတွင် ချိတ်လိုက်၏။ ရေစပ်သို့ ကျွန်ုပ် ဖြည်း ဖြည်းချင်း ဆင်းလိုက်တော့၏။

— ❀ —

ကံကောင်း၍ ရေနစ်မသေ

ကျွန်ုပ် ရေထဲဆင်းစဉ် ရေသည် ရေခဲရေမျှ အေးစက်နေပြီး လူ့လည်ပင်း နှံ့တက်မည်ဟုခန့်မှန်း၍ကျွန်ုပ်စမ်း၍ရေထဲလျှောက်ခဲ့ရာ သုံးပုံတစ်ပုံခန့်တွင် ရေသည် ကျွန်ုပ်၏လည်ပင်းရောက်နေပြီဖြစ်၏။ အောက်ရှိကျောက်တုံးကြီး သေးများမှာ ရေညှိတက်၍ချော်နေ၏။ ကျွန်ုပ်တွင်သေနတ်၊ ဘေးလွယ်အိတ်၊ ဖိနပ်များ ပါနေခြင်းကြောင့် ကိုယ့်ကိုယ်ကိုယ် ရေစီးအားကြောင့် ထိန်းမရ ဖြစ်နေ၏။ တစ်ဖက်ကမ်းရှိ လူကြီးနှင့် ကောင်လေးမှာ ကျွန်ုပ်အား အံ့သြပြီး ကြည့်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်ရှေ့လည်းမတိုးနိုင်၊ နောက်လည်း ဆုတ်နိုင်၊ ရေစီးဖြင့် မပါသွားရန် ရပ်ပြီး ထိန်းနေရ၏။ ချောင်းရေမှာ အေး



www.burmeseclassic.com

www.burmeseclassic.com

စက်ထုံကျင်လာသည်၊ ဒီတစ်ခါ ရေနစ်သေရမည့်ကိန်း ကြုံနေတော့၏။ ကျွန်ုပ် ဘေးဘယ်ညာကြည့်လိုက်ရာ ကျွန်ုပ်၏ ရေစီးအောက်ဘက် (၂၅) ပေခန့် ရေလယ်တွင် လှုတစ်ဖက်မှာ ကျောက်တုံးကြီး တွေ့လိုက်ရ၏။

ကျွန်ုပ် စဉ်းစားမနေတော့ဘဲ ကျောက်တုံးအားမှန်း၍ ရေစီးဖြင့် အရှိန်ယူပြီး မျောချလိုက်၏။ ကျောက်တုံးကြီးတည့်တည့်ရောက်၍ရေစီးဖြင့်လည်ပြီး ကျောက်တုံးကြီးအား ဖက်တက်လိုက်ရ၏။ ကျွန်ုပ်လည်း ကျောက်တုံးပေါ် တက်ပြီး သေနတ်ပြောင်းထဲ ရေဝင်နေမှုအား ခါထုတ်ပြီး ၎င်းလှုအား ထိုးချိန်လိုက်၏၊ "ကျုပ် – အဲ့ဒီဘက်ကမ်းရောက်အောင် လုပ်ပေး၊ မလုပ်ရင် ကျုပ်ပစ်မယ်" ဟုလှမ်းအော်မှ ၎င်းလှုလည်း ဝါးပိုးဝါးကြီးတစ်လုံးအား ဆွဲယူလာပြီး ရေစီးအထက်မှ မျောချထိုးပေးလိုက်၏။ ၎င်းဝါးလုံးကြီး ရေစီးကြောင်းအတိုင်း မျောလာစဉ် ကျွန်ုပ်လည်း ဝါးလုံးကြီးအား ရေထဲ ခုန်ချပြေးဖက်ပြီး ဝါးလုံးကြီး အကူအညီဖြင့် ကမ်းပေါ်သို့ ရောက်ခဲ့၏။ နောင်မှ သိရသည်မှာ ၎င်းရေအနက်မှာ ဝါးနှစ်ပြန်ခန့်၊ ပေ(၃၀)ခန့် နက်ကြောင်း၊ ချောင်းမှာ ဒယ်အိုးသဏ္ဌာန်ဖြစ်ကြောင်း သိရတော့၏။

— ❁ —

တစ်လုတ်စားဖူး သူ့ကျေးဇူး

ကျွန်ုပ်သည် ကမ်းပေါ်ရောက်ပြီး ခေတ္တထိုင်နေလိုက်၏။ ကံကောင်းချင်တော့ နေထွက်လာပြီး ပူလာ၏။ ကျွန်ုပ် ချောင်းစပ်နေပူတွင် ထိုင်နေလိုက်သည်၊ လှုကြီးနှင့်ကလေးမှာ ကျွန်ုပ်နားရောက်လာသည်၊ ကျွန်ုပ်မှ ပခုံးဒေါက်များ ဖယ်ပြီး "ကျုပ် စစ်တပ်ကပါ၊ တောလည်ပြီး လမ်းမှားတာ၊ ဒီနေ့ (၅) ရက် ရှိပြီ၊ ထမင်းမရှိဘူးလား၊ ထမင်းအရင်ကျွေးပါဗျာ" ဟု ပြောရာ ၎င်းလှုမှ ဗမာသံ မပီတပီဖြင့် "ငါ့တဲ – လိုက်ခဲ့" ဟုခေါ်ပြီး ရှေ့မှ သွား၏။ ကျွန်ုပ် လိုက်သွားပြီး ၎င်းတဲရောက်၍ ထမင်းထုပ်ကြီးတစ်ထုပ် ပေး၏။ ထမင်းထုပ်မှာ ငါးပိ



ထောင်းအစပ်နှင့် မှုစ်ပြုတ်ဖြစ်၏။ ကျွန်ုပ် ချက်ချင်းစားရာ ကုန်သွားပြီး ၎င်းလှုကြီးမှ ပြောင်းဖူးဖက်ဆေးလိပ် သောက်လက်စပေး၍ ကျွန်ုပ် ဖွာနေလိုက်၏။

ကျွန်ုပ်မှ ၎င်းတို့အခြေအနေနှင့် ရန်သူ(သောင်းကျန်းသူ)အခြေအနေ မေးရာ ၎င်းတို့(၂)ဦးမှာ သားအဖဖြစ်ကြောင်း၊ ချောင်းအောက်ရွာမှ တစ်ရက်ခရီးလာပြီး သုံးလေးရက် ကိုင်းလုပ်ကြောင်း၊ ချောင်းမှာ မထုံးချောင်းအထက်ဖြစ်ကြောင်း၊ ယခုနေရာမှအထက်တွင် မည်သူမျှ မရှိတော့ကြောင်း၊ လွန်ခဲ့သော(၃)ရက်ခန့်က သောင်းကျန်းသူ(၅)ဦး လက်နက်ကိုယ်စီဖြင့် ဆက်ကြေးကောက်ပြန်လာပြီး ထမင်းစားသွားကြောင်းနှင့် ချောင်းအထက်ဘက်သို့ ထွက်သွားကြောင်း သိရ၏။ ယခု အချိန်အား မေးရာ မြေပြင်တွင် သစ်ငုတ် ရိုက်ထားပြီး တုတ်ချောင်းအမှတ်အသားများ ပြုလုပ်ထား၏။ နေ၏အရိပ်ကြည့်၍ နာရီသတ်မှတ်ထားခြင်းဖြစ်သည်၊ နေ့လယ်(၂)နာရီခန့်ရှိပြီဖြစ်၏။

ကျွန်ုပ်မှ ဝက်ကော်ရွာပျက်အားသွားလျှင် မည်မျှကြာမည်မေးရာ ၎င်းမှ တစ်ရက်ခန့်သွားရမည်ဖြစ်ကြောင်း ပြော၍ ကျွန်ုပ် အလွန်အံ့ဩရ၏။ ကျွန်ုပ်သည် စခန်းသို့ပြန်ရန် အရှေ့ဘက်ဦးတည်ခဲ့ရာ တောင်ကျချောင်းရေ လျှိုမြောင် တောင်ကြောအတိုင်း အရှေ့မြောက်ဘက်သို့ သွားခဲ့သဖြင့် တောင်ခြေ ဝက်ကော်ရွာပျက်နှင့် အထက်(၁၅)မိုင်ကျော်ခန့်ရောက်ခဲ့ကြောင်း ခန့်မှန်းမိလိုက်၏။ ကျွန်ုပ်လည်း အချိန်ဖြုန်းမနေဘဲ ၎င်းသားအဖအား ကျေးဇူးတင်ကြောင်း ပြောပြီး ရေစုန်အတိုင်း မထုံးချောင်းဘေးမှ အမြန်နှုန်းဖြင့် အပြေးတစ်ခါ၊ အမြန်လျှောက်တစ်လှည့်ဖြင့် ထွက်ခဲ့တော့၏။ (ကျွန်ုပ်သည် ယနေ့ထိ ၎င်းသားအဖကျွေးသောထမင်းကျေးဇူးကိုညစဉ်ဦးချမိပါ၏)။ ၎င်းနေ့ မထုံးချောင်းဘေးတွင် တစ်ညအိပ်ခဲ့၏။ (၅)ရက်မြောက်ညပင် ဖြစ်ပါ၏။

— ❁ —

www.burmeseclassic.com

စခန်းပြန်ရောက်ပြီး ကံကောင်းပြီ

(၆)ရက်မြောက် နံနက်စောစောတွင် ကျွန်ုပ်သည် မထုံးချောင်းဘေးမှ အလင်းရောင်မြင်သည်နှင့် ထွက်ခဲ့ရာ ဝက်ကော်ရွာပျက်သို့ နံနက်(၈)နာရီခန့် ရောက်မည်ထင်၏။ ၎င်းမှ တောင်ပေါ်သို့ စ.တက်ခဲ့ရာ ညနေ(၆)နာရီမှောင်စအချိန်တွင် "ငကုန်း"စခန်း ဝါးခြံစည်းရိုး(၃)ထပ်စည်းသို့ ရောက်၏။ လူဝင်ပေါက် နှီးဆီခွက် ကြိုးခလုတ်အား အချက်ပေးဆွဲရာ ကင်းသမားမှတစ်ဆင့် စစ်ကြောင်းစခန်းတစ်ခုလုံး သိသွား၏။ ကျွန်ုပ်မှာ အသံမထွက်တော့ပါ။ ဘဲသံတရှဲရှဲသာ ဖြစ်နေတော့၏။

စစ်ကြောင်းမှူး ဗိုလ်မှူးလှမြင့် (ကွယ်လွန်)နှင့် တပ်ခွဲမှူး ဗိုလ်မှူးစံဝင်း (ကွယ်လွန်)မှ အနည်းငယ် မေးမြန်းပြီး ရေချိုး၊ ထမင်းစား၊ ကျန်းမာရေး စစ်နိုင်း၏။ ကျွန်ုပ် ရေချိုးရန်နှင့် ကျန်းမာရေးစစ်ရန် အင်္ကျီချွတ်ရာတွင် မြင်သည့် စစ်သည်များ လန့်သွားကြ၏။ ကျွန်ုပ်၏တစ်ကိုယ်လုံး ခြင်ကိုက်ဖုများ အပြည့် ဖြစ်နေ၏။ ခန္ဓာကိုယ် သုံးပုံတစ်ပုံခန့် ကျသွား၏။ ကာကွယ်ဆေးများထိုးပြီးနောက် ညပိုင်း စစ်ကြောင်းမှူးနှင့် တပ်ခွဲမှူးမှခေါ်၍ မေးမြန်းပြန်၏။ ကျွန်ုပ် ဖြစ်ပျက်မှုအသေးစိတ်အား ရှင်းပြရ၏။

စစ်ကြောင်းမှူးမှ ကျွန်ုပ် ယနေ့ည ပြန်ရောက်တာ ကံကောင်းကြောင်း၊ တပ်ရင်းမှူးနှင့် စစ်ဗျူဟာမှ ယနေ့မှ ပြန်မရောက်လျှင် လက်နက်၊ ခဲယမ်းနှင့်အတူ ပျောက်ဆုံး(တောခိုခြင်း)ဖြင့် တင်ပြရန် ညွှန်ကြားထားကြောင်း ပြောပြပါတော့၏။

ကျွန်ုပ် စတင်ပျောက်ပြီး ပထမညမှစ၍ ကျွန်ုပ်၏တပ်စုမှူး ဗိုလ်ကြီးစိုးသိန်း(ဗိုလ်ကြီးစိုးသိန်း၊ စစ်ဗျူဟာမှူး၊ တေဇ-၁)နှင့် ကျွန်ုပ်တပ်စိတ်မှ လိုင်းဆပ်ညှိခင်နှင့်စစ်သည်များမှ ညစဉ်(၃)ရက်ဆက် သေနတ်ချက်(၂၀) ကဒိုင်လမ်းခွဲမှ ပစ်ဖောက်အချက်ပေးခဲ့ကြောင်း ပြော၏။ ကျွန်ုပ်အဖို့ လုံးဝမကြားပါ။ တောတောင်တွင် သေနတ်သံတစ်ချက်သည် တောင်များဝိုင်းရံနေ၍ အတော်ဝေးဝေးမှပင် ကြားရ၏။

—✿—



နောင်မှသိတော့ နှောင်းပြီ


ကျွန်ုပ်သည် နောက်ပိုင်း တောလိုက်ခြင်း မကြာခဏ ဆောင်ရွက်ရာမှ တောတစ်တောနှင့်တစ်တော၊ တောင်တစ်တောင်နှင့်တစ်တောင် မတူကြောင်း သိရ၏။ အချို့တောနှင့်တောင်သည် ဆေးပေါ့လိပ်၊ စီးကရက်၊ လက်ဖက်၊ ထမင်းဦးပေါင်း၊ ငါးကြော်၊ ကြက်ကြော်၊ ကြက်ကင်အရက်များ ကြိုက်နှစ်သက်ရာ မလေ့အရ တောတောင်၊ တောတင်မြှောက်ရသည်ဟု သိရ၏။ တောတောင်ကြီးလျှင်၊ နတ်ကြီးလျှင် ကြက်ကြော်၊ ကြက်ကင်ဖြင့်ပင်တောင်းရသည်ဟုဆို၏။ ကျွန်ုပ်တို့ သွားခဲ့သော ကဒိုင်လမ်းခွဲ တောတောင် တင်မြှောက်ရန်မှာ ဒေသခံ စမ္ဘီးလူမျိုးမှဆိုးများပြောပြ၍ ကြက်ကင်ဖြစ်ကြောင်း သိရပါတော့သည်။

(ထိုစဉ်က ဆရာသမားများနှင့် ရဲဘော်ရဲဖက်များကို သတိရလျက်၊ ကျွန်ုပ်၏နေ့စဉ်မှတ်တမ်းဟောင်းမှ မှတ်တမ်းများအရ ပြန်လည်ခံစားတင်ပြပါသည်။)

➻ သန်လျှင် လှဝင်း (ညြချစ်ညို)

www.burmeseclassic.com

www.burmeseclassic.com




အိမ်ထောင်ရေး ဖောက်ပြန်သောဇနီးအပေါ်
မသက်ာရာမှ ဆက်လက်စုံစမ်းရာ အမှန်တကယ်
ရင်ဆိုင်လိုက်ရသည့်ဖြစ်ရပ်ကား ..

**ညဉ့်နက်ချိန်**. . . သန်းခေါင်ကျော်ပေမို့ အမှောင်ထုက သိပ်သိပ်သည်းသည်းရှိလျက်၊ လူသူအများ အိပ်စက် အနားယူနေကြသော ကြောင့်တိတ်ဆိတ်မှုကကြီးစိုးနေ၏။ ဘယ်သူတွေဘယ်လိုအိပ်နိုင်ကြပါစေ၊ အိပ်မပျော်နိုင်ဘဲ အိပ်ရာထက်တွင် တလူးလူး တလွန့်လွန့်ဖြစ်နေရသူမှာ ဦးကျော်ခေါင်တစ်ယောက်ပါ။ စိတ်နှလုံး မသာမယာ၊ အတွေးတို့က မငြိမ်မသက်နှင့် ဟိုရောက်၊ ဒီရောက် ဆောက်တည်ရာမရဖြစ်နေမိသည်။ မခံချင်စိတ်နှင့် ယောက်ျားမာနကြောင့် ပြတ်ပြတ်သားသား ဖြစ်ချင်သော်လည်း "မေလေး" အပေါ်ထားရှိသော သူ၏ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်တရားတို့ ကအပြင်းအထန် ငြင်းဆန်လျက် ရှိလေ၏။ သူ၏နံဘေးတွင် အိပ်မောကျနေသော "မေလေး" ကား အပူအပင်ကင်းစွာ နစ်နစ်မြိုက်မြိုက် အိပ်လျက်ရှိလေရဲ့။

ညအိပ်မီးမှိန်ဖျော့ဖျော့အောက်မှာ မေလေး၏အလှတရားက ဖုံးဖိ၍ထား မရနိုင်အောင်ပင်၊ ဆံတံရှည်နှင့် ပြေပြစ်သောနဖူး၊ သွယ်တန်း နက်မှောင်သော

www.burmeseclassic.com

မျက်ခုံးအစုံအောက်ဝယ် ကော့ညွတ်ထူထပ်သော မျက်တောင်ကော့၊ ဖြောင့်စင်းသောနှာတံ၊ ပြည့်ဖြိုးသောနှုတ်ခမ်းလွှာနှင့် မျက်နှာကျလှလှတို့အပြင် အချိုးအဆစ် ပြေပြစ်လေသော ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ ဝါညက်ညက် အသားအရေတို့ကို ထပ်လောင်းလေသောအခါ အပြစ်ဆိုစရာမရှိ။ ပကတိလှပနိုင်လွန်းလှသည်။ ယင်းတို့အပြင် ပိုမိုအားဖြည့်သည့်အနေဖြင့် အိထွေးနက်မှောင်သော ဆံကေသာတစ်အုံတစ်မကြီးကိုလည်း မေလေး ပိုင်ဆိုင်ထားလေ၏။ မိမိထက် အသက်ဆယ်နှစ်ကျော် ဆယ့်ငါးနှစ်နီးပါးငယ်သူမို့ ဖနီးမယားလိုသာမက ညီမလေးတစ်ယောက်ကဲ့သို့လည်းအကြင်နာပိုမိပါသည်။ သို့မို့ကြောင့် ဦးကျော်ခေါင်တစ်ယောက် "မိုးမြင့်မေ" ဆိုသောနာမည်ကိုပင် အပြည့်အစုံမခေါ်ရက်ပဲ "မေလေး" လို့သာ ချစ်စနိုး ခေါ်ခဲ့လေ၏။

ရင်းမြင် ငယ်သူလေးမို့ အလိုလိုက်၊ အကြိုက်ပေးမိသည့်အပြင် သူ၏ ရှုံ့ယွင်းချက်ကြောင့် သားသမီးမရရှိလေသောအခါ "မေလေး" မှာ ဆိုးချင်တိုင်း၊ နွဲ့ချင်တိုင်းနွဲ့ရန် အခွင့်သာလျက် ရှိတော့ပြီ။ "ကိုကြီး" ဟူသော မေလေး၏ ချွဲချွဲနွဲ့နွဲ့ခေါ်သံအောက်တွင် ဦးကျော်ခေါင်၏ ငြင်းဆန်နိုင်မှုအင်အားတို့ အားကုန်အားပြတ်ဖြစ်ကြကုန်၏။ မည်သို့ပင်ဖြစ်စေ၊ ဦးကျော်ခေါင်ကား မေလေးအပေါ် ချစ်စိတ်ကြီးမား၊ အလိုလိုက်ထားခဲ့သည်ဟု ဆိုရပေမည်။ အလိုလိုက်၍ အမိုက်စော်ကားသည့်နယ် နာမည်နှင့်လိုက်အောင်ပင် မိုက်မဲမှုတို့ မိုးထိ မြင့်မားခဲ့လေရော့သည်လား ထင်မှတ်မှားရလေ၏။ အခြားသော ကိစ္စဆိုပါလျှင် အဘယ်မျှပင် ပြဿနာကြီးပါစေ၊ ဦးကျော်ခေါင်အနေနှင့် ဂရုမထား၊ ဖြေဖျောက်သွားနိုင်သည်။ ယခုလိုကိစ္စမျိုးမှာဖြင့် မေ့ပျောက်ထား၍မရ။ တစ်စထက်တစ်စ ပိုမိုကာ မိမိနှင့် ဝေးကွာသွားမည့်အရေးပေမို့ ရတက်မအေး ဖြစ်နေရခြင်းပင်။

သို့ဖြစ်ပါ၍ ဆင်ခြေရာတွေ့သော်လည်း ဆင်ကောင်ကြီးဟု လက်မခံနိုင်ဘဲ သံသယများဖြစ်နေမည်လားဟူသော သက်ညှာအတွေးဖြင့် လျှော့ပေါ့တွေးမိပြန်၏။ တစ်ဖန်၊ သားရေပေါ်အိပ်၊ သားရေနားစားသွားသူအပေါ် မခံချင်ဒေါသနှင့်အတူ ယောကျ်ားတစ်ယောက်၏သိက္ခာနှင့် မာနအား ရိုက်ချိုးခံရသည့်နယ်မို့ ရင်ဝယ် စပ်ဖျဉ်းစွာ နာသာခံခက်ရှိလျက်ပါ။ ထိုထိုသော အတွေးတို့က ဦးကျော်ခေါင်အား တစ်ပြန်တစ်လှည့်စီ ဝင်စား၊ စိတ်အာရုံထွေပြားစေလေ၏။ ပြတ်ပြတ်သားသား ဖြောင်ဖွင့်မေးရန် ကြံမိသော်လည်း မေးလိုက်၍ "ဟုတ်ပါသည်" ဟုဝန်ခံစကားနှင့် "မေလေး" သူ့အပါးမှ အဝေးရောက်သွားမှာ စိုးမိသကဲ့သို့ မသိကျိုးကျွန် နေထိုင်သွားပြီး နွားကျခံနေမည်လားဆိုသော အကြောင်းတရားနှစ်ခုက ယှဉ်ပြိုင်ရင်ဆိုင်နေတော့ပြီ။ အခါခါတွေးအကြိမ်ကြိမ်စဉ်းစားနှင့် ဦးကျော်ခေါင်အတွက် အိပ်ပျက်ညများသာ တိုးပွားလာခဲ့သည်။ မိမိမှ ဆင်အိပ်ရာ ဆိတ်မနိုးပဲ ထားသော်လည်း သူတို့က ယခုလိုအခြေအနေမျိုးတွင် အမြဲထာဝရ ရပ်တန့်နေပါမည်လား၊ ဟူသောအတွေးက စဉ်းစားစရာ ရှိလာ၏။ အကယ်၍ ရှေ့ဆက်ပြီး သူတို့ ခြေလှမ်းများ တိုးလာခဲ့သော် မိမိ ဘယ်ပုံရင်ဆိုင်ဖြေရှင်းရမည့်အရေးကို တွေးနေရချေပြီ။

ထိုအကြောင်းတရားတို့ကြောင့် လုပ်ငန်းခွင်တွင် ဟန်မပျက်လုပ်ကိုင်နေရသော်လည်း အချိန်ရှိသရွေ့ ခေါင်းထဲမှမထွက်၊ ဦးကျော်ခေါင်အား အနှိပ်စက်ကြီး နှိပ်စက်လျက် ရှိ၏။ နောက်ဆုံးတွင် အပြန်အပြန်၊ အလှန်လှန် စဉ်းစား၍ ရင်ထဲမှ မခံစားနိုင်မှုများကို တစ်စုံတစ်ယောက်အား ဖွင့်ဟတိုင်ပင်ရလျှင် ပေါ့များသွားမည်လားဟူသော အတွေးအား တွေးမိပါသည်။ ယင်းအတွေးအား အကောင်အထည်ဖော်ရန် သူ၏သားတပည့်သို့ ချစ်ခင်ရသူ ကိုရဲနိုင်ထံထွက်ခဲ့လေ၏။ ကိုရဲနိုင်မှာ သူစာသင်ကြားခဲ့ရသော တပည့်ဟောင်း တစ်ဦးဖြစ်၍ မအေမုဆိုးမသားပေမို့ အသနားပိုကာ ပညာသာမက အခြားလိုအပ်ချက်တို့ကိုပါ ဦးကျော်ခေါင် တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းခဲ့သည်။ မောင်ရဲနိုင်ကလေးမှာလည်း လိမ္မာသိတတ်စွာနှင့် ဆရာ့ကျေးဇူးကို အထူးသိနားလည်သူတစ်ယောက် ဖြစ်ခဲ့၏။

—🙞—

www.burmeseclassic.com

ယခုအခါမောင်ရဲနိုင်မှာ ဘွဲ့ရပြီးသော်လည်း အစိုးရဝန်ထမ်းဝင်မလုပ်ဘဲ ဖခင်၏ လက်ငုပ်လက်ရင်းလုပ်ငန်းဖြစ်သော ဆံပင်ညှပ်ဆိုင်ဖွင့်လျက် အသက်မွေးဝမ်းကျောင်းနေသည်။ ယခင်က မိခင်အိုကြီးနှင့် နေထိုင်ခဲ့ပြီး မိခင်ကြီး ဆုံးပါးသွားသောအခါ တစ်ရပ်တစ်ကျေးမှ ရောက်ရှိလာသော ညီဝမ်းကွဲတစ်ဦးနှင့်အတူ နေထိုင်လျက် ရှိသည်။ ယင်းညီဖြစ်သူမှာ သူ၏မိဘများရပ်ထံတွင် သောက်စားဆိုးမိုက်၍ ဇ,ရှိသူတစ်ဦးပါပေ။ အထူးပင် လက်ယဉ်လှသဖြင့် ဖျော်ရပေးရနှင့် ရဲစခန်းအား မကြာခဏ အဝင်အထွက်ရှိသူဖြစ်၏။ ထိုသူသည် ကိုရဲနိုင်အား ချစ်ကြောက်ရိုသေမှုရှိသဖြင့် မိဘများမှ နယ်လွှဲသည့်အနေဖြင့် ပို့ထားခြင်း ဖြစ်ပြီး တစ်လက်စထဲ ဆံပင်ညှပ်ပညာပါ သင်ယူစေခြင်း ဖြစ်သည်။ ကိုရဲနိုင်မှာလည်း အသက်အားဖြင့် သုံးဆယ်နားနီးသော်လည်း အိမ်ထောင်မရှိသူ၊ လူပျိုလူလွတ်ပေမို့ ညီဝမ်းကွဲ ဖော်ဖော်နှင့် ညီအစ်ကိုနှစ်ဦးသား အတူတကွ အပူအပင် မရှိနေကြလေ၏။

ဦးကျော်ခေါင်မှာ တပည့်၏ဆံသဆိုင်သို့ မကြာခဏ လာတတ်သဖြင့် ဖော်ဖော်နှင့်လည်း ရင်းနှီးနေတော့သည်။ အချိန်မှာ ညနေစောင်းအချိန်ဖြစ်သော်လည်း ဆိုင်တံခါး ပိတ်ထားသဖြင့် ဆိုင်နောက်ဘက်ရှိ အိမ်ကလေးရှိရာသို့ ဦးကျော်ခေါင် လျှောက်လှမ်းလာခဲ့၏။ အိမ်အတွင်း ဝင်လိုက်သောအခါ အခြားမျက်နှာစိမ်းသုံးဦးနှင့်အတူ ရဲနိုင်နှင့် ဖော်ဖော်တို့ညီအစ်ကိုနှစ်ဦးပါ ဝိုင်းဖွဲ့ရန် ပုလင်းနှင့်အမြည်းတို့ ပြင်ဆင်နေကြသည်ကို တွေ့လေရဲ့၊ ရုတ်တရက် ရောက်ရှိလာသော ဆရာအား မြင်လိုက်ရသော ကိုရဲနိုင်လည်း အိုးတိုးအမ်းတမ်းဖြစ်ကာ "ဆရာ - လာပါ - ဘယ်က လှည့်လာသလဲ၊ မလာတာကြာလို့ ကျွန်တော်လည်း သတိရနေမိတာ" ဆိုသောစကားဖြင့် ခရီးဦးကြိုပြုလိုက်၏။ ထို့နောက် အခြားသူ သုံးဦးနှင့် မိတ်ဆက်ပေးသဖြင့် ခရီးလွန်နေသော မိတ်ဆွေတို့အတွက် တစ်ဦးမှ လူပျိုညအထိမ်းအမှတ်အဖြစ် သူ့အိမ်တွင် လာရောက်၍ ပြန်လည်ဧည့်ဝတ်ပြုကြောင်းသိရသည်။



ကိုရဲနိုင်မှာ အမျိုးသားအများစုနှင့် ဆက်စပ်လုပ်ကိုင်နေရသောလုပ်ငန်းဖြစ်သည့်အပြင် လူပျိုလူလွတ်တို့သာနေသောအိမ်ဖြစ်သဖြင့် ရံဖန်ရံခါလာရောက်ဝိုင်းဖွဲ့လေ့ ရှိတတ်၏။ သူသည် အရက်အား ကြိုက်နှစ်သက်သူမဟုတ်သော်လည်း အရက်ကလေး မစို့မပို့နှင့် အမြည်းကလေး တို့ကနန်း၊ ဆိတ်ကနန်း စားရင်း ညီဖြစ်သူ ဖော်ဖော်အား စောင့်ကြည့်ထိန်းမတ်လေ့ရှိသည်။ ဧည့်သည်တို့နှင့် ဆရာအားမိတ်ဆက်ပေးလိုက်သောအခါကာယကံရှင်မှ ဦးကျော်ခေါင်ကိုပါ ဖိတ်မန္တကပြုလေရာ စိတ်ထွေထွေရှိသည်မို့ ပါဝင်ဆင်နွှဲလေတော့၏။ ကိုရဲနိုင်မှာလည်း မည်သို့မျှ မဟန့်တားသာပဲ ရှိနေပြီး အလေ့မရှိသူဆရာ၏ သောက်အား မများရလေအောင် စောင့်ကြည့်နေမိသည်။ မကြာမီမှာပင် ဆရာတစ်ယောက်တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက်သောက်လာသောအခါ မရဲတရဲဖြင့် -

"ဆရာ - သိပ်များပြီး အိမ်မပြန်နိုင်ပဲ ဖြစ်နေမယ်"

ဟု သတိပေးလိုက်ရာ -

"ကိစ္စမရှိဘူး - ရဲနိုင်၊ ငါ - ဒီည - မင်းတို့ဆီမှာ အိပ်မယ်"

ဆိုလေရဲ့၊ ထိုပွဲတွင် ဖော်ဖော်နှင့် အခြားသူသုံးဦးမှာ အနည်းငယ်စီနှင့် ကိုရဲနိုင်မှာ အလျဉ်းမသောက်ဖြစ်ပဲ ဦးကျော်ခေါင်သာ အလဲအကွဲနွှဲသွားသည်ဟု ဆိုရပေမည်။

"စိတ်ညစ်တယ် - ရဲနိုင်၊ ဆရာ - သိပ်စိတ်ညစ်တယ်" ဟူသောစကားကိုသာ ထပ်ပြန်တလဲလဲ ကယောင်ကတမ်း ပြောနေ၏။ ကိုရဲနိုင် စဉ်းစားနေမိပြီ၊ ဆရာ့တွင် ချောမောလှပသော ဇနီးငယ်လေးနှင့် စီးပွားရေးမှာလည်း လွန်ခဲ့သော ဆယ်နှစ်ကျော်ကတည်းက ကျောင်းဆရာအလုပ်မှ နုတ်ထွက်ပြီး ကျူရှင်သင်တန်းများ ဖွင့်၏။ ယခုအခါ ကိုယ်ပိုင်ကျောင်းများ ဖွင့်ခွင့်ပြုသောအခါ မှတ်ပုံတင်အလွတ်ကျောင်းဖွင့်၍ စခန်းသွင်း ဘော်ဒါဖွင့်ရာ အောင်မြင်လျက် စီးပွားတိုးတက်နေသည်ကိုလည်း မိမိအသိပင်၊ ထို့ကြောင့် ဆရာ့တွင် စိတ်ညစ်စရာအရေး နည်းနည်းကလေးမျှပင် ရှိလိမ့်မည်ဟု မထင်ခဲ့

www.burmeseclassic.com

ပေ၊ ဤသို့ဖြင့် ဆရာ တစ်ရေးနိုးလာချိန်တွင် ဘလက်ကော်ဖီဖျော်၍သံပုရာရည်ညှစ်ထည့်ပြီး ဆရာ့အား တိုက်လိုက်ပါသည်၊ ဦးကျော်ခေါင် အတန်အသင့် အမူးပြေလာချိန်တွင် ဆရာတပည့် နှစ်ဦးသား စိတ်ညစ်ရခြင်း အကြောင်းရင်းကို ဆွေးနွေးမိလေ၏။

"ဝါ့မှာကွာ - ဒီမြို့မှာ ဆွေမျိုးသားချင်း ရင်းရင်းချာချာတိုင်ပင်စရာလည်း မရှိ၊ သာမန်မိတ်ဆွေလောက်ကိုလည်း မတိုင်ပင်ချင်ဘူး။ မင်းကိုတော့ ပြောပြချင်နေမိတယ်၊ ဆရာ - ခုဖြစ်နေတဲ့အဖြစ်ကတော့ မျိုချရခက်၊ ထွေးထုတ်ရခက်ဆိုတဲ့ အဖြစ်မျိုးပဲ၊ တခြားမဟုတ်ဘူး - ရဲနိုင်၊ မင်းတို့ရဲ့ဆရာကတော်ဖောက်ပြန်နေပြီလေ"

ဆိုသောစကားအား ဦးကျော်ခေါင် မရှိတင်ကဲဖြင့် ပြောပြလေရဲ့။

"ဟုတ်ရဲ့လား - ဆရာ၊ သေချာရဲ့လား" ဟူသော ရဲနိုင်၏အမေးတွင် -

"သေချာပါတယ်ကွာ ...၊ ဆရာလည်း၊ ဘော်ဒါမှာ နှစ်စဉ်အောင်ချက်ကောင်းကောင်းနဲ့ ဂုဏ်ထူးတွေ များများထွက်နိုင်ဖို့ ဖောင်းပေးနေမိတယ်၊ အဲဒီအချိန်တွေမှာ မိသားစုအရေးတွေကိုလည်း သိပ်အရေးမစိုက်မိဘူးပေါ့။ တစ်နေ့မှာတော့ မမျှော်လင့်ဘဲ မင်းတို့မမမေရဲ့ပခုံးလွယ်အိတ်ထဲမှာ သနေ့တားဆေးကတ်ကို အမှတ်တမဲ့ တွေ့လိုက်ရာကနေပြီး ဂရုစိုက်စောင့်ကြည့်တဲ့အခါမှာတော့ သူ နေ့စဉ်သုံးစွဲနေတယ်ဆိုတာ ထင်ရှားလာတယ်၊ သူဖောက်ပြန်နေတာကတော့ အသေအချာပဲကွ"

ဟု ပြောရင်း ဆရာတပည့်နှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ခဏတာမျှ စကားစ ပြတ်သွားလေ၏။

ခေတ္တမြိမ်သက်စွာ စဉ်းစားပြီးမှ ရဲနိုင်က -

"ဖောက်ပြန်နေပြီဆိုရင် ဘယ်သူနဲ့ ဖောက်ပြန်နေတယ်လို့ ဆရာထင်သလဲ" ဟု မေးရာတွင် -

"ဝါ့သူငယ်ချင်းရဲ့ညီ - ဒီမြို့ကို တာဝန်နဲ့ ပြောင်းလာပြီး ဌာနဆိုင်ရာ အိမ်ခန်းမရခင် နှစ်လ၊ သုံးလလောက် အိမ်မှာ နေသွားတဲ့ကောင် ဖြစ်ဖို့များ



တယ်၊ ဒါပေမဲ့ - လက်ပူးလက်ကြပ်မမိတော့ ပြောရတာခက်တယ်၊ အေး အဲဒီလိုသိသွားပြီးပြီဆိုရင်လည်း မထူးပါဘူးလေဆိုပြီး မထူးဇာတ်ခင်းသွားမှာစိုးမိတယ်၊ ငါ - မေလေးကို မခွဲနိုင်ဘူး၊ မစွန့်လွှတ်နိုင်ဘူးလေ၊ ဒီလိုပုံစံကြီးနဲ့လည်း ဆက်ပြီး နေမသွားချင်နဲ့၊ ဘယ်လိုလုပ်ရမှန်းကို မသိဘူး၊ ခက်တယ်ကွာ ..."

ဟူသောစကားကို စိတ်ပျက်လက်ပျက် ညည်းညည်းညူညူပြောနေသောဆရာအား ကြည့်ကာ ရဲနိုင် သနားနေမိ၏၊ ထို့ကြောင့် -

"ကျွန်တော့်မှာ ယောက်ျားလေးအသိမိတ်ဆွေ များပါတယ်၊ သေချာအောင် စုံစမ်းပေးပါဦးမယ်"

ဟု နှစ်သိမ့်စကား ဆိုလိုက်သည်၊ တစ်ရေးနိုး ထလာသူ ဇော်ဇော်မှလည်း -

"ဆရာကြီး - စိတ်မဆင်းရဲပါနဲ့၊ ဒီကိစ္စ - အတိအကျသိရအောင် ကျွန်တော်တို့ စုံစမ်းပေးပါ့မယ်"

ဟု အားတက်သရော ဝင်ပြောလေရဲ့၊ မသင်္ကာဖွယ်ရာ လူ၏အမည်အလုပ်အကိုင်၊ နေရာဌာနနှင့် ပုံပန်းသဏ္ဍာန်တို့အား ဦးကျော်ခေါင်အား မေးမြန်းထားလိုက်၏။

ရက်သတ္တတစ်ပတ်မျှကြာသောအခါတွင် မြို့ပြင်တိုးချဲ့ရပ်ကွက်ရှိ အိမ်တစ်အိမ်တွင် အမျိုးသားတစ်ဦးနှင့် မိုးမြင့်မေ လာရောက် ဆုံတွေ့တတ်သည်ဟူသောသတင်းအား အတိအကျရလေ၏၊ သို့သော်လည်း ယင်းအမျိုးသားသည်သူမည်ဝါဖြစ်သည်ကိုမူ တိတိပပ မသိရနိုင်သေးချေ၊ အဆိုပါအိမ်သည် ဦးကျော်ခေါင်ဝန်ထမ်းလုပ်စဉ်က ဌာနဆိုင်ရာမှ ချထားပေးသော မြေကွက်တွင်ရှိသည်၊ အစဦးပိုင်းတွင် ခေါင်လှသော်လည်း မနီးမဝေးတွင် တက္ကသိုလ်ဖွင့်လှစ်လာသောအခါ အကွက်ကောင်း၊ ဈေးကောင်းရလေ၏။

www.burmeseclassic.com

နောင်ရေး နောင်တာ စုဆောင်းသောအနေဖြင့် ခြံတွင်းဝယ် တစ်ထပ်တိုက်ပုကလေး ဆောက်ထားခဲ့ပါသည်၊ စာပေ၊ စာယူသင်တန်းများ ဖွင့်လှစ်ချိန်တွင် အဆောင်အဖြစ် ငှားရမ်းသော်လည်း ကျန်အချိန်များတွင်မူ သော့ခလောက်နင့်သာ ညားရရှာ၏၊ အိမ်တိုင်းစေ့ လူမရှိသော ဆိတ်ငြိမ်ရပ်ကွက်ကလေးဝယ် တစ်ခါတစ်ရံ ပိတ်ရက်တွင်သာ ဦးကျော်ခေါင်တို့မိန်းမောင်နှံ လာလေ့ရှိသည်၊

ဘော်ဒါဖွင့်ပြီးနောက်ပိုင်းတွင်မူ ကျောင်းသားတို့အား အနီးကပ်ကြီးကြပ်နေရသောကြောင့် ဦးကျော်ခေါင် မလိုက်ပါနိုင်တော့ချေ၊ မိုးမြင့်မေသာ အိမ်ဖော်မိန်းမနှင့်အတူ အိမ်ရှင်းရန်သော်လည်းကောင်း၊ လူငှား၍ခြံတွင်းမှ သီးပင်စားပင်တို့ ပြုပြင်ရန်သော်လည်းကောင်း ရောက်လေ့ရှိ၏၊

ဤသို့ဖြင့် မိုးမြင့်မေတို့ လာတတ်သောနေ့ရက်ကို စောင့်ကြည့်၍ မည်သူမည်ဝါအတိအကျ သိရှိဖို့ချောင်းမြောင်းရန် တာဝန်ကိုဇော်ဇော်မှယူလိုက်သည်၊ ဦးကျော်ခေါင်ထံမှ အိမ်သော့အပိုတစ်ချောင်းယူ၍ ယင်းတို့အတွဲ မလာမီ ကြိုတင်၍ အိမ်တွင်းတစ်နေရာမှ ပုန်းအောင်း စောင့်ကြည့်နေ၏၊ သူမတို့နှစ်ဦးသား ချိန်းဆိုလာခဲ့ပြီး ဦးကျော်ခေါင်၏ ကွယ်ရာ၌ ဖောက်ပြန်ခြင်းအမှုကို ပြုကြလေတော့သည်၊ ဦးကျော်ခေါင် တွက်ဆခဲ့သောသူ အမှန်ပင်ဖြစ်နေကြောင်းအသေအချာသိရှိရတော့၏၊ ထိုကဲ့သို့သိရှိရပြန်သောအခါ မိမိအိမ်တွင် လာရောက်တည်းခိုနေထိုင်စားသောက်သွားလေသူ ဖြစ်နေသဖြင့် ဦးကျော်ခေါင်အတွက် နာသာခံခက်ရှိတော့သည်၊ သူ့ထမင်းကိုစား သူ့အရိပ်မှာ ခိုနား၍ မပြုသင့်သည်ကို ပြုသည်မို့ အခံရခက်လှ၏၊ နောက်ဆုံးတွင်မူ ထိုသူအား မှတ်လောက် သားလောက်အောင် သင်ခန်းစာပေးရန် ဆုံးဖြတ်ကြပါသည်၊ ထိုတာဝန်အား ဇော်ဇော်မှပင် ကျေနပ်စွာ တောင်းခံ၍ လုပ်ရှားရန် စီစဉ်ကြ၏၊

ထိုသောအခါ ကိုရဲနိုင်မှာ တစ်ဖက်မှာ မိမိဆရာကိုယ်စား မခံချင်စိတ်ဖြစ်မိသော်လည်း တစ်ဖက်မှာ ညီဖြစ်နေသဖြင့် လက်လွန်၊ ခြေလွန်ဖြစ်မှာလည်း တွေးပူမိသည်၊ ဇော်ဇော်၏ လက်ယဉ်မိုက်ကန်းသောအလေ့ကို သူကောင်းစွာသိထား၍ဖြစ်၏၊ သို့မို့ကြောင့် ဆရာ့ကွယ်ရာတွင် ဇော်ဇော်အား "မင်းအရမ်းတွေမလုပ်နဲ့နော်၊ ခြောက်ရုံ၊ လှန့်ရုံပဲလုပ်ပါ၊ တစ်ဆုံးတစ်နင့်တွေ မလုပ်မိစေနဲ့…" ဆိုသောစကားအား အခါခါ ပြောကြားမိလေရဲ့၊ ထိုမှသာမက "တစ်စုံတစ်ရာ ပြဿနာဖြစ်လာရင် ဖြေရှင်းရခက်မယ်၊ မတော်တဆ ခြေလွန်၊ လက်လွန်ဖြစ်သွားခဲ့ရင် ရာဇဝတ်ဘေး ပြေးမလွတ် ဆိုတဲ့စကားရှိတယ် ဇော်ဇော်၊ အဲဒါ – မင်းနားလည်ပါ" ဟုသာ ကိုယ့်လူကိုယ် ဘရိတ်အုပ်ရ၏၊

ဦးကျော်ခေါင်မှာမူ တွေးလေ၊ တွေးလေ အသည်းနာလေလေ ဖြစ်ရပြီး ဖောက်ပြန်ကြသူနှစ်ဦးအနက် မေလေးထက် အခြားတစ်ဖက်လူအပေါ်တွင် ပိုမိုမုန်းတီး၊ အပြစ်ဖို့နေတော့သည်၊ အမုန်း၏နောက်ဆက်တွဲကား အငြိုး အတေး၊ အာဃာတနှင့် ကလဲ့စားချေခြင်းတို့ပါ၊ ထို့ကြောင့် ဦးကျော်ခေါင်၏ အမုန်းတရားတို့မှာ တစ်နေ့တခြား ရှင်သန်ကြီးထွားလျက် အငြိုးကြီးစွာ ဖြစ်ရ၏၊ သို့မို့ကြောင့် ရဲနိုင် မသိအောင် တစ်ဖက်လှည့်ဖြင့် ဇော်ဇော်အား ချဉ်းကပ်ကာ တစ်ခါတည်း ဖောက်ပြန်သူ သကောင့်သားအား လက်စတုံးပေးပါရန် ပြောဆိုခဲ့လေသည်၊ ယင်းကိစ္စ အောင်မြင်ပါက ငါးမူးသားလက်စွပ်တစ်ကွင်းနှင့် ငွေငါးသိန်း ဆုချပါမည် ပြောဆို၍ စရံအဖြစ် လက်စွပ်အား ကြိုတင်ပေးထားလိုက်၏၊ ဇော်ဇော်မှာလည်း "စိတ်ချ – ဆရာကြီး၊ စိတ်တိုင်းကျဖြစ်စေရမည်" ဟူသောစကားဖြင့် တုံ့ပြန်လက်ခံခဲ့ပါသည်၊ ဤသို့ဖြင့်ဦးကျော်ခေါင်နှင့် ဇော်ဇော် ရဲနိုင်မသိအောင် တစ်နေရာတွင် တွေ့ဆုံ၍ ရက်တစ်ရက် သတ်မှတ်ပြီးအကောင်အထည်ဖော်၊ လှုပ်ရှားရန်စီစဉ်ကြလေ၏၊ အဆိုပါရက်တွင် ဦးကျော်ခေါင်မှာ မြို့မှအထွက်ပြ၍ အခြားမြို့သို့ ခရီးထွက်သွားနေမည်ဖြစ်သည်၊ နောက်တစ်နေ့ကျမှ ပြန်လာမည်ဟု နှစ်ဦးသဘောတူ လက်ဝါးရိုက်ထား၏၊ နောက်တစ်နေ့ နံနက်မှာ ခရီးထွက်ရာက ဦးကျော်ခေါင် ပြန်လည်ရောက်ရှိလာခဲ့သည်၊ မိုးမြင့်မေနှင့် သူ့ကြားတွင် အဟန့်အတားဖြစ်နေသော ကိစ္စတစ်ခု ရှင်းလင်းသွားတော့မည်ဖြစ်သဖြင့် ဦးကျော်ခေါင်မှာ ပျော်ရွှင်လန်းဆန်းတက်ကြွလျက် ရှိလေ၏၊





www.burmeseclassic.com

www.burmeseclassic.com

ယခင့် ယခင်ကာလများ၌ ခရီးမှ ပြန်လာခဲ့ပါလျှင် အိမ်ဝမှ ပြုံးပြုံးလေး ဆီးကြိုနေတတ်သူ မေလေးအား တွေ့ရသည်။ ယခုအခါ မေလေး၏အရိပ်အယောင်သော်မျှ မတွေ့ရလေသောအခါ စိတ်ထဲမှာ ထင့်သွားမိပြီး ခရီးဆောင်အိတ်ပင် မချနိုင်ပဲ အိမ်ဖော် မလုံးအား –

"ဟဲ့ – နင့်မမလေးရော" ဟု မေးရာတွင် –

"မနေ့က ဆရာကြီး သွားပြီးကတည်းက သူ့မိတ်ဆွေတစ်ယောက်အိမ်မှာ ဘုရားကိုးဆူဆွမ်းကပ်ရှိလို့ဆိုပြီး ထွက်သွားတာ အခုထိ ပြန်မလာသေးပါဘူး။ ဪ – ဒါနဲ့ – မမလေးက အပြင်ထွက်သွားပြီး လမ်းထိပ်ကျမှ မြို့သစ်အိမ်သော့ မေ့ကျန်လို့ဆိုပြီး ကျွန်မကို ယူခိုင်းလို့ အပေါ်ထပ်မှာ တက်ယူပေးလိုက်ရတယ်၊ သူကတော့ ဖုန်းဆက်ရင်း အောက်ထပ်က စောင့်နေတယ်"

ဆိုလေရဲ့၊ ကြားလိုက်ရသောစကားက ဦးကျော်ခေါင်အတွက် ခေါင်းမီးတောက်စေ၏။ မနေ့က တစ်နေ့လုံး၊ တစ်ညလုံး ပြန်မလာဆိုတော့ ဘာတွေများ ဖြစ်ကုန်ပြီလဲ၊ အခြေအနေ မဟန်ပုံပေါက်၍ တစ်ခါတည်းများ လစ်သွားကြပြီလားဆိုသော အတွေးတို့က သူ့အား ရင်ပူရင်ဆာ ဖြစ်စေတော့ပြီ။

ဖော်ဖော်အား စီစဉ်ခိုင်းထားသောကိစ္စ အောင်မြင်သည်၊ မအောင်မြင်သည် အပထား၊ လောလောဆယ်ဆယ်အားဖြင့် မေလေးကိုတွေ့ရန် သူ့အတွက် အရေးကြီးနေလေ၏။ ထို့ကြောင့် ရှေးဦးစွာ မြို့သစ်အိမ်မှာ သွားရှာကြည့်မည်၊ ပြီးမှ – ရဲနိုင်တို့အိမ်ဘက်မှာ အခြေအနေ မေးမြန်းကြည့်မည် ဆုံးဖြတ်၍ မြို့သစ်အိမ်ဘက်သို့ ခပ်သွက်သွက် ထွက်ခဲ့သည်။ အိမ်နှင့် နီးလာလေလေ ဦးကျော်ခေါင်မှာ ရင်ဖိုရလေလေ ဖြစ်၏။ အိမ်ဆီသို့ မလှမ်းမကမ်းမှပင် ကြိုတင်၍ကြည့်လေသောအခါ လှုပ်ရှားမှု စိုးစဉ်းမျှမရှိ၊ တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်။ အသာစေ့ထားသော ခြံတံခါးအား တွန်းဖွင့်လျက် အိမ်တံခါးမကြီးဆီသို့ဝင်ခဲ့ရာ အထဲမှ ချက်ထိုးထားခြင်းမရှိသဖြင့် တွန်းကာ လွယ်လင့်တကူဝင်ခဲ့သည်။ အပြေးကလေးနှင့်မိမိတို့လာရောက်တည်းခိုတွေ



တစ်ညလုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့
မှောင်မှောင်မည်းမည်းထဲမှာ တစ်ယောက်တည်း သွေးပျက်မတတ်
ခံစားခဲ့ရတာပါ။ ကိုကြီးကို မေလေး–တစ်ခုတောင်းဆိုပါရစေ။
မေလေးရဲ့ လှုပ်ရှားနေတဲ့စိတ်တွေ တည်ငြိမ်သွားအောင်
တစ်လလောက် သီလရှင် ဝတ်ခွင့်ပြုပါ။



ရှိသောအိပ်ခန်းအား ဆွဲဖွင့်လိုက်သောအခါတွင်မူ သူ လုံးဝမမျှော်လင့်မထားလေသောမြင်ကွင်းအား တွေ့မြင်လိုက်ရ၏။ သူ၏ချစ်ဇနီး မေလေးအား ကုလားထိုင်ပေါ်တွင် ပုံပျက်၊ ပန်းပျက် အနေအထားနှင့် တွေ့ရလေသည်။ မေလေးကား သူ ခရီးမထွက်ခွာခင် တွေ့ခဲ့ရသော ပုံစံမျိုး မဟုတ်တော့ပါ။ သူမ၏ခေါင်းမှ တစ်အုံတစ်စ မရှိလှသော ဆံကေသာတို့အစား ကတုံးပြောင်ပြောင်နှင့် ဖြစ်နေပြီး ခြေနှစ်ဖက်၊ လက်နှစ်ဖက်ကိုလည်း ကြိုးတို့ဖြင့် တုပ်နှောင်ခံထားရသည်။ အသံထွက် အော်ဟစ်နိုင်ခြင်း မပြုနိုင်အောင် တိပ်များဖြင့် ပါးစပ်တွင် အထပ်ထပ် ကပ်ထားသည်ကိုလည်း တွေ့ရလေ၏။

www.burmeseclassic.com

သူ့အား ပြူးကြောင်သောမျက်လုံးအစုံဖြင့် လှမ်းလင့်ကြည့်နေသော ဖနီးအား ကြိုးများ လျှင်လျှင်မြန်မြန် ကြိုးဖြေ၍ ပါးစပ်မှ တိပ်တို့အား ခွာပေးလိုက်သောအခါတွင်မူ သူမ ဝမ်းနည်းပမ်းနည်းရှိုက်ကြီးတငင် ငိုကြွေးလျက် သူ၏ ရင်ခွင်ထဲသို့ လဲကျမေ့မျောသွားတော့သည်။ "ဘာတွေများ ဖြစ်ကုန်ပါလိမ့်"။ တစ်နေရာရာမှာ တစ်စုံတစ်ရာတစ်ခုခု မှားယွင်းနေသည်မှာတော့ အမှန်ပဲဆိုသောအတွေးတို့ တွေးလိုက်မိ၏။ အစီအစဉ် ဆွဲထားစဉ်က မေလေး၏အခန်းကဏ္ဍ လုံးဝမပါဝင်ခဲ့၍ ယခုလို ပုံပျက် ပန်းပျက်အနေအထားက တွေးရခက်ကြီး ဖြစ်နေတော့သည်၊ သို့သော်လည်း ထိုအတွေးတို့အား ကြာရှည်မတွေးတော့ဘဲ မျက်နှာသုတ်ပုဝါအား ရေဆွတ်၍ မေလေး၏ မျက်နှာနှင့် လည်တိုင်တို့အား ပွတ်သပ်လျက် နှုတ်မှ "မေလေး – မေလေး" နှင့် တတွတ်တွတ် အသံပြုကာ သတိရအောင် ပြုစုရပြန်၏။ ခဏအကြာမှာဖြင့် "အင့်" ခနဲ အသံပြုကာ မေလေး သတိရလာလေသည်၊ ဦးကျော်ခေါင်၏ မျက်နှာကိုမော့ကြည့်ရင်း သူမ၏မျက်လုံးအိမ်မှ မျက်ရည်တို့ စီးကျလျက် ရှိုက်ကာ ငင်ကာ သည်းသည်းသန်သန် ငိုပြန်တော့၏။

"ကဲ – ကဲ – မငိုနဲ့၊ ဘာတွေဖြစ်တာလဲ၊ ကိုကြီးကို ပြောပြဦးလေ၊ အိုရှုပ်ပါတယ်ကွာ၊ ကိုကြီးမေးတာသာ ဖြေပါ၊ မေလေး – ဒီအိမ်ကို ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"မနေ့က ညနေစောင်းကတည်းကပါ"

"ဩော် – ဒါဆိုရင် တစ်ညလုံး ဒီမှာ ရှိနေခဲ့တယ်ပေါ့"

ယင်းအမေးအား မိုးမြင့်မေ နှုတ်ဖြင့် မဖြေဘဲ ခေါင်းညိတ်ပြလိုက်သည်။

"မေလေးကို ဒီလိုလုပ်သွားတာ – ဘယ်သူတွေလဲ"

"ဘယ်သူမှန်း မသိပါဘူး၊ အဲဒီလူက မျက်လုံးလေးတင် ဖော်ထားတာလေ…"

"မေလေးကို နှိပ်စက်အနိုင်ကျင့်သွားသလား၊ စော်ကားသွားသလား"

ဟူသောအမေးကို ဦးကျော်ခေါင် လျှာခလုတ်တိုက်မတတ် မေးလိုက်သည်။



"ဟင့်အင်း – အဲဒီလိုတော့ မလုပ်ပါဘူး၊ ရှိသမျှလက်ဝတ်လက်စားတွေ ချွတ်ခိုင်းတယ်၊ ပြီးတော့ – မေလေးရဲ့ဆံပင်တွေဖြတ်ပြီး ခေါင်းတုံးရိတ်သွားတာပဲ"

ဟု မေလေး၏အဖြေစကားအား ကြားရသော ဦးကျော်ခေါင်မှာ ရှုးရှူးရှားရှားနှင့် ဒေါသထွက်ပြီး –

"တောက် – လူပါးဝလို့ကွာ၊ ငါ့မိန်းမကို ဒီလိုအနိုင်ကျင့်ရဲတယ်၊ ရဲတိုင်ရင် သင်းတို့ဘယ်ပြေးလွတ်ပါ့မလဲ" ဟူသော အပြောတွင် မိုးမြင့်မေ တစ်ယောက် ရှာပျာသလဲနှင့် –

"ဟင့်အင်း – ဟင့်အင်း – ရဲကိုမတိုင်ပါနဲ့၊ နောက်ပြီး – မေလေး – ဒီအိမ်ကို ဘာဖြစ်လို့ ရောက်နေသလဲဆိုတဲ့ မေးခွန်းကိုလည်း မမေးပါနဲ့၊ ဒီ့အတွက် မကျေနပ်လို့ – ကိုကြီး – မေလေးကို သတ်ပစ်မယ်ဆိုရင်တောင် မေလေး အသေခံပါ့မယ်၊ မဖြေပါရစေနဲ့၊ မေလေး – အမှန်တကယ် မိုက်မိပါတယ်၊ ဒီအတွက်လည်း လက်ငင်းဝဲကြီးပြီး တစ်ညလုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ မှောင်မှောင်မည်းမည်းထဲမှာ တစ်ယောက်တည်း သွေးပျက်မတတ် ခံစားခဲ့ရတာပါ၊ ကိုကြီးကို မေလေး – တစ်ခုတောင်းဆိုပါရစေ၊ မေလေးရဲ့လှုပ်ရှားနေတဲ့စိတ်တွေ တည်ငြိမ်သွားအောင် တစ်လလောက် သီလရှင် ဝတ်ခွင့်ပြုပါ၊ အခုလို – ခေါင်းတုံးပုံစံကြီးနဲ့လည်း လမ်းထဲကိုပြန်မဝင်ပါရစေနဲ့၊ ဒီကနေပြီး – သီလရှင်ကျောင်းကို ကိုကြီးကိုယ်တိုင် လိုက်ပို့ပေးပါနော်၊

မေလေး တစ်ညလုံး စဉ်းစားပြီးမှ အခုလို တောင်းဆိုတာပါ၊ ဒါကိုမှ ကိုကြီး မလိုက်လျောနိုင်ဘူးဆိုရင် မေလေးရဲ့စိတ်ကို မေလေး မထိန်းနိုင်ဘူး၊ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်ပဲ ပေါက်နေတယ်၊ မေလေးကို သနားသောအားဖြင့် ခွင့်ပြုပါ – ကိုကြီးနော် – နော်"

ဟူသော အပြောတွင် ဦးကျော်ခေါင်အဖို့ ခေါင်းညိတ်ရုံမျှတစ်ပါး အခြားမရှိတော့ပေ၊ ဦးကျော်ခေါင်၏စိတ်တွင်းမှာဖြင့် ကြိုတင်တွက်ဆထားသည်ထက်ခြား၊ ဖြစ်လာသည်က တစ်မျိုးနှင့် တွေးရခက်ကြီး ဖြစ်နေတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

ဇော်ဇော်၏အစီအစဉ် ပီပြင်ရဲ့လား ဆိုသောအတွေးစိတ်က ရင်ဝယ်ငြိနေသော်လည်း ယင်းကိစ္စကိုကြာရှည်မစဉ်းစားနိုင်ဘဲ သီလရှင်ကျောင်းမပို့လျှင် ကိုယ့်ကိုယ်ကိုယ် သတ်သေချင်သည့်ကိစ္စက အရေးကြီးနေတော့ပြီ။ နောက်ဆုံးမှာဖြင့် ကောင်းရာ၊ မွန်ရာနေရာမှာ ခေတ္တနားခိုမည့်သဘောမို့ ကျေနပ်စွာ လိုက်လျော၍ သီလရှင်ကျောင်းသို့ လိုက်ပို့ရတော့၏။ ကျောင်းရောက်သည်နှင့် အိမ်မှတစ်ခါတည်း ခေါင်းတုံးလာခဲ့ပြီး ဝတ္ထုငွေ လှူဒါန်းလျက် သင့်တော်မည့်ဝတ်စုံ ချီးမြှင့်ပါရန် ဆရာကြီး၊ ဆရာလေးတို့ထံ လျှောက်ထားလိုက်ပါသည်။ မိုးမြင့်မေ၏ သီလရှင်ဝတ်ခြင်းအကြောင်းတရား ပြီးချိန်မှာဖြင့် မိုးချုပ်စ.ပင် ပြုနေပြီဖြစ်သည်။ ဦးကျော်ခေါင်မှာ တစ်နေကုန် စိတ်ပင်ပန်း လူပင်ပန်းမို့ အိမ်ပြန်ရေချိုး၍ အတန်အသင့် လန်းဆန်းသွားပါမှ ရဲနိုင်တို့ အိမ်ဘက်သို့ အပြေးကလေး ထွက်ခဲ့လေ၏။

အိမ်ဝမှအဝင် ရဲနိုင်ကိုမြင်ကတည်းက "ဇော်ဇော်" ရောဆိုသောအမေးကို ဦးကျော်ခေါင် တန်းမေးလိုက်လေရဲ့၊ ရဲနိုင်မှ -

"ဆရာလာပါ - ထိုင်ပါ။ ကျွန်တော် အေးအေးဆေးဆေး ပြောပြပါ့မယ်" ဆိုလေပြီး -

"ဇော်ဇော် - ကျွန်တော့်ဆီမှာ မရှိတော့ပါဘူး - ဆရာ၊ ဆရာ့အတွက် စာတစ်စောင်နဲ့ ဒီပစ္စည်းတွေကို ထားခဲ့ပြီး အိမ်က ထွက်သွားတာ၊ ကျွန်တော်တောင် မသိလိုက်ပါဘူး။ မနက်မိုးလင်းလို့ အိပ်ရာက မထပါလားဆိုပြီး သွားကြည့်မှ သူ့ခေါင်းအုံးပေါ်မှာ ဒီစာနဲ့ ပစ္စည်းထုပ်ကို တွေ့ခဲ့တာပါ"

ဟု ရှင်းပြပါသည်။ ဦးကျော်ခေါင်မှာ ပစ္စည်းထုပ်အား ဖွင့်ကြည့်လိုက်သောအခါ မေလေး၏ လက်ဝတ်လက်စားတို့ ဖြစ်နေသည်ကို တွေ့ရ၏။ မိမိနိုင်းသည်က တခြား၊ လုပ်တာတွေက တစ်လွဲမို့ ဇော်ဇော်အား မကျေနပ်နိုင်သော ဒေါသစိတ်တို့ ဆူဝေကာ စိတ်လှုပ်ရှားမှုကြီးစွာဖြစ်ရပြီး တုန်ယင်သော လက်များနှင့် စာအား ဖွင့်ဖတ်လိုက်သောအခါ ...။

= ❖ =



သို့/

ဆရာကြီး ခင်ဗျား ...

ကျွန်တော် ဇော်ဇော် ... စာရေး သိစေခဲ့ပါသည်။ အနုအချိန်ဆိုရင် ... အကြောင်းစုံသိပြီး အစီအစဉ်တွေ လွဲချော်ရကောင်းလားဆိုပြီး ကျွန်တော့် အပေါ်မုန်းတီးဒေါသတွေနဲ့ သစ္စာဖောက်သွားတယ်လို့ ထင်ချင်ထင်မိမှာပါ။ ဒီစာကို ဆုံးခန်းတိုင် ဖတ်ကြည့်ပြီးရင်တော့ လိပ်ပတ်လည်သွားပါလိမ့်မယ်။ မှုရင်းအစတုန်းကတော့ ဖောက်ပြန်တဲ့ကောင်ကို ဆုံးမပညာပေးဖို့ ကျွန်တော် ရည်ရွယ်ထားခဲ့တာပါ။ ဒါပေမဲ့ - မြို့သစ်အိမ်မှာ ဖောက်ပြန်သူ၊ ဘယ်သူဘယ်ဝါဆိုတာ အတိအကျသိရဖို့ သွားစောင့်ကြည့်ပြီးချိန်မှာ ကျွန်တော့်ရဲ့ရည်ရွယ်ချက်၊ ဦးတည်ချက်တွေ ပြောင်းလဲသွားခဲ့ပါတယ်။ အဲဒီနေ့က အိမ်ထဲကို ကြိုတင်ရောက်နှင့်ပြီးနေတဲ့ ကျွန်တော်က သူတို့ရဲ့အပြောအဆိုနဲ့ လှုပ်ရှားမှုအားလုံးကို အစအဆုံး အကုန်လုံး ကြားနေရသလို၊ မြင်တွေ့လည်း နေရပါတယ်။ ကနဦးတုန်းကတော့ သူများမယားကို ကြာခိုတဲ့ကောင်ကို သင်ခန်းစာပေးချင်တဲ့စိတ်က ကျွန်တော့်မှာ အပြည့်အဝပါပဲ။ တကယ်တော့ ဒီလူဟာ တစ်ခါမှားမိပြီး သူ့အမှားကို သိသိကြီးနဲ့ စိတ်လက်မသက်မသာ မှားနေရသူဖြစ်ပါတယ်။ သူက ဆရာကြီးအပေါ်မှာ စော်ကားနေသလိုဖြစ်လို့ လိပ်ပြာမလုံသလိုဖြစ်ရကြောင်းနဲ့ အခြားမြို့ကို ပြောင်းရွှေ့ဖို့ အထက်ကို စာတင်ထားပြီး ဖြစ်ပျက်ခဲ့သမျှကိစ္စတွေကိုလည်း အဆုံးသတ်ကြပါစို့လို့ ဒီလူက ပြောပါတယ်။ အဲဒီမှာ ခက်တာက ဆရာကတော်ပဲ။ ဆရာကြီးကိုအရေးစိုက်ဖို့မလိုကြောင်းနဲ့ တကယ်လို့ ပြောင်းရွှေ့သွားမယ်ဆိုရင် သူမကိုပါ ခေါ်သွားဖို့ အကြောင်း ပြောပါတယ်။ ကျွန်တော်ဖြင့် နားထောင်နေရတာ အူယားလိုက်တာ၊ ဆရာကြီးကိုတော့ အားနာပါတယ်၊ သူတို့နှစ်ယောက်ရဲ့အပြောအဆိုနဲ့ လှုပ်ရှားမှုတွေမှာ တစ်ဖက်လူကတော်တော်၊ ဆရာကတော်ကခပ်ကဲကဲဖြစ်နေတာကို ကျွန်တော်တွေ့ရတဲ့အခါ ဒီလူထက် ဆရာကတော်ကို မုန်းပြီး သူ့ကိုပဲ သင်ခန်းစာပေးမယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တာပါ။

www.burmeseclassic.com

ဆရာကြီး ရန်ကုန်ကို သွားတဲ့နေ့မှာ သူတို့ ကျိန်းသေတွေ့ကြလိမ့်မယ် ဆိုတာ ကျွန်တော်သိလို့ မြို့သစ်ခြံနဲ့ မနီးမဝေးကနေ စောင့်ကြည့်ခဲ့တယ်။ ထင်တဲ့အတိုင်းပါပဲ။ ဆရာကတော်က စောစောရောက်နှင့်ပြီး အိမ်ထဲ ဝင် သွားပါတယ်။ ညီအစ်ကိုမသိတသိအချိန်လည်းကျရော ဘသားချောကကုတ် ချောင်းချောင်းနဲ့ လာလေရဲ့။ ဒါနဲ့ – ကျွန်တော်လည်း အိမ်အဝင် လမ်းချိုးတွေ့ လေးကနေစောင့်ပြီး နောက်ကနေ သူ့ဂျာကင်ကော်လံကို ဆွဲရင်း ဓားနဲ့ ထောက်လိုက်တယ်။ အသက်မသေချင်ရင် တိတ်တိတ်ဆိတ်ဆိတ် လိုက်ခဲ့ ပေါ့။ ယက်ကန်ယက်ကန်နဲ့ ပါလာတယ်။ လမ်းထိပ်ရောက်နံ့ဘေးက ထိုင်ခုံ မှာ သူ့ကို ထိုင်ခိုင်းတဲ့အခါ "အသက်ကို ချမ်းသာပေးပါ – ဘာလိုချင်လို့လဲ" သူမှာပါတဲ့နာရီ၊ လက်စွပ်၊ ဖုန်းနဲ့ ငွေပါ ပေးပါ့မယ်တဲ့။ ဒီတော့မှ ကျွန်တော် က ဘာမှမလိုချင်ဘူး။ ဒီမိန်းမနဲ့ အဆက်အသွယ်ဖြတ်၊ မဖြတ်ရင်တော့ နောက်တစ်ခါ အရှင်မထားဘူး။ ဒါ့အပြင် မင်းတို့ရုံးကိုလည်း မင်း မြို့သစ် အိမ်မှာ ဖောက်ပြန်နေတဲ့ပုံတွေ ပို့လိုက်မယ်လို့ ခြိမ်းခြောက်လိုက်တယ်။ သူ တော်တော်တုန်လှုပ်သွားတယ်။ အဲသလို မလုပ်ပါနဲ့ဆိုပြီး အဆက်ဖြတ် မယ့်အကြောင်း ကတိပေးပါတယ်။ ကျွန်တော် သူ့ကို ခြောက်လှန့်လိုက်တာ ပါ။ ကျွန်တော့်မှာ ဘာဓာတ်ပုံမှ မရှိပါဘူး။ ဒါပေမဲ့ – ဘယ်နေ့ ဘယ်ရက်၊ ဘယ်အဝတ်အစား၊ ဘယ်အချိန်ဆိုတာတွေ ကျွန်တော်က တိတိကျကျ ပြောနိုင်တော့ သူ ယုံတာပေါ့။

ဒါပေမဲ့ – သူ ဖြုံအောင်၊ သွားအောင်လို့တော့ နစ်ချက်၊ သုံးချက်လောက် လဲနေတုန်း နဖူးကို ဓားနောင့်နဲ့ ထုလိုက်တယ်။ မှန်ကြည့်တိုင်း သင်ခန်းစာ ရအောင်လို့ပါ။ နေ့လည်း တစ်ခါတည်း သုတ်လိုက်တာ နောက်ကြောင်းတောင် လှည့်မကြည့်ရဲပါဘူးလေ။ ဒီလူပြန်သွားတာ သေချာပြီလည်းဆိုရော ကျွန် တော်လည်း ဆရာကြီးတို့အိမ်ဘက်ကို ဆက်သွားခဲ့ပါတယ်။ ဆရာကြီး ပေးထားတဲ့သော့နဲ့ဖွင့်ပြီး ဝင်လိုက်တယ်။ ဆရာကတော်က မီးရောင်မှိန်မှိန် အောက်မှာ "စောင့်နေတာကြာလှပြီ။ အခုမှ လာရသလား" လို့အပြစ်တင်ရင်း



ကျွန်တော့်ကို ဆီးဖက်လေရဲ့။ ကျွန်တော့်ကို သူ့အကောင်မှတ်ပြီးတော့ပေါ့။ ကျွန်တော်လည်း သူ့ကို ဓားနဲ့ထောက်ပြီး အော်ရင် သေမယ့်ကြဲဆိုပြီး လတ် ဝတ်လက်စားတွေ အကုန်ချွတ်ခိုင်းလိုက်တယ်။ ကြောက်ကြောက်လန့်လန့် နဲ့ အသက်ကို ချမ်းသာပေးပါ။ ကြိုက်တာ အကုန်ယူပါပေါ့။ အရင်ဆုံး သူ့ ပါးစပ်ကို လက်ကိုင်ပုဝါဆို့ပြီး တိပ်နဲ့ ပိတ်၊ ခြေတွေ လက်တွေကို ကုလား ထိုင်မှာ ပူးပြီး ကြိုးနဲ့ တုပ်လိုက်တယ်။ ပြီးတော့မှ ကျွန်တော့်မှာ အသင့်ပါ လာတဲ့ကတ်ကြေးနဲ့ ဆရာကတော်ရဲ့ဆံပင်တွေကို ဖြတ်ပါတယ်။ သူ့ခမျာ အော်မရ၊ ရုန်းမရဆိုတော့ ဒီအတိုင်း ငြိမ်ခံနေရတာပေါ့လေ။ သူ့ဆံပင်တွေ နှမြောလို့နေမှာပေါ့။ မျက်ရည်ပေါက်ကြီးတွေ ကျလာလိုက်တာ အတော မသတ်ပဲ။ ဒါ့အပြင် အစ်ကိုလေးဆိုင်က အသင့်ယူလာတဲ့ သင်တုန်းဓားနဲ့ မညီမညာ အထစ်အရစ်ဖြစ်နေတဲ့ ဆံတိုစတွေကိုပါ ကျွန်တော် ရိတ်ပစ် လိုက်တယ်။

အဲဒီလိုရိတ်ပေးနေရင်းက ဟိုး – အရင့်အရင်ခေတ်တွေတုန်းက ဆိုရင် လင်ဖယာက်ျားရှိပါရက်ကယ်နဲ့ ဒီလိုဖောက်လွဲဖောက်ပြန်လုပ်တဲ့မိန်းမတွေ ကို ခေါင်းတုံးလေးကွက်ကြားရိတ်ပြီး လမ်းဆုံလမ်းခွမှာ လူအများမြင်အောင် ပြီး အပြစ်ဒဏ်ပေးလေ့ရှိတယ်လို့ ကျုပ်ကြားဖူးတယ်။ တကယ်ဆိုရင် ခင်ဗျားကိုလည်း အဲဒီလိုလုပ်ဖို့ ကောင်းတယ်လို့ ကျွန်တော် ပြောမိပါသေး တယ်၊ ဆရာကြီးနဲ့ကျွန်တော် ထားခဲ့တဲ့ကတိစကားတွေ ပျက်ခဲ့တာအတွက် ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော်ဟာ မူးယစ်သောက်စားပြီး ရန်ပွဲ တွေကို ဒေါသအလျောက် အခါခါနွှဲခဲ့ဖူးပါတယ်။ ဒေါသအလျောက် သွေးဆူ နေချိန်မှာ အဆင်ခြင်ကင်းပြီး စိတ်နောက်လက်ပါ ဖြစ်ခဲ့ရတာပါ။ အခုလို သွေး အေးအေးနဲ့ လူတစ်ဖက်သားကိုတော့ သတ်လည်း မသတ်ချင်သလို၊ သတ် လည်း မသတ်ရက်ပါဘူး။ ဒါ့အပြင် ကျွန်တော့်အတွက် စိုးရိမ်ပူပန်နေတဲ့ အစ်ကိုလေးရဲနိုင်ကို ငဲ့တာလည်းပါသလို စိတ်လိုက် မာန်ပါ စီစဉ်ခဲ့တဲ့ ဆရာ ကြီးအတွက်လည်း ထည့်စဉ်းစားမိလို့ပါ။ မကောင်းမှုဟူသည် ဆိုတဲ့ကွယ်



www.burmeseclassic.com

www.burmeseclassic.com

ရာမရှိဆိုတဲ့စကားအတိုင်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီကိစ္စများ အကောင် အထည် ပေါ်သွားခဲ့ရင် မီးခိုးကြွက်လျှောက်လိုက်ရင်းနဲ့ ဆရာကြီးဆီ အမှု ပြန်ပြီး ပတ်လာမှာကိုလည်း ကျွန်တော် မလိုလားပါဘူး။

တကယ်လို့ဒီကိစ္စကိုကျွန်တော်သာ လက်မခံခဲ့ရင်အခြားတစ်ယောက် ကို ကမ်းလှမ်းခဲ့ပြီး ဆိုးဆိုးဝါးဝါးတွေ ဖြစ်ကုန်မှာလည်း စိုးလို့ပေါ့၊ ကတိ မတည်သူအဖြစ်နဲ့ ဆရာကြီး၊ ကျွန်တော့်ကိုမုန်းချင်လည်းမုန်းပါ၊ ကျွန်တော် ဉာဏ်မီသလောက်နဲ့ အားလုံးကောင်းအောင် စီစဉ်ခဲ့တယ်လို့ပဲ ကျွန်တော့် စိတ်ထဲမှာ ထားပါတယ်၊ ကဲ - တလည်း တော်တော်ရှည်သွားပါပြီ၊ ဆရာ ကတော်ဆီက ကျွန်တော်ယူခဲ့တဲ့ လက်ဝတ်လက်စားတွေနဲ့အတူ ဆရာကြီး ကျွန်တော့်ကို ပေးထားခဲ့တဲ့ လက်စွပ်ကိုလည်း ပြန်ပေးခဲ့ပါတယ်၊ ဆရာ ကတော်ရဲ့ဆံပင်တွေကိုတော့ အကျိုးဆောင်ခအဖြစ် ကျွန်တော် ယူသွားပါ တယ်၊ ကုန်ကျမယ့် လမ်းစရိတ်အတွက် ဒီဆံပင်တွေရောင်းပြီးသုံးရင် ကျွန် တော့်အတွက်လုံလောက်မှာပါ၊အစ်ကိုလေးရဲ့နိုင်ကိုလည်းတစ်ခုပြောပေးပါ လောလောဆယ် ကျွန်တော့်သူငယ်ချင်းရှိတဲ့ရွာမှာ ခွေသွားနေပါဦးမယ် အဖေနဲ့အမေတို့ကိုတော့အစ်ကိုလေးဆီမှာပဲကျွန်တော်ရှိနေသေးတဲ့အကြောင်း ပြောထားပေးပါလို့၊ ပြဿနာအားလုံး ပြေလည်အေးဆေးချိန်ကျမှပဲပြန်လာ ခဲ့ပါ့မယ်၊

ရိုသေစွာဖြင့်

ဇော်ဇော်

ဦးကျော်ခေါင်မှာ အစဦးတွင် မိမိနိုင်းသည်က တခြား၊ လုပ်ဆောင်သွား တာ တစ်လွဲပေမို့ ဇော်ဇော်အပေါ်စိတ်အစာမကြေဖြစ်မိသော်လည်း စာ ၍ ပြီးဆုံးသွားသောအခါတွင်မူ အသိတရားတစ်ခု ဝင်လာခဲ့လေ၏၊ ယ မှာ အခြားမဟုတ်၊ မိမိသည် ဘွဲ့ရပညာတတ်တစ်ဦးဖြစ်ပြီး အသက်အ လည်း ဇော်ဇော်ထက် အများကြီး ကြီးသော်လည်း တပ်မက်စွဲလန်း



တဏှာ၏နိုင်းစေမှုကြောင့် မိုက်မိုက်မဲမဲအမှုကို ပြုရန်ကြံစည်အားထုတ်ခဲ့ သည်၊ မှုးငယ်ပေအသိဉာဏ်မရှိလေတန်ဘူးထင်ရသော ဇော်ဇော်ကားအမှန် ကို ရှုမြင်သုံးသပ်၍ ရှဉ့်လည်း လျှောက်သာ၊ ပျားလည်း စွဲသာထုံးကို နှလုံးမူ ကာ လုပ်ဆောင်သွားနိုင်သည်ကို သိခဲ့၏၊ အမှောင်တကာ့ အမှောင်တွင် ကိလေသာအမိုက်မှောင်ကား အနက်ရှိုင်းဆုံးဟူသောအကြောင်းပင် ဖြစ် သည်၊

တစ်မိုးသောက်၊ တစ်နေ့ဝင်ဖြင့် အချိန်ကာလတို့ ရွေ့ပြောင်းကာ မိုးမြင့် မေ - သီလရှင် ဝတ်ခဲ့သည်မှာ အချိန်တစ်လပြည့်မြောက်ခဲ့ပါပြီ၊ သူမနှင့် ဖောက်ပြန်သူမှာလည်း အခြားပြည်နယ်တစ်ခုသို့ အမြဲထာဝရသင်ခန်းစာ အဖြစ် အမှတ်တရရှိနေမည့် နဖူးရှိအမာရွတ်ကလေးတစ်ခုနှင့်အတူ ပြောင်း ရွှေ့သွားခဲ့လေ၏၊ သူ့အပြစ်နှင့်သူပေမို့ မည်သူ့ကိုမျှ မတိုင်တန်း၊ မပြောဆို ဘဲ ရေငုံနှုတ်ပိတ်နေသွားခဲ့ပါသည်၊ ဦးကျော်ခေါင်လည်း လူထွက်လာသော မိုးမြင့်မေအား၊ သီလရှင်ကျောင်းတွင် လာရောက်ကြိုဆိုခဲ့လေ၏၊ နှစ်ဦးသား အိမ်ပြန်ရောက်သည်နှင့် ဖနီးသည်မှ သူ၏လက်ကိုဆွဲကာ ဘုရားခန်းရှိရာသို့ ခေါ်ဆောင်ခဲ့ပါသည်၊ ဘုရားခန်းဝယ် ဦးကျော်ခေါင်အား ထိုင်စေပြီးနောက် သူမမှ ရှိခိုးဦးချပြီး စကား စ,လေ၏၊

"ကိုကြီး - မေလေး - ကိုကြီးအပေါ်မှာ သစ္စာဖောက်မိပါတယ်၊ ဒီအတွက် ကိုကြီး ကြိုက်တဲ့အပြစ်ကို.ပေးပါ၊ မေလေး - ကျေကျေနပ်နပ် ခံယူပါ့မယ်၊ ရှင့်လွှတ်ပါလို့ မတောင်းဆိုချင်ပါဘူး၊ ကိုကြီး ကြိုက်သလို ဆုံးဖြတ်ပါ" ဆို လေရဲ့...၊

ဦးကျော်ခေါင်မှ မေလေး၏ပခုံးနှစ်ဖက်အား ကိုင်တွယ်ရင်း -

"မလိမ္မာ တစ်ခါမိုက် ဆိုတဲ့စကား ရှိပါတယ်၊ မေလေးကို ကိုကြီးက အပြစ်မမြင်နိုင်သလို မုန်းလည်း မမုန်းနိုင်ပါဘူးကွယ်၊ ကိုကြီးလည်း မှားခဲ့ သပ်ခဲ့တာပဲ၊ ဇနီးမယားငယ်ငယ်ကလေးယူပြီး ငွေနောက်လိုက်ရင်းနဲ့ မေလေးကို လျစ်လျူရှုသလို ဖြစ်ခဲ့တယ်၊ အဲဒီလိုဖြစ်ခဲ့တာဟာ မေလေးကို



www.burmeseclassic.com

www.burmeseclassic.com

အမှားတွေ ကျူးလွန်ဖို့အခွင့်အရေး ပေးခဲ့သလို ဖြစ်ခဲ့တာပဲ။ ကိုကြီး လစ်ဟာနေချိန်မှာ နီးစပ်ရာနဲ့ လက်ပွန်းတတီးနေထိုင်ရင်း မဖြစ်သင့်၊ မဖြစ်ထိုက်တာတွေဖြစ်စေခဲ့တာပါ။ ပြောရမယ်ဆိုရင် မေလေးလည်းမှားတယ်၊ ကိုကြီးလည်းမှားတယ်၊ အတူတူပါပဲကွယ် ...”

ဟု ပြောလိုက်၏။ ထိုစကားကို ကြားရသော မိုးမြင့်မေမှာ သဘောထားကြီးနိုင်လွန်းသော၊ မိမိကို အချစ်ကြီးချစ်ခဲ့သော လင်ယောကျ်ားအပေါ် မထောက်မထားဖောက်ပြားခဲ့မိသော အမှုအတွက် နောင်တတရားတို့နှင့် အတူကြီးစွာသော စိတ်မကောင်းခြင်း ဖြစ်ရလေတော့သည်။ ရင်တွင်းခံစားမှုများကြောင့် သူမ၏မျက်လုံးအိမ်မှ ဝမ်းနည်းကြေကွဲစွာ မျက်ရည်ပူများ လိမ့်ဆင်းလာကုန်၏။

ထိုသောအခါ ခင်ပွန်းဖြစ်သူမှာ သူ၏ရင်ခွင်အတွင်း ဆွဲသွင်းကာ သူမ၏ မျက်ရည်တို့အား တယုတယသုတ်ပေးလေသည်။ မိုးမြင့်မေသည် ဦးကျော်ခေါင်၏မျက်နှာအား မော့ကြည့်ရင်းမှ –

“မေလေး – အမှန်ကိုပြောရရင် သီလရှင်ဝတ်တဲ့တစ်လအတွင်းမှာ တရားသဘောကို အတန်အသင့် နားလည်ခဲ့သလို၊ အခိုက်အတန့်လည်း ငြိမ်းချမ်းမှု ရခဲ့ပါတယ်။ တစ်လပြည့်ခါနီးလေ လူမထွက်ချင်လေ ဖြစ်ခဲ့မိပါတယ်။ ဒါပေမဲ့ – မေလေးမှာ အစ်ကိုကြီးအပေါ် ဖောက်ပြန်ခဲ့တဲ့အပြစ်တွေရှိတယ်။ အဲဒီအပြစ်တွေကို ကိုကြီးတစ်သက်၊ မေလေးတစ်သက် ပြုစုလုပ်ကျွေးပြီး ပြန်ဆပ်ရမယ်ဆိုတဲ့ အသိစိတ်နဲ့ လူပြန်ထွက်ခဲ့တာပါ။ ဒါတို့ ကိုကြီးရှေ့မှာတင် ဘုရားမှာ သစ္စာဆို၊ တိုင်တည်ပြချင်လို့ ဘုရားခန်းကို ခေါ်ခဲ့တာပါ” ပြောလိုက်ပါသည်။

ယင်းစကားအား ကြားရလေသော ဦးကျော်ခေါင်မှာ ကျေနပ်ပီတိများ အားကြီးစွာဖြစ်လျက် –

“အို – သစ္စာတွေ၊ ဘာတွေ ဆိုနေဖို့မလိုပါဘူး – မေလေးရယ်၊ အမှားတို့ အမှားမှန်းသိလို့ ပြုပြင်လာတဲ့နေ့ဟာ အမှန်ကိုမြင်လာတဲ့နေ့ပဲ။ ရှေ့လျှောက်ပြီး ကိုကြီးတို့လင်မယားနှစ်ယောက်လုံး အမှားကင်းကင်း နေထိုင်သွားကြတာပေါ့ ...”

ဟူသောစကားတို့အား ဝမ်းသာကြည်နူးစွာ ပြန်လည်ပြောဆိုလေ၏။ သူ၏စိတ်တွင်းမှာမူ –

“မေလေးရေ – ကိုကြီးလည်း မကြံကောင်း၊ မစည်အပ်တွေ ကြံစည်ပြီး အမှားကြီး မှားတော့မလို့၊ ကံသီပေလို့သာပဲ၊ တကယ်လို့များ ဒီကိစ္စမှာ ဖော်ဖော်သာအစီအစဉ်မပြောင်းခဲ့ပါရင် ...” ဟူသောအတွေးကိုတွေး၍ ကျေးဇူးရှင်ကလေးအား စိတ်တွင်းမှ သတိရ တမ်းတနေမိပါတော့သည်။

➜ စိမ်းရည်မြသွေး





www.burmeseclassic.com

www.burmeseclassic.com




မဟာနွယ်တစ်ယောက်

ကိုယ့်ကိုယ်ကိုယ် သတ်သေမှုကို အမှန်တကယ်

ဖော်ထုတ်လိုက်သောအခါ ..

**တာစ်ဖေ့သဘြ** ကုန်းတော်ကြီးလမ်း (ယခုကုန်းရွာကျေးရွာ)ရှိ မဟာနွယ်ခြံကြီး၏ပိုင်ရှင်မဟာနွယ်ဦးတင်ဆိုသူသူ့ကိုယ်သူသတ်ဖသေသော လူသေမှုတစ်ခုဖြစ်ကြောင်း၊ ကူမဲဘူတာကင်းဂါတ်မှ ကျွန်ုပ်တို့ကွမ်းတောင်ဂါတ်သို့ အကြောင်းကြားသဖြင့် ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနေမင်းခေါင်တို့သည်ကွမ်းတောင်ကုန်းဂါတ်ပိုင်အော်စတင်ကားနက်ကလေးဖြင့် ကုန်းတော်ကြီးလမ်း (ယခုကုန်းရွာကျေးရွာ)သို့ ထွက်ခဲ့ကြလေ၏။

မှတ်ချက်။ ။ဒုတိယကမ္ဘာစစ်ဒဏ်ကိုအလူးအလဲခံရပြီးနောက် သာလွန်မြို့ကြီးသည် ယခုအခါမြို့စွန်ရပ်ကွက်အားလုံးသည် အစိတ်အစိတ် အမြွာမြွာ တွဲအက်၍ ကျေးရွာများအဖြစ် အမည်တပ်၍ တစ်နိုင်တစ်ပိုင် ထူထောင်နေကြခြင်းဖြစ်ပေ၏ တူလေ၏။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် သာလွန်မြင်းခြံကားလမ်းမကြီးအတိုင်း ကားကို မောင်းနှင်လာရာမှ ကုန်းတော်ကြီးလမ်း (ယခု ကုန်းရွာ ကျေးရွာ) အတွင်းသို့ ချိုးဝင်သည့်အခါ၌ ကိုနေမင်းခေါင်က ကျွန်ုပ်၏လက်ကို ပုတ်ပြီးလျှင် -

"အိုင်ပီ - ကားကို ဖြည်းဖြည်းချင်းမောင်းပြီး ဟောဟိုက ပုလိပ်နောက်က လိုက်ကြရအောင်"

ဟု ပြောလေ၏။ ကျွန်ုပ်တို့နှင့် ရှေ့တူရူ မလှမ်းမကမ်းတွင် ပုလိပ်သားတစ်ဦး စက်ဘီးစီးသွားတာကို တွေ့ရလေသည်။ အော်စတင်ကားအနက်ကလေးသည် လမ်းမကြီးအတိုင်းလိုက်သွားရာ တောအုပ်ဆန်ဆန်ဖြစ်နေသော ဥယျာဉ်ကြီးနှင့် ခြံကျယ်ကြီးအလယ်မှ ရှေးဟောင်းအိမ်ကြီးတစ်အိမ်သို့ ရောက်ကြလေ၏။ အချိန်သည် ညနေစောင်းပြီဖြစ်သဖြင့် ဝင်လုဆဲဆဲနေရောင်ကြောင့် လိမ္မော်ရောင် တောက်ပနေခြင်း ဖြစ်နေလေ၏။

အိမ်နှင့် မလှမ်းမကမ်းတွင်ရှိသော ခပ်အုပ်အုပ်မန်ကျည်းပင်ကြီးတစ်ပင်အောက်တွင် လူတစ်စုသည် စုဝေးနေကြတာ တွေ့ရလေ၏။ ဆားပုလင်းနေမင်းခေါင်က ကားကို ရပ်နိုင်းပြီး ကျွန်ုပ်တို့နှစ်ယောက် ဆင်းလိုက်ကြလေ၏။ ထိုလူစုတွင် ပုလိပ်သားတစ်ဦး၊ ကူမဲလမ်း ဘူတာကားဂါတ်မှ နယ်ထိန်းတစ်ဦးနှင့်အညိုရောင်ဖျင်ကြမ်းဘောင်းဘီဝတ်ထားသည့် မျက်နှာခွက်ခွက်ပါးမုန်းမွေးများ ထူပျစ်လွန်းသည့် ဂေါ်ရခါးလူမျိုးတစ်ဦးကိုလည်း တွေ့ရလေ၏။

ကျွန်ုပ်နှင့် ဆားပုလင်းနေမင်းခေါင်တို့ ထိုလူစုအနီး ရောက်သွားသည်နှင့် ကြောက်ရွံ့ထိတ်လန့်သော မျက်လုံးများနှင့် ဝိုင်းကြည့်ကြလေ၏။ မန်ကျည်းပင်ကြီး၏ခြေရင်းတွင် လူကြီးတစ်ယောက်၏အလောင်း တွေ့ရလေ၏။ အလောင်း၏လက်များက ဆန့်တန်းလျက် လက်ချောင်းများက မြက်ပင်များကို ဆုပ်ကိုင်ထားလေ၏။ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများနှင့် ခြေလျော့နေသော ဆံပင်ရှည်များကြောင့် မူလမျက်နှာ ရုပ်လက္ခဏာကို တိတိကျကျသိနိုင်ရန်အတော်ကြည့်ယူရလေသည်။ ပြတ်ရှအရာမှာလည်းချောင်းအ...



က ပေါ်နေပြီး ဦးခေါင်းပတ်လည်ရှိ မြက်ခင်းစပ်စပ်နှင့် မြေတလင်းပေါ်မှာ နီညိုရောင်သွေးကွက်ရာအဝိုင်းကြီး တွေ့နေရလေသည်။

"တကယ့်ကို တုန်လှုပ်စရာ ကောင်းပါရဲ့ - ကိုနေမင်းခေါင်ရယ်"

ဟု ကူမဲလမ်းဘူတာကင်းဂါတ်မှ နယ်ထိန်းက ပြောလေ၏။ ဆားပုလင်းနေမင်းခေါင်က ကူမဲလမ်းဘူတာကင်းဂါတ်မှ နယ်ထိန်းအား ပခုံးပုတ်၍ တစ်ဖက်သို့ခေါ်သွားပြီး စကားလေးငါးခွန်းခန့် ပြောလေ၏။ ကူမဲလမ်းဘူတာကင်းဂါတ်မှ နယ်ထိန်းက ခေါင်းတညိတ်ညိတ်နှင့် နှစ်ဦးအတူ ပြန်လျှောက်လာကြလေ၏။

"ကိုနေမင်းခေါင်ပြောတဲ့အတိုင်း ဖြစ်ရပါစေ့မယ်၊ မြို့စောင့်ကြီးဗနေဒီနီယမ်ရဲ့ထွက်ဆိုချက်ကို ပြန်ထွက်ခိုင်းပါ့မယ်"

ဟု ကူမဲလမ်းဘူတာကင်းဂါတ်မှ နယ်ထိန်းက ပြောလေ၏။ ထိုအခါ ဖျင်ကြမ်းဘောင်းဘီဝတ်ထားသည့် မျက်နှာခွက်ခွက်၊ ပါးမုန်းမွေးများ ထူပျစ်လွန်းသည့် ဂေါ်ရခါးလူမျိုးက ကျွန်ုပ်တို့ဘက်သို့ မျက်နှာလှည့်ပြီး -

"ထွက်ချက်ကို ပြန်ပြောစရာ အကြောင်းမရှိဘူး ထင်ပါတယ်၊ ခင်ဗျားတို့ ဥပဒေနှင့်အညီ အမှန်အတိုင်းဖြစ်အောင် လုပ်ကြပါ၊ ကျွန်တော် ထွက်ချက်ပေးပြီးပြီ၊ အဲဒီအတိုင်းပါပဲ၊ မဟာနွယ်ဦးတင်ရဲ့ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ သေကြောင်းကြံစည်မှုကြီးကို အထက်လူကြီးတွေဆီသာ အမြန်ဆုံး အစီအရင်ခံစာ တင်ပို့ပေးကြပါဗျာ"

ဟု ပြောလေ၏။ ဤတွင် ဆားပုလင်းနေမင်းခေါင်က -

"ကိုယ့်ကိုယ်ကိုယ် သတ်သေတယ် - ဟုတ်လား" ဟု ဖြတ်မေးလေ၏။

"ဟုတ်တယ်လေ၊ တခြား ဘာတွေများ ဆက်တွေးနေစရာလိုသေးလို့လဲ၊ အခု - သူ့ဘာသာ သေကြောင်းကြံစည်သွားတဲ့ မဟာနွယ်ဦးတင်ဟာ အမှိုင်မှိုင်ဖြစ်နေတာ ကြာလှပြီ၊ အိမ်သားတွေအားလုံးလည်း အသိ၊ ခုတော့ သူ့လည်ပင်းသူ လှီးဖြတ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဂေါ်ရခါးလူမျိုးခြံစောင့်ကြီး ဗနေဒီနီယမ်က ပြောလေရာ ဆားပုလင်းနေမင်းခေါင်သည် အလောင်းဘေးတွင် ဒူးထောက်၍ ထိုင်လေ၏။

"ဒါက သေသူ အသုံးပြုသွားတဲ့လက်နက်ပေါ့ - ဟုတ်လား။ ဆင်စွယ်လက်ကိုင်အရိုး တပ်ထားတာပဲ၊ ဒါမျိုးက မြန်မာဘုရင်ခေတ်က ဆွေတော်မျိုးတော် ဒါမှမဟုတ် သွေးသောက်မြန်မာစစ်သားကြီးတွေ ကိုင်လေ့ရှိတာပဲ။ အညာစုရပ်ကွက်ထဲက ပန်းပဲဆရာကြီး ဦးလုမော်ရဲ့လက်ရာလို့ ယူဆရပါတယ်"

ဟု ပြောလေ၏။ ကျွန်ုပ်က -

"အိုင်ဆေး - ကိုနေမင်းခေါင် - ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

ဟု မေးလိုက်လေရာ ဆားပုလင်းနေမင်းခေါင်က -

"ဓားရဲ့ကိုယ်ထည် အပြာပေါ်မှာ ပန်းပဲဆရာဦးလုမော်ရဲ့အမှတ်အသားပါတယ်၊ ဒါကြောင့် - ဒီဓားဟာ မြန်မာဘုရင်ခေတ်က ဆွေတော်၊ မျိုးတော် ဒါမှမဟုတ် သွေးသောက်မြန်မာစစ်သူကြီးတွေကိုင်တဲ့ဓား မဟုတ်နိုင်ဘူးတုပပြီး အဆောင်တစ်ခုခုအတွက် ရည်စူးပြီး ပြုလုပ်ထိန်းသိမ်းထားတာဖြစ်ရမယ်။ အလို - ဒါက ဘာလဲ၊ ထူးဆန်းလှချေလား"

ဟု ဆိုလိုက်ပြီး ဆားပုလင်းနေမင်းခေါင်သည် ထိုင်ရာမှ ထလိုက်၏။ မြက်တောထဲမှ ကောက်ရသော သစ်သားဓားအိမ်ပျက်ကလေးကို စစ်ဆေးကြည့်ရှုလေသည်၊ ထိုပစ္စည်းမှာအလယ်တည့်တည့်မှထက်ခြမ်းခွဲထားသော ဓားအိမ်တစ်ခု ဖြစ်လေသည်။ ဓားသွင်းသော မြှောင်းကြောင်းလမ်း၏ အဆုံး၌ တစ်လက်မပတ်လည်ခန့် ရှိုင့်ခွက်လေးထောင့်အရာကလေးတစ်ခု တွေ့ရလေ၏။

"အဲဒီဓားအိမ်က သေသူ မဟာနွယ်ဦးတင်ရဲ့ဘေးက အခုမြင်ရတဲ့ပုံအတိုင်းပဲ၊ ပျက်စီးလျက် တွေ့နေရတာ ..."

ဟု ကူမဲလမ်းဘူတာကင်းဂါတ်မှ နယ်ထိန်းက ပြောလေ၏။



"အင်း - ခန့်မှန်းရတာတော့ သေဆုံးသူ မဟာနွယ်ဦးတင်ဟာ သူ့ကိုယ်သူ အဆုံးစီရင်ခါနီးမှာ စိတ်လှုပ်ရှားလွန်းမက ဖောက်ပြန်ပြီး ဖျက်ဆီးပစ်တာဖြစ်နိုင်ပါတယ်"

ဟုပြောလေ၏။ ဆားပုလင်းနေမင်းခေါင်က ခေါင်းကို ခါယမ်းလိုက်ပြီး -

"ဓားသွားကသွေးမစွန်းဘူး။ ပြီးတော့ - သေသူရဲ့လက်ထဲမှာမဟုတ်ဘူး၊ ဓားအိမ်ကိုလည်း လက်နဲ့ ဆွဲခွာဖျက်ဆီးထားတာ မဟုတ်ဘူး၊ သွေးစွန်းတဲ့ဓားနဲ့ ကလန့်ပြီး ထိုးခွာထားတာ၊ ဒီမှာ ဓားအိမ်အနားစတွေ ပွဲကြေနေပြီ၊ သွေးစကလေးတွေ အနည်းငယ်ကပ်နေတယ်၊ ဒါက ဘာပါလိမ့် - အိုင်ပီရေ၊ တွေ့ပြီဗျို့"

ဟု ပြောလိုက်သည်တွင် ခြံစောင့်ကြီး ဗနေဒီနီယမ်က -

"ဒါက ခေါက်ပြီး ထည့်သိမ်းထားတာကြာလို့ ဟောင်းနွမ်းဆွေးမြည့်ပြီး တပ်ကျန်ရစ်တဲ့ စက္ကူစလေးတစ်ခုပဲ၊ အဆောင်အင်းကွက်တွေ၊ အဆောင်ဓါထာစာရွက်တွေ တစ်ခုခုဖြစ်မှာပေါ့၊ ဒါ - ဘာထူးဆန်းစရာဖြစ်သလဲ"

ဟု ပြောလေရာ ဆားပုလင်းနေမင်းခေါင်က ပြုံးလိုက်လေ၏။

"ခင်ဗျားက အပ်ကျမပ်ကျကို သိနေတာပဲကိုး - ဗနေဒီနီယမ်၊ ဒါပေမဲ့ - ခင်ဗျားပြောသလို ဒီစာရွက်ဟာ အဆောင်စာရွက်တစ်ခုခုဆိုတာထက် လျှို့ဝှက်ချက်စာတစ်စောင်ဆိုရင် ပိုပြီးအတိအကျဖြစ်လိမ့်မယ် ထင်ပါတယ်၊ ဒီလိုအတွေးအခေါ်ကွင်းဆက်ကို အမှတ်မထင်ဆက်ပေးတာ ဝမ်းသာတယ်ဗျာ။ ခင်ဗျားက ဒီအမှုဖြစ်ရပ်ကို စတွေ့တဲ့သူ မဟုတ်လား၊ ပြီးတော့ - ဒီအိမ်ကြီးရဲ့တစ်ဦးတည်းသောခြံစောင့်ဆိုတော့ ..."

ဟု စကားကို ဆက်မပြောတော့ဘဲ ဆားပုလင်းနေမင်းခေါင်က ရပ်ပစ်လိုက်လေ၏၊ ဗနေဒီနီယမ်ကို စူးစမ်းသောအကြည့်နှင့်ကြည့်လေ၏၊ ဗနေဒီနီယမ်က အကြည့်ကို ရင်မဆိုင်ဝံ့တော့ဘဲ စိတ်လှုပ်ရှားစွာဖြစ်နေတာ ကျွန်ုပ်သည်း သတိထားမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါ - ဒါက ဒီလိုပါခင်ဗျာ၊ ကျွန်တော် ပြောရမယ်ဆိုရင်ပြီးခဲ့တဲ့တစ်နာရီလောက်က ကျွန်တော်လည်း ဒီအိမ်ကြီးရဲ့လုံခြုံရေးအတွက် လမ်းလျှောက်စစ်ဆေးနေတုန်း ပောဒီသစ်ပင်ကြီးအောက်မှာ သေဆုံးသူ မဟာနွယ်ဦးတင်ဟာ တစ်ယောက်တည်း မတ်တတ်ရပ်နေတာကို တွေ့ရပါတယ်၊ ကျွန်တော် ခြံစပ်အတိုင်း ဖြတ်သွားတော့ သူ လှည့်ကြည့်နေတာတောင် တွေ့လိုက်ရပါသေးတယ်၊ ပြီးတော့ - တစ်ဖက်ကိုပြန်လှည့်ပြီး သူ့လက်ကိုလည်ပင်းအထိ မြှောက်လိုက်တယ်လို့ ထင်မိတာပါပဲ၊ အဲ - နောက်တော့ - ဒယီးဒယိုင်ဖြစ်ပြီး လဲကျသွားတာပါပဲ၊ ကျွန်တော်လည်း သူ့နားကို ပြေးသွားမိတော့ သူဟာ အခုမြင်ရတဲ့အတိုင်းပါပဲ၊ သူ့လည်ပင်းဟာပြတ်နေပြီး သူ့အေးက မြက်ခင်းပေါ်မှာလည်း ဓားကို တွေ့လိုက်ရပါတယ်၊ ကျွန်တော်လည်း တခြား ဘာမှမလုပ်တတ်တော့ ဆယ်ဒီမ်ခေါင်၊ သော်မြတ်ကတစ်ဆင့် အနီးဆုံးဖြစ်တဲ့ ကူမဲလမ်းဘူတာကင်းဂါတ်ကိုပဲ အခေါ်လွှတ်လိုက်ရတာပါ ခင်ဗျာ"

ဟု ပြောလေ၏၊ ဆားပုလင်းနေမင်းခေါင်က -

"ရှင်းပါပေ့ဗျာ၊ ဒါပေမဲ့ - ခင်ဗျားကိုတော့ အမှုမှန် ဖုံးကွယ်မှုနဲ့ ကြံရာပါအဖြစ် ဖမ်းရပါလိမ့်မယ် - ဗနေဒီနီယမ်"

"ဗျာ ..."

ဟု ဗနေဒီနီယမ်က သွေးပျက်ထိတ်လန့်စွာ ကြက်သေသေဖြစ်သွားလေ၏၊ ဆားပုလင်းနေမင်းခေါင်က -

"ကဲ - ပောဒီက ကူမဲလမ်းဘူတာကင်းဂါတ်က နယ်ထိန်းကြီးတို့အဖွဲ့က သူ့ကို ကွမ်းတောင်ကုန်းဂါတ်တဲ အရောက်အပ်နှံလိုက်ကြပါ၊ အိုင်ပီ - ဦးမင်းစံတို့ကတော့ တရားခံအစစ်အမှန် ဆက်လက်ဖော်ထုတ်နေပါတယ်လို့ တင်ပြလိုက်ပါ"

ဟု ပြောလေလျှင် ကျွန်ုပ် လွန်စွာအံ့သြရလေ၏၊



"အိုင်ဆေး ကိုနေမင်းခေါင် - ဒါဖြင့်ရင် ခြံစောင့်ကြီး ဗနေဒီနီယမ်ဟာ တရားခံအစစ် မဟုတ်ဘူးလား"

ဟု မေးလိုက်လေ၏၊ ဆားပုလင်းနေမင်းခေါင်က ခေါင်းကိုယမ်း၍ -

"မဟုတ်ဘူး - အိုင်ပီ၊ ဒါပေမဲ့ - အေးအေးဆေးဆေးပါ၊ တရားခံက ထွက်ပြေးမယ့်လူစား မဟုတ်ပါဘူးဗျ၊ အခုအချိန်ဆိုရင် ကလေးတွေ စာသင်တုန်း ရှိပါသေးတယ်"

ဟု ပြောလေ၏၊ ပြီးနောက် - ကူမဲလမ်းဘူတာကင်းဂါတ်မှ နယ်ထိန်းအဖွဲ့နှင့် ခြံစောင့်ကြီး ဗနေဒီနီယမ်တို့ ပျောက်ကွယ်သွားမှ ဆားပုလင်းနေမင်းခေါင်က -

"လာဗျာ - အိုင်ပီ၊ အချိန်ကုန်ခံတဲ့အနေနဲ့၊ သူတို့တွေ မဟာနွယ်ဦးတင်ကို ဘယ်လိုသတ်လိုက်သလဲဆိုတာ လေ့လာကြည့်ရအောင်"

ဟု ပြောပြီး စတင်၍ လှုပ်ရှားတော့၏၊

ရှေးဦးစွာ အလောင်းပတ်လည်မှ မြက်ခင်းပေါ်တွင် ဒူးထောက်၍ သားကောင်ရှာ‌ေသော ကျားရဲတစ်ကောင်ကဲ့သို့ သဲလွန်စ ရှာလေ၏၊ တစ်နေရာတွင်မူ ပို၍ခါးကိုကုန်းပြီး မြေကြီးပေါ် အနီးကပ်ကြည့်လေ၏၊ ပြီးမှ - မတ်တတ်ရပ်လေ၏၊ ပြီးနောက် - မန်ကျည်းပင်ကြီး၏ပင်စည်ကို စစ်ဆေးကြည့်ပြန်လေ၏၊ ရုတ်တရက် ဆားပုလင်းနေမင်းခေါင်၏ခန္ဓာကိုယ်သည် တောင့်တင်းသွားပြီးနောက် ကျွန်ုပ်အား ခေါ်လေသဖြင့် ကျွန်ုပ်လည်း သူ့နံဘေးသို့ သွားရလေ၏၊ ဆားပုလင်းနေမင်းခေါင်က လက်ညှိုးနှင့် ညွှန်ပြကာ -

"ခင်ဗျား - အဲဒီသစ်ပင်ရဲ့ အခေါက်ထိပ်ကလေးမှာ ကပ်ငြိနေတ - အကလေး ကိုစစ်ဆေးကြည့်စမ်းပါ၊ ဘာများဖြစ်မလဲလို့ ..."

ဟု ပြောလေ၏၊

"ဆံပင်နဲ့တော့ တူတာပဲ၊ ဒါပေမဲ့ - ဆံပင် မဟုတ်ဘူးဗျ၊ အညိုရောင်ချည်စတစ်စပဲ"

www.burmeseclassic.com

ကျွန်ုပ်က ပြန်ပြောလိုက်၏။ ဆားပုလင်းနေမင်းခေါင်က ကုလားအုပ်တံဆိပ် စီးကရက်ဘူးကို ထုတ်၍ တစ်လိပ်မီးညှိရှိုက်ဖွာပြီး ခေတ္တအတွေးဝင်၏။ ပြီးမှ -

"ဟုတ်ပြီ၊ အဲဒါ - သက်သေခံပစ္စည်းပဲ သိမ်းထားလိုက်ပါ - အိုင်ပီ၊ ကဲ - ကျွန်တော် သစ်ပင်ပေါ် တက်ဦးမယ်ဗျာ"

ဟု ပြောပြီး ဆားပုလင်းနေမင်းခေါင်သည် မန်ကျည်းပင်ကြီးပေါ်သို့ ကုတ်ကပ်တွယ်တက်သွား၏။ သစ်ကိုင်းခွဆုံသို့ ရောက်သောအခါ အကျအနထိုင်၍ စစ်ဆေးပြန်လေ၏။

"အိုင်ပီရေ - တွေ့ပြန်ပြီဗျ။ ကျုပ်ထင်တဲ့အတိုင်းပဲ၊ ဒီအပင်ပေါ်ကို ကုတ်ကပ်တွယ်တက်ထားတဲ့ပုံစံပဲဗျ၊ သစ်ပင်ခွကြားမှာလည်း မြေမှုန်အစအနတွေ ကပ်နေတယ်၊ ကဲ - ဒီနေရာက ကျုပ်အောက်ကို ပြန်စုန်ချမယ်၊ ခင်ဗျားက ကျုပ်ခြေထောက်ကျတဲ့နေရာ အတိအကျကိုသာ မှတ်ထားပေတော့ဗျို့"

ဟု ဆားပုလင်းနေမင်းခေါင်က ပြောဆိုပြီး ခုန်ချလေ၏၊ ထို့နောက် ပတ်လက်လဲကျနေသော အလောင်းဘက်သို့ ခြေလှည့်လိုက်လေ၏။ ကျွန်ုပ်လည်း သူပြောသလို သေချာဝုံ့ကြည့်လေ၏။

"တွေ့ပြီဗျို့ - အချိုင့်ကလေးနှစ်ခုဗျ"

ဟု အားရဝမ်းသာ ပြောလေ၏။ ဆားပုလင်းနေမင်းခေါင်က -

"ဟုတ်တယ်လေ၊ အဲဒါ - သစ်ပင်ပေါ်က ခုန်ချလို့ထင်ရစ်တဲ့ ကျုပ်ရဲ့ ဖနောင့်ရာတွေပေါ့ဗျ၊ အားလုံး တစ်ထေရာတည်းပဲမို့လား"

ဟု ပြောလေရာ ကျွန်ုပ်က -

"မဟုတ်ဘူးဗျ၊ အချိုင့်က လေးခုတောင်၊ ဒါပေမဲ့ - နှစ်ခုက အခု ခင်ဗျား ခြေရာတွေလို သိပ်မနက်ဘူး"

ဟု ပြောလိုက်လေရာ ဆားပုလင်းနေမင်းခေါင်က -



"ဒါဆို - လူသတ်သမားဟာ ခန္ဓာကိုယ်ပေါ့ပါးတဲ့လူဆိုတာ သေချာသွားပြီပေါ့ - အိုင်ပီရယ်"

ဟု မှတ်ချက်ချသလို ပြောလေ၏၊ ဆက်၍ -

"ကဲ - ဒီလောက်ဆို - ပြည့်စုံသလောက် ဖြစ်သွားပါပြီ၊ ကြည့်သင့်တာတွေ ကြည့်ပြီးပြီဆိုတော့ သွားကြစို့လား - အိုင်ပီ"

ဟု ဆားပုလင်းနေမင်းခေါင်က ပြောလေ၏၊ ကျွန်ုပ်က နားမလည်နိုင်စွာ လှမ်းကြည့်ဖြစ်လေ၏။

"ကိုနေမင်းခေါင်ရယ် - ကျုပ်တော့ လုံးဝဥဿုံ ကျကျနန မသိတော့ပါဘူး၊ နည်းနည်းတော့ ရှင်းပြပါဦးလားဗျာ"

ဟု ပြောလိုက်လေရာ ဆားပုလင်းနေမင်းခေါင်က -

"သွားရင်းလာရင်း ရှင်းပြပါ့မယ် ခင်ဗျား၊ အခုတော့ - သွားစရာရှိတာ သွားကြဦးစို့ရဲ့လားဗျာ"

ဟု ဆို၍ ကျွန်ုပ်အား ခေါ်ယူပြီး မြို့ပြင်သို့ ခပ်သုတ်သုတ် ထွက်ခဲ့လေတော့၏။ မြို့ပြင်သို့ရောက်လျှင် ငှားကိုယ်တိုင် ကားကိုမောင်းလျက် အညာစရိုက်သို့ သွားလေ၏။ သာလွန်၊ မြင်းခြံ၊ ကျောက်ခင်းလမ်းမကြီးအတိုင်း ဆက်မောင်းခဲ့ရာမှ သစ်ဆိုင်တန်းတွေနှင့် လမ်းတစ်ဖက်မှာရှိသော တာရှုတ်သူဌေး ကိုကျင်ဝမ်၏ခြံနှင့် ကျောချင်းကပ်ခြံအတွင်း၌ ထန်းရွက်တဲကြီးနှင့် တုတ္တိုပင်တွေ ဝန်းရံထားသော စည်းရိုး မလုံမခြုံနှင့် ခြံဝတစ်ခုမှာ ကားကို ရပ်လိုက်လေသည်၊

လွန်စွာပေကျံသော အဝတ်အစားများကို ဝတ်ဆင်ထားသည့် အရပ်ပုပုပျပ်ပျပ်၊ ခါးကုန်းကုန်း မြန်မာတစ်ယောက်သည် ထန်းရွက်တဲကြီးအတွင်းမှ ထွက်လာပြီး ဆားပုလင်းနေမင်းခေါင်နှင့် ကျွန်ုပ်အားမြင်လျှင် လွန်စွာလှိုက်လှဲသော အမူအရာနှင့် -

"အလို - ကိုနေမင်းခေါင်တို့ပါလား၊ ဘာကိစ္စများ ရှိပါသလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလေ၏။ ဆားပုလင်းနေမင်းခေါင်သည် ဒင်း၏လောင်းကုတ်အင်္ကျီရှည်ကြီးအတွင်းမှာ ထည့်လာသည့်ဓားနှင့် ဓားအိမ်များကို ထုတ်ပြလျက် -

"ကိုလှမော် - ဒီဓားကလေးနဲ့ ဓားအိမ်က ဘယ်သူ့ဟာလဲဗျ"

ဟု မေးလိုက်ရာ ကိုလှမော်က သေချာယူ၍ကြည့်ပြီး -

"မဟာနွယ်ဦးတင်ဟာပဲဗျ။ မန္တလေးတန်းက သခင်ထွန်းရှိန်ဆီမှာလည်း တစ်လက်ရှိတယ်၊ ပြီးတော့ - သခင်မောင်ကိုဆီမှာလည်း တစ်လက်ပုံစံတူ လုပ်ပေးရတယ်"

ဟု ပြောလေ၏။ ဆားပုလင်းနေမင်းခေါင်သည် ပန်းပဲဆရာ ကိုလှမော်အား နှုတ်ဆက်ပြီးနောက် ကားပေါ်သို့ပြန်တက်ကာ မန္တလေးတန်းသို့ မိုင်နှုန်းများစွာနှင့် မောင်းနှင်ခဲ့လေ၏။ မန္တလေးတန်းရပ်ကွက်နှင့် ကုလားစုရပ်ကွက် အစပ် လမ်းဆုံနေရာတွင် သခင်ထွန်းရှိန်၏ ခြံဝန်းကျယ်ကြီးနှင့်အိမ် ရှိလေ၏၊ သက်ကယ်မိုး ထရံကာ နှစ်ဆောင်ပြိုင်အိမ်ကြီးဖြစ်ပြီး မြန်မာစာသင်ကျောင်းအဖြစ် ဖွင့်လှစ်ထားလေသည်၊ ရပ်ကွက်လမ်းမကြီးအတိုင်းအတန်ကြာ ဝင်သွားမိသောအခါ လမ်းဆုံလမ်းခွနေရာတွင် ရောက်လေ၏၊ သခင်ထွန်းရှိန်၏မြန်မာစာသင်ကျောင်းကားဒီစတြိတ်ကောင်စီ၏အထောက်အပံ့ခံကျောင်း မဟုတ်၊ အစိုးရမင်းက အသိအမှတ်ပြုထားသော ကျောင်းလည်း မဟုတ်၊ အမျိုးသားပညာရေးအဖွဲ့အားပေးသောကျောင်းလည်း မဟုတ်၊

မြန်မာအမျိုးသားတို့သည် မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ မြန်မာလူမျိုးသည် ကျွန်လူမျိုးမဟုတ်၊ သခင်မျိုးသာ ဖြစ်၏ဟူသော စံယူချက်ဖြင့် သာလွန်မြို့သားများဖြစ်သော သခင်ထွန်းရှိန်၊ သခင်လေးမောင်၊ သခင်မောင်ကိုတို့ ကမကထပြုလုပ်၍ မြန်မာစာသင်ကျောင်းကလေးအဖြစ် လက်လှမ်းမီရာ မြန်မာကလေးငယ်များအား အခမဲ့ မြန်မာစာ မြန်မာစကား အား သင်ကြားပေးနေလေသည်၊



ဆားပုလင်းနေမင်းခေါင်သည် ကားအား သခင်ထွန်းရှိန်၏ခြံဝင်းကျယ်ကြီးနှင့် မြန်မာစာသင်ကျောင်း ဖွင့်လှစ်ထားသော နှစ်ဆောင်ပြိုင်အိမ်ကြီးရှေ့မှာ ထိုးရပ်လိုက်လေ၏၊ အိမ်ရှေ့ပိုင်း မြေကွက်လပ်မှာရှိသော ဝါးနှင့်လုပ်ထားသော ကွပ်ပျစ်စင်ပေါ်တွင် သျှောင်တစောင်းနှင့် မြန်မာပီသခန့်ညားလေးစားဖွယ်ရာမျက်နှာများနှင့် လူသုံးဦး မြေရေခွေးကရားအိုးနှင့် မြေပန်းကန်လုံးကလေးများအလယ်မှာချ၍စကားဖောင်ဖွဲ့နေကြတာ တွေ့ရလေသည်၊ ကျွန်ုပ်နှင့် ဆားပုလင်းနေမင်းခေါင်တို့လည်း ကားပေါ်မှဆင်းပြီး သူတို့အနီးသို့ ရောက်သောအခါ -

"ဆရာကြီး သခင်ထွန်းရှိန်ကို ကျွန်တော်တို့ ကွမ်းတောင်ကန်းဂါတ်ကို လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"

ဟု ဆားပုလင်းနေမင်းခေါင်က ရိုကျိုးစွာ ပြောလေ၏၊ မြန်မာကြီးသုံးဦးအနက်မှ နှုတ်ခမ်းမွေးကျင်စွယ်နှင့် လွန်စွာတည်ကြည်ခန့်ညားသော ပုဂ္ဂိုလ်ကြီးက ပြုံးလိုက်လေ၏၊

"ဆားပုလင်းနေမင်းခေါင် မှတ်တယ်"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဆရာကြီးကလည်း သခင်ထွန်းရှိန် ဟုတ်ပါသလား၊ ဒီကပုဂ္ဂိုလ်ကြီးတွေကတော့ သခင်လေးမောင်နဲ့ သခင်မောင်ကို မှတ်တယ်"

ဟု ပြန်ပြောလေ၏၊ သခင်ထွန်းရှိန်က အားပါးတရ ရယ်မောလေ၏၊

"ဟုတ်ပါတယ် - ဆားပုလင်းနေမင်းခေါင်၊ ကျုပ်ကလည်း လိုက်ဖို့ အဆင်သင့်ပါပဲ"

ဟု ပြောပြီး သူ့လူတွေကို နှုတ်ဆက်၍ ထိုင်ရာမှ ထလိုက်လေ၏၊ ခြံဝင်းအတွင်း၌ ခေတ္တတိတ်ဆိတ်သွားလေ၏၊ ကျွန်ုပ်က ရေနွေးကြမ်းဝိုင်းမှထ၍ ခွာလာသော သခင်ထွန်းရှိန်ဆိုသူအား လက်ညှိုးထိုး၍ -

"မဟာနွယ်ဦးတင်ကို သတ်တဲ့လူသတ်တရားခံဟာ သူလား"

www.burmeseclassic.com

ဟု ဆားပုလင်းနေမင်းခေါင်အား မေးလိုက်လေရာ သခင်ထွန်းရှိန်က မျက်နှာချင်းဆိုင် လာရပ်လေ၏။ သူ့မျက်နှာတွင် ဖျော့တော့သောအပြုံး တစ်ခုနှင့် –

"ခင်ဗျားပြောတာ မှားနေပြီ – အိုင်ပီမင်းစံ၊ ကျုပ်က မဟာနွယ်ဦးတင်ကို သတ်တဲ့လူ မဟုတ်ဘူး၊ သေဒဏ်စီရင်သူပျ"

ဟု ခပ်တင်းတင်းပင် ပြန်ပြောလေ၏။ သခင်ထွန်းရှိန်က အားလုံး၏ အလယ်မှာ မတ်တတ်ရပ်နေ၏။ သခင်လေးမောင်နှင့် သခင်မောင်ကိုတို့က



ကျုပ်ကိုယ့်ကိုယ်ကိုယ်လည်း
ငြိမ်းချမ်းအောင် နေချင်တယ်၊
သူတစ်ပါးကိုလည်း ငြိမ်းချမ်းစေ
ချင်တယ်။ ကျုပ် ပုလိပ်လုပ်တာ
သစ္စာရှိမှု၊ သတ္တိရှိမှု ဆိုတဲ့
ကောင်းမြတ်တဲ့ အရည်အချင်း
တွေကို ယုတ်ညံ့သေးသိမ်တဲ့
ကိစ္စတွေမှာ အသုံးပြုနေကြတယ်၊
အဲဒီလူတွေအတွက်
ကျုပ်သက်တမ်းတွေ ဝိုရှည်ရဖို့
လိုအပ်လိမ့်မယ် ထင်ပါရဲ့မျာ။

စိုးရိမ်မျက်နှာများနှင့် လှမ်းကြည့်ကြစဉ် သခင်ထွန်းရှိန်က မြင့်မြတ်သည့် တာဝန်တစ်ခုဝို့ကို သိက္ခာရှိစွာ ထမ်းဆောင်၍ပြီးသွားသူတစ်ဦးလို ရပ်တော့ ထားလေ၏။ ထို့နောက် ကျွန်ပ်က လက်ထိတ်ခတ်ရန် ဟန်ပြင်လိုက်စဉ် သခင်ထွန်းရှိန်ကလည်း ရုန်းရင်းဆန်ခတ် ငြင်းဆန်မှု မလုပ်ဘဲ လက်နှစ်ဖက်ကို မှူးတွဲ၍ ဆန့်တန်းပေးလေ၏။ ဆားပုလင်းနေမင်းခေါင်က –

"လေးစားတဲ့အနေနဲ့ လက်ထိတ်မခတ်ပါနဲ့ – အိုင်ပီ၊ သခင်ထွန်းရှိန်ဟာ ရဲစွမ်းသတ္တိနဲ့ ပြည့်ဝတဲ့ မျိုးချစ်မြန်မာတစ်ဦးပါ"

ဟု ပြောလေ၏။ ကျွန်ပ်ကလည်း –

"ဆောရီး – ကိုနေမင်းခေါင်၊ ကဲ – ဆရာကြီး သခင်ထွန်းရှိန် – စိတ် မကောင်းပါဘူး၊ တာဝန်အရ ခွင့်လွှတ်ပါ"

ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ပ်နှင့် ကိုနေမင်းခေါင်တို့သည် မဟာနွယ်ဦးတင်ကို သတ်ခဲ့သော လူသတ်တရားခံဖြစ်သည့် မြန်မာမျိုးချစ် ကျောင်းဆရာတစ်ဦးဖြစ်သူ သခင်ထွန်းရှိန်အား ဖမ်းဆီး၍ ခေါ်ဆောင်ခဲ့ကြ လေတော့သည်၊ ကားပေါ်သို့ သုံးဦးစလုံးအရောက်တွင် ဆားပုလင်းနေမင်း ခေါင်က –

"လျှို့ဝှက်စာခေါက်ကို ခင်ဗျား ဘယ်လိုလုပ်ပစ်လိုက်သလဲ"

ဟု မေးလေ၏။ သခင်ထွန်းရှိန်က ဆားပုလင်းနေမင်းခေါင်ကို စူးစူးရဲရဲ ပြန်ကြည့်လေ၏။

"တခြားမထင်ပါနဲ့ – သခင်ထွန်းရှိန်၊ ဒီစာကို ခင်ဗျား မဖျက်ဆီးရသေး ရင် ကျုပ်ကိုယ်တိုင် ဖျက်ဆီးပစ်တာ အကောင်းဆုံးလို့ တွေးမိလို့ပါ"

ဟု ဆားပုလင်းနေမင်းခေါင်က ပြောလိုက်လေရာ သခင်ထွန်းရှိန်က ကျေနပ်နှစ်မြို့က်စွာ ပြုံးလေ၏။ ပြီးမှ –

"ခုလိုစကားကြားရတာ လေးစားပါတယ်၊ အဲဒီစာကို ကျုပ်ဖျက်ဆီးပြီး ပါပြီ၊ မင်းဝံကျားသစ်ဟာ မင်းဝံကျားသစ်ရဲ့ လျှို့ဝှက်ချက်တွေကို ထိန်းသိမ်း





www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ ဒါပေမဲ့ - သတိစကားတစ်ခွန်းတော့ ပြောလိုက်ချင်ပါရဲ့။ ခင်ဗျားဟာ ကျုပ်တို့ မင်းဝံကျားသစ်အဖွဲ့ရဲ့ လျှို့ဝှက်ချက်တွေကို သိလွန်းနေတဲ့ နယ်ရဲ လက်ပါးစေ ပုလိပ်အဖွဲ့ဝင်တစ်ယောက်မို့ ခင်ဗျားရဲ့တာဝန်ပိုင်းမှာ ဂုဏ်သိက္ခာ ရှိပေမယ့် ဆားပုလင်းနေမင်းခေါင်ရေ - ခင်ဗျားရဲ့ အသက်ကတော့ ရှည်ဖို့ အလားအလာ မရှိနိုင်တော့ဘူးဆိုတာ ယုံကြည်လိုက်ပါ"

ဟု သခင်ထွန်းရှိန်က ပြောလေ၏။ မျက်လုံးများထဲတွင်လည်း အေးစက်သည့်အပြုံးကိုဆောင်ရင်း ကြည့်လေ၏။ ဆားပုလင်းနေမင်းခေါင်က -

"ကျုပ်ကလည်း တာဝန်ကို လေးစားချင်တဲ့ ဆန္ဒအရသာ မလွှဲသာလို့ ဖော်ထုတ်လိုက်ရပေမယ့် ခင်ဗျားတို့လို လူမျိုးတွေကို ကြိုးစင်ပို့ရမှာ နှမြော တယ်၊ ဝမ်းနည်းတယ် - သခင်ထွန်းရှိန်။ ကျုပ်ရင်ထဲမှာလည်း မြန်မာလူမျိုး ပီသတဲ့မျိုးချစ်စိတ် ရှိပါတယ်။ ကျုပ်ကိုယ့်ကိုယ်ကိုယ်လည်း ငြိမ်းချမ်းအောင် နေချင်တယ်၊ သူတစ်ပါးကိုလည်း ငြိမ်းချမ်းစေချင်တယ်။ ကျုပ် ပုလိပ်လုပ် တာ သစ္စာရှိမှု၊ သတ္တိရှိမှုဆိုတဲ့ ကောင်းမြတ်တဲ့အရည်အချင်းတွေကို ယုတ် ညံ့သေးသိမ်တဲ့ကိစ္စတွေမှာ အသုံးပြုနေကြတယ်။ အဲဒီလူတွေအတွက် ကျုပ် သက်တမ်းတွေ ပိုရှည်ရဖို့ လိုအပ်လိမ့်မယ် ထင်ပါရဲ့ဗျာ"

ဟု ပြောပြီး ကားကို မောင်းထွက်လိုက်လေတော့၏။

ထိုနေ့ညက ကျွန်ုပ်သည် ကျို့လျှံစားတော်ဆက်၌ ဆားပုလင်းနေမင်း ခေါင်အား ညစာကျွေးကာ အမှုသဲလွန်စ ကောက်ယူပုံကို မေးမြန်းရလေ တော့၏။

"ဒီအမှုမှာ အဓိကမျက်မြင်သက်သေဖြစ်တဲ့ မြဲစောင့်ကြီး ဗနေဒီနီယမ်ရဲ့ ထွက်ဆိုချက်မှာ မဟာနွယ်ဦးတင်ဟာ သူ့ကိုယ်သူ သတ်သေတယ်လို့ ပြော ထားပေမယ့် မဟာနွယ်ဦးတင်ရဲ့အလောင်းကိုကြည့်ရှုစစ်ဆေးကြည့်တဲ့အခါ ထူးခြားတယ်ဗျ။ လည်ပင်းက သွေးပြန်ကြောကို ဖြတ်ရုံတင်မဟုတ်ဘဲ ဆုပ် ထားနဲ့ ဟိုဘက်နားရွက်ကနေ ဒီဘက်နားရွက်အောက် ရောက်တဲ့အထိ ဒုတ်

ပျောပင်ကို ရစ်ပြီးလှီးသလို ဖြတ်ထားတာကတော့ ယုတ္တိမဲ့လွန်းတဲ့ဖြစ်ရပ်ပဲ ဗျ။ အဲဒီတစ်ချက်တည်းနဲ့တင် လူသေမှုမဟုတ်ဘဲ လူသတ်မှုလို့ ပြောလို့ရ တယ်။ နောက်တစ်ခုက မဟာနွယ်ဦးတင်ဟာ တစ်စုံတစ်ခုသောအန္တရာယ် ကို ကြိုတင်တွက်ဆထားတယ်ဆိုတာ ထင်ရှားပါတယ်။ ဘာလို့လဲဆိုတော့ သူ့ခြံကြီးတစ်ခုလုံးမှာ ဘယ်သူ့ကိုမှ အိမ်ဖော်အဖြစ်၊ အစောင့်အဖြစ် ခေါ် ထားရမှာ ယုံကြည်မှု ကင်းမဲ့ခဲ့တယ်။ ဒါ့ကြောင့် တစ်ဦးတည်းသော သူ့ အတွက် လုံခြုံရေးအစောင့်အဖြစ် ဂေါ်ရခါးလူမျိုး ဗနေဒီနီယမ်ကိုပဲ ခန့်အပ် ထားခဲ့တယ်။

ဒါပေမဲ့ - ဗနေဒီနီယမ်နဲ့ သခင်ထွန်းရှိန်ဆိုတာ တစ်ချိန်က မြန်မာဘုရင် သီပေါမင်းလက်ထက်ကပေါ့လေ။ ရှမ်းပြည်နယ်၊ နောင်ချိုဒေသဘက်က သစ်ကွပ်းတစ်ခုမှာ ကျေးဖူးရှင် ကျေးဇူးစား ဆရာတပည့်ဖြစ်ခဲ့ကြဖူးတာကို မသိရှာဘူး။ ဒါ့ကြောင့်လည်း အဲဒီနေ့က သခင်ထွန်းရှိန်က ဗနေဒီနီယမ်ရဲ့ အကူအညီနဲ့ ခြံထဲကို ဝင်လာတယ်။ ပြီးတော့ - အိမ်ကြီးနဲ့ မလှမ်းမကမ်းက မန်ကျည်းပင်ပေါ်ကတွယ်ကပ်တက်ပြီးကြိုစောင့်နေတယ်။ မဟာနွယ်ဦးတင် ရောက်လာတာနဲ့ သစ်ပင်ပေါ်က ခုန်ချပြီး မဟာနွယ်ဦးတင်ရဲ့နောက်ကျောက သိုင်းဖက်ပြီး လည်ပင်းကို ဖြတ်ခဲ့တာပဲပေါ့ဗျာ"

ဟု ကိုနေမင်းခေါင်သည် အထက်ပါအတိုင်း ရှည်လျားစွာ ပြောလိုက် လေ၏။ ထို့နောက် စီးကရက်ကို အားပါးတရ ရှိုက်ဖွာလိုက်ပြီးနောက် -

"အမှန်က ဂါတ်ကို ကြိုတင်အကြောင်းမကြားဘူးဆိုတော့ ဒီကိစ္စဟာ သူတို့အချင်းချင်း၊ အသင်းအဖွဲ့ကိစ္စနဲ့ပတ်သက်ပြီး ဖြစ်ကြတယ်လို့ပဲ ယူဆ ပါတယ်။ သေရာတာကတော့ ကျွန်တော်တို့ ဟောဒီကိုးခရိုင်နယ်မြေ တောက်ဆည်၊ မြစ်သား၊ သာလွန်တစ်ဝိုက် နယ်ချဲ့တော်လှန်ရေး၊ ဗမာ့လက် နက်မြေအောက်တော်လှန်ရေး သခင်တပ်ဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ မင်းဝံကျားသစ် လျှို့ဝှက်အဖွဲ့အစည်းနဲ့ ပတ်သက်လို့ဖြစ်ရတာပဲ - အိုင်ပီရေ"





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါရဲ့ - ကိုနေမင်းခေါင်ရယ်၊ ကျုပ်သာဆိုရင်လည်း တစ်လွဲစကားတွေကို ယုံမိမှာပဲဗျ"

ဟု ကျွန်ုပ်ပြောပြီး ရယ်မိလေ၏၊ ကိုနေမင်းခေါင်က ဆက်၍ ပြောပြန်သည်မှာ -

"အခု - အသတ်ခံရတဲ့ မဟာနွယ်ဦးတင်ဟာ အဲဒီလျှို့ဝှက်အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တစ်ယောက်ဆိုတာ သံသယဖြစ်စရာ မလိုပါဘူး၊ သူတို့အဖွဲ့အစည်းနဲ့ သဘောတူညီချက်ကတော့ စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်ရင် ပေးမယ့်ပြစ်ဒဏ်က သေဒဏ်ပဲ၊ အခု - မဟာနွယ်ဦးတင်ဟာ ဘယ်လိုစည်းကမ်းမျိုးကို ချိုးဖောက်တယ်ဆိုတာတော့ ကျုပ်တို့ဘယ်လိုမှ သိနိုင်မှာမဟုတ်ဘူး - အိုင်ပီ၊ ဒါပေမဲ့ - မှန်းဆကြည့်ရတာကတော့ သူတို့မင်းဝံကျားသစ်အဖွဲ့ရဲ့စည်းကမ်းအပိုဒ်(၇)မှာဆိုထားတာက အဖွဲ့ဝင်အင်အားစာရင်းအား အခြားတစ်ယောက်ထံ နှုတ်ကျွံဖွင့်မိသည်ရှိသော သေဒဏ်ဖြစ်၏တဲ့၊ ဒီတော့ ကျုပ်စဉ်းစားမိတယ် - အိုင်ပီ၊ မဟာနွယ်ဦးတင်ဟာ သူ့ရဲ့အဆောင်စားအိမ်ထဲမှာ သူတို့အဖွဲ့ရဲ့အဖွဲ့အင်အားစာရင်း အတိအကျရှိလိမ့်မယ်ဗျ"

"စီစဉ်ထားတဲ့အတိုင်း သူ့အသက်အရွယ်အရ သူ ဒီအဖွဲ့က ရပ်နားချင်တယ်၊ အဖွဲ့ဝင်အင်အားစာရင်းကို အပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သခင်ထွန်းရှိန်နဲ့ အချိန်းအဆက်လုပ်ပြီးတွေ့ကြတာ၊ ဒါပေမဲ့ - သခင်ထွန်းရှိန်က တွက်တယ်လေ၊ အဖွဲ့ဝင်အင်အားစာရင်း အစစ်အမှန်ပြန်ရပေမယ့် အားလုံးကိုသိနေတဲ့ မဟာနွယ်ဦးတင်ကို နှုတ်ပိတ်တဲ့အနေနဲ့ သတ်လိုက်ရတာပဲပေါ့ဗျာ"

ဟု ပြောလေ၏၊ နောက်တစ်နေ့၌ ဆားပုလင်းနေမင်းခေါင် ပြောသည့်အတိုင်းပင် သခင်ထွန်းရှိန်က ကျွန်ုပ်အား ဖြောင့်ချက်ပေးလေ၏၊ သို့သော် ဆားပုလင်းနေမင်းခေါင်၏ မေတ္တာရပ်ခံချက်အရ အမှုအား ရိုးရိုးသာမန် ရန်ငြိုးဖွဲ့လူသတ်မှုတစ်ခုအဖြစ်သာ အစီရင်ခံစာအား ပြုပြင်၍ရေးသားပြီး ရုံးတော်သို့ တင်လိုက်ရလေတော့သည်၊ ကျွန်ုပ်၏မှတ်တမ်းကြီး၌လည်း ဤအမှုအား "ဆားပုလင်းနေမင်းခေါင်နှင့်ကိုးခရိုင်နယ်မဟာနွယ်" ဟုအညွှန်းရေးထိုးမှတ်သားထားလိုက်လေတော့သတည်း၊

→ စိုး(မှုဆယ်)

စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဈေး၊ ရိုး၊ ခါ၊ ငုံး၊ ကြွက်၊ ဖွတ်၊ ပုတတ်၊ ပျား၊ ယုန်၊ ကြောင် စသော ကုန်းနေ သတ္တဝါငယ်များအား ဖမ်းဆီးသတ်ဖြတ်သူများကို တော့ စာထောင်မုဆိုးဟု ခေါ်ဝေါ်ကြ၏၊ ထိုအလုပ်မျိုးကို လုပ်ကိုင်ကြသူ များတွင် တောကောင်တို့၏ အလေ့အထနှင့် သဘောသဘာဝတို့ကို လွန်စွာ ကျွမ်းကျင်နားလည်သူဖြစ် ပါက ထိုသူ၏နာမည်ရှေ့တွင် "စာထောင်" ဘွဲ့ တပ်၍ ခေါ်စမှတ်ပြုကြလေ ၏၊

မကွေးမြို့နယ်အတွင်းတွင် ထိုကဲ့သို့ မုဆိုးအသေးစား ပြုလုပ်သူများစွာ ရှိကြပါသော်လည်း၊ စာထောင်ဘွဲ့တပ်လျက် အခေါ်ခံရသူဆို၍ "စာထောင် အောင်ပု" တစ်ဦးသာလျှင် ရှိခဲ့ဖူးပါသည်၊ ကိုအောင်ပုသည် တောထဲ၌သာ အနေများသူဖြစ်ခြင်း၊ တောကျွမ်းခြင်း၊ နေရာစုံ ရောက်ဖူးခြင်း၊ တောတွင်း တိရစ္ဆာန်မျိုးစုံတို့၏ သဘောသဘာဝနှင့် အလေ့အထတို့ကို ကျွမ်းကျင်ပိုင် နိုင်စွာ တတ်သိနားလည်ခြင်းတို့ကြောင့် သူ့အား "စာထောင်အောင်ပု" ဟု အများက သတ်မှတ်ကြခြင်း ဖြစ်၏၊ ယခုရေးသားမည့်အကြောင်းအရာမှာ လွန်ခဲ့သောနှစ်ပေါင်း (၅၀) ကျော်အချိန်က မကွေးမြို့တွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်ပင်ဖြစ်ပါသည်၊ ထိုစဉ်က သိင်္ဂီရိရပ်ကွက် စတင်တည်ထောင်ခါစ မျှသာလျှင် ရှိသေး၏၊ ကျွန်ုပ်လည်း ကလေးဘဝမျှသာ ရှိသေးချိန် ဖြစ်ပါ သည်၊ မှတ်မှတ်ရရ အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ရ မည့်နှစ်ဖြစ်သည်ကိုတော့ မှတ်မိပါသည်၊

— ၂ —

ကိုအောင်ပုနှင့် ကျွန်ုပ်တို့သည် သိင်္ဂီရိရပ်ကွက်၌ တစ်လမ်းတည်း နေထိုင်ကြသူများ ဖြစ်ကြ၏၊ (၃) အိမ်မျှသာ ခြားပြီး အလွန်ရင်းနှီးသူများ ဖြစ်ကြပါသည်၊ ကိုအောင်ပုက ကျွန်ုပ်အား တူသားတစ်ယောက်လို ချစ်ခင် ပါသည်၊ ကျွန်ုပ်ကို ချစ်စနိုးဖြင့် "သိုက်ဖွား" ဟု ခေါ်လေ့ရှိပါသည်၊ ကျွန်ုပ်မွေး



ဖွားစဉ်က အိမ်သို့ရောက်ရှိလာသည့် တစ်မတ်ပေးဗေဒင်ဆရာတု ခေါ်ဆို သော ဦးစစ်ရွှေးက "သိုက်ဖွား" ဟု ပြောခဲ့သဖြင့် ထိုနာမည်ကို ခေါ်ဆိုခြင်းဖြစ် ပါသည်၊ ကျွန်ုပ်က ကိုအောင်ပုအား "ကိုအောင်ပုကြီး" ဟု ရင်းနှီးစွာ ခေါ်ဝေါ် သည်၊ တစ်နေ့သောနံနက် (၈) နာရီအချိန်ခန့်တွင် ကိုအောင်ပု၏အိမ်ရှေ့အဝီ ရှိ ဝါးကွပ်ပျစ်ပေါ်၌ ကျွန်ုပ်နှင့် ကိုအောင်ပုကြီး ရရှိလာသော ပုတတ်ကင် မွှေးမွှေးလေးနှင့် ငုံးကြော်မှာ အလွန်စားကောင်းပြီး အရသာရှိလှပါသည်၊ ကျွန်ုပ်ကြိုက်တတ်သော အစားအစာများဖြစ်၍လည်း ကိုအောင်ပုကြီးက တကူးတက ခေါ်ယူကျွေးမွေးခြင်း ဖြစ်၏၊ ထိုစဉ်မှာပင် အိမ်ရှေ့အဝင်ဝသို့ လူနှစ်ယောက် ရောက်ရှိလာပြီး -

"စာထောင်ကြီးအိမ်ပါလား ခင်ဗျာ"

ကိုအောင်ပုက အိမ်အဝင်ဝဘက်သို့ ကြည့်လျက် -

"ဟုတ်ပါတယ် ခင်ဗျာ - ဝင်လာခဲ့ကြပါ၊ ကျွန်တော်က စာထောင် အောင်ပုပါ"

အသက်(၄၀) ဝန်းကျင်ရှိ အမျိုးသားနှစ်ယောက်သည် အိမ်ဝိုင်းအတွင်း သို့ ဝင်လာကြပြီးနောက် ကျွန်ုပ်တို့ထိုင်နေသော ဝါးကွပ်ပျစ်ပေါ်တွင် ဝင် ထိုင်လိုက်ကြပါသည်၊ လူစိမ်းဧည့်သည်များ ဖြစ်နေသည်ကို တွေ့ရသဖြင့် ကိုအောင်ပုက -

"မိတ်ဆွေတို့က ဘယ်ကလာခဲ့ကြရတာပါလဲ၊ အကြောင်းကိစ္စက ..."

"ကျွန်တော်က ဒီမကွေးမြို့ ရွှေညောင်ရပ်ထဲကပါ၊ နာမည်က အောင် ရွှေလို့ ခေါ်ပါတယ်၊ သူကတော့ ဆုံရပ်ထဲကပါ - ဘလုလို့ ခေါ်ပါတယ်၊ ကျွန် တော်တို့ စာထောင်ကြီးဆီကို လာရတာက ဦးဘသိုက်က လွှတ်လိုက်တာ ပါ"

"ဪ - ဟုတ်ကဲ့ - သိပါပြီ၊ မစိုးရိမ်ရပ်က ဦးဘသိုက်လား"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ကိစ္စကို စာထောင်ကြီးမှပဲ နားလည်နိုင် မယ်လို့ ပြောလိုက်လို့ပါ၊ ကျွန်တော်တို့မှာ အန္တရာယ်တွေ့နေရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဦးဘသိုက်နဲ့ ကျွန်တော်နဲ့က အလွန်ရင်းနှီးပါတယ်၊ တစ်ယောက်အကြောင်းကို တစ်ယောက်သိပြီးသားတွေပါ၊ ဒါနဲ့ - ခင်ဗျားတို့မှာ ဘယ်လိုအန္တရာယ်တွေ တွေ့နေရလို့လဲ၊ ကျွန်တော်နဲ့ ဘယ်လိုပတ်သက်လို့ပါလဲ"

"ဘယ်လိုပြောရမယ်တောင်မသိတော့ပါဘူးဗျာ၊ မနေ့ကပဲတစ်ယောက်တော့ သေသွားရှာပြီ၊ ဒါနဲ့ပဲ - ကျန်လူတွေလည်းကြောက်လန့်နေကြရတယ်ဗျ၊ ကျွန်တော့်သားဆိုရင် အကြောက်လွန်ပြီး မစားနိုင်၊ မအိပ်နိုင်နဲ့ ကြောင်စီစီတောင် ဖြစ်နေပါတယ်၊ အဲဒါနဲ့ - ကျွန်တော်တို့မိဘတွေစုပြီး တိုင်ပင်ကြပါတယ်၊ ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးနေတုန်းမှာ ဦးဘသိုက် ရောက်လာပါတယ်၊ လမ်းကြုံလို့ ဝင်လာတာပါ၊ ကျွန်တော်တို့နဲ့ ခင်တယ်လေ၊ ကျွန်တော်တို့က ဆွေးနွေးနေတဲ့အကြောင်းတွေကို ဦးဘသိုက်သိသွားတော့ သူက အကြံပေးပါတယ်၊ စာထောင်ကြီးဆီကို အကူအညီသွားတောင်းရင် အဆင်ပြေနိုင်တယ်ဆိုလို့ ကျွန်တော်တို့တော့ အားကိုးတကြီးနဲ့ လာခဲ့ရတာပါ"

"နေပါဦးဗျာ - ခင်ဗျားတို့ကိစ္စက ဘာမှန်းမသိဘဲနဲ့ ကျွန်တော်က ခင်ဗျားတို့ကို ဘယ်လိုကူညီရမှာလဲ၊ ကူညီရမယ့်အကြောင်းကို ပြောဦးလေ ..."

"ဟုတ်ပါရဲ့ဗျာ၊ စိတ်လောနေလို့ပါ - ပြောပါ့မယ်၊ ကျွန်တော်တို့က မိဘတွေအားလုံးကိုယ်စား စာထောင်ကြီးဆီကို လာတာပါ၊ ဖြစ်ပုံက ဒီလိုပါ၊ ဟိုမင်းဘူးဘက်လမ်းက တောင်ကြီးလျှိုမြောင်ကိုတော့ စာထောင်ကြီး သိမှာပါ"

"သိပါတယ်၊ မကွေးဘက်ကလူတွေ လှေနဲ့ကူးပြီး အဲဒီလျှိုမြောင်ထဲကို မှိုရှာကြ၊ မျှစ်ချိုးကြ၊ ထင်းခွေသွားကြ လုပ်နေတာပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော့်သားအပါအဝင် သူတို့သူငယ်ချင်းခုနစ်ယောက် အပျော်သဘောနဲ့ ပြီးခဲ့တဲ့ဆယ်ရက်လောက်က လှေတစ်စီးအပြတ်ငှားပြီး မှိုရှာ၊ မျှစ်ချိုး တစ်ညအိပ်သွားခဲ့ကြတယ်၊ တောထဲမှာ လျှောက်သွားကြရင်း ကြက်ဥလောက်နီးနီးရှိတဲ့ ဥခုနစ်လုံးကို တွေ့ကြသတဲ့၊ အဲဒီဥတွေက ဒေါင်လိုက်အနေအထားနဲ့ ကန့်လန့်ဖြတ်ပြီး တစ်ခုနဲ့တစ်ခု တွဲတတ်နေတာတဲ့၊ အဲဒီဥတွဲကြီးကိုယူလာကြပြီးမနက်မိုးလင်းတော့မကွေးဘက်ကိုလှေပြန်ထွက်ခါနီးမှာ ကြော်စားခဲ့ကြသတဲ့၊ သူတို့က ခုနစ်ယောက်၊ ဥကလည်း ခုနစ်ဥဆိုတော့ တစ်ယောက်တစ်ဥစီ စားလာကြသတဲ့ဗျာ၊ အဲ - သူတို့ပြန်ရောက်လို့ ငါးရက်လောက်ပဲ ရှိသေးတယ်၊ သူတို့သူငယ်ချင်းတွေထဲက မောင်ညွှန့်လှိုင်ဆိုတဲ့ကောင်လေး ညဘက်အိပ်ပျော်နေရင်းက သေနေတာ တွေ့ရတယ်၊

မနက်မိုးလင်းလို့ အိပ်ယာက မထတာနဲ့ သွားပြီးနှိုးမှ သေနေမှန်း သိကြရတာ၊ ကြည့်လိုက်တော့ - တစ်ကိုယ်လုံး မည်းပုပ်နေတာပဲတဲ့၊ နားလည်တဲ့လူတွေက အဲဒါ - ငန်းပုပ်မြွေကိုက်တာလို့ ပြောတယ်၊ ခြေမျက်စိနားမှာလည်း ရှိတ်ဇကာက်နဲ့ ခြစ်ထားသလို အစွယ်ရာနှစ်ခု တွေ့ရသတဲ့၊ နောက်ဆပ် အဲဒီမြွေက သူ့ဥကို စားတဲ့လူတွေကို လာသတ်ဦးမှာပဲလို့ပြောတော့ အကုန်လုံးကြောက်နေကြရတာပေါ့ဗျာ၊ အဲဒါနဲ့ - ဘာလုပ်ကြရမှန်းမသိကြတော့ဘဲ မိဘတွေစုပြီး တိုင်ပင်ကြရတော့တာပေါ့၊ နောက်ဆုံးတော့ ဦးဘသိုက်အကူအညီကြောင့် စာထောင်ကြီးဆီ ရောက်လာတာပါ၊ သူတို့ပြောသလို အဲဒီမြွေတွေက တကယ်ပဲ ရှိုက်ပြီးသတ်တာပဲလား၊ စာထောင်ကြီးဆိုရင် နားလည်တယ်လို့ ပြောလိုက်လို့ပါ"

"ဟုတ်တယ်ဗျ၊ သူတို့ဥကို စားတဲ့လူမှန်သမျှ မသေမချင်း လိုက်သတ်တယ်၊ အဲဒါ - ငန်းပုပ်မြွေရဲ့ထုံးစံပဲ၊ ကျန်တဲ့လူတွေလည်း ဒုက္ခတွေ့ဖို့ သေချာပြီ၊ အဲဒီမြွေမျိုးက တခြားမြွေမျိုးတွေထက် မှတ်ဉာဏ်မှာရော၊ အနံ့သိမ်းမှုတဲ့နေရာမှာရော၊ သူတို့မျိုးနွယ်တူတွေဆီကို အာရုံပို့လွှတ်တဲ့စွမ်းအားရော အများကြီးသာတယ်၊ တစ်ဗိုလ်ကျ၊ တစ်ဗိုလ်တက်ဆိုသလို လာသတ်မှာပဲ"

www.burmeseclassic.com

"ဒုက္ခပါပဲဗျာ၊ ကျွန်တော်တို့တစ်တွေရဲ့သားတွေကို ကယ်တင်နိုင်တဲ့နည်း မရှိတော့ဘူးလား - စာထောင်ကြီးရယ်၊ ကူညီပါဦးဗျာ - ကျွန်တော်တို့က မိဘတွေကိုယ်စား စာထောင်ကြီးကို အားကိုးပြီး လာခဲ့တာပါ၊ ကျွန်တော်တို့ဘက်က လိုအပ်တာမှန်သမျှ ဘာမဆိုဖြစ်ရပါစေ့မယ်၊ ကူညီပေးပါ စာထောင်ကြီးရယ်"

"အင်း - သိပ်ပြီးလည်း ပူမနေနဲ့ပေါ့ဗျာ၊ နည်းနည်းတော့ ခက်ခဲလိမ့်မယ်၊ ဒါပေမဲ့ - အန္တရာယ်လုံးဝကင်းသွားသည်အထိ ကျွန်တော် ကြိုးစားပေးပါ့မယ်"



မြွေဥစားတဲ့လူတစ်ယောက် သုံးနှစ်ရှိမှ မြွေကိုက်သေတာ တွေ့ဖူးတယ်။ အဲဒီငန်းပုပ်ပဲ။ အသားတွေက ချက်ချင်းမည်းပုပ်သွားတာ အဲဒီငန်းပုပ်တွေက အနံ့တစ်ခုကို သူတို့ရဲ့မှတ်ဉာဏ်ထဲမှာ တခြား မြွေမျိုးနွယ်တွေထက် ပိုပြီးကြာအောင် သိမ်းထားနိုင်ကြတယ်၊ မျိုးတူ တွေဆီကိုလည်း ပို့လွှတ်ပေးနိုင်ကြတယ်။ ဒါ့ကြောင့် တစ်ကောင် သေရင်လည်းပဲ နောက်တစ်ကောင် ရောက်လာကြတာပဲ။

"ဝမ်းသာလိုက်တာ - စာထောင်ကြီးရယ်၊ လိုအပ်တာမှန်သမျှ ပြောပါ၊ ကျွန်တော်တို့ဘက်က မပြည့်စုံတာ မရှိစေရပါဘူး၊ ကျွန်တော်တို့တို ဦးဘသိုက် သိပါတယ်"

"ထားပါဗျာ - ရပါတယ်၊ ကျွန်တော်က တိရိစ္ဆာန်တွေရဲ့အသက်ကို သတ်တဲ့အလုပ်နဲ့ အသက်မွေးသူဖြစ်ပေမယ့် လူတွေရဲ့အသက်ကို ကယ်တင်တဲ့ နေရာမှာ ဝါသနာ ပါ,ပါတယ်၊ လူအတော်များများရဲ့အသက်တွေကိုလည်း ကယ်တင်ခဲ့ဖူးပါတယ်၊ ဦးဘသိုက်ကို ပြန်မေးကြည့်ပါ၊ အခုကိစ္စက ဒီတစ်ပတ်အတွင်းမှာ နောက်ထပ်နှစ်ယောက်ထက်မနည်း အကိုက်ခံရဖို့ရှိတာ သေချာနေတယ်၊ သူတို့ကိုက်တာ ခံရတဲ့လူဟာ တစ်ချက်လောက်ပဲ ညည်းညူသံထွက်နိုင်တယ်၊ နောက်ထပ် အသံမထွက်နိုင်တော့ဘူး၊ အဆိပ်တက်တာ အလွန်မြန်တယ်၊ ချက်ချင်း - နလုံးကို ရောက်သွားပြီး သေရတာပဲ၊ ဒီတော့ - မြွေဥစားမိတဲ့ အခု ကျန်နေတဲ့ခြောက်ယောက်ကို ဝါးရက်လောက် လုံခြုံအောင် ခင်ဗျားတို့ ထားပေးနိုင်ပါ့မလား"

ကိုအောင်ပုမေးလိုက်သောမေးခွန်းအတွက် ကိုအောင်ဌေးနှင့် ကိုဘလှတို့သည် တစ်ယောက်တစ်ယောက် ကြည့်ကြလျက် ခေတ္တမျှ စဉ်းစားနေကြ၏၊ အတန်ကြာမှ ကိုအောင်ဌေးသည် အကြံတစ်ခု ရရှိသွားဟန်ဖြင့် -

"စာထောင်ကြီး - ကျွန်တော် စဉ်းစားမိတာကို ပြောမယ်နော်၊ သူတို့အားလုံးကို နတ်မောက်မှာတစ်ညာ၊ ရေနံချောင်းမှာတစ်ညာ၊ ချောက်မှာတစ်ညာ၊ ဆင်ဖြူကျွန်းမှာတစ်ညာနဲ့ ငါးရက်မြောက်တဲ့နေ့ကျမှ မကွေးကို ပြန်ခေါ်ပြီး တောက်လျှောက်ခရီးလှည့်ခိုင်းလိုက်မယ်ဆိုရင် အဆင်ပြေမလား မသိဘူး၊ အဲဒီမြို့တွေမှာ ကျွန်တော်တို့ရဲ့ လူရင်းတွေ ရှိပါတယ်၊ ကျွန်တော်တို့မိဘတွေထဲက တစ်ယောက်လိုက်သွားပြီး စောင့်ရှောက်မယ်ဆိုရင် ဖြစ်ပါတယ်"

"အဲဒီအစီအစဉ်ဆိုရင် ကောင်းပါတယ် - ဖြစ်နိုင်ပါတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် - ကျွန်တော် မကွေးကိုပြန်ရောက်လာတဲ့အချိန်မှာ အဲဒီကလေးတွေ

www.burmeseclassic.com

အသက်ရှင်နေဖို့ပဲ လိုတာပါ။ သူတို့ရဲ့အသက်အန္တရာယ်ကို နောင်တစ်ချိန်အထိ စိတ်ချ လက်ချ ရှိနေဖို့အတွက် ကျွန်တော်က ခရီးထွက်ရဦးမှာပါ"

"စာထောင်ကြီးပြောတဲ့ ငါးရက်ဆိုတာက ခရီးထွက်ဖို့ကို ပြောတာလား"

"ဟုတ်ပါတယ်။ သူတို့မျိုးနွယ်တွေရဲ့အန္တရာယ်က အမြစ်ပြတ်အောင်ကင်းလွတ်သွားဖို့ ကျွန်တော်က လက်နက်ရှာဖို့ သွားရမှာပါ၊ မြွေဥစားတဲ့လူတစ်ယောက် သုံးနှစ်ရှိမှ မြွေကိုက်သေတာ တွေ့ဖူးတယ်၊ အဲဒီငန်းပုပ်ပဲ။ အသားတွေက ချက်ချင်း မည်းပုပ်သွားတာ၊ အဲဒီငန်းပုပ်တွေက အနံ့တစ်ခုကို သူတို့ရဲ့မှတ်ဉာဏ်ထဲမှာ တခြားမြွေမျိုးနွယ်တွေထက် ပိုပြီးကြာအောင်သိမ်းထားနိုင်ကြတယ်၊ မျိုးတူမြွေတွေဆီကိုလည်း ပို့လွှတ်ပေးနိုင်ကြတယ်။ ဒါကြောင့် တစ်ကောင်သေရင်လည်းပဲ နောက်တစ်ကောင် ရောက်လာကြတာပဲ"

"တော်တော်ကြောက်စရာကောင်းတာပါလား - စာထောင်ကြီး၊ သွားရှာရမယ့်လက်နက်က တော်တော်ရှားပါးလို့ ခရီးဝေးထွက်ရတာလား၊ ကျွန်တော်တို့ပါဝိုင်းကူပြီး ရှာပေးလို့ရမယ်ဆိုရင် မြန်မြန်ရအောင်လို့ ရှာပေးချင်ပါတယ်"

"ခင်ဗျားတို့ကူရှာပေးလို့ မဖြစ်ပါဘူး၊ အဲဒီလက်နက်ကို ခင်ဗျားတို့ အရှာနိုင်းလိုက်ရင် သေမင်းဆီ လွှတ်လိုက်သလို ဖြစ်သွားနိုင်လို့ပါ"

"အောင်မယ်လေး - ဒါဆိုရင်တော့ မဖြစ်ပါဘူးဗျာ၊ စာထောင်ကြီး ခရီးထွက်ဖို့အတွက် ကျွန်တော်တို့ လမ်းစရိတ် ထောက်ပံ့ပါရစေ၊ အဲဒါကိုတော့ လက်ခံပေးပါ၊ ကျွန်တော်တို့မိဘတွေဘက်က အစစ အရာရာပြည့်စုံအောင် တာဝန်ယူဖို့ အားလုံးကိုယ်စား ကျွန်တော်ကတိပေးပါတယ်၊ ဦးဘသိုက်တို့လည်း ပြောပြလိုက်ပါမယ်"

"ဟုတ်ပါပြီ - ကျွန်တော်ပြန်လာမှ လုပ်စရာရှိတာတွေကို ထပ်ပြီးပြောပါမယ်"



ကိုအောင်ဋ္ဌေးသည် သူ၏အိတ်ကပ်ထဲမှ ငွေ(၃၀၀)ကျပ်ကို ထုတ်ယူ၍ ကိုအောင်ပုအား တရိုတသေ ပေးပါသည်၊ ထိုစဉ်က ငွေ(၃၀၀)ကျပ်မှာ မိုင်းတစ်ပိုင်း (ရန်ကုန်အခေါ်ခြံ)ကောင်းကောင်းဝယ်၍ရသောငွေ ဖြစ်၏၊ ထိုသို့ငွေပေးပြီးနောက် ထိုသူများ ပြန်သွားကြပါသည်၊ ခဏအကြာတွင် ကိုအောင်ပုက ကျွန်ုပ်အား -

"ဟေ့ - သိုက်ဖွား - ဒီနှစ် - မင်း ကျောင်းပြောင်းရမှာဆို"

"ဟုတ်တယ် - ကျွန်တော့်ကို ဆားစေ့ကျောင်းကို ပြောင်းပေးမှာတဲ့"

"ဒီလိုဆိုရင် ဒီနှစ်အတွက် ငါက မင်းကို ကျောင်းအပ်ပေးမယ်၊ ရော့ ငွေတစ်ဆယ်ယူသွား၊ ကျောင်းအပ်ပြီးဆိုမှ ဒီငွေကိုထုတ်ပြီး ဆရာလူ(ကျွန်ုပ်၏အဖေ)ကို ပေးနော်၊ ငါပေးရင် မယူမှာသေချာတယ် - ကြားလား၊ ဘယ်သူပေးတာလဲလို့မေးရင် ကောက်ရလို့ သိမ်းထားတာလို့ လိမ်ပြောနော်"

"ဟုတ်ကဲ့ - မှတ်မိပါတယ်"

— ၆ —

ကျွန်ုပ်သည် ဆင်ပြာတစ်ကောင် (တစ်ဆယ်ကျပ်တန်)ကို ကိုင်လိုက်ရသည့်အတွက် အလွန်ပျော်ရွှင်သွားပါသည်၊ ပဋ္ဌမတန်းအတွက် ကျောင်းအပ်နှံခြင်းနှင့် စာအုပ်ဖိုး ကုန်ကျငွေမှာ (၇)ကျပ်မျှသာ ဖြစ်သည်ကို မှတ်မိနေပါသေးသည်၊ ပိုနေသော (၃)ကျပ်သည်ပင် ကျွန်ုပ်အတွက် လွယ်အိတ်တစ်လုံးနှင့် ပုဆိုးတစ်ကွင်း ဝယ်နိုင်ခဲ့ပါသည်၊ ကိုအောင်ပုသည် စာထောင်အလုပ်ဖြင့် အသက်မွေးသူဖြစ်သော်လည်း သူ၏အိမ်၌ အမြဲတမ်း ဆွမ်းခံကိုယ်တော်(၅)ပါး ပင့်ထားပါသည်၊ ရပ်ကွက်ထဲတွင် အခါအားလျော်စွာ ပြုလုပ်လေ့ရှိသော လှူရေး၊ တန်းစရေးများနှင့် လူမှုရေးကိစ္စများတွင်လည်း လက်မနှေးသူဖြစ်၏၊ သို့အတွက် ရပ်ကွက်ထဲမှာ လူအများသည် ကိုအောင်ပုတို့လင်မယား



www.burmeseclassic.com

www.burmeseclassic.com

အား ခင်မင်သူများကြပါသည်။ သူတို့နှစ်ယောက်တွင် သားသမီး မထွန်းကားပါ။ သူတို့လင်မယားသည် ကျွန်ုပ်ကို အလွန်ချစ်ခင်ကြပါသည်။ အဖေ့ကိုတော့ ရှိသေလေးစားသလို ကြောက်လည်း ကြောက်ကြ၏။ သို့အတွက် ကျွန်ုပ်ကို လိမ်ပြောနိုင်းခြင်းလည်း ဖြစ်ပါသည်။

ကိုအောင်ပု ခရီးထွက်သွားပြီးနောက် (၃)ရက်အကြာတွင် မကွေးသို့ ပြန်ရောက်လာပါသည်။ သူနှင့်အတူ ဝါးပိုးဆစ်တစ်ဆစ် ပါလာပါသည်။ ထိုဝါးဆစ်၏အလယ်လောက်တွင် ခဲတံလုံးခန့်အပေါက်တစ်ပေါက် ဖောက်ထားသည်ကို မြင်ရ၏။ ဝါးဆစ်ကို အဖုံးအပိတ်ဖြင့် သေချာစွာ ပြုလုပ်ထားပြီး ပိတ်ထားသည်ကိုတွေ့ရ၏။ ကိုအောင်ပုပြန်ရောက်ပြီဟု သိရသည်နှင့် ဦးစွာရောက်ရှိသွားသူကတော့ ကျွန်ုပ်ပင် ဖြစ်၏။ ကျွန်ုပ်သည် ကိုအောင်ပုပါလာသော ဝါးဆစ်ဘူးကိုကြည့်၍ တောင်ပေါ်မှ လက်ဆောင်ပေးလိုက်သော စားသောက်ဖွယ်ရာများ ဖြစ်မည်အထင်ဖြင့် –

"ကိုအောင်ပုကြီး – ချင်းတွေက ဘာလက်ဆောင်တွေများ စားဖို့ပေးလိုက်တာလဲ"

"ဟေ့ – အဲဒီဝါးဆစ်ဘူးက စားစရာ မဟုတ်ဘူးကွ၊ အဲဒါက လူတွေကိုလိုက်သတ်နေတဲ့ မြွေဆိုးတွေကို နှိမ်နင်းဖို့လက်နက်ကွ၊ သွားပြီး မဖွင့်လိုက်နဲ့နော် – ဝေးဝေးနေ"

"ကျွန်တော့်ကိုဖွင့်ပြပါလား – ကြည့်လို့မရဘူးလား၊ ကြည့်ချင်လိုက်တာဗျာ"

"အခု မကြည့်နဲ့ဦး၊ အချိန်တန်တော့ မင်း မြင်ရမှာပါကွာ၊ ဆရာလူကိုပြောပြီး ငါက မင်းကိုပါ ခေါ်သွားမှာပါ၊ မင်းအဖေက ငါနဲ့ဆိုရင် စိတ်ချပါတယ်"

"ကျွန်တော်က ကျောင်းတက်နေရတာ ဘယ်လိုလုပ်ပြီး လိုက်လို့ရမှာလဲ"



"ညဘက်ကို သွားမှာကွ၊ နောက်ပြီး – မိုးမလင်းခင် ကိစ္စပြီးသွားမှာ။ အဲဒါကြောင့် မင်းကိုပါ ခေါ်မယ်လို့ ပြောတာပေါ့၊ ဘာလဲ – မင်းက မလိုက်ချင်ဘူးလား"

"ဟာ – လိုက်မှာပေါ့ဗျာ၊ သွားမယ်ဆိုရင် ခေါ်ဖို့ မမေ့နဲ့နော်"

"ဟား – ဟား – ဟား – သိုက်ဖွားရယ် – မင်း စပ်စုမယ်ဆိုတာ ငါသိပြီးသားပါ"

"ဒါဆိုလည်း ပြီးရော၊ ကျွန်တော် ပြန်တော့မယ်"

"အေးပါကွာ – သွားတဲ့အခါမင်းအဖေဆီမှာပြောပြီး ငါခေါ်သွားပါမယ်"

ကျွန်ုပ်လည်း အိမ်သို့ ပြန်ခဲ့တော့၏။ ကိုအောင်ပုသည် ချင်းတောင်ဘက်မှပြန်ရောက်လာပြီးနောက်တစ်နေ့တွင် ရွှေညောင်ရပ်ရှိကိုအောင်ဒွေးအိမ်သို့ သွားပါသည်။ အဆင်သင့်ပြင်ဆင်ထားနှင့်ရမည့်ကိစ္စများ ပြုလုပ်ဆောင်ရွက်ဖွယ်ရာရှိသည်များကို ကြိုတင်ပြုလုပ်ထားရန် သွားပြောခြင်းပင်ဖြစ်၏။ မြွေဥစားမိကြသူများ၏မိဘများကလည်း ကိုအောင်ပုပြောပြသည့်အတိုင်း အစစအရာရာ ပြည့်စုံအောင် စီစဉ်ပေးကြလေ၏။ ကိုအောင်ပုသည် ရွှေညောင်ရပ်မှအပြန်တွင် ကျွန်ုပ်တို့အိမ်သို့ ဝင်လာ၏။ ယနေ့ညဘက်တွင် ကျွန်ုပ်ကို သူနှင့်အတူ ခေါ်သွားမည်ဖြစ်ကြောင်း အဖေ့ထံ ခွင့်ပန်ခြင်းဖြစ်၏။

အဖေသည် ကိုအောင်ပုအပေါ်တွင်တော့ ယုံကြည်သူဖြစ်၏။ နှစ်ပေါင်းကြာမြင့်စွာ အတူနေလာခဲ့ကြသူများဖြစ်ကြသဖြင့် တစ်ယောက်အကြောင်း တစ်ယောက် ကောင်းစွာသိရှိပြီး ဖြစ်ကြလေသည်။ ကျွန်ုပ်သည် ထိုနေ့ညနေ ကျောင်းမှ ပြန်ရောက်လာသည်နှင့် လွယ်အိတ်ကိုချိတ်၍ ကိုအောင်ပုဆီသို့ သွားခဲ့ပါသည်။ သိချင်သည်များ များနေ၍ဖြစ်၏။ ကိုအောင်ပုလည်း ညဘက်တွင် ပြုလုပ်ရမည့်အလုပ်အတွက် ပြင်ဆင်နေသည်ကို တွေ့ရ၏။ သူ၏ ဝါးကွပ်ပျစ်ပေါ်တွင် သံဆန်ခါအစိပ်ဖြင့် ပြုလုပ်ထားသော သံပုံးသေးသေးတစ်ခုအား တွေ့ရ၏။ အရှည် တစ်ပေခြောက်လက်မ၊ အကျယ် ကိုးလက်မနှင့်

www.burmeseclassic.com

သူတို့ကိုက်ချင်တဲ့လူကို ကိုက်ပြီးပြီဆိုရင်တော့ အဲဒီအနံ့ရဲ့အာရုံကို ဖျက်ပစ်လိုက်ကြတော့တာပဲ။ သူတို့ကိုယ်တိုင် အဲသည်လို ဖျက်ပြီးရင်တော့ သူတို့ဆက်သွယ်ထားတဲ့ မြွေတွေဆီမှာလည်း ပျက်သွားတော့တာပါပဲ။ သူတို့ကိုယ်တိုင်က မဖျက်ရသေးပဲနဲ့ အကြောင်းတစ်ခုနဲ့ သေသွားမယ်ဆိုရင် နောက်မြွေတွေက ဆက်ပြီးလိုက်ကြတာပေါ့ဗျာ။



အမြင့် ခြောက်လက်မခန့်ရှိသော သံဆန်ခါလှောင်အိမ်လေး ဖြစ်၏။ ကျွန်ုပ် ရောက်သည်နှင့် အဖေလည်း ကျွန်ုပ်၏နောက်မှကပ်လျက် လိုက်ပါလာသည်။ ကျွန်ုပ်တို့ကိုမြင်သည်နှင့် ကိုအောင်ပုက -

"ဆရာလူတို့သားအဖပါလား။ လာဗျာ - ထိုင်ကြပါ။ ညဘက် အလုပ်လုပ်ဖို့ပြင်ဆင်နေတာ - ပြီးတော့မှာပါ။ ကျွန်တော် - အခုပဲ လာခဲ့ပါ့မယ်"

ကိုအောင်ပုသည် စကားပြောရင်းဖြင့် အိမ်ပေါ်သို့ တက်သွားသည်။ အဖေနှင့် ကျွန်ုပ်သည် ဝါးကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်ကြ၏။ ရေနွေးကြမ်း



ပြင်ထားသော လင်ဗန်းလည်း ဝါးကွပ်ပျစ်ပေါ်တွင် ရှိနေ၏။ ကိုအောင်ပု အိမ်ပေါ်မှ ဆင်းလာသောအခါ သူ၏လက်ထဲတွင် ချင်းတောင်ဘက်မှ ယူလာသော ဝါးဆစ်ဘူးနှင့် အမြည်းတစ်ပန်းကန် ပါလာ၏။ သူသည် ဝါးကွပ်ပျစ်တွင် ဝင်ထိုင်လိုက်ပြီး -

"ဆရာလူ - ကလေးကို စိတ်မချလို့လား။ ဘာမှမပူပါနဲ့။ ကျွန်တော်က ကျွန်တော့်အလုပ်ကို မပိုင်ရင် အစကတည်းက မလုပ်ပါဘူး - စိတ်ချပါ"

"မင်းကိုတော့ စိတ်ချပြီးသားပါ - မောင်အောင်ပု။ အခု - ငါ မြင်းလှည်း မောင်းရင်း နေရာအနှံ့ကြားခဲ့ရတယ်။ အဲဒီငန်းပုပ်ကိစ္စက တော်တော်ပြန့်နေတယ်။ မြွေဥစားမိတဲ့အိမ်နားက လူတွေတောင် ကြောက်လန့်ပြီး ဟိုရှောင်၊ သည်ရှောင် လုပ်နေကြရတယ်ဆိုပဲ။ အဲလောက်တောင် ကြောက်စရာ ကောင်းတာလား။ ငါလည်း သိချင်လာတာနဲ့ မောင်အောင်ပုဆီကို လာခဲ့တာကွ - မေးမလို့"

"ဆရာလူရယ် - သူတို့ဘာသာ ကြောက်နေကြတာပါ။ ဘာမှကိစ္စမရှိပါဘူး။ ဒီမြွေတွေအကြောင်းကို မသိကြလို့ အဲသည်လို ဖြစ်နေကြတာပါ။ သူ့ဥကို စားတဲ့လူကလွဲပြီး ဘယ်သူ့ကိုမှ မကိုက်ပါဘူး။ ကိုက်ရင်လည်း ညဘက် အိပ်ချိန်မှာ ကိုက်တာပဲ များပါတယ်။ မတော်တဆ သူ့ကို နင်းမိ၊ ကိုင်မိရင် တော့လည်း ကိုက်ချင် ကိုက်မှာပေါ့ဗျာ၊ ဒီလိုမှမဟုတ်ရင်တော့ သူ့ဥကို စားတဲ့လူကိုကိုက်ပြီး ပြန်သွားကြတာပါပဲ"

ထိုအခါ အဖေက -

"အကိုက်ခံရတဲ့လူက မအော်ဘူးလား - မောင်အောင်ပု"

"ညည်းတဲ့အသံလောက်ပဲ ထွက်နိုင်တယ် - ဆရာလူ။ ချက်ချင်းအဆိပ် ဆက်ပြီး မြောသွားတော့တာပဲ။ ဘေးက အိပ်ပျော်နေတဲ့လူတွေတောင် သိဖို့ခက်တယ်။ အဆိပ်ပြန့်တာ အလွန်မြန်တယ်။ ဆယ်မိနစ်လောက်ဆိုရင် နှလုံးကို ရောက်သွားပြီး သေရတာမျိုးပဲ"



www.burmeseclassic.com

“တော်တော်ပြင်းတဲ့အဆိပ်ပါလား။ နောက်ပြီး – သူတို့ပြောသလို ဘယ်လောက်ပဲကြာကြာ၊ ဘယ်လောက်ပဲဝေးဝေး ရွှေခြား မြေခြားအထိ လိုက်ပြီး ကိုက်တယ်ဆိုတာရော – ဟုတ်ပါ့မလား”

“ဟုတ်တယ် – ဆရာလူ။ ဒီမြွေရဲ့အနံ့ခံစွမ်းအားနဲ့ အဲဒီအနံ့ကို သူတို့ရဲ့ ဦးနှောက်ထဲမှာ သိမ်းဆည်းထားနိုင်တဲ့စွမ်းအားက အလွန်မြင့်မားတယ်။ ခွေးတစ်ကောင်ရဲ့အနံ့ခံစွမ်းအားထက် ဆယ်ဆလောက်တောင် ပိုမယ်ထင်ပါတယ်။ သူတို့ဥကို စားတဲ့လူရဲ့အနံ့ကို သူတို့ရဲ့အာရုံထဲမှာ သေသေချာချာ ပုံသေထည့်ထားကြတာ။ သူတို့ရဲ့သဘာဝပဲ။ ပြီးရင် – သူတို့မျိုးနွယ်တွေဆီကို ဖြန့်ပြီး အာရုံချင်းဆက်ဖို့ ထားတတ်ကြတယ်။ သူတို့ကိုက်ချင်တဲ့လူကို ကိုက်ပြီးပြီဆိုရင်တော့ အဲဒီအနံ့ရဲ့အာရုံကို ဖျက်ပစ်လိုက်ကြတော့တာပဲ။ သူတို့ကိုယ်တိုင် အဲသည်လိုဖျက်ပြီးရင်တော့ သူတို့ဆက်သွယ်ထားတဲ့ မြွေတွေဆီမှာလည်း ပျက်သွားတော့တာပါပဲ။ သူတို့ကိုယ်တိုင်က မဖျက်ရသေးပဲနဲ့ အကြောင်းတစ်ခုနဲ့သေသွားမယ်ဆိုရင် နောက်မြွေတွေက ဆက်ပြီးလိုက်ကြတာပေါ့ဗျာ။ တစ်ခါတုန်းက တောပစ်မုဆိုးတွေကိုခေါ်ပြီး သေနတ်နဲ့ ပစ်သတ်ခဲ့တဲ့ တောကြီးမြွေဟောက်နှစ်ကောင်အကြောင်းကို ဆရာလူလည်း သိခဲ့တာပဲ မဟုတ်လား”

“အေး – သိပါတယ်။ ခွေးတိုင်ရိုးမှာလေ”

“အဲဒီမြွေကြီးနှစ်ကောင် သေသွားပြီး နောက်သုံးလလောက်အကြာမှာ ခွေးတိုင်ရိုးမြောက်ဘက်နားက ဝက်သိုက်ရွာမှာ တောကြီးမြွေဟောက်ကိုက်လို့ သေတာရော ကြားမိသေးတယ် မဟုတ်လား”

ခွေးတိုင်ရိုးဆိုသည်မှာ ထိုစဉ်က မကွေးမြို့၏ အရှေ့ဘက် (၄)မိုင်ခန့် အကွာတွင်ရှိသော ရိုးနက်လျှိုမြောင်ကြီး ဖြစ်၏။ ယခုအခါ၌မူ အလွန်စည်ကားသော မြို့ပြအလယ်သို့ပင် ရောက်ရှိနေပြီဖြစ်၏။ အဖေက –



“အေးကွ – ကြားမိရုံတင် မဟုတ်ဘူး။ အဲဒီ သေသွားတဲ့တောင်ယာသမား ကြက်တိုက်ဘက်သူငယ်ချင်း ဘဒေးတဲ့။ မှတ်မိတာပေါ့ကွာ”

“အဲဒါ – သူတို့ချင်း အာရုံနဲ့ ဆက်ထားတာကို မဖျက်သေးခင်မှာ ရုတ်တရက် သေသွားတော့၊ ကျန်ခဲ့တဲ့ သူတို့မျိုးနွယ်က ဆက်ပြီးလိုက်တာပဲလေ။ အဲဒီကိုက်တဲ့အကောင်က သူ့ရဲ့ဦးနှောက်ထဲက အမှတ်အာရုံကို ကိုက်ပြီးတာနဲ့ ချက်ချင်းဖျက်ပစ်တာလည်း ထုံးစံပဲ – ဆရာလူ”

“အခု – မောင်အောင်ပုကအဲဒီမြွေတွေကိုနှိမ်နင်းဖို့တာဝန်ယူထားတယ်ဆိုတော့ သူတို့ကိုတော့ နှိမ်နင်းလို့ရပြီသားပါ။ နောက်လိုက်လာမယ့်မြွေတွေကျတော့ ဘယ်လိုလုပ်ရဦးမှာလဲ”

“ကျွန်တော်က နောက်ထပ်မြွေတွေ လိုက်လို့မရတဲ့နည်းနဲ့ နှိမ်နင်းရမှာမို့ ချင်းတောင်အထိတက်ပြီး အပင်ပန်းခံသွားခဲ့ရတာပါ။ ဆရာလူ – ဒီမှာကြည့်ပါ”

ကိုအောင်ပုသည် သူယူလာသော ဝါးဆစ်ဘူးအား လှမ်းယူလိုက်၏။ အသင့်ပြုလုပ်ထားသော သံဆန်ခါလှောင်အိမ်လေးအား ဖွင့်ထားပြီးနောက် အပေါ်မှ ဝါးဆစ်ဘူးကို မှောက်လျက် ကိုင်ထားပြီး အဖုံးကို ဖျတ်ခနဲ ဖွင့်၍ချလိုက်၏။ အရွယ်အစားကြီးမားလှသော ပင့်ကူနက်ကြီးနှစ်ကောင် ထွက်ကျလာ၏။ ကိုအောင်ပုသည် သံဆန်ခါအဖုံးကို လျင်မြန်စွာ ပိတ်လိုက်တော့၏။ အဖေက –

“မောင်အောင်ပု – ပင့်ကူနက်ကြီးတွေ နှစ်ကောင်တောင်ပါလား”

“ဆရာလူ – ဒါ ရိုးရိုးပင့်ကူနက် မဟုတ်ဘူး။ အလွန်ရှားပါးတဲ့ တောကြီးပင့်ကူနက်လို့ ခေါ်တယ်။ သူကိုက်မိရင် ငန်းပုပ်ကိုက်တာထက် နှစ်ဆမြန်တယ်။ ချက်ချင်းသေတာ – အသံတောင် မထွက်နိုင်တာပဲ များတယ်”

“ဟင် – ဒီလိုဆို ဒါကို မောင်အောင်ပု ဘယ်လိုဖမ်းလာခဲ့တာလဲ”

“သူတို့ကို အခေါင်းကျယ်တဲ့ သစ်ပင်ကြီးတွေ၊ ကျောက်လိုဏ်ဂူအခေါင်းတွေမှာပဲ နေကြတယ်။ မြွေကိုတောင် ညို့ပြီးစားတဲ့အကောင်မျိုးပဲ။ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

တဲ့နေရာမှာ မြွေရှားတယ်၊ သူ အကြိုက်ဆုံးအစာက မြွေရဲ့ဦးနှောက်ပဲ၊ ဦးနှောက်ကလွဲပြီး ဘာကိုမှမစားဘူး၊ ဒါကြောင့် - ဒီအကောင်တွေ များများရှိတဲ့နေရာကို သိပြီးသားမို့ အပင်ပန်းခံပြီး သွားဖမ်းခဲ့ရတာ၊ မဖမ်းတတ်လို့ အကိုက်ခံရရင်တော့ အဲဒီနေရာမှာပဲ သေမှာ၊ သူတို့ကိုတွေ့ပြီဆိုရင် လေးငါးတောင်လောက်ရှည်တဲ့ ကိုင်ကောင်း ဝါးတစ်ချောင်းနဲ့ ဖမ်းရတယ်၊ အစ ဒီဝါးဆစ်ဘူးကို အဆင်သင့်ပြင်ထားပြီးမှ ဖမ်းရတာ၊ ဖမ်းတော့မယ်ဆိုရင် တစ်နေရာထဲမှာ လေးငါးကောင်ရှိတဲ့နေရာကို အရင်ရွေးရတယ်၊ ဆယ်မိနစ်အတွင်းမှာ နှစ်ကောင်ရအောင်ဖမ်းရမှာလေ၊ အဲဒီဝါးချောင်းလေးနဲ့ သူ့ရဲ့ပင့်ကူအိမ်အမျှင်တွေကို စက်ဝိုင်းပုံအတိုင်း အမြန်ရစ်ပြီး လုံးထွေးသွားအောင် လုပ်လိုက်ရတယ်၊ အဲသည်လို လုံးထွေးနေတုန်းမှာ လက်အိတ်နဲ့ ကိုင်ပြီးဝါးဆစ်ဘူးထဲကိုထည့်ရတယ်၊ နောက်တစ်ကောင်ကိုလည်းအဲသည်လိုပဲဖမ်းပြီးထည့်ရတယ်၊ သူတို့လုံးထွေးနေတဲ့ပင့်ကူမျှင်တွေက ဆယ်မိနစ်ပဲခံတယ်၊ သူတို့ကိုယ်ပေါ်မှာ မရှိတော့ဘူး။ သူတို့ကိုယ်တိုင် ပြန်ပြီး သိမ်းလိုက်တာပဲ၊ ဒါကြောင့် - တစ်နေရာတည်းမှာ နှစ်ကောင်ရမယ့်နေရာကို သွားရှာခဲ့ရတာ ဆရာလူရေ"

"အခု - ငန်းပုပ်က အထီးအမ နှစ်ကောင်ရှိလို့ ဒီနှစ်ကောင် ဖမ်းလာတာလား"

"ဟုတ်တယ် - ဆရာလူ၊ ဒီမြွေတွေ မကွေးဘက်ကမ်းကို ရောက်နေပြီဆိုတာ သေချာတယ်၊ နောက်တစ်ခါကိုက်ရင် နှစ်ယောက် တစ်နေ့တည်း ကိုက်လိမ့်မယ်၊ နောက်ထပ် ခြောက်ယောက်ကိုက်ဖို့ ရှိသေးတယ်ဆိုတော့ တစ်ကောင်စီခွဲပြီးကိုက်လိမ့်မယ်ထင်တယ်၊ ဒါကလည်းကျွန်တော်ကြုံဖူးလို့ သိတာပါ"

"ဒီတောကြီးပင့်ကူနက်ကြီးနှစ်ကောင်နဲ့ကိစ္စပြီးတာပဲလား၊ နောက်ထပ် လာမယ့်မြွေတွေအတွက်ပါ ဘယ်လိုကြောင့် စိတ်ချရတာလဲ"



"ဒီမြွေနှစ်ကောင်အတွက်ဆိုရင် ဘာမှမလိုဘူး - သေပါတယ်၊ မြွေဥစားတဲ့လူတွေကို တစ်နေရာတည်းမှာ စုပြီးအိပ်ခိုင်းထား၊ သူတို့ပတ်ပတ်လည်မှာ ပိုက်တစ်ပုံ ချထားလိုက်ရုံပဲ၊ ပိုက်ကို ဘယ်မြွေမှ မရှန်းနိုင်ဘူး - သေတာပဲ"

"ဒီပင့်ကူနက်တွေနဲ့ဆိုရင် နောက်မြွေတွေ မလာနိုင်တော့ဘူးလား"

"ဟုတ်တယ် - ဆရာလူ၊ ဒီတောကြီးပင့်ကူနက်တွေက မြွေရဲ့ဦးနှောက်ကိုပဲဖောက်ပြီးစားကြတာ၊ စားပြီဆိုရင်လည်းမကုန်မချင်း မလွှတ်တော့ဘူး၊ ပြောင်စင်သွားပြီဆိုမှ လွှတ်ပေးတော့တာ၊ ဦးနှောက်တွေ မရှိတော့ဘူးဆိုတော့ ဦးနှောက်ထဲမှာ မှတ်ထားတဲ့အာရုံတွေပါ ပျက်သွားတော့တာပေါ့၊ ဒီတော့ - ကျန်တဲ့မြွေတွေမှာလည်း အလိုလို အာရုံတွေကို ဖျက်ပြီးသားဖြစ်သွားတော့တာပဲလေ"

"ဩော် - ဒီလိုကိုး"

"ကျွန်တော်တောင်မှ နှစ်ခါကြုံခဲ့ပြီးလို့ အခုလိုသိရတာ၊ ကျွန်တော် ဒီနည်းနဲ့ ရှင်းပြီးတဲ့နောက် မြွေဥစားမိတဲ့လူတွေ မြွေကိုက်သေတာ မတွေ့ရတော့ဘူး"

"အင်း - မောင်အောင်ပု သိထားပေလို့သာပေါ့၊ ဒီတောကြီးပင့်ကူနက်တွေရှိတဲ့နေရာကို အဲဒီမြွေတွေ လာပါ့မလား"

"လာအောင်လုပ်တဲ့နည်း ရှိပါတယ် - ဆရာလူ၊ လာကို လာရမှာပေါ့၊ နောက်ပြီး - အဲဒီငန်းပုပ်နှစ်ကောင်လည်း သေရမှာပါ၊ နောက်ဆိုရင်လည်း ဘယ်သူမှ မြွေနဲ့ပတ်သက်လို့ အန္တရာယ်ရှိမှာ မဟုတ်တော့ပါဘူး"

"မောင်အောင်ပုကိုတော့ ယုံကြည်ပါတယ်၊ ငါ့သားကလည်း အလွန်ဆိုးတဲ့အကောင်၊ မင်းနဲ့ဆိုရင် အလွန်လိုက်ချင်တာ"

"သိုက်ဖွားအတွက် စိတ်ချပါ - ဆရာလူ၊ နယ်ဝေးတွေတောင် ရောက်ဖူးသားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါကွာ – ခေါ်သွားပါ၊ ငါစိတ်ချပါတယ်"

အဖေနှင့် ကိုအောင်ပုတို့ ပြောနေကြသောစကားမှာ စိတ်ဝင်စားဖွယ် ကောင်းလှသဖြင့်အထူးပင်မှတ်မိနေပါသည်။ အဖေကတော့မြင်းစာကျွေးရန် ပြန်သွား၏။ ကျွန်ုပ်ကတော့ ချက်ချင်းမပြန်ဖြစ်သေးပဲ –

"ကိုအောင်ပုကြီး – ဒီနေ့ည သွားမှာလား"

"အေး – ည ဆယ်နာရီလောက်ကို သွားကြတယ်၊ မင်းလည်း ဓာတ်မီး တစ်လက် ယူခဲ့နော်၊ ဓာတ်မီးများတော့ ပိုကောင်းတာပေါ့၊ ဟိုလူတွေကို တော့ ဘယ်လိုလုပ်ထားနှင့်ရမယ်ဆိုတာ သေချာပြောခဲ့ပြီးပါပြီ – သိုက်ဖွား။ မင်း – ဒီနေ့ည စောစောစာကျက်ထား၊ သွားတော့မယ်ဆိုမှ မင်းကို ငါလာပြီး ခေါ်မယ်"

"ဟုတ်ကဲ့"

— ၂၁ —

ကိုအောင်ပုထံမှပြန်လာပြီးနောက် ထိုညတွင် စာကျက်ရသည်မှာ စိတ် မပါတော့၊ သံဆန်ခါထဲမှ တောကြီးပင့်ကူနက်ကြီးနှစ်ကောင်ကိုသာ မြင်နေ မိ၏၊ အဘယ်သို့ဖြစ်လာမည်ကိုလည်း သိချင်နေတော့၏၊ ည ကိုးနာရီ ကျော်ကျော်တွင် ကိုအောင်ပုသည် ကျွန်ုပ်ကို လာခေါ်၏၊ သူ၏ထုံးစံအတိုင်း ကွမ်းအစ်ငယ်ကလေးတစ်လုံးနှင့် အခြားတိုလီမိုလီများ ထည့်ထားသော လွယ်အိတ်တစ်လုံးကို လွယ်ထား၏၊ လေးထောင့်ထိုးဓာတ်မီးတစ်လက်တို့ လည်း လွယ်အိတ်ထဲတွင် ထည့်ထားသည်ကို တွေ့ရ၏၊ သူ၏ညာဘက် လက်တွင်တော့ တောကြီးပင့်ကူနက်နှစ်ကောင် ထည့်ထားသော သံဆန်ခါ ခြင်းငယ်လေးကို ကိုင်ထား၏။

နေ်းပုပ်မြွေကြီးများကို နှိမ်နင်းရန် အစီအစဉ်ကို မကွေးမြို့တောင်ဖျား ကင်းရွာဆိပ်ကမ်းတွင် စီစဉ်ထားသည်၊ သိင်္ဂါကီရိရပ်ကွက်မှ နှစ်မိုင်ကျော် ကျော်ဝေးကွာသောနေရာတစ်ခုဖြစ်၏၊ ထိုနေရာတွင်ရောဝတီမြစ်အတွင်းသို့ စီးဝင်သော ချောင်းလက်တက်တစ်ခု ရှိ၏၊ ကင်းရွာကို အမှီပြု၍ ကင်းချောင်း ဟုခေါ်ကြ၏၊ မကွေးနှင့်ကင်းရွာကိုကူးရန် ယိုင်နဲ့နဲ့သစ်သားတံတားတစ်ခုဖြင့် ဆက်သွယ်ထား၏၊ ထိုတံတားထိပ်မကွေးဘက်တွင်ကြီးမားသောညောင်ပင် ကြီးတစ်ပင် ရှိ၏၊ မြွေဥကို စားမိသောသူများနှင့် လူကြီးများက ထိုညောင်ပင် အောက်မှ စောင့်နေကြမည်ဖြစ်၏၊ ကျွန်ုပ်နှင့် ကိုအောင်ပုသည် ထိုနေရာသို့ မြင်းလှည်းဖြင့် သွားမည်ဖြစ်၏၊ ကိုအုန်းကြည်၏ မြင်းလှည်းကို နေ့လယ် ကတည်းက ငှားထားပြီးဖြစ်၏၊ မြင်းလှည်း ရောက်လာသည်နှင့် ကျွန်ုပ်တို့ သည် မြင်းလှည်းပေါ်သို့ တက်လိုက်ကြပါတော့သည်၊ ထုံးစံအတိုင်း ကျွန်ုပ် က လျှာရှည်ပါတော့၏။

"ကိုအောင်ပုကြီး – ဘာလို့ ဒီလောက်အဝေးကြီးသွားရတာလဲ၊ ကျွန် တော်တို့နဲ့ ကပ်နေတဲ့ မြို့ဟောင်းဆိပ်ကမ်းဆိုရင် မဖြစ်ဘူးလား"

"မင်း မေးတော့မယ်ဆိုတာကို ငါသိနေတယ် – သိုက်ဖွား၊ အခု – ငါ စီစဉ်ခဲ့တဲ့နေရာက သတ်ကွင်းကောင်းလို့ ရွေးခဲ့ရတာကွ၊ ဟိုကိုရောက်ရင် ဘာစကားမှမပြောရဘူးနော်၊ မင်းနဲ့ ငါရဲ့တာဝန်က ဒီအကောင်ကြီးတွေကို မျက်ခြေမပြတ်အောင် တောက်လျှောက်စောင့်ကြည့်နေရာမှာ – သေချာ မှတ်ထားနော်"

"သူတို့ကို ဘာပြုလို့ စောင့်ကြည့်နေရမှာလဲ"

"ပြောပါ့မယ်ကွာ၊ ဒီအကောင်ကြီးတွေက ငြိမ်ပြီးနေတာ၊ သူတို့ရဲ့ သဘာဝကွ၊ သူတို့အာရုံကို ဖြန့်ပြီးနေတာ၊ သူတို့အာရုံထဲကို သားကောင် ဝင်လာပြီဆိုတာနဲ့ သူတို့ရဲ့လက်တွေ၊ ခြေတွေ လှုပ်ရှားလာလိမ့်မယ်၊ အဲဒီလို လှုပ်ရှားလာတဲ့အချိန်ကို ချက်ချင်းသိရအောင် ဂရုစိုက်ပြီး အမှောင်ထဲမှာ စောင့်ကြည့်နေရာမှာ ..."





www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလို လှုပ်ရှားလာရင် ကျွန်တော်က ဘာလုပ်ရမှာလဲ"

"အဲဒီကျတော့ ငါပဲလုပ်မှာပါ၊ မင်းကတော့ ကြည့်ရုံပဲ ကြည့်နေပါ"

"ဟုတ်ကဲ့ - ကိုအောင်ပုကြီး၊ ကျွန်တော် သေချာမှတ်ထားပါ့မယ်"

ကျွန်ုပ်တို့ ကင်းတဲတားထိပ်သို့ ရောက်သောအခါ ညောင်ပင်ကြီး အောက်တွင် လူ ဆယ်ယောက်ခန့် စောင့်နေကြသည်ကို တွေ့ရ၏၊ ရောက် လျှင်ရောက်ချင်း မြှင်းလှည်းကို ပြန်လွှတ်လိုက်ပြီးနောက် ကိုအောင်ပုက -

"ကိုအောင်ဖြေတို့ ကျွန်တော်ပြောထားတာတွေ ပြည့်စုံအောင် လုပ် ပြီးပြီလား"

"ဟုတ်ကဲ့ - ပြည့်စုံအောင် လုပ်ထားပြီးပါပြီ - စာထောင်ကြီး"

"မျှောပိုက်ကို ဘယ်နေရာမှာ ချထားသလဲ"

"ကင်းရွာတောင်ဘက်က ရေစွယ်ကျောက်တန်းမှာ ချထားပါတယ်"

"နေရာကောင်းသားပဲ၊ ပိုက်က ဘယ်လောက်ရှည်သလဲ"

"ကိုက်နှစ်ရာလောက်တော့ ရှိမှာပါ"

"ဝါးဖောင်က ဘယ်ကရတာလဲ"

"ရွှေညောင်ရပ်ထဲက ကိုပြုံးချို့ဝါးဆိုင်က ဝယ်ပြီး မျှောလာတာပါ၊ ဆယ် တွဲကျော်ကျော် ပါပါတယ်၊ မလုံလောက်သေးရင် ထပ်ပြီးဝယ်လိုက်ပါမယ်"

"ဒါလောက်ဆိုရင် လုံလောက်ပါတယ်၊ ခင်ဗျားတို့ကရော ဘယ်နေရာ ကနေပြီး စောင့်ကြည့်ဖို့ စီစဉ်ထားသလဲ၊ ကျွန်တော့်ကို ပြောထားဦးလေ"

"ရွာတောင်ဘက် မြစ်ကမ်းပါးထိပ်ပေါ်က ဇရပ်ကြီးပေါ်ကပဲ စောင့် ကြည့်ဖို့ စဉ်းစားထားပါတယ်၊ အဲဒီနေရာက မြစ်ထဲမှာရှိနေတဲ့ပိုက်ကို ဓာတ် မီးနဲ့လှမ်းထိုးပြီးကြည့်လိုက်ရင် ရှင်းရှင်းလင်းလင်း မြင်ရပါတယ်"

"ကောင်းပါတယ်၊ ကဲ - အလုပ်စတော့မယ်၊ မြွေဉစားတဲ့လူတွေက ကျွန်တော်နဲ့အတူ ဝါးဖောင်ပေါ်ကို လိုက်ခဲ့ကြပါ၊ ကိုအောင်ဖြေ - သူတို့ကို ပြောထားလား"



"ဟုတ်ကဲ့ - ပြောထားပြီးသားပါ - စာထောင်ကြီး"

"ကဲ - ဒါဆိုရင် - လာ - သွားကြမယ်"

— ၂၁ —

ကင်းတဲတားအနောက်ဘက် ဝါးဆယ်ပြန်ခန့်ဝေးသော ရေစီးသန်လှ သည့် မြစ်ပြင်တွင် ဝါးဖောင်ကို ကျောက်ချ၍ထား၏၊ ကင်းချောင်းနှင့် ဧရာဝတီမြစ်တို့ ဆုံတွေ့သောနေရာလည်း ဖြစ်၏၊ ဝါးဖောင်ရှိရာသို့သွားရန် လှေတစ်စီး ထားရှိ၏၊ ထိုလှေဖြင့် ကျွန်ုပ်တို့လူစုကို ရေလယ်သို့ လိုက်ပို့ပေး ပြီးနောက် လှေသမား ပြန်သွားပါသည်၊ ကိုအောင်ပုသည် ဝါးဖောင်ရပ်တည် ပုံနှင့် မြစ်ကမ်းစပ်အကွာအဝေးကို ချိန်ဆနေပါသည်၊ သူ၏စိတ်ကြိုက်အနေ အထားကိုရစေရန်အတွက်ချထားသောကျောက်ကိုပြန်ဖော်၍နေရာအနည်း ငယ် အရွှေ့အပြောင်းလုပ်ပြီး ကျောက်ကို ပြန်ချလိုက်ပါသည်၊

ဝါးဖောင်ကိုတော့စိတ်ကြိုက်နေရာချထားပြီးပေပြီ၊ ထို့နောက် မြွေဉစား ထားသူများကို နေရာသတ်မှတ်ချထားပေးပြန်ပါသည်၊ သုံးယောက်တစ်တွဲ ခြေထောက်ချင်းထိထားစေလျက်တုံးလုံးလှဲနေစေပါသည်၊ မြောက်ဘက်နှင့် တောင်ဘက်သို့ ခေါင်းများ ထားစေပြီး မကွေးဘက်ကမ်းစပ်နှင့်နီးသော ဘက်တွင် နေရာယူစေခြင်း ဖြစ်ပါသည်၊ ကျွန်ုပ်နှင့် အောင်ပုကတော့ ထို သူများ၏ အနောက်ဘက်(မြစ်ပြင်ဘက်)မှ နေရာယူ၍ မျက်နှာချင်းဆိုင် ထိုင်နေကြရပါသည်၊ ကျွန်ုပ်တို့နှစ်ယောက်၏ကြားတွင် တောကြီးပင့်ကူ နက်နှစ်ကောင်ထည့်ထားသော သံဆန်ခါခြင်းကို ချထား၏၊ ထိုသံဆန်ခါတွင် လျှပ်တစ်ပြက်ဖွင့်နိုင်သော ခလုတ်တစ်ခုကိုလည်း ပြုလုပ်ထားသည်ကို တွေ့ ရ၏၊ လိုအပ်သောပုံစံဖြင့် နေရာယူပြီးကြသောအခါ ကိုအောင်ပုက မြွေဉ စားထားသူများအား -

www.burmeseclassic.com

"ငါ့တူလေးတွေ – ဘာမှကြောက်စရာမလိုဘူးနော်၊ ငါ မပြောမချင်း ငြိမ်ငြိမ်လေးပဲ နေပေးပါ၊ ငါက ထကြတော့ဟေ့လို့ ပြောတာနဲ့ မင်းတို့ ဘေးနားမှာ ချထားတဲ့ ဓာတ်မီးတွေကို ထိုးပြီး မြစ်ပြင်မှာရှာကြ၊ ဓာတ်မီးတွေ အကုန်လုံး ဝိုင်းပြီးထိုးရင် မင်းတို့ မြင်ကြရမှာပါ – မှတ်မိတယ်နော်"

ထိုအခါ မြွေဥစားထားကြသူများက –

"မှတ်မိပါတယ် – စာထောင်ကြီး၊ ကျွန်တော်တို့ဆီတော့ မရောက်လောက်ပါဘူးနော်"

"စိတ်ချပါကွာ၊ မင်းတို့ဆီကို မရောက်ပါဘူး၊ ကြောက်တတ်ရင် မျက်စိ မှိတ်သာထားကြ"

"ဟုတ်ကဲ့ – စာထောင်ကြီး"

မြွေဥစားထားကြသူများသည် ကြောက်ရွံ့နေကြပုံရ၏၊ ကိုအောင်ပုက ကျွန်ုပ်အား –

"မောင်သိုက်ဖွား – ငါက သံဆန်ခါခြင်းကို မြစ်ထဲပစ်ချလိုက်တာနဲ့ မင်းက ဓာတ်မီးကို အသေထိုးထားပြီး ရေပြင်ပေါ်မှာ ရှာရမယ်နော်၊ ကျန်တဲ့ လူတွေအကုန်လုံးပဲ မှတ်ထားကြနော်၊ အဲဒီအချိန်ကျရင် လူကုန် ဓာတ်မီး ထိုးပြီး ရေပြင်ပေါ်မှာ ဝိုင်းပြီးရှာကြရမယ် – မှတ်ထားကြနော်၊ ဘာမေးစရာ ရှိသေးလဲ၊ မေးစရာမရှိတော့ရင် အခုအချိန်ကစပြီး အားလုံးအသံတိတ်နေ ကြမယ်"

ထုံးစံအတိုင်း မေးစရာရှိသည်က ကျွန်ုပ်ဖြစ်နေ၏၊

"ကိုအောင်ပုကြီး – ကျွန်တော်တို့ရှိတဲ့ မြစ်ဘက်က ရောက်လာရင် ဘယ်လိုလုပ်မလဲ"

"ဒီကောင်တွေ အဲဒီဘက်က လာစရာအကြောင်းမရှိဘူးကွ၊ မကွေး ဘက်ကမ်းမှာပဲ ရှိနေမှာ သေချာတယ်၊ ဒီတောကြီးပင့်ကူနက်ဆိုတာ အာရုံခံတဲ့နေရာမှာရော၊ အနံ့ခံတဲ့နေရာမှာရော မြွေတွေထက် ပိုပြီးအင်အား ကောင်းတယ်၊ သာလွန်တယ်၊ မြစ်ဘက်က လာမယ်ဆိုရင် ပင့်ကူနံ့ကြောင့် အဝေးက ကွေ့သွားမှာ၊ ဒါပေမဲ့ – မကွေးဘက်ကပဲ လာလိမ့်မယ်၊ လူနံ့တွေကို တမင်တကာစုပြီးရအောင် အဲဒီဘက်က ထား.ထားတာ၊ သူတို့ ဝါးဖောင်နဲ့ ဝါးတစ်ပြန်လောက် ရောက်ပြီဆိုရင် ငါ စပြီးလွှပ်ရှားမှာပါ၊ အဲဒီအချိန်ကျရင် အားလုံးစောင့်ပြီး ဓာတ်မီးတွေနဲ့ ဝိုင်းထိုးပြီး ကြည့်ကြ၊ ပွဲကြီးပွဲကောင်း တွေ့ရမှာပါ၊ ကဲ – အခုအချိန်ကစပြီး မေးစရာမရှိတော့ရင် အသံတိတ် စကြရ အောင်"

ကျွန်ုပ်တို့လည်း ကိုယ့်တာဝန်နှင့်ကိုယ် နေရာယူထားကြပြီး အသံ တိတ်ဆိတ်စွာဖြင့် နေလိုက်ကြတော့၏၊ တုံးလုံးလှဲနေကြသူများကလည်း ဓာတ်မီးများကို လက်တွင် ကိုင်ထားကြလျက်၊ အသင့်အနေအထားဖြင့် စောင့်နေကြ၏၊ ကျွန်ုပ်နှင့် ကိုအောင်ပုမှာလည်း ကျွန်ုပ်တို့နှစ်ယောက်ကြား တွင် ချထားသော သံဆန်ခါအတွင်းမှ တောကြီးပင့်ကူနက်ကြီး နှစ်ကောင် အား မမှိတ်မသုန် စောင့်ကြည့်နေရပါသည်၊ ပင့်ကူကြီးနှစ်ကောင်မှာ အရုပ် များကို ချထားဘိသကဲ့သို့ လွန်စွာငြိမ်သက်လျက် ရှိနေသည်ကို တွေ့ရ၏၊

"ဒေါင် – ဒေါင် – ဒေါင်"

ထိုစဉ်က မကွေးတိုင်းဆေးရုံကြီး (ယခုအခါတွင် မကွေးတိုင်းတရားရုံး) ဆီမှ သံချောင်းခေါက်သံ (၁၁) ချက်ပင်ကြားရပြီဖြစ်၏၊ ပင့်ကူကြီးများလည်း တုတ်တုတ်မျှ မလှုပ်ကြ၊ ခေတ္တအကြာတွင် ချောင်းရိုးဖျားဆီမှ "ရှီ" ခနဲ မြွေတွန်သံ တစ်စွန်း ကြားလိုက်ရ၏၊ ကိုအောင်ပုက ကျွန်ုပ်နားသို့ကပ်၍ လေသံတိုးတိုးဖြင့် –

"တစ်ကောင်တော့ ရောက်လာပြီ၊ နောက်ထပ် တစ်နေရာက မြွေတွန် လိမ့်ဦးမယ်၊ အဲဒါကြားပြီးရင် ဂရုစိုက်နေတော့၊ ဓာတ်မီးကိုအသင့်လုပ်ထား၊ သူတို့နှစ်ကောင်ပေါင်းပြီးလာဖို့ တွန်သံနဲ့ အချက်ပေးကြလိမ့်မယ်၊ သူ့ဆီကို လူနံ့တွေ ရောက်သွားပြီ"

www.burmeseclassic.com

ကျွန်ုပ်က ခေါင်းညိတ်လိုက်၏။ ကိုအောင်ပုက ပက်လက်လှန်နေကြသူများကို မကြောက်ကြရန်နှင့် ငြိမ်ငြိမ်နေရန် လက်ဟန် ခြေဟန်ဖြင့် ပြပေးထားပါသည်။ နောက်ထပ် ဆယ်မိနစ်ခန့်အကြာတွင် ကင်းတံတား၏အရှေ့ဘက်နားရှိ ချုံပုတ်များထဲမှ "ရှီ"ခနဲ မြွေတွန်သံတစ်ခွန်း ထပ်မံကြားလိုက်ကြရပါသည်။ ယခင်ကြားခဲ့ရသောအသံထက် အနည်းငယ်သေး၍ စူးစူးရှရှရှိလှ၏။ ထိုအချိန်တွင် တောကြီးပင့်ကူနက်နှစ်ကောင်သည် သူတို့၏ခြေလက်များကို အောက်သို့ထောက်၍ အပေါ်သို့ ခုန်းထနေကြသည်ကို တွေ့ရ၏။

ကိုအောင်ပုက သံဆန်ခါခြင်း၏ အပေါက်ချက်ခလုတ်ကို လက်ဖြင့် အသာဖိ၍ ကိုင်ထားလိုက်သည်ကို တွေ့ရပါသည်။ နောက်ထပ် ငါးမိနစ်ခန့်အကြာတွင်တော့ တောကြီးပင့်ကူနက်နှစ်ကောင်၏ ခြေနှင့်လက်တို့သည် စက်ယန္တရားတစ်ခုလည်ပတ်ဘိသည့်အလား လျင်မြန်စွာ လှုပ်လွန့်လှုပ်ရှား၍ နေကြတော့၏။ ထိုအချိန်မှာပင် ကိုအောင်ပုသည် သံဆန်ခါခြင်း၏အဖုံးကို ဖွင့်လျက် ပွင့်နေသော သံဆန်ခါခြင်းအား တုံးလုံးလှဲနေကြသူများ၏အပေါ်မှ ကျော်၍ မြစ်အတွင်းသို့ ပစ်ချလိုက်ပါတော့သည်။

"ဗွမ်း"

မြစ်အတွင်းသို့ သံဆန်ခါခြင်းကျသွားသည်နှင့် ကိုအောင်ပုက -

"ထိုးဟေ့ - ဓာတ်မီးတွေ ပိုင်းထိုးပြီး ရှာကြ၊ ထကြတော့ဟေ့"

ကိုအောင်ပုကိုယ်တိုင်ကလည်း မြစ်ပြင်ပေါ်တွင် ရှိနေမည့် တောကြီးပင့်ကူနက်များအား ဓာတ်မီးကိုအသုံးပြု၍လိုက်ရှာပါသည်။ ကျွန်ုပ်တို့အားလုံးလူရှစ်ယောက်၊ ဓာတ်မီးရှစ်လက်ဖြင့် မြစ်ပြင်ပေါ်တွင် ရှိနေမည့် ပင့်ကူနက်ကြီးများအား တစ်ပြိုင်တည်း ရှာဖွေလိုက်ကြပါသည်။ ပင့်ကူနက်နှစ်ကောင်သည် မြစ်ပြင်ပေါ်တွင် တစ်ကောင်နှင့်တစ်ကောင် ဆယ်ပေအကွာလောက်၌ ရှိနေကြသည်ကို ဓာတ်မီးရောင်များဖြင့် မြင်နေကြရ၏။ အံ့သြဖွယ်ကောင်းသည်မှာ အလွန်ရေစီးသန်လှသော မြစ်ပြင်ပေါ်၌ သူတို့၏ခြေလက်များ လှုပ်ရှားနေကြပုံမှာ ပျားတစ်ကောင် တောင်ပံခတ်သကဲ့သို့ပင်မြင်တွေ့နေရခြင်းဖြစ်၏။ အရှိန်ပြင်းလှသောရေစီးအတိုင်း မျောပါမသွားသည့်အပြင် တစ်ကောင်က ရေဆန်ဘက်သို့ ဦးတည်လှုပ်ရှားနေပြီး တစ်ကောင်က ရေစီးကို ကန့်လန့်ဖြတ်၍ ကမ်းစပ်ဘက်သို့ သွားနေသည်ကို တွေ့ရ၏။ ကိုအောင်ပုက -

"အဲဒါ - ရေပေါ်ကနေပြီး ရေအောက်ကနေ အပေါ်ကို ပေါ်လာမယ့် မြွေခေါင်းကို ကြိုပြီး စောင့်ရှာနေတာ - သေချာကြည့်ထားကြ"

ကျွန်ုပ်က -

"ကိုအောင်ပုကြီး - ရေအောက်က မြွေရှိတဲ့နေရာကို သူတို့က သိသလား"

"သိတာပေါ့ကွာ။ ရေပေါ်ကို ပေါ်လာတာတဲ့။ ဦးနှောက်ကို ဖောက်စားဖို့ အဆင်သင့် ပြင်နေကြတာ။ ခဏနေရင် မင်းတို့ သိကြတော့မှာပါ။ ဓာတ်မီးကိုသာ မပြတ်အောင် ထိုးထားကြ"

ကိုအောင်ပုပြောသည့်အတိုင်း သိပ်မကြာလိုက်ပါ။

"ဝုန်း - ဗွမ်း - ဗွမ်း - ဖလန်း - ဖလန်း - ဝေါ - ဝုန်း - ဗွမ်း"

အလွန်ကြီးမားသော ငန်းပုပ်မြွေကြီးတစ်ကောင်သည် မြစ်ပြင်အထက်သို့ သုံးပေခန့် ဦးခေါင်းပေါ်နေပြီး ပါးပျဉ်းထောင်ထားသည်ကို မြင်ကြရ၏။ သူ၏ ရှည်လျားသော ကိုယ်လုံးဖြင့် မြစ်ပြင်အား တဝုန်းဝုန်း ရိုက်ခတ်လူးလှိမ့်လျက် ရေထဲ၌ ဝုတ်ချည် ပေါ်ချည် ဖြစ်နေ၏။ ထိုမြွေကြီး၏ ဦးခေါင်းပေါ်တွင်တော့ ပင့်ကူနက်ကြီးတစ်ကောင်က သံမှိုစွဲကုပ်ထားသည့်အလား လုံးဝဖွယ်ကပ်ထားသည်ကိုလည်း မြင်တွေ့ကြရတော့၏။ ရောဝတီမြစ်ပြင်ပေါ်၌ တဝုန်းဝုန်း ဆူညံနေသော အသံဖြစ်ပေါ်လျက် ရှိနေတော့၏။

ထိုစဉ်မှာပင် ကမ်းစပ်ဘက်မှ မြွေတစ်ကောင်မှာလည်း ထိုကဲ့သို့ပင်ဖြစ်နေသည်ကို တွေ့ကြရတော့၏။ (၁၅)မိနစ်ခန့်အကြာအထိ မြစ်ပြင်ပေါ်မှ အဆိပ်ဘုရင်တို့၏တိုက်ပွဲသံကြောင့် ရေစီးသံနှင့်အတူ ဆူပွက်ခတ်သံ၊





www.burmeseclassic.com

www.burmeseclassic.com

ရေလုံးရိုက်သံများ ဆူညံသွားတော့၏။ ထို့နောက် ညဥ့်၏ တိတ်ဆိတ်ခြင်းအောက်တွင်မြစ်ရေစီးသံသဲ့သဲ့မှတစ်ပါးမည်သည့်အသံကိုမျှမကြားရတော့ချေ။ စောစောက ဤနေရာတွင် ဘာကိုမျှ မဖြစ်ခဲ့သလိုမျိုး ငြိမ်သက်ခြင်းဖြစ်နေတော့၏။ လှုပ်ရှားရုန်းကန်နေသော မြွေကြီးများကိုလည်း မမြင်တွေ့ရတော့၊ မြစ်ပြင်ကလည်းဓာတ်မီးရောင်များကြားတွင်မှန်သားပြင်ပမာ၊ တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သူကတော့ ကိုအောင်ပု ဖြစ်၏။

"ကဲ - ငါ့တူလေးတွေ ကိစ္စအားလုံး ပြီးသွားပြီ၊ လှေသမားကို လာဖို့အချက်ပြလိုက်တော့၊ ငါတို့အကုန်လုံးမြစ်အောက်ဘက်က မျှောပိုက်ဆီကိုသွားကြရမယ်၊ တို့ဓာတ်မီးတွေကို ကိုအောင်ဒွေးတို့လည်း မြင်ကြမှာပါ"

ထိုအခါ ကိုအောင်ဒွေး၏သားဖြစ်သူက ဓာတ်မီးဖြင့် လှေသမားရှိရာကင်းရှာဘက်သို့ လှမ်း၍ အချက်ပြလိုက်ပါသည်၊ ထိုသူကပင် -

"စာထောင်ကြီး - ကျွန်တော်တို့ ဘေးအန္တရာယ် ကင်းသွားပြီလား၊ ဟင်"

"အေး - အန္တရာယ် ကင်းသွားပါပြီ၊ နောင်လည်း မရှိတော့ပါဘူး၊ မင်းတို့ကို ကိုက်မယ့်မြွေနှစ်ကောင်ကို အောက်နားက ပိုက်တန်းမှာ အသေကောင်ပဲ တွေ့ရလိမ့်မယ်၊ လှေရောက်လာရင် အဲဒီကို လှေနဲ့ သွားကြတာပေါ့"

ကျွန်ုပ်က ကိုအောင်ပုအား -

"ကိုအောင်ပုကြီး - ဟို တောကြီးပင့်ကူနက်ကြီးတွေရော တွေ့ဦးမှာလား"

"သူတို့က အစုလောက်ဆိုရင် မြစ်အလယ်လောက်ကို ရောက်နေလောက်ပြီ၊ အဲဒီအကောင်တွေက မြွေဦးနောက်ကို ကုန်အောင်စားပြီးတာနဲ့ သူတို့နေရာကို ဘယ်လောက်ပဲဝေးဝေး ပြန်နိုင်တဲ့အာရုံ ရှိတယ်၊ စွမ်းအင်ရှိတယ်၊ သူတို့ပြန်ကြမှာ"

ကိုအောင်ပုပြောပြသော တိရစ္ဆာန်တို့၏ ဆန်းပြားအံ့သြဖွယ်ကောင်းလှသော သဘာဝကို ကျွန်ုပ်သည် မေ့မရနိုင်အောင်ပင် မှတ်မိနေတော့၏။ လှေသမားရောက်လာသည်နှင့် ကျွန်ုပ်တို့လူစုသည် ဝါးဖောင်ပေါ်မှ လှေပေါ်သို့ ကူးပြောင်း၍ နေရာယူလိုက်ကြ၏။ ထို့နောက် မြစ်အတိုင်း အောက်ဘက်သို့ စုန်ဆင်းလိုက်ကြပါသည်၊ ကိုအောင်ဒွေးတို့လူစုသည်လည်း ပိုက်ချထားသော ရေစွယ်ရှိရာ ကမ်းစပ်သို့ ရောက်ရှိနေကြပြီ ဖြစ်၏။ ဓာတ်မီးတဝင့်ဝင့်ဖြင့် ကျွန်ုပ်တို့ကို စောင့်နေကြခြင်း ဖြစ်ပါသည်။ သူတို့စောင့်နေသော မြစ်ကမ်းစပ်သို့ လှေဦးထိုး၍ ရပ်လိုက်ပြီးနောက် ကုန်းပေါ်သို့ တက်လိုက်ကြပါသည်၊ ကိုဘလုက ကိုအောင်ပုအား -

"စာထောင်ကြီး - အခြေအနေ ဘယ်လိုရှိသလဲ"

"ကဲ - ခင်ဗျားတို့ပိုက်ကို တဖြည်းဖြည်းချင်း ကုန်းပေါ်ကိုသာ ဆွဲပြီးတင်လိုက်ကြပေတော့၊ ပိုက်ထဲမှာ ငန်းပုပ်ကြီးနှစ်ကောင် ပါလာပါလိမ့်မယ်၊ မကြောက်ကြပါနဲ့ - အသေကောင်တွေပါ၊ အဲဒါကိုဖြုတ်ပြီးတော့ ရေထဲမှာပဲ မျှောလိုက်ကြပါ၊ ခင်ဗျားတို့သားတွေရဲ့နောင်ရေးအတွက်လည်း ဘာမှ ပူစရာမလိုတော့ပါဘူး၊ ကျွန်တော့်ရဲ့အလုပ်ကိစ္စကတော့ ပြီးသွားပါပြီ၊ လာဟေ့ - မောင်သိုက်ဖွား၊ ငါတို့ ပြန်ကြမယ်လေ"

ကိုဘလုက ပျာပျာသလဲအမူအရာဖြင့် -

"ဟာ - စာထောင်ကြီး - အဲသည်လိုတော့ မလုပ်ပါနဲ့ဗျာ၊ ကျောက်ကုန်းရွာမှာ ကျွန်တော်နဲ့ခင်တဲ့ မြင်းလှည်းတစ်စီး ရှိပါတယ်၊ ကျွန်တော် သွားနှိုးပြီးခေါ်ရင် ရပါတယ်၊ ခဏလောက် စောင့်ပေးပါနော်၊ ကျွန်တော် အခုပဲ သွားခေါ်လိုက်ပါမယ်"

ကိုဘလု၏စကားဆုံးသွားသောအချိန်မှာပင် မျှောပိုက်ကို ကုန်းပေါ်သို့ ဆွဲတင်နေသူက -

"ဟော - တွေ့ပြီဗျို့၊ ဒီမှာ - မြွေကြီး၊ ဟုတ်တယ်ဗျ - မလှုပ်ဘူး၊ အသေကောင်ကြီးပဲ၊ မျော့ဖတ်နေပြီ၊ ဟို - ဟိုမှာလည်း တစ်ကောင်ဗျို့၊ ဒီအကောင်လည်း သေနေတာပဲ၊ ဒီလိုဆို ကျုပ်တို့ကလေးတွေအတွက် စိတ်အေးရပြီဗျ"

— ၆ —

www.burmeseclassic.com

www.burmeseclassic.com

သူတို့လူစုသည် ပိုက်မှဖြုတ်ထားသော ငန်းပုပ်မြွေကြီးနှစ်ကောင် (အထီးနှင့်အမ)အား ကြည့်လျက် ဝမ်းမြောက်ဝမ်းသာရှိနေကြသည်ကို တွေ့ရ၏။ (၁၅)မိနစ်ခန့်အကြာတွင်တော့ ကိုအောင်ပုမှာထားသည့်အတိုင်း မြွေကြီးနှစ်ကောင်အား မြစ်ပြင်အတွင်း မျှောလိုက်ကြပါသည်၊ ကိုဘလှကတော့ ကင်းရွာအရှေ့ဘက်တွင်ကပ်လျက်ရှိသော ကျောက်ကုန်းရွာသို့ မြင်းလှည်းငှားရန် ထွက်သွားခဲ့ပေပြီ။ ကိုအောင်ဒွေးက -

"စာထောင်ကြီး - မနက်ဖြန်မနက် ဆယ်နာရီလောက်မှာ စာထောင်ကြီးအိမ်ကို ကျွန်တော်တို့ လာခဲ့ပါရစေ။ အခုကိစ္စဟာ ကျွန်တော်တို့အားလုံးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ကိစ္စပါ။ ကျွန်တော်တို့ရဲ့စုပေါင်းကန်တော့တာကိုတော့ လက်ခံပေးပါလို့ တောင်းပန်ပါတယ်ခင်ဗျာ"

"ခင်ဗျားတို့ဘက်က ကန်တော့ရမှ စိတ်ချမ်းသာမှာဆိုရင်တော့ လက်ခံပေးရမှာပေါ့ဗျာ၊ ဒါပေမဲ့ - ကျွန်တော့်ပညာနဲ့ လူတွေရဲ့အသက်ကို ကယ်တင်နိုင်ခဲ့လို့ ရခဲ့တဲ့ကုသိုလ်လောက်တော့ ပီတိဖြစ်မိမှာ မဟုတ်ဘူးနော်၊ ကျွန်တော့်ရင်ထဲက အရှိအတိုင်းကို ကြိုပြောထားတာ၊ ခင်ဗျားတို့ဆန္ဒရှိမှ လာခဲ့ကြပါ၊ မလာရင်လည်း ဘယ်လိုမှ သဘောမထားပါဘူး၊ ဟော - ဟိုမှာ မြင်းလှည်းလာနေပြီ၊ ကျွန်တော်တို့ ပြန်မယ်၊ အားလုံးကို နှုတ်ဆက်ပါတယ်၊ လာ - သိုက်ဖွား - သွားကြမယ်"

ကျွန်ုပ်တို့ရှေ့သို့မြင်းလှည်းရောက်လာသည်နှင့်မြင်းလှည်းပေါ်သို့တက်လိုက်ကြတော့သည်၊ ကျွန်ုပ်တို့ အိမ်ပြန်ရောက်၍ အိပ်ယာထဲသို့ ဝင်လိုက်သောအချိန်တွင် နံနက်စောစော တစ်နာရီပင် ရှိပြီဖြစ်၏။ နောက်နေ့တွင် ကိုအောင်ဒွေးတို့လူစု ကိုအောင်ပုထံသို့လာသည်၊ မလာသည်ကို မသိရပေ။ ကျောင်းတက်နေရသဖြင့် မသိခြင်းဖြစ်၏။ ညနေကျောင်းဆင်းချိန်တွင်တော့ အိမ်သို့ပြန်ရောက်သည်နှင့် လွယ်အိတ်ကိုချိတ်၍ ကိုအောင်ပုတို့အိမ်ဘက်သို့ အပြေးအလွှား ရောက်ရှိသွားပါသည်၊ ကိုအောင်ပုသည် သူ၏ဝါးကွပ်ပျစ် တွင် ထိုင်လျက် အဝေးဆီသို့ ရီဝေဝေသော အကြည့်တစ်မျိုးဖြင့်ကြည့်ရင်း ထိုင်နေသည်ကို တွေ့ရ၏။ ကိုအောင်ပု ဤသို့သောပုံစံဖြင့် ထိုင်ဖူးသည်ကို တစ်ခါသော်မျှ ကျွန်ုပ် မတွေ့ဘူးခဲ့ပါ။ ကျွန်ုပ်စိတ်ထဲ၌ ထူးဆန်းသလို ဖြစ်နေ၏။ ကျွန်ုပ်က -

"ကိုအောင်ပုကြီး - ဟိုလူတွေ လာကြသေးလား"

"လာတယ်ကွ။ မြေပဲတစ်စီး (အတင်း ၂၀)၊ ပဲဆီတစ်အိုး (၁၀ ပိဿာ)၊ နမ်းဆီတစ်အိုးနဲ့ ငွေနှစ်ထောင် ပေးသွားကြတယ်။ အဲဒါနဲ့ ငါလည်း စဉ်းစားနေတာကွ"

"ဟာ - ပွတာပဲ။ ကိုအောင်ပုကြီးတော့ သူဌေးဖြစ်ပြီပေါ့"

ကျွန်ုပ်က အလွန်ပျော်ရွှင်စွာဖြင့် ကလေးပီပီ ကိုအောင်ပုရှေ့တွင် ကနေလိုက်ပါသည်။ ထိုစဉ်က ပစ္စည်းတန်ဖိုးများကို ဖယ်ထား၍ ငွေသား နှစ်ထောင်ကျပ်ဆိုသည်မှာ အလွန်များပြားလှသော ငွေပမာဏဟု သတ်မှတ်နိုင်သောအချိန်ပင် ဖြစ်၏။ ရွှေတစ်ကျပ်သား၏တန်ဖိုးမှာ ငါးရာကျပ်ဝန်းကျင်ခန့် ရှိမည်ထင်ပါသည်၊ အမေ၏ဆွဲကြိုးနှင့် လက်စွပ်တို့ကို ရောင်းချ၍ မြင်းတစ်ကောင် ဝယ်ယူပြီး ခါစဖြစ်၍ မှတ်မိခြင်း ဖြစ်ပါသည်။ ကိုအောင်ပုသည် က၍မပြီးသေးသော ကျွန်ုပ်အား -

"ဟေ့ - သိုက်ဖွား - တော်ပါတော့ကွာ။ ငါ - မင်းကို ပြောစရာ ရှိတယ်"

"ကိုအောင်ပုကြီး - ကျွန်တော်က ခင်ဗျားကိုချစ်လို့ကတာကို အတော်နိုင်းတယ်။ တော်ပြီ - မကတော့ဘူး၊ ဘာမှလည်း မပြောနဲ့တော့ - ပြန်မယ်"

"ဟာကွာ - စိတ်မဆိုးပါနဲ့ကွ၊ ငါလည်း မင်းကို သိပ်ချစ်တာ မင်းလည်း သိရဲ့သားနဲ့ကွာ၊ လာပါ - သိုက်ဖွားရဲ့ ဒီနားကို လာ - ငါပြောမယ်"

ကျွန်ုပ်က ချော့၍သာ ငြိမ်နေလိုက်ရသော်လည်း စိတ်ဆိုးမပြေချင်သေး၊

"ဘာပြောမှာတုံး - ပြော"

www.burmeseclassic.com

"ငါတို့မှာက သားသမီးမရှိတော့ သာသနာ့အမွေခံဖို့မရှိပဲဖြစ်နေတယ်၊ အဲဒါ – ဆရာလူ့ဆီမှာ မင်းကိုတောင်းပြီး လှူရရင်ကောင်းမလားလို့ စဉ်းစားနေတာကွ၊ ဒါပေမဲ့ – ဆရာလူ့ကိုငါမပြောဝံ့ဘူး၊ ဘယ်လိုပြောရမှန်းမသိဘူးဖြစ်နေတယ်၊ မင်းကရော ရှင်လောင်းမပြုချင်ဘူးလား၊ ကိုရင် မဝတ်ချင်ဘူးလား"

ကျွန်ုပ်သည် ငယ်ရွယ်သူမျှသာရှိသေးသဖြင့် ထိုစဉ်က ပြည့်စုံအောင် စဉ်းစားနိုင်စွမ်း မရှိခဲ့ပါ၊ ရှင်လောင်းပြုရမည်ကိုတော့ သဘောကျခဲ့၏၊ သို့သော် ခေါင်းတုံးရိတ်ရမည်ကိုကား များစွာဝန်လေးမိတော့၏၊ ကိုအောင်ပု ပြောနေသည့် သာသနာ့အမွေဆိုသည်ကိုလည်း လုံးဝနားမလည်ခဲ့သည်မှာ အမှန်ပင်ဖြစ်ပါ၏၊ ထို့ကြောင့် –

"ဟာ – ကိုအောင်ပုကြီးကလည်း ကျွန်တော် ကိုရင် မလုပ်ချင်ပါဘူး၊ ပြန်တော့မယ်နော်"

"ဟေ့ – ဟေ့ကောင် – သိုက်ဖွား – နေပါဦးဟ၊ ဩော် – ဒီကလေးကလဲ"

ကိုအောင်ပုက နောက်မှ လှမ်းခေါ်နေသော်လည်း ကျွန်ုပ်ကတော့ နောက်မကြည့်တမ်း အပြေးပြန်လာခဲ့တော့၏၊ အိမ်သို့ရောက်သောအခါ အဖေ့ထံ ပြေးသွားပြီး –

"အဖေ – ကိုအောင်ပုကြီးက ကျွန်တော့်ကိုအဖေ့ဆီမှာတောင်းပြီးကိုရင်ဝတ်ပေးမလို့တဲ့၊ အဖေ့ – အဖေ – မပေးနဲ့နော်၊ သား – ကိုရင်မဝတ်ချင်ဘူး"

"အေးပါကွာ – ငါ့သားကမှ မဝတ်ချင်ဘူးဆိုရင် အဖေက မပေးပါဘူးကွယ်"

— ၂ —

ထိုအခါကမှပင် ကျွန်ုပ်စိတ်ထဲ၌ ပျော်ရွှင်သွားခဲ့ရပါသည်၊ နောက်ထပ်အကြာတွင် ကိုအောင်ပုသည် ဘုရားသုံးဆူ မူလကျောင်းသို့သွား၍ ကျောင်း၏အောက်ပိုင်းကုန်ကျငွေများစာရင်းတွင် ငွေ တစ်ထောင်တစ်ရာတိတိကို ပါဝင်လှူဒါန်းခဲ့သည်ဟု သိရပါသည်၊ ထိုစဉ်အခါက လူချမ်းသာဆိုသူများပင် တစ်ရာကျပ်ပြည့်အောင် လှူဒါန်းသူရှား၏၊ ကျန်ငွေကိုတော့ သူ၏ ဇနီးအား ရွှေဝယ်ပေးလိုက်သည်ကို တွေ့ရပါသည်၊ ကျွန်ုပ်ကို အလွန်ချစ်သော ကိုအောင်ပုသည် သုံးရက်ခန့် ကျွန်ုပ်ကို စကားမပြောဘဲနေသည်ကို သတိထားမိ၏၊ သို့သော်လည်း နောက်ရက်များတွင် ယခင်ကကဲ့သို့ပင် ချစ်ချစ်ခင်ခင်ပြောခြင်း ပြုရှာပါသည်၊

ကျွန်ုပ်၏မိဘနှစ်ပါးနှင့်တကွ ကိုအောင်ပုတို့လင်မယားနှစ်ယောက်ပါ ကွယ်လွန်သွားခဲ့ကြသည်မှာ ကြာမြင့်လှပေပြီ၊ ကျွန်ုပ်ပင်လျှင်အသက် (၆၀) ကျော်၍ သုံးနှစ် စွန်းခဲ့ပြီဖြစ်၏၊ လူတိုင်းကိုယ်စီ ရှိနေကြရပါသော ကရွတ်ခွေစက်ဝန်းကလေးများ၊ အဖြူ၊ အနီ၊ အပြာ၊ အဝါ၊ အမည်း၊ အညစ် စသဖြင့် ရောင်စုံခြယ်သ ကရွတ်ခွေအနန္တ၊ ထိုအထဲမှ ကိုအောင်ပုကြီး၏ ကရွတ်ခွေကလေးကတော့ ဘဝပေးသဘာဝအရ မည်းညစ်ညစ်အရောင်မှတစ်ပါး အခြားမရှိ ဖြစ်ခဲ့ဘိ၏၊ ထိုမည်းညစ်ညစ် ကရွတ်ခွေ၏အရောင်ကို လွင့်ပြယ်စေလျက် ဖြူစင်တောက်ပ ဝင်းလက်သော အရောင်ရစေရန် စိန်တစ်ပွင့်ခြယ်သလိုခဲ့သော ကိုအောင်ပု၊ သူ၏ဆန္ဒကား ကျွန်ုပ်ကို အကြောင်းပြု၍ ဖျက်ပြားခဲ့ရရှာ၏၊ ဒုလ္လဘတရားကို မြတ်နိုးခဲ့ပါသော ကိုအောင်ပုကြီးအား ပြောချင်လွန်းလှပါသော စကားတစ်ခွန်းသည် ကျွန်ုပ်၏ရင်ထဲ၌ အမြဲတစေ လိုက်ပါလျက် ရှိနေပါချေ၏၊

ကျွန်ုပ်၏ ဘဝသံသရာတွင် ထိုကဲ့သို့သော သာသနာ့အမွေခံလိုသူများသည် ကျွန်ုပ်ကို အကြောင်းပြု၍ ပေါ်ပေါက်လာသည်ဟု ရှိခဲ့ပါသော် ချက်ချင်းပင် ဆန္ဒပြည့်ဝသွားစေလိုပါသည်၊ သို့အတွက် အဝါရောင်အသွင်ဆန်းပါသော သင်္ကန်းကို မြင်ခါမျှဖြင့် မြတ်နိုးနှစ်ခြိုက် ရင်၌စွဲလမ်း အသွယ်သွယ်အခါမျှ မငြင်းပယ်တန်းဖြင့် သာသနာစခန်းသို့ ဝင်ရောက်ရပါလိုသည်ဟု အစဉ်

www.burmeseclassic.com

မပြတ်ဆုတောင်းလျက် ရှိပါသည်၊ ထိုသို့ဆုတောင်းနေသည့်စကားတစ်ခွန်းကို ကျွန်ုပ် လေးစားချစ်ခင်ရပါသော ကိုအောင်ပုကြီးအား သိစေလိုပါ၏။ ကျွန်ုပ်၏ဘဝတစ်လျှောက်လုံး စိုးမိုးခြယ်သကာ ရင်နှင့်အမျှ ကျန်နေခဲ့ရပါသော ထိုစကားသည် ...

နက်နဲစူးနစ် အမှန်ဖြစ်သော သစ္စာစကားဟုသာ ဆိုပါရစေ၊

↠ ဇာတိဂုဏ် မျိုးမြင့်အောင်


စာရှုသူများသို့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း



# မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ မိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း(သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူ၊ နီ၊ နယ်ထွက်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးတို့ အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.

ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိတောက်ရိပ်မြိုင်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၆၆၆၄၇၈

ခွဲ
အမှတ်(၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့။
ဖုန်း-၀၂ ၂၂၅၁၅၊ ၀၉ ၂၀၀၂၈၄၃


www.burmeseclassic.com